


ဆုံးချင်းဝတ္ထုသစ်
ရင်ပြွတ်နိုး
နှလုံးသားခုံရုံးမှစီရင်ချက်

...တမ်း

| | | |
|---|---|---|
| ... | - | ၅၀၁၃၇၆၀၉၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၄၇၁၀၀၈ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းပလင် | - | အောင်မင်းလွင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀ ကျပ် |



တကယ်ဆိုရင်

မင်းဘက်ကစပြီး ကိုယ့်အနားကိုရောက်ဖို့ မာယာမျိုးစုံနဲ့ ချဉ်းကပ်ခဲ့တာပါ။

ဒါဟာ၊

တကယ့်အမှန်တရားပဲ။

ကိုယ့်စိတ်တွေ ယိုင်နဲ့သွားအောင် မင်းပြုစားခဲ့တာလေ။

အဲ့ဒီ

နိုင်လုံတဲ့ သက်သေတစ်ခုတည်းနဲ့ နှလုံးသားခုံရုံးရဲ့ စီရင်ချက်ကို နာခံဖို့ ကိုယ့်ဖက်က အဆင်သင့်ပဲ။

မင်းဆတ်ခ

××××

တစ်စုံတစ်ယောက်ဟာ

ကိုယ့်အာရုံတွေထဲမှာ စူးစူးနစ်နစ် ရောက်ရှိနေခဲ့တာ အချစ်ကြောင့်လား။

ဒါဆို

အချစ်ကို ကျွန်မတွေ့ရှိခဲ့ပြီပေါ့။

ဟုတ်တယ်။

ကျွန်မဝန်ခံမယ်။

ရှင့်ကို ကျွန်မ သိပ်ချစ်တယ်။

ဒါပေမယ့်

အချစ်တစ်ခုတည်းနဲ့ လှပတဲ့ အနာဂတ် မဖြစ်နိုင်ဘူးလေ။

ဒါကြောင့်

တိကျတဲ့ အကြောင်းပြချက်တစ်ခုနဲ့ နှလုံးသားခုံရုံးရဲ့ စီရင်ချက်ကို နာခံဖို့ ကျွန်မဘက်က အဆင်သင့်ပါပဲ။

မေစစ်မှန်

xxxxx



ကိုယ်ဟာ

ငယ်စဉ်ကတည်းက အလိုရှိရာ မှန်သမျှ ပြီးပြည့်စုံခွင့်ရတဲ့ လိုတရ လူသားတစ်ယောက်ပါ။

ကိုယ်တောင်းတလိုက်ရင် ကိုယ့်ဆန္ဒအတိုင်း အားလုံးဖြစ်လာရတာချည်းပဲ။

အဲဒါကိုပဲ

ကိုယ်ကဂုဏ်ယူတယ်လေ။

ပြီးတော့

အဲဒီလို မဖြစ်ဖြစ်လာအောင်လဲ ဖွဲကောင်းကောင်းနဲ့ကြိုးစားတယ်။

အတ္တကြီးလိုက်တာလို့ပဲ ပြောပြော

ကိုယ့်စိတ်ချမ်းသာမှုတစ်ခုတည်းကိုပဲ အဓိကထားတယ်လေ။

အဲဒီလို

ပြင်းပြတဲ့စိတ်ခံစားမှုတစ်ခုတည်းနဲ့ နှလုံးသားခုံရုံးရဲ့ စီရင်ချက်ကို နာခံဖို့ ကိုယ့်ဖက်က အဆင်သင့်ပဲလေ။

မျိုးမင်္ဂလာပြိုင်

## အခန်း (၁)

ကျောင်းသားကျောင်းသူများအတွက်တော့ ကျောင်းပိတ်ရက်သည် အင်မတန်မှ စိတ်ချမ်းမြေ့စရာ အကောင်းဆုံး နေ့ရက်ကလေးများ ဖြစ်သည်ဟု မူလတန်းမှစ၍ အထက်တန်းအထိ တက်ခဲ့ဖူးသော သူမ တွေးထင်ခဲ့မိသမျှသည် ယခုလို ကျောင်းပိတ်ရက်ရှည်ကြီးကို ကြုံတွေ့ရသောအခါတွင် သူမ ထင်ထားသမျှ အားလုံး တက်တက်စင်အောင် လွဲနေပြီမှန်း သိခဲ့ရသည်။

အထက်တန်းစာမေးပွဲကို ဂုဏ်ထူးလေးခုဖြင့် အောင်မြင်ခဲ့ပြီမို့ သူမကိုယ် သူမ ဂုဏ်ယူခဲ့မိချိန်တွင်တော့ ကျောင်းခပ်မြန်မြန် ပြန်တက်ချင်သော စိတ်များ တဖွားဖွား ဖြစ်ပေါ်နေရတော့သည်။

ဗိုပြီး စိတ်လှုပ်ရှားမိတာက သူမသည် အထက်တန်းကျောင်း တက်ခဲ့ရစဉ်ကလို အင်္ကျီ အဖြူ၊ လုံချည်အစိမ်း တွဲဖက်





ဝတ်ရမည်ဟူသော ပုံစံစနစ်နှင့် သွေဖီစွာ ဝတ်ကောင်းစားလှကလေးများ အရောင်အသွေးစုံစုံ ဝတ်ဆင်ကာ ရင်ခုန်စရာ ကောင်းသော တက္ကသိုလ်နယ်မြေသို့ ခြေလှမ်းသစ် စတင် ချခွင့်ရတော့မှာမို့လည်း ယခုလို အားလပ်ရက်ရှည်ကြီးနှင့် ရှိနေရခြင်းကို မုန်းတီးနေမိသည်။

"ပျင်းလိုက်တာ"

အားလုံးကြားအောင်ပင် အသံခပ်ကျယ်ကျယ်ကလေး ငြီးတွားလိုက်သော သူမကြောင့် မေမေ့မျက်ဝန်းအကြည့် စူးစူးလေးက သူမထံသို့ ဆတ်ခနဲ ကျရောက်လာသည်။ အပြင်ထွက်ဖို့ ပြင်ဆင်နေသော မေမေက သူမကို အကြံဉာဏ်ကလေး ပေးလာ၏။

"ပျင်းရင် ဇာတ်လမ်းတွဲခွေလေး ထိုးကြည့်ပါလား သမီးရဲ့"

ကိုရီးယား အချစ်ဇာတ်လမ်းတွဲများကို ဆယ်တန်းစာမေးပွဲဖြေရမည့် တစ်နှစ်ပတ်လုံး ကြည့်ခွင့်မရခဲ့သမျှ စာမေးပွဲဖြေဆိုပြီးသည့်နောက်ပိုင်းတွင်တော့ စာတန်းထိုး အခွေများ ဝယ်ကာ သူမ ကြည့်ဖို့ပေးခဲ့သည်။

အစပိုင်းတော့

အခွေလေးထိုင်ကြည့်လိုက်၊ မေမေနဲ့ ဈေးလေးထွက်ဝယ်လိုက်၊ အပျင်းပြေ ကာရာအိုကေလေးဆိုလိုက်နှင့် နေ့ရက်တွေ တစ်နေ့ပြီးတစ်နေ့ ကျော်ဖြတ်ခဲ့၏။

သို့သော်

ကြာလာသည်နှင့်အမျှ သူမမှာ ဖြေသိမ့်နိုင်ခြင်း နည်းတွေ တဖြည်းဖြည်း လျော့နည်းလာရ၏။ အိမ်နေရင်း စပန့်သား ထီးဂါဝန်ကားကားကြီးကို ဝတ်ကာ ဆိုဖာခုံလေးတွင် လျော့တိ လျော့ရဲလေး ထိုင်နေသော သူမ၏ စိတ်ပျက်လက်ပျက် ပုံစံသည် သူမ ဘယ်လောက်တောင် ပျင်းရိငြီးငွေ့နေမှန်း သိသာလွန်း နေသည်။

ထို့ကြောင့်

သူမရဲ့ပုံစံလေးကိုကြည့်ပြီး မေမေက အပျင်းပြေစေနိုင်မည့် နည်းလမ်းလေးကို လမ်းညွှန်လာ၏။

"မကြည့်ချင်ပါဘူး မေမေရာ ခဏခဏ ကြည့်နေရလွန်း လို့တစ်ကိုယ်လုံး ညောင်းနေတာပဲ၊ အခုဆို ကြည့်ကို မကြည့်ချင် တော့ဘူး"

သူမစကားကြောင့် မေမေနှုတ်ခမ်းနှစ်လွှာက နုသစ်စွာပင် ပြုံးသွား၏။

"ဒါဆို မေမေနဲ့ လိုက်ခဲ့ပါလား"

"ဘယ်ကိုလဲ မေမေ"

"အန်တီစိုးတို့ဆီ စိန်ထည်အသစ်တွေ သွားပြမလို့"

"ဟာ မလိုက်ချင်ပါဘူး"





သူမရဲ့ ငြင်းပယ်ချက်က ဒီတစ်ခါတော့ အမြန်ဆုံးပဲ ဖြစ်သည်။

ဟုတ်တယ်လေ။

မေမေသွားမှာက အလုပ်ကိစ္စကြီးနှင့် သွားမှာ။ ပြီးတော့ …ကြီးတွေကြားမှာ အိုင်တင်ကြီး တခွဲသားနှင့် ရှိနေပေးရမှာလေ။ …ဖာတစ်လုံးမှာ ကျုံ့ကျုံ့လေးထိုင်ပြီး သွားကလေးတွေပေါ်အောင် …ယ်ပြနေရမည့် အဖြစ်ကို သူမအမုန်းဆုံးပါပဲ။

ဒါကြောင့်

နည်းနည်းလေးမှ ဟန်မဆောင်ဘဲ ခေါင်းလေးအဆက် မပြတ် ခါယမ်းပြီးတော့ကို ငြင်းပယ်ပစ်လိုက်သည်။

"မလိုက်ရင်လည်း မတတ်နိုင်တော့ဘူး မေစစ်မှန်၊ သမီးက ပျင်းတယ်ဆိုလို့ခေါ်တာ"

"ကျေးဇူးတင်ပါတယ် မေမေရယ်၊ ဒါပေမယ့် စစ်မှန် မလိုက်ချင်ဘူး"

"အိုကေလေ ဒါဆိုလည်း မေမေပဲ သွားတော့မယ်"

"ဟုတ်"

သူမခေါင်းလေး ညိတ်ပြလိုက်ချိန်တွင်တော့ မေမေက စားပွဲပေါ် တင်ထားသော စလင်းဘက် (ခ) လေးကို လက်တွင် ဟန်ပါပါ ချိတ်ကာ ဒေါက်မြင့်ဖိနပ်လေးကို တဒေါက်ဒေါက်

မြည်အောင် လျှောက်ပြီး တိုက်ကြီးထဲကနေ ကျော့ကျော့မော့မော့ ကလေး ထွက်သွားတော့၏။

မေမေသွားတော့

ကြီးမားကျယ်ပြန့်လှသော ခေတ်မီ ညှိခန်းကြီးထဲတွင် ကျန်နေရစ်ခဲ့ရသူက မေစစ်မှန်ရယ်ပါ။

ပျင်းစိတ်နှင့် အရည်ပျော် ကျချင်နေသော ခန္ဓာကိုယ်လေးကို လျော့ရဲရဲ ထိုင်ရင်း တစ်ယောက်တည်း ရှိနေရသည်။

အခွေလည်းမကြည့်ချင်။

သီချင်းလည်းမဆိုချင်။

စာဖတ်ဖို့လည်း စိတ်မကူးနိုင်ဘဲ ငေါင်တောင်တောင်လေးသာ ထိုင်နေမိ၏။

ထိုစဉ်

မီးဖိုခန်းလေးထဲမှ အိမ်အကူ ကောင်မလေး ဘုတ်ဘုတ် ထွက်လာပြီး သူမ ထိုင်နေသော ဧည့်ခန်းရှေ့မှ ဖြတ်လျှောက်မည် အပြု သူမနှုတ်က လွှတ်ခနဲ ခေါ်လိုက်မိ၏။

""ဘုတ်ဘုတ်""

""ရှင် မမစစ်""

""နင် ဘယ်သွားမလို့လဲ""

""ဟို ဟိုလေ ပန်းပင်တွေ ရေသွားလောင်းမလို့""





""ဘယ်လို""

""အဘထူးက နေမကောင်းဘူးလေ မမစစ်ရဲ့၊ ဒါကြောင့် အဘထူးကိုယ်စား ခြံထဲကပန်းပင်တွေကို ရေသွားလောင်းမလို့""

""အဘထူးက နေမကောင်းဘူးဟုတ်လား""

""ဟုတ်""

သူမ ပြောစကား မရှိတော့သလို တွေတွေငေးငေးလေး ငြိမ်သက်သွားပြန်၏။

""မမစစ်""

""ဟင်""

""မမစစ် ဘာခိုင်းချင်လို့ဟင်""

ဘုတ်ဘုတ်က တရိုတသေကလေးမေး၏။

ဘာခိုင်းမလို့လဲ။

ဟင့်အင်း။

သူမ ဘာမှ မခိုင်းချင်ပါဘူး။

ပျင်းလွန်းလို့သာ မျက်စိထဲ လှမ်းမြင်လိုက်တဲ့ ဘုတ်ဘုတ်ကို ခေါ်မိသွားတာ ဘာခိုင်းစရာမှ မရှိပေ။

""မမစစ်""

""ဟင့်အင်း ခိုင်းစရာ မရှိပါဘူး၊ သွား သွား နင်လုပ်စရာ ရှိတာပဲ သွားလုပ်တော့""

"ဟုတ်ကဲ့ မမစစ်"

ဘုတ်ဘုတ်တစ်ယောက် သူမအနားကနေ ပြန်လှည့်ထွက်ကာ သွားမည်အပြု…

"ဘုတ်ဘုတ် နေဦး"

"ရှင် မမစစ်"

"နင် ပန်းပင် ရေမလောင်းနဲ့တော့"

"ရှင်"

"ဟုတ်တယ် ငါသွားလောင်းလိုက်မယ်"

"ဟာ မဟုတ်တာ"

"ဟုတ်ပါတယ်ဟဲ့ ငါအရမ်းပျင်းလွန်းလို့ ဘာလုပ်ရကောင်းမလဲဆိုပြီး စဉ်းစားနေတာ၊ အခုတော့ အပျင်းလည်း ပြေ စိတ်လဲ ကြည်လင်အောင် ပန်းပင်ပဲ ရေလောင်းတော့မယ်"

"ဖြစ်ပါ့မလား မမစစ်ရယ်၊ တော်ကြာ မေမေကြီးသိသွားလို့ မမစစ်ကို ခိုင်းရမလားဆိုပြီး ဘုတ်ဘုတ်တို့ကို ဆူနေပါဦးမယ်"

"ရပါတယ်ဟာ၊ ငါ့စိတ်နဲ့ ငါလုပ်တာပဲဟာ နင့်အပြစ်မဖြစ်စေရပါဘူး၊ သွားသွား အိမ်ထဲမှာ လုပ်စရာရှိတာတွေသာ နင်ဆက်လုပ်တော့၊ ခြံထဲက ပန်းပင်တွေ ငါပဲ ရေသွားလောင်းလိုက်မယ်"





ပြောပြောဆိုဆို

ဆိုဖာထိုင်ခုံကြီးပေါ်ကနေ သွက်လက်စွာ သူမ ထရပ်လိုက်ပြီး ဘုတ်ဘုတ်ကို ကျော်ဖြတ်ကာ ခြံကြီးထဲသို့ ထွက်ခဲ့လိုက်သည်။

"မမစစ် မမစစ်"

ဘုတ်ဘုတ်ရဲ့ ခေါ်သံက အမောတကော။

သူမလှည့်မကြည့်မိ။

ပန်းပင်ရေလောင်းရန် ရေလောင်းပိုက်ခွေခွေလေးအား သွားဆွဲမလိုက်သည်။

"ဖြသံနာပဲ ဘုတ်ဘုတ်လုပ်ပါ့မယ်ဆို"

သူမ

ဘုတ်ဘုတ် အတင်းတောင်းပန်နေသည့် ကြားမှ ပန်းပင်ရေလောင်းဖို့အတွက်သာ ရေပိုက်လေးကို လိုက်ဖြန့်နေမိသည်။

နောက်ဆုံးတော့

ပြောမရသည်ကို ရိပ်မိသွားသော ဘုတ်ဘုတ်ကပင် သူမသဘောဆန္ဒကို အလျှော့ပေးကာ သူမ ရေလောင်းနိုင်ရေးအတွက်သာ ရေပိုက်လေးကို လိုက်ဖြောင့်ပေးနေတော့၏။

"ရပြီ ဘုတ်ဘုတ်၊ ရေဘား သွားဖွင့်တော့"

သူမ အမိန့်သံကို ကြားလိုက်တာနှင့် ရေဘားကလေးကို

ဘုတ်ဘုတ်က အပြေးသွားဖွင့်သည်။

"ရပြီ ဘုတ်ဘုတ်ရေ ရေလာပြီ"

ပိုက်ဖြောင့်ရှည်မှတစ်ဆင့် ရေလိုက်လာပြီမို့ သူမ ပန်းပင်တွေကြား တိုးဝင်ကာ ရေပိုက်လေးနှင့် လိုက်ဖြန်းနေလိုက်သည်။ ပျင်းရိငြီးငွေ့နေသော စိတ်များက စိမ်းစိုလန်းဆန်းစွာ ရောင်စုံပန်းပွင့်လေး ပွင့်ဖူးနေသော ပန်းပင်ကလေးများကြောင့် ချက်ချင်းပင် လန်းဆန်းတက်ကြွသွားရ၏။

ပန်းပင်လေး တစ်ပင်ပြီးတစ်ပင် ပြောင်းကာ ရေလောင်းရင်း ခြံစည်းရိုးစပ်ဆီ တဖြည်းဖြည်း ကပ်သွားမိ၏။

ထိုစဉ်

ရယ်မောသံတွေ၊ စကားခပ်ကျယ်ကျယ် ပြောသံတွေကြောင့် သူမ မျက်ဝန်းအကြည့်လေးက အသံဆူဆူညံညံ ထွက်ပေါ်နေသော နေရာလေးဆီသို့ ဆတ်ခနဲ ရောက်သွား၏။

ဟင်။

သူမ မျက်ဝန်းလေးတွေ ဖျတ်ခနဲ ပြူးကျယ်ဝိုင်းစက်သွားရသည်။ သူမတို့ စပြောင်းလာစဉ် အချိန်ကတည်းက ယခု အချိန်ထိ လူတစ်ဦးတစ်ယောက်မှ နေထိုင်ခြင်းမရှိပဲ ဒီအတိုင်းကြီး ပစ်ထားသော တိုက်အိုဟောင်းကြီးကို အလုပ်သမား အင်အားများစွာနှင့် ဆေးအသစ်များ ပြန်သုတ်နေကြ၏။ မြက်ပင်ရှည်နှင့် ချုံနွယ်များ





ရှင်းလင်းထားသည်မို့လည်း ခြံကြီးတစ်ခုလုံး ထင်းထင်းကြီး ဖြစ်နေခဲ့သည်။

ဒီတိုက်အိမ်ကြီးကို ဟိုးအရင်ကတည်းကလည်း သူမ သတိထားပြီး မကြာခဏဆိုသလိုပင် လှမ်းလှမ်းကြည့်တတ်သည်။ ကျယ်ဝန်းသော ခြံကြီးထဲက ရာသီဥတုဒဏ်ကြောင့် ဆေးရောင်များ ပြယ်လွင့်ကာ တိုက်အိုဟောင်းကြီးပုံစံ ဖြစ်နေသော ထိုတိုက်ကြီးကို နှမြောတသစိတ်များနှင့် သူမသာ အိမ်ရှင်တွေကို သိလျှင် ပြင်ဆင်ဖို့ အကြံဉာဏ် ပေးချင်သည့်အတွေးများ ရှိနေခဲ့ရ၏။

ဥပမာ ထိုတိုက်ကြီးအား ယခုလို ပစ်ထားမည့်အစား အနည်းငယ် ပြင်ဆင်မွမ်းမံကာ ကိုယ်မနေသည့်တိုင်အောင် အိမ်အငှားတစ်ဦးဦးကို ထားသင့်သည်ဟု သူမ ထင်သည်။ မေမေကို အမြဲလိုလို ပြောပြတိုင်း သူမနဲ့ ဘာဆိုင်သလဲ သူ့ဟာသူ ဘယ်လိုထားထားပေါ့ဆိုသည့် စကားကြောင့် အာရုံထဲကနေ ထုတ်ထုတ်ပစ်လိုက်ရ၏။

သို့သော်

သူမနှင့်ပတ်သက် သက်ဆိုင်ခြင်းလည်းမရှိ အစောင့်လူတစ်ယောက်ပင် မထားပဲ ဒီအတိုင်းကြီးသာ ပစ်ပယ်ထားသော ထိုတိုက်ကြီးကို မဆိုင်သလိုပင် နေရသော်လည်း စိတ်ထဲမှာတော့ ကသိကအောက်လေးတစ်ခုတော့ ရှိနေရမြဲပင်တည်း။

ယခုတော့

သူမ မြင်တွေ့ချင်သော မြင်ကွင်း၊ ဖြစ်စေချင်နေသော ဆန္ဒလေးတစ်ခု ပြည့်မြောက်စွာပင် ထိုတိုက်ကြီးထဲမှ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းထားကာ သုတ်ဆေးများ အသစ်တဖန် ပြန်လည်၍ပင် သုတ်နေကြပေပြီ။

'မေစစ်မှန်၏ မျက်နှာလေးတွင် ကြည်နူးရိပ်လေးများ လက်ဖြာနေရသည်။ သို့ပေမယ့် သူမ ကြာကြာ မကြည်နူးနိုင်ပါ။ ကြာကြာ မပြုံးရွှင်နိုင်ခဲ့ပါ။

တစ်ဖက်ခြံကျယ်ကြီးဆီမှ

ပန်းပင်လေးတွေ ရေလောင်းနေသော သူမထံ အလုပ်သမား အချို့ထံမှ မထိတရိ စနောက်သံတွေ လက်ခေါက်မှုတ်ခေါ်သံများ ထွက်လာချိန်တွင်တော့ လှပချောမွတ်နေသော သူမ မျက်နှာထားလေးက ထင်မထားလောက်အောင်ပင် တင်းမာသုန်မှုန်သွားရတော့သည်။

မိန်းမလေးလှလှ မြင်ပါလျှင် မျက်စိကျတတ်သော ယောကျ်ားတို့၏ သဘောသဘာဝကို နားလည်နိုင်သော်လည်း ယခုလောက်ထိ တစ်ဘက်သား စိတ်ရှုပ်ထွေးကာ အိန္ဒြေပျက်လောက်အောင် အနှောင့်အယှက် ဖြစ်စေတာကိုတော့ သူမ သိပ်မုန်းသည်။





ထို့ကြောင့်

စောစောက စိတ်ဝင်တစား တစ်ဖက်ခြံကြီးကို သွားကြည့်သော စူးစမ်းလိုစိတ်ကို နောင်တလေးရကာ သူမ အလုပ်လေး ဆက်လုပ်နေမိတော့၏။

"အဲ့ဒါ ဘာလုပ်နေကြတာလဲ၊ ကိုယ့်အလုပ်ကိုယ် လုပ်စမ်းကွာ အာရုံတွေ မစားစမ်းနဲ့ အပ်ရမယ့်ရက်က နီးနေပြီကွ၊ အလုပ်ကို စိတ်ပါပါ လုပ်စမ်းပါ"

အမိန့်သြဇာဆန်သလိုလို၊ သတိပေးစကားပြောသံ လိုလို ထွက်လာသော အသံတစ်ခုကြောင့် သူမဘက်က စစ်ကူရပြီဆိုသော အသိကလေးနှင့် ထိုအသံရှင်ကို စောင်းငဲ့ ကြည့်လိုက်မိသည်။

မြတ်စွာဘုရား။

သူမစိတ်ထဲကနေ တုန်လှုပ်စွာပင် ရေရွတ်လိုက်မိသည်။

ထူထဲသော မျက်ခုံးနှစ်ခုအောက်က စူးရှလက်ဖြာလျက်သော မျက်ဝန်းတစ်စုံ၏ အကြည့်အောက်တွင် သူမရဲ့ မျက်နှာက်းအကြည့်လေးတွေက သေမိန့်ကျသွားရ၏။

စိတ်ပျံ့လွင့် လှုပ်ရှားခြင်း အလျဉ်းမရှိ၊ တိကျသော နှုတ်ခမ်းစိုရဲရဲတွင် အပြုံးအရယ်မရှိ ပကတိတည်ငြိမ်အေးစက်နေသော ယောကျ်ားတစ်ယောက်၏ နူးညံ့ချောမွေ့သော မျက်နှာ

တစ်ခုရှေ့တွင် အေးဆေးတည်ငြိမ်နေသော သူမ နှလုံးသား ရေပြင်ကလေး လှိုင်းဂယက်များ တဖွေးဖွေး သီးထသွားရသည်။

သူမ။

ဘာတွေ ဖြစ်သွားသလဲဆိုတာ သတိမထားမိပါ။

စကားလေး ဆုံးသွားတာနှင့် တိုက်အိမ်ကြီးဆီ ချာခနဲ နေအောင် လှည့်ထွက်သွားသော ယောကျ်ားပီသစွာ တောင့်တင်း ခိုင်မာသော ကိုယ်နေဟန် မတ်မတ်နှင့် ထိုလူဆီသို့ သူမရဲ့ မျက်ဝန်းအကြည့်လေးများ မျောပါသွားရချေတော့သည်။

• • •



## အခန်း (၂)

"သွားစမ်း သွားစမ်း၊ ကျွန်မအာရုံတွေထဲက ရှင်ထွက်သွားစမ်း၊ ဘာမဟုတ်တဲ့ မျက်ဝန်းအကြည့်လေးတစ်ခုနဲ့ ရှင် ကျွန်မစိတ်တွေ ရှုပ်ထွေးသွားအောင် မဖြားယောင်းစမ်းနဲ့၊ ကျွန်မ အလွယ်တကူ မကြွေတတ်ဘူးရှင့်"

အိပ်ရာလေးထက်တွင် လဲလျောင်းရင်း မျက်နက်ဝန်းတစ်စုံကို တင်းတင်းစေ့ ပိတ်ကာ အာရုံထဲ စွဲထင် ငြိတွယ်ပါလာသော သူ့ရုပ်သွင်ချောချောကို ဒေါသတကြီး သူမ နှုတ်ကနေ ရေရွတ်ကာ ပျောက်ကွယ်သွားအောင် ကြိုးစားမိသည်။ စိတ်တဆိတ် ကျရှုံးသွားမှုကို အားတင်း ကာကွယ်ပစ်လိုက်မိ၏။

သို့သော်

သူမရဲ့ ကြိုးပမ်းမှုက အောင်မြင်မှု မရရှိခဲ့ပါ။

တထိတ်ထိတ် အခုန်မြန်နေသော ရင်ခုန်သံနှင့်အတူ

သူ့ရုပ်သွင်လေးက သူမရဲ့ အာရုံထဲတွင် အနေးပြကွက် တစ်ခုလိုပင် စွဲထင်လျက် ရှိနေသည်။ ညိုစိမ့်စိမ့် အသားအရည် မြင့်မားသော အရပ်အမောင်း၊ တောင့်တင်းကာ ယောကျ်ားပီသသော ကိုယ်နေဟန်တို့ကြောင့် သာမန်ထက် ထူးခြားကာ ထင်းထင်းလေး ဖြစ်နေသော ထိုယောကျ်ား၏ စွဲဆောင်မှုအားသည် ထင်မထားလောက်အောင်ပင် ပြင်းထန်လွန်းပါသည်။

တိုရှင်းရှင်း ဆံပင်နက်ထူထူနှင့် မျက်ခုံးထူထူတန်းတန်း မျက်ဝန်းညို စူးတောက်တောက်နှင့် နှာတံပေါ်ပေါ် နှုတ်ခမ်းနီ ထွေးထွေးများကို ပိုင်ဆိုင်ထားသော သူ့ရဲ့ချောမောမှုသည် မိန်းမ တစ်ယောက် ပစ်ကျသွားလောက်အောင်ပင် အသွေးက ပြည့်မှီနေခဲ့သည်။

သို့သော်

အရောင်ပြယ်လွင့်ချင်နေပြီဖြစ်သော ဂျင်းဘောင်းဘီပြာ ဖျော့ဖျော့ ဆေးစက်များ စွန်းထင်နေသော အရောင်ကျားကျား ရှပ်လက်ရှည်နှင့် အရောင်မွဲမွဲ ဦးထုပ်မီးခိုးရောင်တို့ကြောင့် သူ၏ ချောမွေ့မှုနှင့် လိုက်ဖက်ခြင်း မရှိစွာ သူ ပိုင်ဆိုင်ထားသော ဘဝအစိတ်အပိုင်းသည် စိတ်ကူးယဉ်ချင်စရာ မကောင်းလောက်အောင်ပင် ရှိနေခဲ့တော့၏။

သူမရဲ့ မသိစိတ်မှာ ဘယ်လိုပဲ သူမ နှောင်တွယ်နေနေ





အသိစိတ်မှာတော့ သူရရှိပိုင်ဆိုင်ထားသော ဘဝပေးအခြေအနေကြီးကိုမူ သူမလက်မခံနိုင်လောက်အောင်ပင် ဖြစ်နေရသည်။

နေစမ်းပါဦး။

မေစစ်မှန်ဆိုတဲ့ သူမ ဘာတွေ ဖြစ်နေတာလဲ။

အံ့ဩစရာကောင်းလိုက်ပါဘိ။

တစ်ဖက်ရဲ့ အခြေအနေက သူမ ရှိနေသည်ဆိုတာကိုပင် အသိအမှတ်ပြုခြင်း ရှိ၊ မရှိဆိုတာ မသိဘဲ သူမဘက်က လက်မခံနိုင်စရာ အကြောင်းတွေကို စဉ်းစားဆုံးဖြတ်နေတာ ယုံတောင် မယုံနိုင်စရာ။

သူမကို နောက်နေကြသော သူ့အလုပ်သမားများကို ဟန့်တားကာ နောက်တစ်ကြိမ် စောင်းငဲ့ကြည့်ဖို့ပင် ထည့်မစဉ်းစားပဲ ချာခနဲ လှည့်ထွက်သွားသည့် ခိုင်မာပြတ်သားသော ဆက်ဆံမှုသည် သူမ အခုလို စိတ်ကူးယဉ်စရာ မလိုလောက်အောင်ပင် ရှိနေခဲ့သည်။

ဒါကို

တစ်ဘက်သတ် ရူးသွပ်နေသော သူမ အမှားကြီး မှားနေခဲ့ချေပြီတည်း။

ပိုပြီး မှားယွင်းနေတာက

သူမရဲ့စိတ်တွေပါပဲ။

ဝရန်တာလေးဆီ ထွက်ရပ်ပြီး တစ်ဘက်ခြံကြီးထဲတွင် ဆေးသုတ်နေမည့် ညို့မျက်ဝန်းတစ်စုံပိုင်ရှင်၏ မျက်နှာကို ဒုတိယအကြိမ်မြောက် မြင်တွေ့ချင်နေသည့် သူမ၏ ယိမ်းယိုင်လှုပ်ရှားနေသည့် မသိစိတ်တစ်ခုရဲ့ ညိုငင်မှုတွေပဲ ဖြစ်သည်။

မှင်သက်စွာ

သူ့ရဲ့နောက်ကျောကို ငေးမောကြည့်နေမိရင်းမှ သူ့အရိပ်လေး ကွယ်ပျောက်သွားတယ်ဆိုလျှင်ပဲ ပန်းပင်လေးတွေ ရေလောင်းနေသော သူမရဲ့စိတ်အာရုံဟာ ချက်ချင်း ရပ်နားလိုက်ချင်စိတ်တွေကို ဖန်တီးသွားခဲ့သည်။ ခန္ဓာကိုယ်တစ်ခုလုံး အင်အားမရှိတော့သလို တစ်စုံတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရသော ရင်ထဲက နင့်သည်းသော ခံစားမှုသည် စောစောက ပျင်းရိငြီးငွေ့နေသော စိတ်ကလေး ပျောက်ကွယ်ကာ လန်းဆန်း တက်ကြွသွားပါသည် ဆိုသော သူမ စိတ်ခတ်များကို ခဏလေးအတွင်းမှာပင် ဝါးမြိုသွားတော့သည်။

ခြံကျယ်ကြီးထဲတွင် ရေပိုက်လေးကို ဒီအတိုင်း ချထားခဲ့ကာ တိုက်ကြီးထဲ ပြန်ဝင်ခဲ့မိသော သူမ ခြေလှမ်းတို့တွင် အားအင်များ ယုတ်လျော့ကာ လေးလံထိုင်းမှိုင်းနေခဲ့သည်။ တစ်စုံတစ်ခုကို ရင်မှာ လေးပိနေအောင် ပိုက်ပြီး ပြန်ဝင်လာခဲ့ရသလို သူမ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွက်လက်ခြင်း အလျဉ်းမရှိခဲ့။





ဘုတ်ဘုတ်ကို ပန်းပင်ရေဆက်လောင်းခိုင်းခဲ့ပြီး အပေါ်ထပ်ရှိ သူမအခန်းလေးဆီသို့ ပြန်တက်လာခဲ့သည့်တိုင် သူမရဲ့ စိတ်အစဉ် အေးဆေးငြိမ်သက်နေခဲ့ခြင်း မရှိပါချေ။

“မေစစ်မှန် ရှင်ဘာတွေ ဖြစ်နေတာလဲ၊ ရှင့်ကို ရှင် သတိထားစမ်း မေစစ်မှန်၊ ဒါဟာ ထူးဆန်းမှုတစ်ခုမှ မဟုတ်တာ၊ အဲဒီလောက်လေးနဲ့ ရှင်အခုလို ဖြစ်နေတာ တန်သလားဟင်၊ သူဟာ ရှင် အခုလိုတွေဝေနေရအောင် အစွမ်းထက်တဲ့ သူတစ်ယောက်မှ မဟုတ်တာ၊ ရှင် ရရှိပိုင်ဆိုင်ထားတဲ့ ဘဝနဲ့ သူ ရရှိထားတဲ့ ဘဝပေးအခြေအနေက မိုးနဲ့မြေကြီးလောက်ကို ကွာဝေးတာ၊ ရှင် စိတ်ကူးတွေ ရူးသွပ် မသွားသင့်ဘူးမေစစ်မှန်၊ လက်တွေ့ကို ယုံကြည်ပြီး ရှင့်ရဲ့ ရင်ခုန်ခြင်းတွေကို ရပ်တန်းက ရပ်လိုက်တော့ မေစစ်မှန်”

သူမ

နှုတ်ကနေ တဖွဖွ ရေရွတ်ရင်း သွေးပျက်မတတ် တုန်လှုပ်ချောက်ချားချင်နေသော စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်နေမိသည်။

သူ့ညို့မျက်ဝန်းအကြည့်တွေကို ပြန်မြင်ယောင်မိအောင် ကြိုးစားကာ မေ့ဖျောက်နေမိ၏။

သို့သော်

သူမ ဘယ်လိုပဲ ကြိုးစား ကြိုးစား မအောင်မြင်ခဲ့ပါ။

ထိုစူးနက်သော မျက်ဝန်းအကြည့်ပိုင်ရှင်ကို နောက်တစ်ကြိမ် ပြန်ဆုံတွေ့ချင်သော သူမရဲ့ မသိစိတ်ရဲ့ စေ့ဆော်မှုကြောင့် အခန်းလေးထဲတွင်ရှိနေရခြင်းကို မနှစ်သက်လောက်အောင်ပင် ဖြစ်နေရတော့သည်။

နောက်ဆုံးတော့

မသိစိတ်ရဲ့ ဆွဲခေါ်မှုနောက်သို့ ကောက်ကောက်ပါအောင် သူမ လိုက်ပါခဲ့ရတော့သည်။ ဝရန်တာလေးဘက်ဆီသို့ ထွက်ကာ တစ်ဖက်ခြံကြီးဘက်ဆီသို့ မသိမသာကလေး လှမ်းကြည့်လိုက်မိသည်။

ညို့မျက်ဝန်းပိုင်ရှင်ရယ်။

ကျွန်မ ဘယ်လို လုပ်ရမလဲဟင်။

ရှင်နဲ့ နောက်တစ်ကြိမ် ဆုံချင်နေမိတဲ့ ကျွန်မစိတ်တွေကို ဘယ်လိုမှ မတားဆီးနိုင်လောက်အောင်ပဲ ဖြစ်နေရတယ် ညို့မျက်ဝန်းပိုင်ရှင်ရယ်။ ဝရန်တာလေးတွင် မတ်တပ်လေး ရပ်ပြီး တစ်ဘက်ခြံကြီးဆီသို့ လှမ်းမျှော်ကြည့်ရင်း သူနဲ့ နောက်တစ်ကြိမ် ဆုံတွေ့လို တွေ့ငြား တိတ်တဆိတ်လေး တောင်းတနေမိတော့၏။

"မင်းဆတ်"

"ပြော"





"ဟိုမှာကြည့်စမ်း"

အိပ်ခန်းအတွင်း ပြတင်းပေါက်ဘောင်များကို ဆေးသုတ်နေရင်းမှ သူငယ်ချင်း ဇော်ထိုက်က အပြင်ဘက်ဆီသို့ လက်ညှိုးညွှန်ကာ ပြ၏။

သူ

ပြတင်းပေါက်နားဆီ ချဉ်းကပ်ကာ လှမ်းကြည့်လိုက်မိသည်။

ဟင်။

စောစောက ကောင်မလေးပဲ။

စောစောက ခြံကြီးထဲတွင် ပန်းပင်တွေ ရေလောင်းနေသော ကောင်မလေးက အခုတော့ တိုက်ကြီးရဲ့ အပေါ်ထပ် ဝရန်တာလေးတွင် ရပ်နေ၏။ ပင်ပန်းနွမ်းလျနေဟန်လေးနှင့် ရှိနေသော ကောင်မလေးကို ကြည့်ပြီး မင်းဆတ်ခတစ်ယောက် သက်ပြင်းမောကလေးကိုသာ ကြိတ်ချလိုက်မိသည်။

သူမလေးကို ကြည့်ရတာ အိမ်အလုပ်တွေ တစ်နေကုန် လုပ်နေရလို့လား မသိ အိမ်ရှင်တွေအလစ်တွင် ဝရန်တာလေးဘက် ထွက်ကာ နိုးနားနေဟန်ရှိသည်။ သူမ ပုံစံလေး ဟိုကြည့် သည်ကြည့်နှင့် တစ်စုံတစ်ခု မြင်သွားမှာလည်း စိုးရွံ့နေဟန်လေး ဖြစ်နေ၏။

"မင်းဆတ်"

"ဟင်"

"လှတယ်နော်"

"......"

သူမဖြေမိ။

လှတယ်ဆိုတာထက် သူမရဲ့ အသွင်လေးက ကြည်လင်ပြီး ချစ်စရာ ကောင်းနေတာလေ။ စောစောကတည်းက ခြံကြီးထဲ ထွက်လာတဲ့ကောင်မလေးကို သူလှမ်းမြင်ပြီးသားပါ။ ကောင်မလေးနဲ့အတူ မတိမ်းမယိမ်း ကောင်မလေးတစ်ယောက်ပါ နောက်ကနေ လိုက်ထွက်လာပြီး နှစ်ယောက်သား ပန်းပင်ရေလောင်းဖို့ ပိုက်အခွေကြီးကို ဖြန့်နေကြ၏။

ဂါဝန်လက်ပြတ်ကားကားကြီးနှင့် ရေပိုက်တွေ လိုက်ဆွဲကာ ဖြောင့်နေသော ကိုရိုကားယား အသွင်လေးကို ငေးကြည့်ကာ သူ နှုတ်ခမ်းနီထွေးထွေးကြီးတွေက ပြုံးသွားရ၏။

အပေါ်ထပ် အခန်းပြတင်းမှ တစ်ဘက်ခြံကျယ်ကြီးထဲ လှမ်းကြည့်နေမိတာကြောင့်လည်း တစ်ဘက်ခြံကြီးထဲတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များအားလုံးကို သူမြင်တွေ့နေရသည်။ ခြံကြီးထဲ သွက်လက်စွာ ထွက်လာပြီး အားကြိုးမာန်တက် အလုပ်လုပ်ဖို့ ကြိုးစားနေတဲ့ အားမာန်အပြည့်နဲ့ တက်ကြွနေတဲ့ သူမ





ကို ကြည့်ပြီး သူလေးစားနေမိသည်။

ဂါဝန်နွမ်းဟောင်းဟောင်းလေးကို ဝတ်ဆင်ထားပေမယ့် မြင့်မားသွယ်လျသော ခန္ဓာကိုယ် ဝါနုဝင်းစိုနေသော အသားအရည်နှင့် လှပလန်းဆန်းနေသော သူမလေးရဲ့ အသွင်လှလှလေးကိုကြည့်ပြီး သူတပါးအိမ်တွင် အိမ်အကူလေး ဖြစ်နေရသော ဘဝပေးအခြေအနေလေးကို တွေးကာ စိတ်မကောင်းပင် ဖြစ်နေမိသည်။ နတ်မိမယ်လေး တစ်ပါးလို အလှသွေး ကြွယ်ဝပါလျက် ရှိသော ဘဝပေး ကံကြမ္မာကတော့ အင်မတန်မှ လိုက်ဖက်ခြင်း မရှိစွာ ဆိုးဝါးလွန်းလှပါ၏။ သူတစ်ပါးအိမ်အကူအဖြစ် ရှိနေရသော သူမလေးကို ကြည့်ပြီး စာနာသနားနေမိသည်။

မင်းဆတ်ခ တစ်ယောက်

သူမလေးကို အပေါ်စီးကနေ အလုပ်ဆက် မလုပ်နိုင်လောက်အောင်ပင် ငေးမောကြည့်နေမိ၏။

ထူးဆန်းလိုက်တာ။

မိန်းကလေးတွေနှင့် ပတ်သက်ရင်းနှီးခြင်း တစ်ခါမျှ မရှိခဲ့သော သူ့ဘဝ တစ်သက်တာတွင် ပထမဦးဆုံး အကြိမ်အဖြစ် ဤမိန်းမချောလေးကို စိတ်ဝင်တစား စောင့်ကြည့်နေမိခြင်းမှာ ယုံပင်မယုံချင်စရာပါ။

မင်းဆတ်ခ ဘာတွေ ဖြစ်နေတာလဲ။

သူမလေးကို ခြံထဲတွင် အလုပ်လုပ်နေကြသော သူ့အလုပ်သမားကောင်လေးများ စနောက်နေခြင်းကို မမြင်ချင်မတွေ့ချင်လောက်အောင်ပင် ဒေါသတွေ ဆူဝေနေရသည်။ တကယ့်ကို အလိုက်ကန်းဆိုး မသိတဲ့ကောင်တွေပဲ။ တစ်ဘက်က မိန်းမချောလေး အနေခက်သွားအောင်အထိ စနောက်လှောင်ပြောင်အော်ဟစ်နေကြ၏။

သူဘယ်လိုမှ မကြည့်ရက်တော့တာမို့ ဒေါသတကြီး ခြံထဲသို့ ဆင်းကာ ပိတ်ဟောက်ပစ်ခဲ့သည်။ သူ့အသံ ကြားသွားလို့လားမသိ ကောင်မလေးရဲ့ လှပဖူးစင်းတဲ့ မျက်နှာလေးက လှည့်စောင်းကာ ကြည့်လာ၏။

သူ့ကိုတွေ့တော့ သူမအတွက် ကယ်တင်ရှင်တစ်ယောက် ရောက်လာသည်ဟု တွေးလိုက်မိပုံရ၏။ စိတ်လုံခြုံသွားသလို ကျေနပ်သွားတဲ့ သူမမျက်နှာလေးက ဝင်းပကြည်လင်လို့နေ၏။

သူမလေးကို တစ်ချက်မျှ စိုက်ကြည့်ပြီး နေရာကနေ ချာခနဲနေအောင် လှည့်ထွက်လာခဲ့ရပေမယ့် သူ့ရဲ့စိတ်အာရုံထဲတွင်တော့ သူမလေးရဲ့ ရိုးသားဖြူစင်လွန်းသော မျက်နက်ဝန်း အကြည့်စူးစူးလေးတွေက ပယ်ဖျက်မရအောင်ပင် တွယ်ငြိပါလာခဲ့တော့သည်။

"မင်းဆတ်"





"ပြောလေ ဖော်ထိုက်"

"ကောင်မလေးက အိမ်ဖော်ဖြစ်မယ့်သာ ဖြစ်တာ မထင်ရဘူးနော်မင်းဆတ်၊ အသားအရည်က ဝင်းအိပြီး မျက်နှာလေးကည်း မှုန်ညက်နေအောင်ကို လှတာကွာ"

"အင်း"

သူခေါင်းလေးကို ညင်သာစွာပင် ညိတ်လိုက်သည်။

"ကောင်မလေးရဲ့ မျက်ဝန်းအကြည့်လေးတွေက စ်မျိုးပဲ မင်းဆတ် တစ်ယောက်ယောက်ကို ရှာနေသလိုပဲ"

အဲ့ဒါတော့ ဟုတ်သည်။

သူမ မျက်ဝန်းလေးတွေက ဒီဘက်ခြံသို့ မသိမသာလေး ရောက်လာ၏။ တစ်စုံတစ်ခုကို ရှာဖွေနေသလိုပင်။

"မင်းဆတ်"

"ဘာလဲကွာ"

"မင်းကိုများ ရှာနေတာလားမသိဘူး"

"ဟာကွာ မဖြစ်နိုင်တာ"

"ဒါဆို ငါတို့ခြံဘက်ကို မသိမသာလေး လှမ်းလှမ်းပြီး ကြည့်တာ ဘာဖြစ်လို့လဲ"

"ဒါတော့ ငါ ဘယ်သိမလဲ ဖော်ထိုက်ရ၊ ဒီဘက် ခြံကြီး ပြင်နေလို့ စပ်စုပြီး ကြည့်တာလဲဖြစ်ချင် ဖြစ်မှာပေါ့၊ ဒါမှ

မဟုတ် အိမ်ရှင်တွေ အလစ်ခိုးနားပြီး စိတ်မလုံမလဲ ဖြစ်နေတာလဲ ဖြစ်နိုင်တာပဲလေ၊"

သူရဲ့ အဖြေက အတော်လေး ဆီလျော်ဟန်ရှိ၏။ ဖော်ထိုက်တစ်ယောက် ငြိမ်သက်နေသည်။

"ဟော ကောင်မလေး အထဲပြန်သွားပြီ"

ဟင်။

သူ ငေးမောကြည့်နေစဉ် ကောင်မလေးက ဝရန်တာလေးကနေ ခွာပြီး တိုက်ကြီးထဲသို့ ပြန်ဝင်သွား၏။

သူ ရင်ထဲ လှစ်ခနဲ ဟာတက်သွားရသည်။

ဘာကြောင့်မှန်းမသိ။

သူမ အရိပ်လေး ပျောက်ကွယ်သွားလျှင်ပဲ သူ့ရင်ထဲ တစ်စုံတစ်ခု နှုတ်ယူခံလိုက်ရသလို ဟာတာတာကြီး ဖြစ်ကာ ကျန်နေရစ်ခဲ့ရသည်။

အဲ့ဒီ

ထူးဆန်းတဲ့ ခံစားချက်ကြီးကိုပဲ မင်းဆတ်ခ အံ့ဩနေမိတာပါ။

ဒီကောင်မလေးနဲ့ ဆုံတွေ့တော့မှပဲ သူ့စိတ်ထဲမှာ ခံစားမှု အမျိုးမျိုး ပြောင်းလဲနေရသည်။

"မင်းဆတ်"





"ဟင်"

"ငမ်းတာလေးလည်း နည်းနည်းလျှော့ပါဦးကွာ ဟိုကဖြင့် တိုက်ထဲတောင် ပြန်ဝင်သွားပြီ"

"ဟာကွာ မင်းကလည်း"

"ဘာ မင်းကလည်း ဒီတစ်ယောက်နဲ့ကျမှ မင်းအချိုးတွေ တစ်မျိုးပြောင်းနေတာ ငါ မသိဘူးများ မှတ်နေလား၊ မင်း ဘယ်တုန်းကများ မိန်းကလေးတစ်ယောက်ကို စေ့စေ့ကြည့်ဖူးလို့လဲ မင်းဆတ်ရဲ့"

ဖော်ထိုက်ပြောတာလည်း ဟုတ်နေတာမို့ မင်းဆတ်ခ တစ်ယောက် ဘာမှ ပြန်မပြောတော့ဘဲ ပြုံးစိစိလေး လုပ်ကာ ငြိမ်သက်နေလိုက်သည်။

ပြီးနောက်...

ပြတင်းပေါက်လေးဆီမှ ခွာကာ အလုပ်ကို ဆက်လုပ်နေလိုက်၏။

"မင်းဆတ်"

"ဘာလဲ"

"မင်း ကြွေသွားပြီ မဟုတ်လား"

"ဘာကိုလဲ"

"ဟိုဘက်ခြံထဲက အလုပ်သမားကောင်မလေးကိုလေ"

"အင်း"

"အဟွန်း ဟွန်း၊ မဆိုးဘူး မင်းဝန်ခံသားပဲ"

"ငါမှ မညာတတ်တာပဲ ဇော်ထိုက်"

"ဟုတ်ပါပြီ၊ ဒါနဲ့ မင်း ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ မင်းဆတ်"

"ဘာကိုလဲ"

"ဟ ကောင်မလေးနဲ့ ရင်းနှီးဖို့ကိုလေ"

"မသိဘူး"

"ကောင်းကွာ"

မင်းဆတ်ခရဲ့ တုံးတိတိ အဖြေစကားကြောင့် ဇော်ထိုက်တစ်ယောက် သူ့ နဖူးကို သူဖြန်းခနဲ ရိုက်ကာ တဟားဟားပင် အော်ရယ်နေ၏။

"တကယ့်ကောင်ပဲကွာ ဟား ဟာ"

ဇော်ထိုက်ရဲ့ပုံစံကို ကြည့်ပြီး မင်းဆတ်ခလည်း ရှက်စနိုးနှင့်ပင် လိုက်ရယ်နေမိသည်။

ဘာပဲပြောပြော

ထိုနေ့က သူ့ရင်တွေ အတော်ကလေး ခုန်လှုပ်နေခဲ့တာတော့ အသေအချာပဲ ဖြစ်တော့သည်။

• • •



## အခန်း (၃)

"မမစစ်"

"အမလေး"

"အမေ"

မေစစ်မှန်တစ်ယောက် ပြတင်းပေါက် မှန်တံခါးချပ်ရဲ့ ...က်ကာ အကွယ်လေးမှတစ်ဆင့် တစ်ဘက်ခြံကျယ်ကြီးထဲသို့ ...ငေးကြည့်နေစဉ် ရုတ်တရက် လက်မောင်းသားလေးကို ကိုင်ကာ ...လိုက်သော အသံတစ်ခုကြောင့် ခန္ဓာကိုယ်လေး ဆတ်ခနဲတုန် ... အလန့်တကြား ယောင်အော်မိသွားရသည်။

ထို့တူစွာပင်

သူမကို ခေါ်လိုက်သူ အိမ်အကူ ကောင်မလေး ...တ်ဘုတ်မှာလည်း သူမ အော်သံကြောင့် လန့်ဖျန့်ကာ သူမ ...ဘူစွာပင် ထယောင်အော်ပြီး သူမမျက်နှာဆီ တအံ့တသြ

လှမ်းကြည့်နေတော့၏။

ဒီတော့မှ

အခြေအနေကို ရိပ်မိကာ မေစစ်မှန် ရယ်လည်းရယ်ချင်

စိတ်လည်း တိုသွားရသည်။

"ဘုတ်ဘုတ်ရယ် နင်ကလည်း ဘာမပြော ညာမပြော

အခန်းထဲ ဝင်လာရတယ်လို့၊ ရုတ်တရက်ဆိုတော့ ငါ လန့်သွားတာ

ပေါ့ဟဲ့"

ဘုတ်ဘုတ်အား အပြစ်တင်ကာ လေသံဆတ်ဆတ်နှင့်

ဖိဟောက်လိုက်၏။

"ဘုတ်ဘုတ် အသံကျယ်ကြီးနဲ့ အော်ခေါ်ပြီးမှ ဝင်လာ

တာပါ မမစစ်ရဲ့"

ဟင်။

အော်ခေါ်ပြီးမှ ဝင်လာတာတဲ့။

မေစစ်မှန် ဘယ်လိုကြောင့်များ မကြားမိပါလိမ့်။

သူမရဲ့အာရုံတွေက တစ်ဘက်ကိုပဲ နင့်နင့်သည်းသည်း

ရောက်နေလို့များလား။ ဘုတ်ဘုတ်ရဲ့ ခေါ်သံကို သူမ တကယ်

မကြားမိတာပါ။ သူမရဲ့ စိတ်မလုံမလဲ ဖြစ်သွားတဲ့ ဟန်ကို

ဘုတ်ဘုတ် မြင်သွားပြီမို့လည်း အရှက်ပြေကလေး ဘုတ်ဘုတ်ကို

အပြစ်တင်လိုက်ရပေမယ့် သူမရဲ့ အမှားဆိုတာ သူမသာသိ





...သိဆုံးပဲ ဖြစ်နေရသည်။

"မမစစ်"

"ဟင်"

"ပြတင်းပေါက်ကနေ ဘာတွေ ချောင်းကြည့်နေတာ

...ဟင်"

"ဟမ် ဘာ ဘာချောင်းလို့လဲဟဲ့၊ ဘာမှ မချောင်း

...ဘူး"

ဟယ်။

မမလေး မေစစ်မှန်က ခေါင်းလေးကို သွက်နေအောင်

...ယမ်းပြကာ မျက်နှာထားတည်တည်လေးနှင့် ငြင်းနေ၏။

...တ်ဘုတ် မမလေး အခန်းကို တခုန်းခုန်းထုပြီး ခေါ်နေတာလဲ

...နေပြီ။ စိတ်မရှည်သည့်အဆုံး အခန်းတံခါး ဖုသီးလေးကို

...ည့်ဖွင့်ပြီး အခန်းထဲကို လှမ်းကြည့်တော့ မမလေးမေစစ်မှန်

...လေ လိုက်ကာစလေး ကွယ်ပြီး ပြတင်းပေါက်ကနေ အပြင်

... ချောင်းကြည့်နေတာ အကြာကြီးပဲ။ ဘာတွေချောင်းကြည့်

...သလဲသာ မသိတာ ခြံထဲချောင်းကြည့်နေတာတော့ အသေ

...ာပဲဖြစ်သည်။ ဒါကို ဘာ့ကြောင့် မချောင်းပါဘူးဟု ဇွတ်

...တင်း ငြင်းပယ်နေပါလိမ့်။

ဘုတ်ဘုတ် အံ့သြလို့မဆုံးတော့။ ပြီးတော့ စိတ်မလုံလဲ

ဖြစ်နေတဲ့ မမမေစစ်မှန်ရဲ့ မျက်နှာရှက်ရဲရဲလေး။

မဟုတ်သေးပါဘူး။

မမစစ် လုံးဝ မရိုးသားဘူး။

ဘုတ်ဘုတ် သေသေချာချာ မြင်လိုက်တဲ့ဟာကိုတောင် ခပ့်တည်တည်ကြီးနဲ့ ကွယ်ဝှက်ချင်သေးတယ်။

"ဘုတ် ဘုတ်"

"ရှင်"

"နင် ငါ့ကို လာရှာတာ ဘာကိစ္စရှိလို့လဲ"

"ဟို မေမေကြီး ခေါ်ခိုင်းလိုက်လို့လေ မမစစ်"

"ဒါပဲလား"

"ရှင်"

"မေမေခေါ်ခိုင်းတာ ပြောမလို့ တစ်ခုတည်းပဲမို့လား"

"ဟုတ်"

"ဒါဆို သွားတော့ဘုတ်ဘုတ်"

"ရှင်"

"နင့်ကို သွားတော့လို့ပြောတာ ဘုတ်ဘုတ်ရဲ့၊ ငါ အခုပဲ ဆင်းလာခဲ့မယ်လို့ မေမေ့ကို ပြန်သွားပြောလိုက်"

"ဟုတ် ဟုတ်ကဲ့ မမစစ်"

မေစစ်မှန်တစ်ယောက် ဘုတ်ဘုတ်ရဲ့ မယုံသင်္ကာသလို





...ပ်စုစု လှမ်းကြည့်နေသော မျက်ဝန်းလေးတွေကြောင့် စိတ်မလုံ ...ဖြစ်ကာ အခန်းထဲကနေ ဖွတ်အတင်း ထွက်သွားခိုင်းနေ မိသည်။

ဒီကောင်မလေးက တကယ်မလွယ်တဲ့ ကောင်မလေး။

အင်မတန်စပ်စုချင်၏။

အခုလည်း

ပြတင်းပေါက်ကနေ တစ်ဘက်ခြံကြီးဘက်ကို သူမ ...ောင်းမြောင်းကြည့်နေတာ ဘုတ်ဘုတ် မြင်သွားသည်။ သူမ ...ေါင်းလေး ခါပြီး ငြင်းလိုက်ပေမယ့် ဘုတ်ဘုတ် ကြည့်ရတာ ...ကြွင်းမဲ့ ယုံကြည်နေဟန် မရှိချေ။

မတတ်သာလို့သာ ငြိမ်နေတာ။ သိချင်စိတ်တွေ ဘယ် ...ောက်ထိ များပြားနေသလဲဆိုတာ သူမ မျက်နှာလေးကို ကြည့် ...ိုက်တာနှင့် သိသာထင်ရှားလွန်းနေ၏။

"ဟဲ့ သွားလေ ဘာချပ်လုပ်နေတာလဲ"

"မမစစ်"

"ဘာလဲ"

"စောစောက ဘာမှ မချောင်းဘူးဆိုတာ တကယ် ...ား"

"တကယ်ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ညည်းလေးနဲ့ ...ဆိုင်လို့လဲ သွား သွား ကိုယ့်အလုပ်ကိုယ် သွားလုပ်စမ်း

ဘုတ်ဘုတ်''

''မမစစ် ညာတယ်''

''ဘာရယ်''

''မမစစ် ဟိုဘက်ခြံကို ချောင်းကြည့်နေတာ မဟုတ်လား''

''အံမယ် မဟုတ်ကဟုတ်က''

''ဒါဆို စောစောက လိုက်ကာကို ကွယ်ပြီး ကြည့်နေတာ ဘာလဲ''

''အဲ ဒါ ဒါက ခြံထဲကို ကြည့်တာ''

''ကိုယ့်ခြံထဲကိုယ်ကြည့်တာ နိုးချောင်နိုးဇုက်ပုံစံမျိုး မမစစ်လား ကြည့်မှာ၊ ဘုတ်ဘုတ်ကို လာမဖြီးနဲ့ ဘုတ်ဘုတ် ရိပ်မိတယ်နော် မမစစ်၊ အခုတလော ဟိုဘက်ခြံကို ခဏခဏ နိုးကြည့်နေတာ ဘုတ်ဘုတ်မြင်တယ်''

သေစမ်း။

ဘုတ်ဘုတ်စကားကြောင့် မေစစ်မှန်တစ်ယောက် ပတ်ဝန်းကျင် အခြေအနေကို သတိမထားဘဲ သူမ စိတ်ဆန္ဒလေးနောက် လိုက်ပါသွားမိသည့်အဖြစ်ကို တွေးမိကာ နောင်တလေးပင် ရချင်သွားရသည်။

''ဘုတ်ဘုတ်''





''ရှင်''

''ညည်း ပေါက်ကရတွေ လျှောက်ပြောမနေနဲ့နော်၊ ...ကြာ မေမေ သိသွားလို့ ငါ့ကို စစ်လား ဆေးလား လုပ်နေ...မယ်၊ ငါက ခြံအဒိုအဟောင်းကြီးကို ဆေးအသစ်တွေ ဘာတွေ ...သုတ်ပြီး ရှင်းလင်းနေကြလို့ ကြည့်မိတာပါဟဲ့''

''အဲ့ဒါတော့ ဟုတ်တယ်နော် မမစစ်၊ အဲ့ဒီခြံကြီးကို ...အတိုင်း ပြစ်ထားတာ ဘယ်လောက်တောင် ကြာနေပြီလဲ၊ ...တော့ လူတွေ ပြန်လာနေကြတော့မယ်ထင်တယ်၊ တစ်ခြံလုံး ...ရှင်းလင်းပြီး တိုက်ကို ဆေးအသစ်တွေ ပြန်သုတ်နေကြတယ်''

''အေးနော်''

ဘုတ်ဘုတ်တစ်မျိုးမထင်စေရန် တစ်ဘက်ခြံကြီးကို ကြည့်တာ ရိုးရိုးသားသား လေ့လာတာဟု ပြောလိုက်မိသည်။

''မမစစ်''

''ပြော''

''အဲ့ဒီခြံကြီး ပြင်ဆင်တာ ဘယ်တော့ပြီးမလဲ မသိဘူးနော်''

''ဘယ်သိမလဲဟဲ့၊ ဘာလဲ ညည်းလေးက လူသစ်တွေ ...ပြောင်းလာတော့မယ်ဆိုပြီး စိတ်ဝင်စားနေပြီလား''

''အို မဟုတ်ပါဘူး''

"ဟေ"

"ဘုတ်ဘုတ်က အဲ့ဒီတိုက်ကြီး ပြင်ဆင်တာ ပြီးသွားမှာကိုပဲ ကြောက်နေတာ"

"ဗုဒ္ဓေါ"

"ဟုတ်တယ် မမစစ်ရဲ့၊ အဟိ ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ၊ ဆေးတွေသုတ်နေတဲ့ အလုပ်သမား ခေါင်းဆောင် အစ်ကိုကြီးက ချောလိုက်တာ မမစစ်ရယ်၊ ဘုတ်ဘုတ် မြင်ဖူးသမျှ ယောကျ်ားတွေထဲမှာ အဲ့ဒီအစ်ကိုကြီးလောက် ချောတာမျိုး တစ်ခါမှကို မမြင်ဖူးဘူးသိလား၊ ရက်ရက်စက်စက်ကို ချောတာ၊ အရပ်ကြီးကလည်း အမြင့်ကြီးပဲ မမစစ်ရယ်၊ ဟိုလေ မမစစ် အမြဲကြည့်ကြည့်နေတဲ့ ကိုရီးယားမင်းသား ဘယ်သူ အဲ အဲ့ဒါနဲ့ တူလွန်းလို့ ခိုးခိုးကြည့်နေရတာ၊ အဲ့ဒီတိုက်ကြီးသာ ပြင်ဆင်လို့ ပြီးသွားရင် သူ့ကို အခုလို မြင်ရတော့မှာ မဟုတ်ဘူး၊ အဲ့ဒါကြောင့် အဲ့ဒီတိုက်ကြီး မပြီးပါစေနဲ့ဦး ဆိုပြီး ကြိတ်ဆုတောင်းနေမိတာ မမစစ်ရဲ့"

မြတ်စွာဘုရား။

ဘုတ်ဘုတ်ကလည်း သူ့ကို ချောင်းချောင်းပြီး ခိုးကြည့်နေတာဆိုပါလား။

တိုက်ဆိုင်လိုက်တာ။





မစစ်မှုန်လည်း သူ့ကို တွေ့လိုတွေ့ငြား လူလစ်ရင် လစ်သလို အပေါ်ထပ်ရှိ သူမ အခန်းလေးထဲ ဝင်ဝင်နေပြီး ချောင်းနေတာလေ။

"မမစစ်"

"ပြော"

"အစ်ကိုလေး မင်းဆတ်ခကို မြင်ဖူးလားဟင်"

"ဘယ်သူ"

"မင်းဆတ်ခလေ မင်းဆတ်ခ"

မင်းဆတ်ခတဲ့။

သူ။

သူ့နာမည်က မင်းဆတ်ခဆိုပါလား။

ဘုတ်ဘုတ် အစုတ်ပလုပ်မ။

ဒီလိုကျတော့လည်း သွက်သားပဲ။

အလုပ်ခိုင်းရင်သာ ဟိုလှည့်လိုက် ဒီလှည့်လိုက်နှင့် တော်တော်နဲ့ ပြီးသည် မရှိပေ။

ဘာပဲပြောပြော

ဘုတ်ဘုတ်ရဲ့ ကောင်းမှုကြောင့် သူ့နာမည်လေးကို မစစ်မှုန် သိခွင့်ရလိုက်သည့်အတွက်တော့ ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင်ပင် ဝမ်းသာကြည်နူးသွားရသည်။

"မမစစ်"

"ဘာလဲဟဲ့"

"မြင်ဖူးလားလို့ မေးနေတယ်လို့"

"မမြင်ဖူးပါဘူး အေ ရှုပ်ရှုပ်ယှက်ယှက် ငါက ဘာကို မြင်ဖူးရမှာလဲ၊ ဘုတ်ဘုတ်နော် နင်ပေါက်ကရတွေ လျှောက်လုပ်ဖို့ စိတ်ကူးမနေနဲ့ဦး၊ မေမေ သိသွားလို့ ရှာပြန်နေရဦးမယ်"

"ဘုတ် ဘုတ် မရှုပ်ပါဘူး မမစစ်ရဲ့"

"မရှုပ်ဖူးသာဆိုတဲ့ ညည်းက အလုပ်သမား ခေါင်းဆောင်ရဲ့ နာမည်ကိုတောင် သိတယ်နော် ဟွန်း"

"ဒါက သူတို့ခေါ်လို့ ကြားတာပါ၊ မနက်က မမစစ် မုန့်ဟင်းခါး စားချင်တယ်ဆိုလို့ လမ်းထိပ်က ဆိုင်မှာ သွားဝယ်တုန်း သူတို့လက်ဖက်ရည် သောက်နေရင်း တစ်ယောက်နဲ့ တစ်ယောက် ခေါ်တာကို ကြားလိုက်လို့ပါ၊ သူတို့က မနက်တိုင်း လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြတာ မမစစ်ရဲ့ ဒါကြောင့် ဘုတ်ဘုတ်အားလုံးကို သိနေတာပေါ့"

ဟင်။

လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ မနက်တိုင်း ထိုင်ကြတယ်ဆိုပါလား။

တော်လိုက်တဲ့ ဘုတ်ဘုတ်။





ဒီတစ်ခါတော့

သင်းကို တော်တော်လေး ချီးကျူးရမည်။ လစ်လျှင် လစ်သလို သူမ ခိုးခိုးကြည့်တာပင် သူ့ကို တွေ့ရဖို့ အင်မတန်မှပင် ဆုံနိုင်ခဲလှသည်။ မေမေ ရှိနေတာကတစ်ကြောင်း အိမ်က လူတွေ ရိပ်မိသွားမှာ စိုးရတာကတစ်ကြောင်း မနက်စောစော အိပ်ရာက မနိုးတတ်တာကတစ်ကြောင်းနှင့် သူနဲ့တွေ့ရသည်ဟူ၍ မရှိချေ။ သူ့ကို နောက်တစ်ကြိမ် ဆုံတွေ့ချင်သည့် စိတ်တွေ ဘယ်လောက်ပဲရှိရှိ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကြောင့် ခြံထဲဆင်းပြီး ဟန်ရေးပြတာမျိုးလည်း မလုပ်ချင်တာကြောင့် သူနဲ့ တွေ့ဆုံဖို့ အင်မတန်မှပင် ခက်ခဲနေရသည်။

အခုတော့

ဘုတ်ဘုတ်ရဲ့ ကျေးဇူးကြောင့် သူနဲ့နောက်တစ်ကြိမ် ဆုံတွေ့ရမည့် အခွင့်အရေးလေးကို သူမ ရရှိတော့မည် ဖြစ်သည်။ အတွေးလေးကြောင့် မေစစ်မှန်၏ နှုတ်ခမ်းအိအိဖူးဖူးလေးတွေက ပြုံးပန်းလှလှလေးတွေ ပွင့်ဖူးသွားရသည်။

"မမစစ်"

"ပြော"

"ဟိုဘက်ခြံက အလုပ်သမားခေါင်းဆောင်အစ်ကိုကြီး ကလေ တကယ် ချောတာ မမစစ်ရဲ့၊ အရမ်းစွဲဆောင်မှု ရှိတာပဲ

သိလား''

''အဲ့ဒါ ငါက ဘာလုပ်ရမှာလဲ''

''အမ်''

သူမရဲ့ ခပ်ဆတ်ဆတ် ဟောက်သံလေးကြောင့် ဘုတ်ဘုတ်တစ်ယောက် ဘာစကားမှ ဆက်မပြောရဲတော့ဘဲ ပါးစပ်ကလေး စေ့ပိတ်သွားတော့၏။

သူမ

ဘုတ်ဘုတ်ရှေ့မှာ လုံးဝ စိတ်မဝင်စားသည့် ဟန်ဆောင်ပစ်လိုက်သည်။ တော်ကြာ သူမက စိတ်ဝင်တစား ရှိလျှင် ဒီကောင်မလေးက တစ်မျိုးထင်တော့မည်။ ဘုတ်ဘုတ်က စိတ်ချရတာ မဟုတ်။

မေမေ့ရှေ့ ပေါက်ကရတွေ လျှောက်ပြောတော့မှ သူမ အကြီးအကျယ် ဒုက္ခရောက်ရမည်။ ထို့ကြောင့် သူမရဲ့ စိတ်ခံစားမှုကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာ ဘုတ်ဘုတ် ရိပ်မိမသွားစေရန် ခပ်တည်တည်လေး နေပစ်လိုက်၏။

''ဘုတ်ဘုတ်''

''ရှင်''

''ဒီလိုစကားတွေပြောတာ ရပ်တန်းက ရပ်တော့နော်၊ မေမေသာ ကြားသွားလို့ကတော့ ညည်းလေး အထုပ်ဆွဲပြီး ရွာပြန်





ရပြီသာ မှတ်တော့ပဲ၊ အဲ့ဒီအခါကျရင် ငါလည်း ကယ်နိုင်မှာ မဟုတ်တော့ဘူး ဘုတ်ဘုတ်''

''ဟုတ် ဟုတ်ကဲ့ပါ မမစစ်ရဲ့၊ ဘုတ်ဘုတ် မပြောပါဘူး''

''အေး ပြီးရော၊ သွားတော့ ဘုတ်ဘုတ်''

''ဟုတ်ကဲ့''

ဘုတ်ဘုတ်တစ်ယောက် သူမ အခန်းလေးထဲကနေ မျက်နှာသေလေးနဲ့ ပြန်ထွက်သွား၏။ ဘုတ်ဘုတ်ကို ကြည့်ပြီး မစစ်မှန် သနားလည်းသနား၊ က ရုဏာလည်း သက်သွားရသည်။

ငယ်ရွယ်သူ မဟုတ်လား။

စိတ်ကစားတတ်သည့် အရွယ်ဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့လေ။ ကောင်လေးချောချော မြင်ရင် စိတ်ကစားချင်မှာပေါ့။

ပြီးတော့

သူကလည်း ဘုတ်ဘုတ်ပြောသလို အရမ်းကို ဆွဲဆောင်မှု ရှိလွန်းနေတာကိုး။

ဟူး။

ရင်မောလိုက်တာ။

မင်းဆတ်ခရယ်။

ရှင့်ကြောင့် ကျွန်မရဲ့ စိတ်တွေတောင် ဒီလောက် မတည်ငြိမ် ဖြစ်နေရတာ ဘုတ်ဘုတ်ဆိုတော့ ပိုပြီးတော့တောင် ဆိုးတော့မပေါ့လေ။

မေစစ်မှန်

အတွေးလေးနှင့်အတူ သက်ပြင်းမောလေးကို ညင်သာစွာ ရှိုက်လိုက်မိတော့သည်။

• • •



## အခန်း (၄)

"မင်းဆတ် ဟိုမှာကြည့်စမ်း"

လက်ဖက်ရည်ခွက်လေးကို ကိုင်ကာ နှုတ်ခမ်းလေးတွန့်ပြီး ခေါင်းလေးငုံ့အသောက် ဖော်ထိုက်ရဲ့ လက်တို့သတိပေးခြင်းကြောင့် ဒုတ်ခနဲ လှမ်းကြည့်လိုက်တော့ သူတို့ ထိုင်နေသော လက်ဖက်ရည်ဆိုင်လေးဘက်သို့ မျက်နှာမူကာ လျှောက်လာနေတဲ့ ကောင်မလေးကို တွေ့လိုက်ရ၏။

ထီးဂါဝန်လက်ပြတ်ကားကားကြီးနဲ့ ညင်းသွဲ့စွာ လျှောက်လာနေသော သူမ ဟန်လေးက မသိပါလျှင် သူတစ်ပါးအိမ်က အလုပ်သမားဟုပင် ထင်ရက်စရာ မရှိပါချေ။ သူဌေးသမီးလေးတစ်ယောက်လိုပင် ဖူးဖူးနုနု ကြွကြွရွရွလေး ဖြစ်နေသည်။ သူမရဲ့ပုံစံလေးကို မင်းဆတ်ခတစ်ယောက် သတိလက်လွတ် ငေးမောနေမိသည်။

"မုန့်ဟင်းခါး လာဝယ်တာနဲ့တူတယ် မင်းဆတ်"

ဓော်သိုက်တဲ့ ခနဲ့မှန်းချက်က မှန်ကန်တိကျလွန်း၏။

ကောင်မလေးက တည်ငြိမ်အေးဆေးစွာပင် လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်ကျော်ကာ မုန့်ဟင်းခါး အရောင်းဆိုင်ထဲသို့ ဝင်သွား၏။ ပြီးနောက် သူတို့ဘက်သို့ ကျောပေးသည့် ထိုင်ခုံလေးတွင် ဝင်ထိုင်ကာ မုန့်ဟင်းခါးပါဆယ်ဝယ်ရန် စောင့်နေသည်။ သူမရဲ့ ပွေ့ပိုက်ရှုမှုလေးများကို ဂရုတစိုက်ပင် သူ လိုက်ကြည့်နေမိ၏။

"မင်းဆတ်"

"........."

"မင်းဆတ်"

"ဟင် ဘာ ဘာလဲဓော်ထိုက်"

"မင်း ကြွေသွားပြီ ဟုတ်လား"

"ဘာကွ"

"မညာပါနဲ့ကွာ၊ မင်းမျက်လုံးတွေကို ကြည့်တာနဲ့တင် ငါ သိနေပါပြီ၊ မင်း ကောင်မလေးကို စိတ်ဝင်စားနေပြီ မဟုတ်လား မင်းဆတ်"

"အင်း"

"ဟာ မင်း မ[illegible] ဝန်ခံတယ်ပေါ့ ဟုတ်လား မင်းဆတ်"

"အင်း မညာနဲ့ဆို၊ ငါက တကယ်ပဲ စိတ်ဝင်စားနေမိ





[illegible]ကို ဝန်ခံတာပေါ့ ဓော်ထိုက်ရဲ့"

"မဆိုးဘူး မင်းဆတ်၊ မင်း တော်တယ်၊ ကိုယ့်ရင်ထဲမှာ [illegible]တွေ ဖြစ်နေတယ်ဆိုတာ သိတဲ့ လူဟာ လူတော်ပဲ မင်းဆတ်ရဲ့၊ [illegible] ဟွန်း"

"ဓော်ထိုက်"

"ပြော"

"ငါ ဘာဆက်လုပ်သင့်လဲဟင်"

"ဘာကိုလဲ မင်းဆတ်"

"သူ့ကို စိတ်ဝင်စားနေမိတာ သူ သိအောင် ငါဘယ်လို [illegible]ရမလဲဟင်၊ သူက ဟိုကောင်မလေးလို အပြင်ထွက်တာ သိပ်မရှိ [illegible]တော့ ငါ့အတွက် အရမ်းကို အခက်အခဲ ဖြစ်နေတယ် [illegible]ဆိုတော့၊ သူနဲ့ ဆုံတွေ့ရဖို့ဆိုတာ သိပ်မလွယ်ဘူးကွ"

"ဒါများကွာ အခုတွေ့နေတာပဲဟာ၊ အခုပဲ ဖွင့်ပြောလိုက် [illegible] မင်းဆတ်ရဲ့၊ ဟော ဟိုမှာ မုန့်ဆိုင်ထဲကနေ ထွက်လာနေပြီ [illegible] သွား မင်းလိုက်သွားလိုက်"

"ဟာကွာ မင်းဟာကလည်း အခုချက်ချင်းကြီးလားကွ"

"အေးလေ၊ တော်ကြာ အိမ်ထဲမှာချည်းအောင်းနေလို့ [illegible]ပြောရ ပိုပြီးခက်ခဲသွားမှာပေါ့ကွ၊ ဟော ကောင်မလေးရဲ့ [illegible]ဝန်းလေးတွေက မင်းကို မသိမသာလေး ခိုးကြည့်သွားတယ်၊

အခြေအနေ မဆိုးဘူး မင်းဆတ် မင်းလိုက်သွားတော့"

"ဖြစ်ပါ့မလား ဖော်ထိုက်"

"ဖြစ်ပါတယ်ကွာ၊ သွားစမ်းပါ"

ဖော်ထိုက်ရဲ့ အားပေးမှုကြောင့် ထိုင်နေရာကနေ ချက်ချင်း ထကာ လိုက်သွားမိပေမယ့် ရင်ထဲမှာတော့ တထိတ်ထိတ် အခုန်မြန်နေရ၏။ စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ အရှေ့ကနေ တစ်လှမ်းချင်း ညင်ညာသွဲ့ပြောင်းစွာ လျှောက်နေသော သူမလေးရဲ့ နောက်ကျောလေးကို ငေးစိုက်ကြည့်နေမိသည်။

"ဟေ့ ဒီ ဒီမှာ"

အနောက်ဘက်ဆီမှ တီးတိုးခေါ်သံကြောင့် မေစစ်မှန် ချာခနဲ လှည့်စောင်းကြည့်လိုက်မိသည်။

ဟင်။

မေစစ်မှန်၏ မျက်နက်ဝန်း ဝိုင်းဝိုင်းလေးတွေ ပြူးကျယ် ဝိုင်းစက်သွားရ၏။

သူ သူပါလား။

မင်းဆတ်ခဆိုတဲ့သူ။

သူမ အနောက်ကို တိတ်တဆိတ်လေး ကပ်လိုက်လာ တာကိုး။

ကြည့်စမ်း။





သူမ လုံးဝ သတိမထားမိချေ။

ဘာကြောင့်မှန်းမသိ သူလိုက်လာတာကို မြင်တွေ့လိုက် တွင် သူမ ရင်လေး ဆတ်ခနဲ ခုန်ကာ လှိုက်ခနဲ ကြည်နူး သွားရသည်။ ဘုတ်ဘုတ်စကားအရ လက်ဖက်ရည်ဆိုင်လေးတွင် ိုင်တတ်သည်ဆို၍ တကယ် ဟုတ်၊ မဟုတ် သူမ ထွက်ကြည့် ာပါ။ မနက်စောစော မေမေ ဘုရားရှိခိုးနေတာမို့ ဘုတ်ဘုတ် အသိမပေးတော့ဘဲ ဘုတ်ဘုတ်အိမ်နောက်ဖေးတွင် အလုပ် ်နေစဉ် ဘာမှ တွေဝေမနေဘဲ သူမ ခိုးထွက်ခဲ့သည်။ ဘုတ်ဘုတ် သွားရင်လည်း သူမကို တားဆီးမှာလေ။ ဒါကြောင့် မေမေ ရားရှိခိုးနေချိန်နှင့် ကိုက်ကာ အပြင်သို့ သူမ လစ်ထွက်ခဲ့သည်။

အံ့သြဖို့ ကောင်းလိုက်တာ။

မေစစ်မှန်တစ်ယောက် သူမကိုယ်သူမပင် နားမလည် တော့။

ဘာ့ကြောင့် သူမ အခုလိုတွေ လျှောက်လုပ်နေမိရသလဲ သည့်အချက်ကိုလည်း မစဉ်းစားတတ်တော့ပါချေ။

သေချာတစ်ခုပဲ ရှိသည်၊

အဲ့ဒါ

သူနဲ့ နောက်တစ်ကြိမ် ဆုံတွေ့ချင်သည့် ဆန္ဒတွေက မရင်ထဲမျှားနေတာပါပဲ။ နောက် ထိုမျက်ဝန်းလေးတွေနှင့် ထပ်မံ

ဆုံတွေ့ချင်စိတ်တွေက သူမ အသွေးအသားဇာတွင် ဆူပွက်နေခဲ့သည်။ ဘယ်လိုမှ တားဆီးထိန်းချုပ်လို့ မရ.တော့။

သာမန်ရုပ်တည်နိုင်သော အခြေအနေတစ်ခုတွင် ရှိနေသည့် သူလိုလူမျိုးကိုမှ မေစစ်မှန်ရဲ့ စိတ်တွေက ဘာကြောင့်များ ထင်ထင်ရှားရှားကြီး စုပုံကျသွားရတာလဲ။ တွေးမိတိုင်း သူမကိုယ်သူမလည်း အံ့သြမဆုံးနိုင်အောင် ရှိနေရသည်။

ခေါင်းကို အခါခါ ယမ်းနေရင်းမှ သူ့မျက်ဝန်းအကြည့်အောက်တွင် တိတ်ဆိတ်စွာ သူမ အရှုံးပေးခဲ့ရ၏။ ဂုဏ်ရှိန်မြင့်သော သူဌေးသမီးကလေး မေစစ်မှန်အသွင်ကိုပင် သူမ ဖျောက်ဖျက်ကာ သာမန်ပြင်ဆင်မှုတစ်ခုကိုသာ ရွေးချယ်ဝတ်စားခဲ့မိတော့သည်။

အံ့ဩ

သူ့သိမ်ငယ်မှာ စိုးသည့် အတွေးစိတ်လေးတစ်ခုတည်းနဲ့ပဲ သူမ ပြောင်းလဲပစ်ခဲ့ခြင်းပဲ ဖြစ်သည်။ အံ့ဒီလို လုပ်မိခဲ့တဲ့အတွက်လည်း သူမ နောင်တမရမိချေ။

ထူးဆန်းလိုက်တာ။

အချစ်။

ဒါဟာ သိပ်ကို ထူးခြားဆန်းကြယ်လွန်းပါသည် ဆိုသည့် အချစ်တစ်ခုကြောင့်ပဲလားဆိုတာတော့ သူမ မသိပါ။ အခုလိုတွေ လုပ်နေရတာကိုပဲ အမှန်တရားတစ်ခုဟုပင် သူမ စိတ်ထဲ မှတ်ယူနေ





မိသည်။

သူ့နဲ့ကျမှ တထိတ်ထိတ် အခုန်မြန်နေတဲ့ နှလုံးသားလေးတွေရဲ့ အလိုဆန္ဒကို သူမဘက်က လွန်ဆန်ဖို့ဆိုတာ အင်မတန်မှပင် ခက်ခဲနေရတာလေ။ မေစစ်မှန် ဟန်ဆောင် မနေချင်ပါဘူး။ သူနဲ့ အခုလို တွေ့ဆုံရတာကိုပဲ သူမရင်ထဲ နှစ်သက်နေရသည်။

"ဒီမှာ ခင်ဗျ"

သူ့ခေါ်သံကြောင့် သူမ မျက်ဝန်းအကြည့်လေးတွေ တ်ခနဲ သူ့ဆီ ရောက်သွား၏။

မင်းဆတ်ခတစ်ယောက် အနီးကပ် မြင်တွေ့လိုက်ရသော ပဖူးစင်နေသော ကောင်မလေးရဲ့ မျက်နှာလေးကို တမေ့တမော ေးကြည့်ကာ ရှေ့ဆက်ပြောရမည့် စကားလေးများပင် ောက်ရှနေရတော့သည်။

လှလိုက်တာ။

အသားအရေလေးက ငွေအဆင်းလို ဝင်းမွတ်နေ၏။

သေးကျဉ်းသော နဖူးလေးပေါ်တွင် ထူနက်နက် မျက်ခုံးန်းသွယ်သွယ်လေးက ထင်းနေပြီး ခပ်စိတ်စိတ် မျက်တောင် ကော့လေးများ ဝန်းရံလျက်ရှိသော မျက်နက်ဝန်း ဝိုင်းဝိုင်းလေး ကြယ်ပွင့်လေးများလို ရွှန်းလက်ဖြာနေ၏။ နှာတံချွန်လေးက ယ်လျကာ ထိပ်ကလေးတွင် အဖျားလေးလုံးကော့နေပုံက

အသည်းယားစရာ။ ပြီးတော့ ကကြီးပုံ တွန့်ကွေးနေတဲ့ နှုတ်ခမ်းပါးလေး။ သွယ်လျသော မျက်နှာလေးနှင့် လိုက်ဖက်စွာပင် သူမပိုင်ဆိုင်ထားသော အလှတရားများအားလုံးသည် မြင်ရသူ မင်းဆတ်ခအတွက်တော့ မြတ်နိုးရင်ခုန်စရာလေးတွေချည်းသာ ဖြစ်နေရတော့သည်။

"ဒီမှာ ဒီမှာရှင့်"

"ဗျာ"

"လူကို ခေါ်ပြီး ရှင်ဘာပြောမလို့လဲ"

"ဟို ဟိုလေ"

"ဒီမှာ ရှင် ကျွန်မကို ဗရုတ်ကျတာလား"

"ဗျာ"

'တဗျာ ဗျာနဲ့ ရှင် ဘာဖြစ်နေတာလဲ'

"ဟာဗျာ ဆောရီး ဆောရီး တောင်းပန်ပါတယ်ဗျာ စိတ်မဆိုးပါနဲ့၊ ကိုယ် ဗရုတ်ကျချင်လို့ အခုလို အနောက်က လိုက်လာတာ မဟုတ်ပါဘူး၊ မင်းကို တောင်းပန်ချင်လို့ လိုက်လာတာပါ"

"ရှင်"

ထူးဆန်းသော သူ့စကားလေးကြောင့် လှပသော မျက်ခုံးတန်း သွယ်သွယ်လေးက တွန့်ကြုံသွားရ၏။





တောင်းပန်ချင်လို့တဲ့။

ဘာကိုလဲ။

ဘာအတွက်နဲ့ သူမကို တောင်းပန်ချင်ရတာလဲ။

သူမ နားမလည်ပါ။

သို့သော်

တည်ငြိမ်ရင့်ကျက်သော သူ့အသွင်နှင့် လေးနက်သော မျက်ဝန်းအကြည့်တို့ကြောင့် ဒါဟာ လူကို တမင်လိုက်ပြီး စနောက်နေခြင်းတော့ မဟုတ်မှန်း သူမ ရိပ်မိလိုက်သည်။

"ဟိုတနေ့က မင်းပန်းပင် ရေလောင်းနေတုန်း ကိုယ့်ရဲ့ အလုပ်သမားလေးတွေ စနောက်မိခဲ့တယ်လေ၊ အဲ့ဒီအတွက် ကိုယ့်ဘက်က မင်းကို တောင်းပန်ပါတယ်"

"သြော်"

အခုမှ မေစစ်မှန် သဘောပေါက်သွားရသည်။

သူက မေစစ်မှန်ကို စနောက်ခဲ့တဲ့အတွက် သူ့အလုပ်သမားလေးတွေကိုယ်စား လာပြီးတောင်းပန်နေတာကိုး။

"ကိုယ့်နာမည်က မင်းဆတ်ခပါ၊ အဲ့ဒီနေ့က မင်း အရမ်း စိတ်ဆိုးသွားမယ်ဆိုတာ ရိပ်မိပါတယ်၊ ဒီကောင်တွေ စနောက်နေတာက အရမ်းလွန်လွန်းနေတာလေ၊ ဒါ့ကြောင့် ကိုယ် အားနာလွန်းလို့ ဆင်းဟောက်လိုက်တာ၊ ဒါပေမယ့် အဲ့ဒီနေ့က ကိုယ်

မင်းကို မတောင်းပန်လိုက်မိဘူး''

''ရပါတယ် ကိုမင်းဆတ်ခ၊ မေစစ်ကို တောင်းပန်စရာ မလိုပါဘူး၊ အဲ့ဒီနေ့က သူတို့ကြောင့် စိတ်ရှုပ်ခဲ့ရတာ မှန်ပေမယ့် အခုလို ကိုယ်စား တောင်းပန်ပေးရလောက်အောင်တော့ နာကြည်းစရာ မရှိပါဘူး၊ နောက်တစ်ခါ အခုလို အော်ဟစ်ပြောဆိုတာမျိုး မလုပ်အောင် ထိန်းပေးရင်ဘဲ ရပါပြီ''

''နာမည်က မေစစ်တဲ့လား''

''ရှင်''

''ထူးဆန်းနေလို့ပါ''

မေစစ်မှန်ဆိုတဲ့ သူမ နာမည် အပြည့်အစုံကို ဖွင့်ပြောမလို့ လုပ်ပြီးမှ မပြောဖြစ်တော့ဘဲ သူမ ငြိမ်နေလိုက်သည်။

''မေစစ်ကို ကျေးဇူးတင်ပါတယ်၊ ကိုယ့်အလုပ်သမားတွေကို နားလည်ပေးတဲ့အတွက်လေ''

''ရပါတယ် ကိုမင်းဆတ်ခ''

''မင်းဆတ်လို့ပဲ ခေါ်ပါ၊ မေစစ်နဲ့ ကိုယ်က အသက်မှ သိပ်မကွာတာ ကိုတပ်ပြီး ခေါ်စရာမလိုပါဘူး''

''ဟုတ်ကဲ့ မင်းဆတ်''

''တိုက်ဆိုင်လိုက်တာနော် မင်းဆတ်နဲ့ မေစစ်တဲ့ ကြာသပတေးနာမ်နဲ့ အင်္ဂါနာမ်ကို စပ်ထားတဲ့ နာမည်တွေချည်းပဲ''





''အင်း ဟုတ်တယ်နော်၊ အဟင်း ဟင်း အခုမှပဲ မေစစ် ...သည်း သတိထားမိတော့တယ်''

သူပြောမှပဲ

သူမနဲ့ သူ့နာမည် ရှေ့နှစ်လုံး ဆင်တူနေခြင်းကို သတိ ...ားမိသွားရသည်။ ဘာပဲပြောပြော သူနဲ့ အခုလို စကားလေးတွေ ...ပြောနေကြရခြင်းကို မေစစ်မှန် ကျေနပ်နှစ်သက်နေမိသည်။

ဒီလိုအခြေအနေမျိုးလေးရဖို့ မေစစ်မှန်ဘက်က ဘယ် ...ာက်တောင် မျှော်လင့်နေခဲ့ရဘယ်မှတ်လဲ။ နည်းပေါင်းစုံသုံးပြီး ...နဲ့ မနီးနီးအောင် အခြေအနေတွေအားလုံးကို စနစ်တကျ သူမ ...ဥ်နေခဲ့ရသည်။

မေစစ်မှားလားဟင်။

မေစစ် စည်းဘောင်တွေ ကျော်လွန်နေပြီလား။

မိန်းကလေးဘက်ကစပြီး ယောကျ်ားလေးတစ်ယောက်ကို ...တ်တဆိတ်လေး စိတ်ဝင်စားပြီး အဲ့ဒီယောကျ်ားရဲ့ စိတ်ဝင်စားမှု ...ပြန်ရအောင် သိမ်မွေ့တဲ့ နည်းလမ်းလေးနဲ့ လမ်းဖွင့်ပေးမိတာ ...မေစစ် မမှားပါဘူးနော်။

မေစစ်

သူ့ကို တစ်ချိန်လုံး တွေ့ချင်နေခဲ့တာ။

စူးရှတဲ့ ညို့မျက်ဝန်းအကြည့်တွေနဲ့ တစ်ချက်လှည့်

ကြည့်ပြီး ချာခနဲနေအောင် ပြန်လှည့်ထွက်သွားတဲ့ ယောကျ်ား တစ်ယောက်ရဲ့ ထူးဆန်းတဲ့ ပုံရိပ်လေးကို စွဲလမ်းပြီး အဲ့ဒီ မျက်ဝန်း အကြည့်ပိုင်ရှင်လေးနဲ့ နောက်တစ်ကြိမ် ဆုံချင်နေခဲ့တာလေ။ အခု တော့ မေစစ်ရဲ့ ဆန္ဒလေးတွေ ပြည့်ဝခဲ့ရပြီ။

"မေစစ် သွားတော့မယ်နော်၊ မုန့်ဝယ်နေတာ ကြာနေ တယ်ဆင်မှာ စိုးလို့ပါ"

ဘုရားရှိခိုး မပြီးခင် အိမ်ထဲပြန်ဝင်ဖို့ ဆုံးဖြတ်လိုက်၏။

သူနဲ့ အခုလို စကားလေးတွေ ပြောနေရတာကို နှစ်သက် မိပေမယ့် ဘယ်လိုမှ မဖြစ်နိုင်ပါ။ တစ်ယောက်ယောက် မြင်တွေ့ သွားလျှင် မလိုလားအပ်သော ပြဿနာတွေ ရှိလာနိုင်သည်။

ထို့ကြောင့် သူ့ကို နှုတ်ဆက်ကာ သွားဖို့ ဟန်ပြင်လိုက် သည်။

"မေစစ်"

"ရှင်"

"ကိုယ်တို့ မိတ်ဆွေတွေ ဖြစ်သွားကြပြီနော်"

"ဟုတ်"

"ကျေးဇူးပဲ မေစစ်၊ မြန်မြန်သွားတော့နော်၊ တော်ကြာ အိမ်ရှင်တွေက ကြာနေလို့ မေစစ်ကို ဆူနေကြဦးမယ်၊ သွားတော့ မေစစ်"





"ရှင် ဩော် အင်း ဟုတ်တယ်၊ မေစစ်သွားပြီနော် မင်းဆတ်"

သူ ခေါင်းလေးကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

သူ့ခွင့်ပြုချက်လေးရတာနှင့် မေစစ်ဆိုတဲ့ မိန်းမချော လေးက သွက်လက်သော ခြေလှမ်းကျဲလေးများနှင့် လှမ်းကာ နေရာကနေ ခပ်သုတ်သုတ်လေး ထွက်ခွာသွားတော့သည်။

သူ့ဘက် လုံးဝ လှည့်မကြည့်တော့ချေ။

ဂါဝန်ကားကားလေးနှင့် ကျောခိုင်းထွက်ခွာသွားသော မေစစ်ရဲ့ နောက်ပိုင်းလေးကို ကြည့်ပြီး သူမလေးနဲ့ မိတ်ဆွေ ဖြစ်ခွင့်ရလိုက်သည့် အကြောင်းလေးကို တွေးကာ ကြည်နူးစွာပင် မင်းဆတ်ခတစ်ယောက် ပြုံးလိုက်မိတော့သည်။

• • •

## အခန်း (၅)

မင်းဆက်ခကို ကြည့်ရတာ သူမကို ဒီတိုက်ကြီးထဲက အိမ်အလုပ်သမားတစ်ယောက်ဟု ထင်နေပုံရသည်။ ကိုယ်လုံးပေါ် မှန်ချပ်ကြီးရှေ့တွင် ရပ်ပြီး သူမကိုယ် သူမ သေချာပြန်ကြည့်မိ၏။

အင်း။

ထင်လည်း အထင်မှားချင်စရာပါပဲ။

သူနဲ့တွေ့လိုက်တိုင်း အိမ်နေရင်း စပန့်သားဂါဝန်ကား ကားကြီးတွေနဲ့ ဖြစ်နေပြီး လူက ပန်းပင်တွေ ရေလောင်းလိုက်၊ မှန့်ထွက်ဝယ်လိုက်နှင့် ဖြစ်နေ၏။ ဒါကြောင့် သူ အထင်အမြင်တွေ လွဲမှားနေခြင်းပဲ ဖြစ်မည်။ သူမကို အိမ်အကူ ကောင်မလေးပဲဟု သူက မှတ်ယူနေသည်။ အဲ့ဒါကို သူမကလည်း မဖြေရှင်းဘဲ ငြိမ်သက်နေမိသည်။

အိမ်ရှင်တွေ ဆူမှာ စိုး၍ သူမကို ကပျာကယာ ပြန်ခိုင်း





နေတဲ့ သူ့အသွင်လေးမှာ ကြင်နာသနားရိပ်တွေက ပြည့်လို့။ မင်းဆက်ရယ် ရှင်ကြောင့်နဲ့တော့ ခက်တော့တာပဲ ရှင်ရယ်။ မေစစ် လေ ရှင့်ကို အရင်ကထက်တောင် ပိုပြီး တွယ်ငြိနေမိပြီ သိလား။

စိုးရိမ်ပူပန်မှုတွေနဲ့ ပြည့်နှက်နေတဲ့ ရှင့်ရဲ့ အကြင်နာ မျက်ဝန်းတစ်စုံအောက်မှာ ရင်ခုန်သံတွေ ထိန်းချုပ်မရအောင်ဘဲ မြန်ဆန်နေရပြီရှင်ရယ်။

ရှင်သိမလားဟင်။

မေစစ်လေ

ကိုယ့်ကိုယ်ကို သတိပေးနေရင်းနဲ့ကို ရှုံးနိမ့်သွားခဲ့တာ။

ချစ်တယ် မင်းဆက်ရယ်။

ရှင့်ကို မေစစ် သိပ်ချစ်တယ်။

အဲ့ဒါကို မေစစ် ဘယ်လို တားဆီးရမလဲဟင်။ ရှင့်ကို မချစ်မိအောင် မေစစ် ဘယ်လို ထိန်းချုပ်ရမလဲ။ သေချာတာ တစ်ခုက မေမေသာ မေစစ်ရင်ထဲက ခံစားချက်အမှန်ကို သိသွား ရင် သွေးပျက်မတတ် တုန်လှုပ်ချောက်ချားသွားမယ်ဆိုတာပါပဲ။ မေမေ လုံးဝ သဘောတူကြည်ဖြူမှာ မဟုတ်ဘူး မင်းဆက်။ အဲ့ဒီအချက်ကို မေစစ်ကောင်းကောင်းကြီး သိနေတယ်။

ဘယ်လိုမှ မဖြစ်နိုင်တဲ့ အခြေအနေတစ်ခုကို ဖန်တီးချင် နေတဲ့ မေစစ်ရဲ့ စိတ်ကို မေမေ အရမ်းအံ့ဩသွားမှာ။ မေစစ်

ဘယ်လို ဆုံးဖြတ်ရမလဲဟင်။ အခြေအနေတစ်ခုကို ရှုပ်ထွေးသွားအောင် မလုပ်သင့်ဘူးဆိုတာ သိသိကြီးနဲ့ ရှေ့ဆက်တိုးချင်နေတဲ့ ခြေလှမ်းတွေကို ဘယ်လို တားဆီးရမလဲကွယ်။

"မမစစ်"

သူမအခန်းလေးထဲတွင် တစ်ယောက်တည်း အတွေးလေး လွှန်နေစဉ် အခန်းတံခါးလေး ခေါက်ပြီး ဝင်လာတဲ့ ဘုတ်ဘုတ်ကြောင့် အတွေးစတို့ ပျက်ပျက်ကုန်ရ၏။

"ဘာလဲ ဘုတ်ဘုတ်"

"မနက်က မုန့်ဟင်းခါးကို မမစစ်ကိုယ်တိုင် သွားဝယ်လာတာဆို"

"အင်း ဟုတ်တယ်၊ ဘာဖြစ်လို့လဲ ဘုတ်ဘုတ်"

"ဘာမှ မဖြစ်ပါဘူး မမစစ်၊ ဘုတ်ဘုတ် မအားပေမယ့် မမစစ် ဆာနေပြီဆိုရင် ချက်ချင်းသွားဝယ် ပေးမှာပေါ့၊ အခုတော့ ကိုယ်တိုင် ထွက်ဝယ်တော့ ဘုတ်ဘုတ် စိတ်ထောင် မကောင်းဘူး၊ ဘုတ်ဘုတ်က မမစစ်နိုးနေတာ မသိဘူးလေ၊ မမစစ်က အိပ်ရာထ နောက်ကျတတ်တာဆိုတော့ နိုးရင် ပူပူလေးစားရအောင်ဆိုပြီး သွားမဝယ်သေးတာ၊ အခုလို အစောကြီး နိုးနေမှန်းသာသိရင် ချက်ချင်းသွားတာပေါ့ မမစစ်ရယ်"

"ရပါတယ် ဘုတ်ဘုတ်ရယ်၊ နင်မှ မအားတာ၊ ပြီးတော့





...လဲ အိပ်ရာက နိုးပြီး လမ်းလေးဘာလေး အညောင်းပြေ လျှောက်...ချင်တာနဲ့ တစ်ခါတည်းဝယ်ခဲ့တာ"

"နောက်ဆိုရင်တော့ မမစစ် သွားမဝယ်ပါနဲ့၊ ဘုတ်ဘုတ် ...သွားဝယ်ပေးပါ့မယ်၊ မမစစ် နိုးတာနဲ့ ဘုတ်ဘုတ်ကို အသ...း ပါနော်၊ တော်ကြာ မေမေကြီး သိသွားလို့ ဘုတ်ဘုတ်ကို ...နေပါ ဦးမယ် မမစစ်ရယ်"

"အေးပါဟယ် မေမေ မသိစေရပါဘူး၊ အခုလည်း ...မေမေမှ မရိပ်မိတာ၊ သိပ်လည်း စိုးရိမ်မနေပါနဲ့"

"မသိပေမယ့် မကောင်းဘူးလေ မမစစ်ရဲ့၊ နောက်ဆိုရင် ...မစစ်ကိုယ်တိုင် ဘာတစ်ခုမှ မလုပ်ပါနဲ့၊ ဘုတ်ဘုတ်ကိုပဲ ခိုင်းပါ၊ ...မေကြီးက ဘုတ်ဘုတ်ကို အလုပ်ခန့်ထားတာ မမစစ်အတွက် ...ီးသန့်အလုပ်လုပ်ပေးဖို့ပါ၊ မမစစ် လုပ်နေရတယ်ဆိုတော့ ...ယ်ကောင်းပါ့မလဲ"

"အေးပါအေ နောက်ဆိုရင် ညည်းလေးကိုပဲ ခိုင်းပါ့မယ် ...တ်ပြီလား"

"ဟုတ်ကဲ့ မမစစ်"

"အေး အေး သွားတော့ ဘုတ်ဘုတ်၊ မမစစ် အနားယူ...က်ဦးမယ်၊ မမမခေါ်ဘဲ မလာနဲ့တော့နော်၊ လုပ်စရာရှိတာတွေ ...ားလုပ်တော့"

"ဟုတ်ကဲ့"

ဘုတ်ဘုတ်က အသိပေးကာ ပြန်ထွက်သွား၏။

မေစစ်မှန်တစ်ယောက် သက်ပြင်းလေးကို ကြိတ်ပြီး ရှိုက်လိုက်မိသည်။ မလွယ်ပါလားနော်။ လိုလေသေးမရှိအောင် ဖူးဖူးမှုတ်ခံရခြင်းကလည်း တစ်ခါတလေတော့ မွန်းကြပ်စရာ ကောင်းသားပဲဟု တွေးမိသည်။

သူမ စိတ်ရှုပ်ထွေးလွန်းသဖြင့် အခန်းပြတင်းပေါက်လေး ရှေ့တွင် ရပ်လိုက်ပြီး မှန်တံခါးချပ်လေးကို တွန်းဖွင့်လိုက်သည်။ သူမအကြည့်တွေက တစ်ဖက်ခြံကြီးဆီ ဆတ်ခနဲ ရောက်သွား၏။

"ဟင်"

တစ်ဖက်တိုက်ကြီးရဲ့ အပေါ်ထပ် ပြတင်းပေါက်တွင် ရပ်နေပြီး သူမဆီ စူးစူးရဲရဲလေး စိုက်ကြည့်နေသော မင်းဆက် ကို တွေ့လိုက်ရတာမို့ အံ့လည်းသြ ဝမ်းလည်းသာသွားရ၏။

သူ။

ဘယ်အချိန်ကတည်းကများ သူမတို့ ခြံဘက်ကို အခု တစိုက်မတ်မတ်လေး စောင့်ကြည့်နေခဲ့ပါလိမ့်။ သူမကို မြင်တော့ သူ အရမ်းကို ဝမ်းသာကြည်နူးသွားဟန် ရှိသည်။ လက်ကလေး ဝှေ့ယမ်းပြကာပင် လှမ်းနှုတ်ဆက်၏။ သူ့မျက်နှာလေးတွင် ကြည်စင်သော အပြုံးနုနုလေးတွေက ခိုတွယ်လို့။





ချောမောခန့်ညားလွန်းသော သူ့မျက်နှာလေးနှင့် ကလေး ဆန်လွန်းသော သူ့ဟန်ပြအမူလေးကြောင့် မေစစ်ရဲ့ နှုတ်ခမ်းလေး တွေ ပြုံးမြသွားရသည်။ ပြီးနောက် သူ့နည်းတူစွာ လက်ကလေး ဝှေ့ယမ်းပြလိုက်ပြီး နှုတ်ဆက်လိုက်မိ၏။

သူမ လှမ်းကြည့်နေစဉ် တံခါးပေါက်လေးကို လက် ဆောက်ကာ သူ့နှုတ်ခမ်းက တစ်စုံတစ်ခု လှမ်းပြောနေသည်။ တစ်ခါတစ်ရံ လက်ကလေးပါ ဟန်အမူအရာ လုပ်ပြနေသေး သည်။ သူ ဘာပြောနေသလဲဆိုတာ မေစစ် နားမလည်ပါ။ သူပြော တာလည်း မကြားရနိုင်မို့ မေးလေးတဆတ်ဆတ် မော့ပြကာ ဘာတွေပြောနေတာလဲဟု ပြန်မေးမိ၏။

တကယ့်ကို ရယ်စရာပါပဲ။

ပျော်စရာလည်း အရမ်းကောင်းသည်။ ရင်ခုန်စိတ်လှုပ်ရှား စရာလည်း ကောင်း၏။ လက်ဟန်ခြေဟန်နှင့် သူမ နားလည် အောင် မနည်းကြိုးစားပမ်းစား လုပ်ပြနေသော သူ့အသွင်ကို ကြည့်ပြီး မေစစ်မှာ သနားကရုဏာသက်လို့ မဆုံးအောင်လည်း ရှိနေရသည်။

သူ ဘာကို ဆိုလိုချင်တာလဲ။

ခြံထဲကို ဆင်းလာခိုင်းနေတာလား။

ဖြစ်နိုင်သည်။ သူပြောတဲ့စကားကို နားမလည်၍ ခဏ

ဆင်းလာခိုင်းနေတာပဲ ဖြစ်မည်။ ခြံစည်းရိုးထောင့်အား လက်ညှိုး ညွှန်ပြနေ၏။ ဟင့်အင်း မဖြစ်ဘူး။ သူမ ခြံထဲကို ဆင်းသွားလို့ လုံးဝ မဖြစ်ချေ။ အိမ်မှာ မေမေက ရှိနေသည်။ ပြီးတော့ ဘာ အကြောင်းပြချက်မှ မရှိဘဲ ခြံထဲ ဆင်းသွားလျှင်လည်း မေမေ သတိထားသွားမိနိုင်၏။ သူ့ရှေ့မှာ သူမက သာမန်အိမ်အကူ တစ်ယောက်အဖြစ်နဲ့ ဟန်ဆောင်ခဲ့ပေမယ့် တကယ့်အလုပ်သမား တစ်ယောက်မှ မဟုတ်တာ။

ခြံထဲအလုပ်ဆင်းလုပ်ဖို့ ဆိုတာလည်း မဖြစ်နိုင်ပြန်။ တစ်ဖက်ခြံထဲမှာ အလုပ်သမားတွေ ရှိနေတာမို့ သူမ ခြံထဲဆင်း လျှင် မေမေဆူလိမ့်မည်။ သူမ ခေါင်းလေးတခါခါနှင့်ပင် သူ့ကို ငြင်းနေမိ၏။ ဒါကို သူက နားလည်ဟန်ရှိသည်။ နုချောသော မျက်နှာလေးတွင် အပြုံးရိပ်တို့ ခိုတွယ်ကာ သူ ဘာမှဆက်မပြော တော့ဘဲ သူမထံသို့သာ စူးစူးနင့်နင့်လေး စိုက်ကြည့်နေတော့သည်။

ခွင့်လွှတ်ပါ မင်းဆက်ရယ်။

တကယ်တော့

ရှင့်ကို မတွေ့ချင်လို့ ရှင်နဲ့ မခင်ချင်လို့ ခြံထဲကို ဆင်း လာချင်တာ မဟုတ်ပါဘူး။ မေမေ ရှိနေလို့ပါ။ ပြီးတော့ အိမ်ထဲက အလုပ်သမားတွေအမြင်မှာ တစ်ဖက်ခြံထဲက အလုပ်သမား တစ်ယောက်နဲ့ စကားတွေပြောပြီး မိတ်ဆွေဖြစ်နေတာကို မြင်ကြရင်





ပူပန်ပြီး မေမေနဲ့ ဖေဖေကို ဝိုင်းပြီး တိုင်တန်းကြမှာ။

ဘာဖြစ်လို့လဲဆိုတော့

သူမစကားပြောနေတဲ့ သူငယ်ချင်းမိတ်ဆွေက မိန်းက လေးအချင်းချင်းမှ မဟုတ်တာပဲလေ။ သူစိမ်းယောကျ်ား တစ်ယောက်နဲ့ ပတ်သက်နေတာကို သူတို့ သံသယဖြစ်သွားကြမှာ ပေါ့။

မင်းဆက်ရယ်။

စိတ်မကောင်းလိုက်တာ။

ရှင့်ကို သိပ်ချစ်မိပေမယ့် ဆိုးဝါးတဲ့ ရလဒ်ဘိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာတော့ မေစစ် သိပ်ကြောက်တယ်ရှင်။ မေစစ် ရင်မဆိုင်ရဲဘူးကွယ်။ မေစစ်ဟာ သိပ်ကို ညံ့ဖျင်းတဲ့သူတစ်ယောက် ဆိုတာ ဝန်ခံပါတယ်။ မေစစ်ရဲ့ ဘဝမှန်နဲ့ မင်းဆက်ကို မတွေ့ချင် သေးတာတော့ အမှန်ပါပဲ မင်းဆက်ရယ်။

သူမ

မင်းဆက်ရပ်နေတဲ့ ပြတင်းပေါက်လေးဆီ စူးစူးနစ်နစ် လေး စိုက်ကြည့်နေမိရာမှ အသိတရားနှင့် ထိန်းချုပ်ကာ နေရာ လေးကနေ ချာခနဲနေအောင် လှည့်ထွက်ပစ်လိုက်သည်။

ကြာလျှင်

သူမ ရင်ထဲမှာဖြစ်တည်နေတဲ့ ဆန္ဒနဲ့အတွေးများကို

ထိန်းချုပ်ကန့်သတ်ထားနိုင်မှာ မဟုတ်တော့မှန်း ရိပ်မိလာသည့်အတွက် သူ့ဆီ ကျရောက်နေတဲ့ မျက်နက်ဝန်းအကြည့်လေးများကို ဂုတ်သိမ်းပစ်လိုက်မိခြင်းပဲ ဖြစ်သည်။

မင်းဆတ်ရယ်။

မေစစ် ဘယ်လို လုပ်ရတော့မလဲဟင်။

ရှင့်ကို စိတ်ထဲမှာ တိုးဝင်မနေအောင် အထပ်ထပ် အခါခါ တားဆီးပိတ်ပင်နေတဲ့ ကြားကနေ လက်မြှောက်အရှုံးပေးလိုက်ရတာကို မေစစ် ဘယ်လိုလုပ်ရတော့မလဲ မင်းဆတ်ရယ်။

အခြေမတူတဲ့ ဘဝနှစ်ခုကို မိုက်မိုက်ရူးရူး ဆက်စပ်ချင်နေပေမယ့် ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာလည်း မေစစ် သိပါတယ်။

အဲ့ဒါကြောင့်လည်း မေစစ် အရမ်းကို ခံစားနေရတာပေါ့ရှင်။

ရှင့်ကို စတွေ့လိုက်တဲ့ အချိန်လေးမှာပဲ မေစစ်ရဲ့ ရင်ထဲမှာ ထူးခြားဆန်းပြားတဲ့ ပြောင်းလဲမှုတွေကို ခံစားလိုက်ရတာပါ။ ဘာရယ်ကြောင့် အခုလောက်ထိတောင် ပြောင်းလဲသွားရသလဲဆိုတဲ့ အချက်ကို တစ်ပြိုင်တည်း သိလိုက်ရတဲ့အတွက်လည်း မေစစ် ပိုပြီးတော့တောင် တုန်လှုပ်ချောက်ချားခဲ့ရပါတယ် မင်းဆတ်ရယ်။ အဲ့ဒီအတွက်ကြောင့်လည်း မေစစ် ပိုပြီးတော့တောင် ခံစားနေရတာပေါ့ရှင်ရယ်။





မင်းဆတ်ခမျာလည်း မေစစ်ဆီလှမ်းပြီး တွေ့ဆုံခွင့်တောင်း ... အားနာသွားရ၏။ သူမ အလုပ်တွေ ဘယ်လောက်တောင် ... နေလိမ့်မလဲဆိုတာကို မစဉ်းစားဘဲ သူ့ရဲ့ စိတ်ခံစားချက်ကို ... ာန်းတင်ကာ ခြံထဲကို ခဏလေးဆင်းခဲ့ဖို့ လက်ဟန်ခြေဟန်လေး ... တောင်းဆိုလိုက်မိသည်။

မင်းဆတ် မှားတာပါ။

မင်းဆတ် အရမ်းကို အတ္တကြီးခဲ့မိတာပါ။

မေစစ်အတွက် ဘယ်လောက်ထိ အခက်အခဲ ဖြစ်သွား ... မလဲဆိုတာကို သူ နည်းနည်းလေးမှ မစဉ်းစားမိခဲ့ချေ၊ မေစစ် ... ခေါင်းလေး တစ်ခါခါနှင့် ငြင်းပယ်ကာ အခန်းလေးထဲ ပြန်ဝင် ... သွားသည်။ ဘယ်လိုမှ မဖြစ်လို့ သူမလေး လက်မခံခဲ့တာ ... အဲဒါကို မင်းဆတ်နားလည်ပါသည်။

မေစစ်ရဲ့အရိပ်လေး ပျောက်ကွယ်သွားတဲ့ ပြတင်းပေါက် ... ဆီ နှမျောတသစွာ ငေးမောကြည့်ပြီး သက်ပြင်းမောလေး ... ချက် ကြိတ်ရှိုက်လိုက်မိတော့၏။ မေစစ်ကိုလည်း နည်းနည်း ... းမှ သူစိတ်မဆိုးမိပါချေ။

မေစစ်ရယ်။

မင်းဆတ်လေ

မေစစ်ကို အရမ်းချစ်နေမိပြီကွာ။ အဲ့ဒါ တကယ့် အမှန် ... ရားပါပဲ မေစစ်ရယ်။ မင်းဆတ်က သိပ်ပြီး ပြည့်စုံတဲ့ဘဝ

တစ်ခုကို ရရှိပိုင်ဆိုင်ထားတာ မဟုတ်ပေမယ့် မေစစ်ရဲ့ အနာဂတ်လေးကို အေးချမ်းသာယာအောင် ဖန်တီးပေးနိုင်တဲ့ အထိတော့ မင်းဆတ် ဖန်ဆင်းပေးနိုင်ပါတယ် မေစစ်ရယ်။ အခုလို တပင်တပန်းနဲ့ သူများတွေအိမ်မှာ အကူတစ်ယောက်ဘဝနဲ့ ရှင်သန်နေရတဲ့ မေစစ်ရဲ့ဘဝလေးကို မင်းဆတ် တကယ်မကြည့်ရက်ဘူးကွာ။

ဒါကြောင့်လဲ

မင်းဆတ် ဆုံးဖြတ်လိုက်ပြီ မေစစ်။

မင်းဆတ်ရဲ့ အနားမှာ ဘဝတစ်သက်တာလုံးအတွက် အဖော်မွန်လေးအဖြစ်နဲ့ မေစစ်ကိုထားဖို့ မင်းဆတ် ဆုံးဖြတ်လိုက်ပြီသိလား။

သိပ်ချစ်တယ် မေစစ်။

မင်းလေးကို တကယ်ပဲ မြတ်မြတ်နိုးနိုးနဲ့ ချစ်သွားမိတာပါမေစစ်ရယ်။

အဲဒါကိုတော့

မင်းလေး ယုံကြည်ပေးပါနော်။

မင်းဆတ်ခတစ်ယောက် အတွေးလေးနှင့်အတူ ရင်ထဲပီတိလှိုင်းများထကာ တစ်ယောက်တည်း ကြိတ်ပြီး ပြုံးနေ မိတော့သည်။

• • •



# အခန်း (၆)

"မေစစ်"

"ဟင် ရှင် ရှင်"

"မင်းဆတ်ပါ"

"ဟာယ် မင်းဆတ်၊ ဒါနဲ့ ဘယ်လိုကနေ ဘယ်လို ဒီခြံထဲကို ခိုးဝင်လာတာလဲဟင်ဗျို့ပြုံးသနော်ပ် မင်းဆတ်ရယ်၊ တစ်ယောက်ယောက် မြင်သွားမှဖြင့် ရင်ဒုက္ခရောက်နေပါဦးမယ်"

"ကိုယ် မေစစ်ကို တွေ့ချင်လွန်းလို့ တစ်ချိန်လုံးစောင့်ကြည့်နေခဲ့တာ၊ ခြံထဲအရိပ်လေးတစ်ခု တွေ့လိုက်လို့ သေချာချာ စောင့်ကြည့်လို့ မေစစ်မှန်းသိတော့မှ ခြံကိုကျော်ဝင်ခဲ့တာလေ၊ အဟွန်း ဘာလဲ အရမ်းကို တုန်လှုပ်သွားပြီလား"

"ဒါပေါ့ မင်းဆတ်ရဲ့၊ ရှင်က မေစစ် တုန်လှုပ်သွားအောင် ချက်လှည့်ပြခဲ့တာကို မေစစ် အရမ်းကို လန့်သွားတာပေါ့ရှင်"

သူမသည် ပတ်ဝန်းကျင်သို့ ဝေ့ဝဲကာကြည့်ပြီး စိတ်ပူပန်မှုများနှင့် ခပ်တိုးတိုးလေး ရန်ပြန်တွေ့မိသည်။

တကယ်ဆိုရင်

သူ အဲဒီလောက်ထိ တဇွတ်ထိုးဆန်စွာ အတင့်ရဲဖို့ မသင့်ပါ။ သူမကို မြင်နေသည့်တိုင်အောင် တစ်ဘက်ခြံထဲကနေသာ နှုတ်ဆက်သင့်သည်။ ဒါကို ရှူးရှူးမိုက်မိုက် အုတ်တံတိုင်းကို ကျော်ဘက်ဝင်လာတာဆိုတော့ သူ့ရဲ့ စိတ်ခံစားမှုဟာ သူမထက်ပင် ပြတ်သားခိုင်မာလွန်းနေချေပြီ။

ဘာကိုမှ အရေးမစိုက်နိုင်ဘဲ သူမကို တွေ့ခွင့်ရဖို့ တစ်ခုတည်းကိုပဲ သူက မျှော်လင့်ခဲ့တာလေ။ အဲ့ဒီအတွက်လည်း သူ့ကိုယ်သူ နောင်တရပုံလည်း မရှိချေ။

"မေစစ်"

"ရှင်"

"ကိုယ် အခုလို ဝင်လာတာ မကြိုက်ဘူးလားဟင်"

သူမကို မျက်နှာငယ်လေးနှင့် မေးနေသော မင်းဆတ်ရဲ့ မေးသံလေးကြောင့် သူမ မျက်ဝန်းအကြည့်လေးတွေ သူ့ဆီ ဖျတ်ခနဲ ရောက်သွား၏။

အို။

ညို့ငင်နေစွာ ရီဝေရွှန်းလက်နေသည့် မျက်ဝန်းအကြည့်





တစ်စုံနှင့် ဆုံပြီး မေစစ်မှန်၏ရင်လေး သိမ့်ခနဲ လှိုက်ခုန်သွားရ၏။ သူမ သိပ်နှစ်သက်တာပါ။ အဲ့ဒီ ညို့မျက်လုံးလေးတွေကို သူမ သိပ်ပြီး စွဲလမ်းမက်မောနေခဲ့တာပါ။

ဒါကြောင့်လည်း သူနဲ့ ခင်မင်ရင်းနှီးခွင့်လေးရဖို့ သူမဘက်က ရိုးသားစွာပင် လမ်းဖွင့်ပေးခဲ့မိတာပေါ့။ ဟန်မဆောင်ချင်ပါဘူး။ ရင်ထဲက ခံစားချက်တွေကို မွန်းကြပ်ပိတ်လှောင်နေအောင် ထိန်းချုပ်ထားဖို့လည်း သူမ မကြိုးစားချင်ဘူး။ ဒါ့ကြောင့် သူ့အနားကို ရောက်ဖို့ မေစစ် အတတ်နိုင်ဆုံး ချဉ်းကပ်ခဲ့သည်။ ထိုချဉ်းကပ်မှုလေးတွင်တော့ ရိုးသားမှုမရှိတာ ဝန်ခံ၏။

မေစစ်ရဲ့ လက်ရှိဘဝအခြေအနေမှန်ကို ဖွင့်မပြရဲလောက်အောင် ဖုံးကွယ်ထားမိသည်။ ဒါကလည်း မေစစ် သိပ်ပြီး စိုးရိမ်ပူပန်မှု လွန်ကဲနေမိခြင်းကြောင့်လည်း ဖြစ်၏။ သူ့ရဲ့ ထင်မြင်ယူဆချက်လေးအတိုင်းသာ သူမ မဖြေရှင်းတော့ဘဲ ငြိမ်သက်နေမိသည်။

သူက

မေစစ်ကို ဒီတိုက်ကြီးထဲက အိမ်အကူကောင်မလေးတစ်ယောက်ဆိုပြီး သနားကရုဏာသက်ပြီး တိုးကပ်လာတာလေ။ မေစစ်ဟာ ဒီတိုက်ကြီးရဲ့ပိုင်ရှင် သူဌေးကြီး ဦးစောတိုင်းအောင်၊ ဒေါ်နွေဦးမေတို့ရဲ့ တစ်ဦးတည်းသော သမီးလေးဆိုတာသာ သိလျှင် သူ အခုလို သူမနဲ့ ခင်မင်ရင်းနှီးစွာ ဆက်ဆံရဲပါ့မလား။

သူသိမ်ငယ်သွားမှာကိုလည်း သူမ မလိုလားနိုင်သလို သူ့ဈေးသမီးတစ်ယောက်ရဲ့ အရှိန်အဝါနှင့် သူ့ရဲ့စိတ်ဓာတ်တွေလည်း မလွှမ်းမိုးချင်ပါ။ သူ့ကို လွတ်လပ်ပေါ့ပါးစွာပဲ ရှိနေစေချင်မိသည်။ အဲ့ဒီလိုပဲ သူမကိုယ်တိုင်ကလည်း သူမ ရရှိထားသည့် ကံတရားအတိုင်းသာ မိုက်မိုက်မဲမဲ ရှိနေချင်သည်လေ။

ဒါဟာ

မေစစ် မမှားပါဘူးနော်။

ရင်ထဲမှာ ဖြစ်တည်လာတဲ့ ခံစားချက်လေးတွေအတိုင်း မေစစ်ရဲ့စိတ်တွေ အေးချမ်းနေအောင် ကြိုးစားရယူခဲ့မိတာ မေစစ် မမှားပါဘူးနော်။ မေစစ်ရဲ့ အသိစိတ်တွေထဲမှာ ဘယ်လိုပဲ နောက်ဆုတ်ဖို့ တိုက်တွန်းနေနေ မသိစိတ်မှာတော့ မေစစ်ရဲ့ ခြေလှမ်းတွေ နောက်ဆုတ်ကျောခိုင်း မသွားနိုင်အောင် တစ်စုံတစ်ခုက အပြင်းအထန် ဆွဲညှို့လို့ထားသည်။

သိစိတ်နဲ့ မသိစိတ်ရဲ့ လွန်ဆွဲမှုကြားမှာ မေစစ် ဘယ်လောက်ထိ နာကျင်စွာ ခံစားခဲ့ရသလဲဆိုတာ သူမကိုယ် သူမသာလျှင် အသိဆုံးပဲ ဖြစ်သည်။

ဒါ့ကြောင့်

မေစစ် ကိုယ့်ကိုယ်ကို ထပ်ပြီး မနှိပ်စက်ချင်တော့ပါ။

"မေစစ်"





"ရှင်"

"မေစစ် မနှစ်သက်ဘူးဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် ကိုယ် ဘယ်လိုမှ မတတ်နိုင်ခဲ့ဘူး မေစစ်ရယ်၊ မေစစ်ကို ကိုယ်တစ်ချိန်လုံး တွေ့ချင်နေခဲ့တာ၊ ကိုယ်လေ မေစစ်ရဲ့ မျက်နှာလေးကို မြင်ချင်လွန်းလို့ အချိန်ပြည့် စောင့်ကြည့်နေခဲ့တာ၊ ဒါပေမယ့် ကိုယ့်ဆန္ဒလေးတွေ မပြည့်ဝခဲ့ရဘူး မေစစ်ရယ်၊ အိမ်ထဲမှာ အလုပ်တွေ အရမ်းရှုပ်နေတဲ့ မေစစ်ကို ကိုယ်မြင်တွေ့ခွင့် မရခဲ့ဘူးကွာ၊ အဲဒါကြောင့် ကိုယ်အရမ်းကို ဝမ်းနည်းနာကျင်နေရတာပါ မေစစ်ရယ်၊ ကိုယ် ဝရန်တာကနေရပ်ပြီး စိတ်ဓာတ်တွေ ကျနေတုန်း ခြံထဲကို ဆင်းလာတဲ့ အရိပ်လေးတစ်ခုကို ညအမှောင်ရဲ့ နီယွန်မီးရောင်အောက်မှာ မြင်လိုက်တော့ ကိုယ့်စိတ်တွေ တအားကို လှုပ်ရှားသွားရတယ်မေစစ်၊ မေစစ်ဖြစ်ပါစေလို့ အခါခါ ဆုတောင်းရင်း ကိုယ် အသေအချာ စောင့်ကြည့်နေမိတယ်လေ။

ပြင်းပြတဲ့ ကိုယ့်စိတ်ခံစားမှုကြောင့်လားတော့ မသိဘူး။ မေစစ်ကို တွေ့ခွင့်ရခဲ့တယ်။ ကိုယ်လေ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘူးမေစစ်ရယ်။ အတ္တကြီးစွာနဲ့ပဲ ခြံထဲကို ကျော်ဝင်ပြီး မေစစ်ဆီကို ရောက်အောင် လာခဲ့မိတယ်၊ အဲ့ဒီအတွက် မေစစ်မှာ ဘယ်လောက်ထိ အခက်အခဲတွေ ရှိသွားနိုင်သလဲဆိုတာကိုတောင် ထည့်မစဉ်းစားနိုင်တဲ့အထိ ကိုယ်အတ္တတွေ ကြီးခဲ့မိပါတယ်ကွာ၊

အဲ့ဒါကြောင့် ကိုယ်တောင်းပန်ပါတယ် မေစစ်ရယ်၊ ကိုယ့်ရင်ထဲက ခံစားချက်ကို နားလည်ပြီး မေစစ်ခွင့်လွှတ်ပေးပါနော်၊ ကိုယ် မေစစ်ကို အရမ်းတွေ့ချင်လွန်းလို့ပါကွာ"

သူသည်

သူမ မျက်နှာလေးကို စေ့စေ့ကြည့်ကာ သူ့ရင်ထဲက ဆန္ဒလေးများကို တင်ပြရင်း တတွတ်တွတ် တောင်းပန်နေခဲ့သည်။ ညအမှောင် နီယွန်မီးအလင်းရောင်အောက်တွင် ကြယ်ပွင့်ကလေးများလို ညို့ငင်လက်ဖြာလျက် ရှိသော မျက်ဝန်းလေးတွေနှင့် စူးစူးနစ်နစ်လေး စိုက်ကြည့်ကာ ဖြေရှင်းပြနေခဲ့သည်။

မေစစ် နားလည်ပါတယ်။

မေစစ်

ခံစားလို့ ရနေပါတယ်။

သူ့ရင်ထဲမှာ မေစစ်နဲ့ ပတ်သက်ပြီး ဘယ်လို ခံစားချက်တွေ ရှိနေပြီလဲဆိုတာ သူ့မျက်ဝန်းလေးတွေကို ကြည့်ပြီး မေစစ် သိနှင့်နေပါပြီလေ။

ဒါကြောင့်လဲ

မေစစ်ဝမ်းသာလို့ မဆုံးပါ။

မေစစ်လိုပဲ

အချစ်ကြောင့် သိမ်မွေ့စွာ ပြောင်းလဲနေသည့် သူ့အသွင်





လေးကို ကြည့်ကာ မေစစ် ကြည်နူးပျော်ရွှင်နေရသည်။

"မေစစ်"

"ရှင်"

"ကိုယ့်ကို စိတ်ဆိုးသွားလားဟင်"

"ဘာစကားမှ ပြန်မပြောချင်လောက်အောင်ဘဲ ဖြစ်နေပြီလားမေစစ်ရယ်၊ ကိုယ်ဟာ အခွင့်အရေးသမား တစ်ယောက်ဆိုပြီးတော့များ အထင်သေးသွားပြီလားကွာ"

"မေ မေစစ်က"

"ကိုယ်သိပါတယ်၊ အိမ်ရှင်တွေ သိသွားရင် အလုပ်ထုတ်ခံရတော့မယ်ဆိုပြီး စိတ်ညစ်နေတာ မဟုတ်လား၊ ကိုယ့်ကို ဒေါသတွေ ထွက်နေတာ မဟုတ်လားဟင် မေစစ်၊ ကိုယ်က ဘာစ်ကိုယ်ကောင်းဆန်တဲ့ သူဆိုပြီးတော့လေ"

"အို ရှင်ဘာတွေ လျှောက်ပြောနေတာလဲ၊ မေစစ်က ဘယ်မှာ ဒေါသတွေထွက်နေလို့လဲ မင်းဆတ်ရဲ့၊ ရှင့်ရဲ့ တစ်ဖက်သတ် ယူဆချက်တွေနဲ့ ရှင့်စိတ်တွေကို ရှုပ်ထွေးအောင် ရှင်ပဲ လုပ်နေတာ လုံးဝအဓိပ္ပါယ်မရှိဘူး သိလား၊ မေစစ်က ရှင်ထင်သလို ခံစားချက်ကင်းမဲ့တဲ့ သူတစ်ယောက် မဟုတ်ဘူးရှင့်"

"ဗျာ၊ ဟာ ဒါ ဒါဆို မေစစ်က"

မေစစ်က အပြုံးနုနုလေးတွေနှင့် ခေါင်းလေး ငုံ့ကျသွား

၏။ မင်းဆတ်ခတစ်ယောက် မေစစ်ရဲ့ စကားလေးကြောင့် မျက်ခုံးထူတန်းတန်းကြီးတွေ တွန့်ကြုံ့ကာ မယုံကြည်နိုင်သလို မေစစ်ရဲ့မျက်နှာလှလှလေးဆီ ငေးမောကြည့်နေမိသည်။

မေစစ် ဘာပြောလိုက်တာလဲ။

မေစစ် ဘာကို ဆိုလိုချင်တာလဲ။

သူထင်ထားသလို မဟုတ်ဘူးတဲ့။

သူက

မေစစ် သူ့ကို မတွေ့ချင်လို့ ရှောင်ပုန်းနေတယ်ဆိုပြီး ဝမ်းနည်းကြေကွဲနေရတာလေ။ အရိပ်အယောင်လေးတောင် ထွက်မပြချင်တော့လောက်အောင် မေစစ် သူ့ကို စိတ်ကုန်နေပြီ ထင်ပြီး အရမ်းကို ခံစားနေရတာပါ။ ဒါတွေအားလုံး တစ်ခုမှ မဟုတ်ဘူးဆိုတော့ မေစစ်ရဲ့ စိတ်ထဲမှာ သူနဲ့ ပတ်သက်ပြီး တစ်စုံတစ်ခု ရှိနေပါတယ်ဆိုတဲ့ သဘောလား။

"မေစစ်"

သူဝမ်းအသာကြီးသာသွားရသည်။

သူ့မျက်နှာ ချောချောကြီးက လက်ခနဲ ဖြာတက်သွားကာ နှုတ်ခမ်းနီထွေးထွေးကြီးတွေက အပြုံးပန်းတွေဝေလျက် မေစစ်နာမည်လေးကို လှိုက်ဖြာစွာ ခေါ်မိ၏။

"ဒီမှာ မေစစ်နဲ့ မင်းဆတ်က ဒီမနက်ကမှစပြီး မိတ်ဆွေ





တွေ ဖြစ်တာနော်၊ အချိန်အတိုင်းအတာအရ ဘာမှကြာသေးတာမဟုတ်ဘူး၊ အသည်းအသန် လောဘကြီးဖို့ မကြိုးစားနဲ့သိလား"

"အချစ်ကြောင့် လောဘတက်တယ်ဆိုရင်တောင် အဲ့ဒီလောဘက တရားမျှတတဲ့ လောဘတစ်ခုပါပဲ မေစစ်ရယ်၊ အဲ့ဒါကိုမေစစ် နားလည်သင့်ပါတယ်"

"အို ဒါပေမယ့် အချိန်အတိုင်းအတာအရ"

"အချစ်မှာ ဘာအတိုင်းအတာမှ မရှိဘူးမေစစ်၊ တစ်ယောက်ရင်ထဲက ခံစားချက်ကို တစ်ယောက်က နားလည်တယ်ဆိုရင်ပဲ အားလုံးက ပြီးပြည့်စုံနေပြီ၊ အရေးကြီးတာက ယုံကြည်မှုပဲမေစစ်၊ မေစစ် ကိုယ့်ကို ယုံတယ်မဟုတ်လားဟင်"

အို။

သူမ ပခုံးလေးနှစ်ဘက်ကို ညင်သာစွာ ဆုပ်ကိုင်ပြီးမေးလိုက်တဲ့ သူ့အမေးကြောင့် မေစစ်မှန်ရဲ့ ရင်ခုန်သံတွေ ထိန်းချုပ်ရလောက်အောင် တထိတ်ထိတ် ခုန်မြန်သွားရ၏။

ခေါင်းလေးကို ငုံ့ကာ ကျောက်ရုပ်လေး တစ်ရုပ်လို သူ့ရှေ့တွင် တောင့်တောင့်လေး ရပ်နေမိသည်။

"ပြောလေ မေစစ်၊ မေစစ် ကိုယ့်ကို ယုံတယ်မဟုတ်လားဟင်"

ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲ ဆိုလျှင် မေစစ် သူ့ကို

ဘယ်လောက်ထိ ယုံကြည်နေခဲ့သလဲဆိုတာကို နောက်တစ်ကြိမ် ထပ်မေးစရာ မလိုလောက်အောင်ပင် သိနိုင်သည်။

သို့သော်

စိုးရိမ်ပူပန်နေသော စိတ်ကြောင့် သူ့စိတ်တွေ ဘယ်လောက်ထိ လှုပ်ရှားနေခဲ့သလဲဆိုတာ သူ အထပ်ထပ် မေးခွန်းလေးက သက်သေတစ်ခုပင် ဖြစ်သည်။

"မေစစ်"

"မောင်"

"ဟာ"

"မောင့်ကို မေစစ် ယုံတယ်"

"မေစစ်"

"မေစစ်ရယ်"

သူမ

မောင့်မျက်နှာချောချောဆီ ဖျတ်ခနဲ မော့ကြည့်ကာ လေးနက်စွာပင် ပြန်အဖြေပေးမိသည်။

မောင်ပြောသလိုပါပဲ။

ပါးစပ်ကနေ အထပ်ထပ်အခါခါ ချစ်ပါတယ်ဆိုတဲ့ အချေ ကို နှုတ်တိုက်ရွတ်နေမယ့်အစား ကိုယ့်အပေါ် ဘယ်လောက်ထိ တန်ဖိုးထားသလဲဆိုတာကို ယုံကြည်မှုတစ်ခုနှင့် သက်သေထူပြ





နံ့ခံကတိပြုတာလေးက ပိုပြီး မြင့်မြတ်လှသည်ဟု သူမလည်း ထင်ပါသည်။

ဒါကြောင့်

မောင့်ရဲ့ ချစ်ခြင်းမေတ္တာကို မောင်ထားရှိခဲ့တဲ့ တည်ငြိမ်တဲ့စိတ်ဓာတ်တစ်ခုတည်းနှင့်ပင် မေစစ် ခေါင်းညိတ်လက်ခံခဲ့မိသည်။

"မေစစ်ရယ် ဝမ်းသာလိုက်တာကွာ၊ မောင့်ကို အစွမ်းကုန်ယုံကြည်နိုင်ဖို့ ကြိုးစားပေးခဲ့တယ်နော်၊ ကျေးဇူးတင်ပါတယ်မေစစ်ရယ်၊ မောင့်အချစ်ကို အရမ်းကျေးဇူးတင်ပါတယ်ကွာ"

"မောင်"

"ပြောလေ မေစစ်"

"မေစစ်ကို အထင်မသေးဘူးလားပင်"

"ဘာကိုလဲ မေစစ်"

"ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ခပ်လွယ်လွယ်နဲ့ ယုံကြည်လက်ခံလိုက်တဲ့အတွက်လေ"

"သံသယဆိုတာ ကိုယ့်ကိုကိုယ် မလုံခြုံတဲ့သူတွေဆီမှာပဲ အမြဲတမ်းရှိတာပါ၊ ကိုယ်က လိပ်ပြာလုံတယ်လေ မေစစ်၊ ဒါကြောင့် ကိုယ်ပေးဆပ်ခဲ့တာနဲ့ တန်းတူညီမျှတဲ့ တုံ့ပြန်မှုတစ်ခုကို ကိုယ်ရလိမ့်မယ်ဆိုတာ ယုံကြည်တယ်"

"မောင်ရယ်"

"မောင့်ကို မေစစ် သိပ်ချစ်တယ်"

တီးတိုးဝန်ခံမှုလေးနှင့်အတူ နွေးထွေးလိုက်မြသော မောင့်ရင်ခွင်လေးထဲသို့ တိုးဝင်ဖက်တွယ်ကာ ထားမိသည်။ မောင်ကလည်း သူမခန္ဓာကိုယ်လေးအား ကျစ်လစ်နေအောင်ပင် ထွေးပွေ့ထား၏။

တိတ်ဆိတ်ငြိမ်သက်နေသော ညချမ်းလေးတွင် ချစ်သူနှစ်ဦး၏ ရင်ခုန်သံနုနုလေးများသည် သာယာနှဲ့ပြောင်းသော ဂီတသံစဉ်လေးတစ်ခုပမာ လျှံတက်ထွက်ပေါ်နေရတော့သည်။

• • •



## အခန်း (၇)

ချစ်သူတွေ ဖြစ်သွားကြပြီတဲ့။

ကြည့်စမ်း။

ဘယ်လောက်တောင် အံ့သြစရာ ကောင်းလိုက်ပါသလဲ။

သူမဟာ

သူမကိုယ်သူမထက် တစ်စုံတစ်ယောက်ကို စိတ်ထဲ နင့်နင့်သည်းသည်းထားကာ သူနဲ့ပတ်သက်သည့် အရာအားလုံး မမေ့ပျောက်နိုင်စွာပင် ရှိနေခဲ့သည်။

မြန်ဆန်လွန်းသော ပြောင်းလဲမှုတစ်ခုကို သူမ ယခုတိုင် အံ့သြနေမိဆဲပင်။

မောင့်ရင်ခွင်လေးထဲ ငြိမ်သက်တိတ်ဆိတ်စွာနေရင်း မောင့်မျက်နှာချောချောဆီ မော့ကြည့်မိ၏။

"မောင်"

"ဟင်"

"မေစစ်ကို မောင်ဘာကြောင့် ချစ်တာလဲဟင်"

"အဟွန်း အဲဒါတော့ မောင် အသေအချာ မပြောတတ်ဘူးမေစစ်ရဲ့၊ ဒါပေမယ့် မေစစ်ကို စတွေ့တွေ့ချင်းမှာပဲ မောင့်စိတ်ထဲမှာ သိပ်ကို ရင်းနှီးနေသလို ခံစားရတယ်၊ ပြီးတော့ မေစစ်ရှိထားတဲ့ ဘဝလေးကိုလည်း မောင် စာနာသနားနေမိတယ်၊ ဟုတ်တယ် အဲ့ဒီအချက်က မောင့်အတွက်တော့ အဓိကတွန်းအားတစ်ခုပဲ၊ မေစစ် ပင်ပင်ပန်းပန်းနဲ့ ဘဝကို ရုန်းကန်နေရတာ မောင် ဘယ်လိုမှ မမြင်ရက်နိုင်ဘူးလေ၊ အဲ့ဒီခံစားချက်ကို သေချာဆန်းစစ်လိုက်တော့၊ မောင်မရှိးသားသော့ဘူးဆိုတာ သိလာရတာပေါ့၊ မောင် မေစစ်ကို ချစ်နေမိပြီဆိုတာကို ရိပ်မိလိုက်တယ်လေမေစစ်"

မောင်ရယ်။

မေစစ် ရှိထားတဲ့ဘဝကို စာနာသတဲ့လား။

တကယ်လား။

မေစစ်က မောင်ထင်မှတ်ထားသလို အိမ်အကူ ကောင်မလေးတစ်ယောက် မဟုတ်ဘူးဆိုရင် မောင့်အချစ်အတွက် အဓိကတွန်းအားတွေ ပျောက်ပျက်ကုန်မလားဟင်။

မောင့်အချစ်တွေ။

ပြန်ပြီး တိမ်မြုပ်သွားမလားမောင်ရယ်။





"မေစစ်"

"ရှင်"

"မောင့်ကို ချစ်လားဟင်"

"ချစ်တာပေါ့ မောင်၊ မေစစ်ရင်ထဲမှာ ဘယ်လို သာခကျိုးတွေ၊ ဘယ်လို နှိုင်းယှဉ်မှုမျိုးတွေနဲ့မှ ဥပမာမပြနိုင်လောက်အောင်ပဲ မောင့်ကို မြတ်နိုးနေခဲ့မိတာပါ၊ မောင့်ဆီက အချစ်ကို ပြီ မေစစ် တိတ်တဆိတ်လေး ဘယ်လောက်တောင် မျှော်လင့်နေခဲ့သလဲဆိုတာ မေစစ်ကိုယ်မေစစ် အသိဆုံးပါပဲ မောင်၊ ရှူးသွပ်တယ်လို့ပဲ ဝေဖန်ဝေဖန် မေစစ်အခု အရမ်းကို ဝမ်းသာ ပျော်ရွှင်နေမိတယ်"

"မေစစ်ရယ်"

"မောင်"

"ပြောလေ မေစစ်"

"မေစစ်ကိုရော မောင်ယုံလားဟင်"

"ယုံတယ်"

မောင်ရယ်။

ယုံတယ်တဲ့လားရှင်။

မေစစ် ရင်ထဲမှာ မောင့်ကို ချစ်မိတဲ့ အချစ်တွေ ဘယ်လောက်ထိ ထုထည်ကြီးမားနေခဲ့သလဲဆိုတာ မောင် ယုံကြည်တယ်

တဲ့လား ရှင်ရယ်။

မောင်ရဲ့ ထင်မြင်ချက်မှန်ပါတယ်။

မေစစ်က မောင်တစ်ယောက်တည်းကိုပဲ နှင့်နှင့်သည်းသည်း ချစ်ခဲ့တာလေ။ ဒါပေမယ့် မောင်ရဲ့ အချစ်ကို လက်ခံရယူခဲ့တဲ့အပေါ်မှာတော့ မေစစ် မဖြူစင်ခဲ့ဘူးမောင်။ မေစစ်ရဲ့ ဘဝမှန်ကို ဖုံးကွယ်ပြီး မောင့်အချစ်ကို မေစစ်ရယူခဲ့တာ။ အဲ့ဒီအတွက် မေစစ်ကို ခွင့်လွှတ်ပါနော်။

မေစစ် အမှန်အတိုင်း ဖွင့်မပြောခဲ့တာ မောင့်ကို သိပ်ချစ်သွားမိခဲ့လို့ပါမောင်ရယ်။ အဲဒီအချက်လေးကိုတော့ မေစစ်ကို နားလည်ပေးပါနော်။ မေစစ် ရိုးသားစွာနဲ့ တောင်းဆိုတာပါ မောင်ရယ်။

"မေစစ်"

"ဟင်"

"ဘာတွေတွေးနေတာလဲဟင် မောင် စောင့်ကြည့်နေတာ အကြာကြီးပဲ၊ မေစစ် မျက်နှာလေးမှာ တွေဝေမှုတွေနဲ့ ပြည့်နေသလိုပဲ။ ဘာလဲဟင် မေစစ်ကို ယုံတယ်လို့ ပြောတာကို မေစစ် သံသယဝင်နေတာလား"

"အို မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့လဲဟင်မေစစ်"





"မေစစ် စိုးရိမ်နေလို့ပါ"

"ဘာကိုလဲ"

"အဲ့ဒါတော့ မေစစ်လည်း မပြောတတ်ဘူးမောင်"

"မေစစ်ရယ်၊ ဘာစိုးရိမ်စရာ ရှိလို့လဲ၊ မောင်တို့အတွက် ...နာဂတ်ဆိုတာ သူများတွေလို မမြင်ရတာမှ မဟုတ်တာ၊ ...မောင်တို့နှစ်ယောက်ရဲ့ အနာဂတ်ကို မောင်တို့ မြင်ပြီးသားပဲလေ၊ ...ရေးကြီးတာက မောင်တို့နှစ်ယောက်ကြားမှာ ရှိနေတဲ့သစ္စာ ...ရားပဲ၊ အဲ့ဒါကို မေစစ်ရော မောင်ပါ စောင့်ထိန်းရင် ပြီးတာ ...ပဲ"

ဟင့်အင်း။

မဟုတ်ဘူးမောင်။

သစ္စာတရားထက် မရိုးသားတဲ့ ဖုံးကွယ်မှုတစ်ခုက မေစစ် ...နဲ့ မောင်ကြားမှာ စည်းတစ်ခုလို ခြားနားထားသလိုကို ဖြစ်နေခဲ့တာ။ ...ဒီအချက်ကို သိနေတဲ့ မေစစ်က ပိုပြီးတော့တောင် စိတ်မလုံမလဲ ...ဖြစ်ရတယ်မောင်။ မောင့်အနားကို ရောက်ဖို့ မေစစ် ရိုးသားတဲ့ ...ည်းကပ်မှုတွေနဲ့ လိပ်ပြာလုံအောင် လှမ်းခဲ့တာမဟုတ်ဘူး။

"မေစစ်"

"ရှင်"

"မေစစ်ရဲ့ အိမ်ရှင်တွေက ဘယ်လိုလူမျိုးတွေလဲဟင်"

"ရှင်"

"ဩော် မေစစ်နေရတာ အဆင်ပြေရဲ့လားလို့ မေးတာပါ၊ အလုပ်သမားတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာအထိ လိုက်ပြီး အသေးစိတ်ပါတတ်သလားလို့ မေးတာပါ"

"ဘာဖြစ်လို့လဲမောင်"

"မေစစ် သိပ်ပြီး မွန်းကြပ်နေမှာ စိုးလို့ပါ"

"ဟင့်အင်း မေစစ် အဆင်ပြေပါတယ်"

"ဒါနဲ့များ ဘာတွေတွေးပြီး ပူပန်နေတာလဲကွာ၊ စိတ်တွေကို လျှော့ချပစ်လိုက်စမ်းပါ"

"မောင်"

"ဟင်"

"မောင်ပြန်သင့်ပြီ"

"ဟာ ဟုတ်သားပဲ၊ မေစစ်ပျောက်နေတာသိရင် အိမ်ရှင်တွေ လိုက်ရှာနေမှာပေါ့နော်၊ ဆောရီးပဲကွာ မောင်မေ့နေတယ်"

"မေစစ်ကို ရှာတာထက် မောင့်ကို တွေ့သွားမှာစိုးလို့ပါမောင်၊ မောင်က ခွင့်ပြုချက်နဲ့ ဝင်လာတဲ့သူ မဟုတ်ဘူးလေ၊ မောင့်ကို တစ်မျိုးထင်သွားမှာ မေစစ် စိုးရိမ်လို့ပါ၊ အဓိက မောင့်ရဲ့ ကိုယ်ကျင့်သိက္ခာကို စော်ကားခံရမှာ စိုးလို့ပါ"

မေစစ် ပြောတာလည်း အမှန်ပါပဲ။





သူ

မေစစ်ကို မြင်လိုက်တာနှင့် ဘာတစ်ခုမှကို စဉ်းစား ဆင်ခြင်မနေတော့ဘဲ အုတ်တံတိုင်းကို ကျော်ပြီး ခြံကြီးထဲကို နိုးဝင် ခဲ့မိတာလေ။ အိမ်ရှင်တွေ သိလျှင် ပြဿနာတွေ အကြီးအကျယ် တက်သွားနိုင်၏။ ဘယ်သူ့ခွင့်ပြုချက်ကိုမှ သူ ရယူခဲ့ခြင်းမရှိချေ။

မေစစ် စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါပဲ။

မေစစ်ကို လှမ်းမြင်လိုက်တဲ့ အချိန်ခဏလေးမှာပဲ သူ့စိတ်တွေထဲမှာ သူမလေးကို တွေ့မြင်ချင်စိတ် တစ်ခုတည်းသာ ကြီးစိုးနေခဲ့သည်။ ကျန်တာတွေ ဘာတစ်ခုမှ သူ မစဉ်းစားခဲ့ချေ။

"ဆောရီးပဲ မေစစ်ရယ်၊ မောင် မေ့သွားတယ်ကွာ၊ မေစစ် အရှမ်းစိတ်ပူသွားမှာပဲနော်"

"ဒါပေါ့ မောင်ရဲ့"

"ကဲပါကွာ အဲ့ဒါဆိုလည်း မောင် သွားပါတော့မယ်"

မောင်က ပါးစပ်ကသာ သွားပါတော့မယ် ပြောတာ သူကမထ။ ခြံကြီးရဲ့ ထောင့်ကျကျ ဗိတောက်ပင်ကြီးရဲ့ ခြေရင်းရှိ ခုံတန်းပြာလေးကနေ ထွက်ခွာသွားဖို့ ဟန်ပြင်ခြင်း မရှိချေ။

သူမကိုယ်လေးကို ပွေ့ဖက်ကာ အသံလေးတိတ်ပြီး မောင်က ငြိမ်သက်နေသည်။ မောင့်လိုပါပဲ မေစစ်လည်း မောင့်ကို သွား တော့လေဟုသာ နှင်နေမိတာ လူက မောင့်ရင်ခွင် နွေးနွေး

ကြီးထဲက ရုန်းမထွက်မိသေးပါချေ။ မောင်တစ်ယောက် သူမကို ထားခဲ့ပြီး ကျောခိုင်းထွက်ခွာသွားမှာကို မလိုလားနိုင်လောက်အောင် ပင် နှောင်တွယ်နေမိသည်။

"မေစစ်"

"ပြောလေ မောင်"

"မောင့်ကို ဘယ်လိုအကြောင်းမျိုးနဲ့မှ မထားခဲ့ရဘူးနော်"

"အို အဟင်း ဟင်း၊ မောင်ကတော့ ပြောင်းပြန် ပြောနေ ပြန်ပါပြီ၊ အဲ့ဒီစကားက မေစစ်ပြောရမယ့်စကားပါ၊ မောင်သာ မေစစ်ထက် ချောတဲ့၊ သာတဲ့မိန်းကလေး တွေ့သွားရင်"

"မောင် မေစစ်ကို ဘယ်တော့မှ မထားခဲ့ဘူး မေစစ်၊ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မထားခဲ့ဘူးဆိုတာ မောင် ကျိန်ဆို ပြရဲတယ် သိလား၊ မောင်က အဲ့ဒီလောက်တောင် မေစစ်ကို ချစ်တာ"

"ဟွန်း မေစစ်လည်း မောင့်ကို သိပ်ချစ်တာပါနော်"

"မောင် ယုံပါတယ်၊ ဒါပေမယ့် ကံကြမ္မာဆိုတာ ပြောရ တာ မဟုတ်ဘူးလေ"

"ကံကြမ္မာဆိုတာ လူကလုပ်တာပါ မောင်၊ မောင်နဲ့ မေစစ်တို့ ချစ်သူတွေ ဖြစ်တာ ကံကြမ္မာက ဖန်တီးပေးတာဆိုတာ ထက် မေစစ်နဲ့ မောင်တို့ရဲ့ ရင်ထဲက ခံစားချက်တွေ ရိုးသား





စစ်မှန်ကြလို့ပါ၊ မေစစ်ကတော့ ရှင်းတယ်၊ မောင့်လက်ကို ဘယ်တော့မှ လွှတ်ပေးမှာမဟုတ်ဘူး၊ ဘဝတစ်သက်စာလုံးအတွက် ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားမှာ သိလား"

မေစစ်ရယ်။

ချစ်ရသူလေးရဲ့ လေးနက်သော စကားလေးကြောင့် မင်းဆတ်ရင်ငဲ့ စိမ့်ခနဲ အေးတက်သွားရ၏။ မြတ်နိုးလွန်းစွာပင် မေစစ်ကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်းပွေ့ဖက်ကာ ချိုသာသော စကားလေးကို နားဝင်ချိုလောက်အောင် ဖန်တီး ပြောဆိုတတ်လွန်း သော ချစ်ရသူလေးရဲ့ လှပဖူးစင်နေတဲ့ နှုတ်ခမ်းအိအိလေးအား အနမ်းတံဆိပ်ဆုလေးများ ရှည်လျားစွာပင် ပေးအပ်လိုက်မိ၏။

ချစ်တယ် မေစစ်ရယ်။

မောင်

မင်းလေးကို သိပ်ချစ်တယ်ကွာ။

အဲ့ဒါကြောင့်လည်း မောင့်စိတ်တွေ အရမ်းညစ်နေတာ ပေါ့ မေစစ်ရယ်။

မောင်ရဲ့ အလုပ်က အခုဆိုရင် အားလုံးပြီးစီးသလောက် ကို ဖြစ်နေပြီလေ။ ပိုင်ရှင်တွေဆီကို မောင်ပြန်အပ်ရတော့မယ့် အချိန်က နီးနေပြီ မေစစ်ရယ်။ မောင်တာဝန်ယူထားတဲ့ အလုပ် ပြီးပြီဆိုတာနဲ့ မောင် ဒီနေရာလေးကနေ ထွက်သွားပေးရတော့မှာ။

မောင် မစွန့်ခွာချင်သေးဘူးကွာ။

မေစစ်ရှိနေတဲ့ တိုက်ကြီးနဲ့ အနီးဆုံးမှာ ရှိနေရတာလေး ကိုပဲ မောင်က ကျေနပ်ပျော်ရွှင်နေတာလေ။ မေစစ်ရဲ့ မျက်နှာလေး ကို တွေ့ခွင့်ရနေရရင်ပဲ မောင်က ကျေနပ်နှစ်သက်နေနိုင်တဲ့ သူပါ မေစစ်ရယ်။

ဒါကြောင့်။

မောင် အဲ့ဒီအခွင့်အရေးလေး ဆုံးရှုံးရတော့မှာပါလား ဆိုတဲ့ အသိနဲ့ ရူးမတတ်ကိုပဲ ခံစားနေရတယ်ချစ်ရယ်။

"မောင်"

"ဟင်"

"မောင်တို့ အလုပ်က ဘယ်တော့ပြီးမလဲဟင်"

မေးနေချေပြီ။

ရင်ခွင်လေးထဲကနေ သိလိုဇောလေးနှင့် မေစစ်က မေးနေ ချေပြီ။

"သိပ်မကြာတော့ဘူး မေစစ်"

"ဒါဆို မောင်နဲ့ မေစစ်ရဲ့ တွေ့ဆုံမှုလေးတွေ ကုန်ဆုံး ရတော့မယ်ဆိုတဲ့ သဘောပဲပေါ့နော်"

"ဘာဆိုင်လို့လဲကွ မောင်က မြောက်ဒဂုံဘက်မှာ နေတာပဲ ဟာ မေစစ်နဲ့ အချိန်မရွေး လာတွေ့နိုင်တာပဲ၊ ဘာကြောင့် မောင်တို့





နှစ်ယောက်ရဲ့ တွေ့ဆုံမှု ကုန်ဆုံးရတော့မယ်လို့ ပြောရတာလဲ၊ တနယ်တစ်ကျေးမှာနေတာ ကျနေတာပဲ၊ မေစစ်ကို မောင် နေ့တိုင်း လာတွေ့မှာပေါ့"

"ဒါပေမယ့် တစ်ဘက်ခြံကြီးထဲမှာ မောင်ရှိနေတယ်ဆိုတဲ့ အသိက မေစစ်အတွက် ပိုပြီး ဖြေသိမ့်စရာ ရှိတယ်လေ"

"မေစပ်ရယ်"

ဟုတ်တယ် မောင်။

မောင်က ဒီခြံကြီးထဲမှာ ရှိနေတော့ မေစစ်ရဲ့ အခန်း ပြတင်းပေါက်လေးကနေ မောင်ရှိနေတဲ့ တိုက်ကြီးရဲ့ အခန်း ပြတင်းလေးကို လှမ်းကြည့်ပြီး မောင့်မျက်နှာလေးကို မြင်တွေ့ ခွင့်ရနိုင်သေးတယ်လေ။ မောင်သာ မရှိတော့ဘူးဆိုရင် မေစစ်တို့ အတွက် အရမ်းကို အခွင့်အရေး နည်းသွားပြီ မောင်ရဲ့။

ပိုပြီးဆိုးတာက

အပြင်ကို ခိုးထွက်ဖို့ဆိုတာပဲ။ မေစစ်ဘယ်ကိုပဲ သွားချင် ချင် မေမေက လိုက်ပို့တာလေ။ သင်တန်းတက်ရင်လည်း မေမေက ပြီးတဲ့အထိကို စောင့်ပြီးကြိုတာ။ မောင့်ကို သင်တန်းဆီ လာခိုင်းလို့ လည်း မဖြစ်ပြန်ပါ။ မောင်က မေစစ်ကို အိမ်အကူ ကောင်မလေး တစ်ယောက်လို့ပဲ ထင်နေတာလေ။

ဒါကြောင့်

မေစစ် သိပ်စိတ်ညစ်တယ်။

အိမ်ကနေ နိုးထွက်ဖို့ဆိုတာ မေစစ်အတွက် အခက်ခဲဆုံး အရာပါပဲ။

"မေစစ်ကလည်းကွာ ကလေးလေး ကျနေတာပဲ။ မောင့်ကိုယုံပါ မေစစ်ရယ်။ ရော့ ဒါ မောင့်ရဲ့ အိမ်လိပ်စာနဲ့ ဖုန်းနံပါတ် မေစစ်ကို ပေးမလို့ မောင်တစ်ခါတည်း ရေးလာခဲ့တာ၊ ဖုန်းက မောင့်အိမ်ဖုန်း မဟုတ်ဘူးနော်၊ တစ်ဆင့်ခေါ်ခိုင်းရတာ၊ မေစစ် အဆူခံရမှာစိုးလို့ မောင်မဆက်တာ"

"ဟုတ်တယ် မောင်၊ မေစစ်ပဲ နိုးပြီးဆက်ပါ့မယ်၊ အရေးကြီးတာက မောင့်ကို အချိန်မရွေး ခေါ်ခိုင်းလို့ရရင် ပြီးတာပါပဲ။ လူချင်းမတွေ့ရပေမယ့် စကားလေး ပြောရရင်ပဲ မေစစ် ဖြေသိမ့်နိုင်ပါတယ်"

"မေစစ်"

"ရှင်"

"အခုအချိန်မှာ မောင်လက်ထပ်ခွင့် တောင်းရင် သိပ်ပြီး ဆန္ဒ ပြင်းပြလွန်းရာ ကျနေမလားဟင်"

"ရှင်"

"မောင့်ဘဝက သူများတွေလို ပြည့်စုံကြွယ်ဝတာ မဟုတ်ပေမယ့် အခြေအနေတကျ ရပ်တည်နေနိုင်တဲ့ဘဝပါ၊ မေစစ်ရဲ့





နာဂတ် သာယာလှပအောင် မောင် ဖန်တီးနိုင်ပါတယ်၊ အခုလို များအိမ်မှာ မှီခိုရှင်သန်နေရတာထက် သာရစေမယ် မေစစ်"

မြတ်စွာဘုရား။

မောင်က မေစစ်ဆီက လက်ထပ်ခွင့်ကို တောင်းနေတာ လား။

ဒါတော့ ဘယ်လိုမှ မဖြစ်နိုင်သေးပါ။ မေစစ် ပညာကို တော့ ဆုံးခန်းတိုင်အောင် သင်ချင်သေးသည်။ ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်မပြုချင်။ ပြီးတော့ မောင့်ရဲ့အခြေအနေ။ မောင့်ဘဝ အခြေအနေမှန်ကို မေမေတို့ ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ပေ။ အားလုံးက တားဆီးကြမှာ။

မောင်က

သူ့အတွက်ကို ရှေ့တန်းတင်လို့ အခုလို တောင်းဆိုတာ ဟုတ်မှန်းလည်း မေစစ်နားလည်ပါသည်။ မောင်က သူချစ်သူကို တစ်ပါးသူရဲ့ အိမ်အကျဘဝကနေ လွတ်မြောက်စေချင်သော စိတ်ဆန္ဒလေးနှင့် အခုလိုတောင်းဆိုတာဆိုတာ မေစစ်သိသည်။ သို့သော် မေစစ် မောင့်ဆန္ဒကို ခေါင်းညိတ်လက်ခံဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်သေးချေ။

"မေစစ်"

"ဟို ဟို မေစစ် တိုက်ထဲဝင်မှ ဖြစ်တော့မယ်မောင်၊

မေစစ်ကို ရှာမတွေ့ရင် တစ်မျိုးထင်နေကြဦးမယ်၊ မောင် သွားတော့နော်''

မေစစ်

မောင့်ကို စကားလမ်းကြောင်းလေး လွှဲပစ်လိုက်သည်။

''မေစစ်''

''မေစစ် သွားတော့မယ်မောင်''

မေစစ်

ထိုင်ခုံပြာလေးပေါ်ကနေ ဆတ်ခနဲ ထရပ်လိုက်သည်။

ပြီးနောက်

မောင့်နဖူးပြင်လေးအား ညင်သာစွာ တစ်ချက် နမ်းရှိုက်လိုက်ပြီး မောင်ထိုင်နေသော ခုံတန်းလေးကို ကျောခိုင်းကာ နေရာလေးကနေ ချာခနဲနေအောင်ပင် ပြေးထွက်လာခဲ့မိတော့သည်။

မောင်ရယ်။

မေစစ်ကို ခွင့်လွှတ်ပါနော်။

မောင့်ကို မေစစ် တကယ်ချစ်ပါတယ်။

ဒါပေမယ့်

မောင့်ကို လက်ထပ်ဖို့ဆိုတာတော့။

• • •



## အခန်း (၉)

''မမစစ် ဘယ်တွေလျှောက်သွားနေတာလဲ၊ မမစစ်ကို ဘုတ်ဘုတ် တစ်တိုက်လုံး ပတ်ရှာနေတာ''

ထင်တဲ့အတိုင်းပါပဲ။

မေစစ်ရဲ့ အရိပ်အယောင်လေး ပျောက်သွားတယ်ဆိုလျှင် တိုက်ထဲမှာရှိတဲ့ လူတွေအားလုံး ပျာယာခတ်အောင်ပင် အလုပ်တွေ ရှုပ်ကုန်ရပြီ။

''ပျင်းလွန်းလို့ ခြံထဲခဏ ဆင်းထိုင်နေတာ၊ ဘာဖြစ်လို့လဲ ဘုတ်ဘုတ်ရဲ့၊ ကိစ္စရှိလို့လား''

''မေမေကြီး ခေါ်ခိုင်းလို့ မမစစ်၊ ဘုတ်ဘုတ်က အခန်းထဲမှာပဲ ရှိတယ်ထင်တာ၊ အခန်းထဲ သွားကြည့်တော့ မမစစ်ကို တွေ့ဘူးလေ၊ ဒီတော့ ဘုတ်ဘုတ်တစ်တိုက်လုံး လိုက်ရှာနေတာပေါ့၊ မမစစ်က ခြံထဲဆင်းပြီး လမ်းလျှောက်မယ်လို့မှ ပြောမ

သွားတာကိုး''

''မေမေက ဘာကြောင့် ခေါ်နိုင်းတာလဲ''

''အဲ့ဒါတော့ ဘုတ်ဘုတ်လည်းမသိဘူး မမစစ်၊ မမစစ်ကို မတွေ့လို့ မေမေကြီး စိတ်ပူနေတယ်''

''အေး အေး မမစစ်သွားတွေ့လိုက်မယ် ဘုတ်ဘုတ်''

''ဟုတ်ကဲ့ မမစစ်''

မေစစ်မှန်တစ်ယောက် တထိတ်ထိတ် လှုပ်ရှားချင်နေသောစိတ်ကို ထိန်းကာ သက်ပြင်းမောလေးကို တစ်ချက်ကြိတ်ရှိုက်လိုက်ပြီး အပေါ်ထပ်ဆီသို့ တက်လာခဲ့လိုက်သည်။

မေမေ။

ဘာကြောင့်များ မေစစ်ကို ခေါ်နိုင်းရတာပါလိမ့်။

သူမ

အတွေးလေးနှင့်အတူ မေ့မေ့ အခန်းတံခါးဝရှေ့သို့ ခပ်သွက်သွက်လေး လျှောက်ကာ တံခါးလေးကို ညင်သာစွာ ခေါက်လိုက်မိတော့သည်။

ဒေါက် ဒေါက်။

''မေစစ်လား ဝင်ခဲ့လေ၊ အခန်းတံခါးဖွင့်ထားတယ်''

အထဲမှ မေမေ့အသံက အေးဆေးတည်ငြိမ်လျက်ရှိ၏။

မေစစ်





တံခါးလက်ကိုင်ဘုသီးလေးကို လှည့်ဖွင့်ကာ အတွင်းဘက်သို့ တွန်းလိုက်သည်။

''လာလေ မေစစ်၊ ဘယ်တွေလျှောက်သွားနေတာလဲ၊ မေမေ ဘုတ်ဘုတ်ကို ခေါ်နိုင်းတော့ အခန်းထဲမှာ မရှိဘူးဆို''

''မေစစ် ခြံထဲခဏဆင်းပြီး လမ်းလျှောက်တာလေ မေမေ၊ ဒါ့ကြောင့် ဘုတ်ဘုတ်ခေါ်သံကို မကြားမိလိုက်ဘူး''

မေမေက ခေါင်းလေးတဆတ်ဆတ်ညိတ်ကာ စားပွဲပေါ်တွင်ရှိသော စိန်ထည်ပစ္စည်းများကို သေချာပြန်ထုပ်ပိုးပြီး မီးခံသေတ္တာဆီသို့ သွားကာ သိမ်းဆည်းနေသည်။

အခန်းလေးထဲဝင်ပြီး လော့ခ်ကို ပြန်ချထားကာ မေမေ့ကုတင်ဖေါင်းလေး၌ ခြေတွဲလောင်းလေးချကာ ဝင်ထိုင်လိုက်ပြီး မေမေ့ဆီ မေစစ် လှမ်းကြည့်နေလိုက်၏။

''မေစစ်''

''ဟင်''

''မေစစ်ကို ခေါ်နိုင်းတာ ဘာကိစ္စရှိလို့လဲဟင်''

''မေမေ မေစစ်ကို ပြောစရာရှိလို့ ခေါ်နိုင်းလိုက်တာ''

''ပြောစရာရှိလို့ ဟုတ်လားမေမေ''

''ဟုတ်တယ် မေစစ်ရဲ့''

မေမေက သူ့ပစ္စည်းတွေ သိမ်းပြီးတာနှင့် အပြုံးလေး

တွေနှင့် မေစစ်ဆီ လှမ်းကြည့်ကာ သူမအနားသို့ ပြန်လျှောက်လာ၏။

“မေစစ်”

“ရှင်”

“သမီးကို မေမေ ခဏခဏ ပြောဖူးတယ် မဟုတ်လား၊ မေမေ့သူငယ်ချင်း မာမာဝေဆိုတာလေ”

“ဟုတ်”

“သူ မြန်မာနိုင်ငံကို ပြန်လာတော့မယ်တဲ့၊ ဒီနေ့မနက်ကမှ မေမေ့ဆီကို လှမ်းဆက်သွယ်ပြီးပြောတာ၊ မေမေ့ဖြင့် ဝမ်းသာလိုက်တာ မပြောပါနဲ့တော့ သမီးရယ်၊ သူက အိမ်ထောင်ကျပြီးကတည်းက သူ့ခင်ပွန်းအလုပ်ရှိတဲ့ အင်္ဂလန်ကို တစ်ခါတည်းလိုက်သွားတာကိုး၊ အခု သူ့ခင်ပွန်းဆုံးသွားလို့ ဒီကိုပြန်လာတော့မယ်တဲ့လေ၊ မေမေတို့ ပြန်ဆုံရတော့မှာမို့ ပျော်လိုက်တာ သမီးရယ်၊ မာမာဝေက မေမေ့ကို သိပ်ချစ်တာ၊ အရူးပါးဆုံး ငယ်သူငယ်ချင်းပဲ မေစစ်ရယ် ဟင်း ဟင်း”

မေမေက ပြောရင်း သဘောတွေ ကျကာ တဟင်းဟင်းရယ်မောနေသည်။ မေမေရဲ့ ဝမ်းသာပျော်ရွှင်နေတဲ့ ပုံစံလေးကိုကြည့်ပြီး မေစစ်မွန်လည်း မေမေနှင့် ထပ်တူထပ်မျှ လိုက်ပါကြည်နူးနေမိသည်။ မေမေနဲ့ ဒေါ်မာမာဝေက အခုချိန်ထိ အဆက်အသွယ်





...နေဆဲပင်။ မေမေက ငယ်ငယ်တုန်းကဆို သိပ်မာနကြီးတာတဲ့။ ...ူငယ်ချင်းအပေါင်းအသင်းဆိုလည်း သူမနဲ့ ဂုဏ်ရည်တူ အဆင့်...တန်းတူသူနဲ့ပဲ ပေါင်းသင်းဆက်ဆံတာဆိုပဲ။ ဒေါ်မာမာဝေကတော့ ...မေ့ရဲ့ တစ်ဦးတည်းသော သူငယ်ချင်းပဲတဲ့လေ။ ဒါကြောင့်လည်း ...ယ်လောက်ပဲဝေးဝေး အဆက်အသွယ် မပျက်ကြချေ။

အခုတော့

သူငယ်ချင်း ပြန်ရောက်လာတော့မယ်ဆိုတော့ မေမေ ...း်သာနေပေလိမ့်မပေါ့။

“တိုက်ဆိုင်တယ်လို့ပဲ ပြောရမလား၊ မေမေတို့ မြို့ဟောင်း...ား အသစ်တွေ ပြန်သုတ်ပြီး ရှင်းလင်းနေတဲ့ ခြံကလေ မာမာဝေရဲ့ ...ဲ့ သမီးရဲ့”

“ရှင်”

မေစစ်မွန် မျက်နက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်...ားရ၏။ မောင်တာဝန်ယူ ပြင်ဆင်မွမ်းမံနေတဲ့ ခြံကျယ်ကြီးထဲက ...်ဘပ်တိုက်မြင့်မြင့်ကြီးက မေမေ့သူငယ်ချင်း ဒေါ်မာမာဝေရဲ့ ...က်တဲ့။

“သူ့ယောက်ျားမတွေ အမွေပေးထားတဲ့ တိုက်တဲ့၊ အခု ...ပြန်လာရင် အဲဒီတိုက်မှာ နေမှာတဲ့ မေစစ်ရဲ့၊ ဒါကြောင့် ပြန်ပြီး ...င်ဆင်ခိုင်းနေတာတဲ့လေ”

"ဟို မေမေက ဘယ်လိုလုပ်ပြီး သိသွားတာလဲ"

"သြော် မေမေက သူပြန်လာမယ်ဆိုလို့ ဘယ်မှာ နေမှာလဲ လို့ မေးမိတာကို သူက အိမ်လိပ်စာရွတ်ပြတော့ မေမေ အရမ်းကို အံ့သြသွားတာပေါ့၊ မေမေရဲ့ ခြံချင်းကပ် ဖြစ်နေတာလေ၊ ဒါကြောင့် မေမေဖြင့် ပိုပြီးတော့တောင် ဝမ်းသာသွားရသေးတယ်၊ ဒီတိုက်ကို ဆေးတွေအသစ် ပြန်သုတ်ပြီး ပြင်ဆင်နေတော့ ဘယ်လိုလူသစ်တွေ များ ပြောင်းလာကြလိမ့်ဦးမလဲဆိုတာ တွေးပြီး စိတ်တွေ တစ်ချိန်လုံး ရှုပ်ထွေးနေရတာလေ အခုတော့ အိုကေပဲပေါ့၊ မေမေရဲ့ ငယ်သူငယ် ချင်းလည်းဖြစ် အိမ်နီးနားချင်းလည်း နေရဆိုတော့ အဆင်ပြေသွား တာပေါ့ကွယ်၊ ဒါကြောင့် သမီးကို ပြောပြချင်လွန်းလို့ သွားခေါ်နိုင်း ခဲ့တာ"

"မေမေ့ငယ်သူငယ်ချင်းဆိုတော့ ပိုကောင်းတာပေါ့၊ မေစစ် တို့လည်း နေရထိုင်ရတာ ပိုပြီး လွတ်လပ်ပေါ့ပါးတာပေါ့ မေမေ"

"ဒါပေါ့ မေစစ်ရဲ့၊ သူတို့က သားအမိနှစ်ယောက်တည်း နေကြမှာဆိုတော့ ပိုပြီး အေးချမ်းတာပေါ့"

"မေမေ"

"ဟင်"

"သူတို့က ဘယ်တော့ပြန်လာကြမှာတဲ့လဲဟင်"





"ရှေ့တစ်ပတ်လောက်မှာ ရောက်မယ်ထင်တယ်၊ ဒီတိုက် က နောက်နှစ်ရက်လောက်ဆို ပြီးပြီလို့ ပြောတာပဲ"

ဟင်။

နောက်နှစ်ရက်ဆို ပြီးပြီဆိုပါလား။

မေစစ်မျက်နှာလေး ဖျတ်ခနဲ ညှိုးလျှသွားရသည်။

ဒါဆို

မောင်ဒီတိုက်ကြီးထဲကနေ နောက်နှစ်ရက်လောက်ဆို ထွက်ခွာသွားပေးရတော့မှာပေါ့။ ဒါကြောင့် မောင့်ကို မေးလိုက်တဲ့ အချိန်မှာ မောင့်မျက်နှာလေး ညှိုးသွားတာကိုး၊ နှစ်ရက်ဆိုတဲ့ ကန့်သတ်ချက်က သိပ်ချစ်ကြတဲ့ ချစ်သူတွေ နှစ်ယောက်ကြားမှာ သိပ်ပြီး နည်းပါးလွန်းလှသည်။

မြန်ဆန်လိုက်တာ။

အချိန်တွေဟာ အဲ့ဒီလောက်ထိတောင် အကုန် လွယ်သတဲ့ လား။

မေစစ်က ကျောင်းပိတ်ရက် အစပိုင်းတုန်းက ဘွားဘွား တွေနေတဲ့ မော်လမြိုင်ဘက်မှာ သွားနေခဲ့တာဆိုတော့ ရန်ကုန် အခြေအနေနှင့် ခေတ္တမျှ အဆက်ပြတ်နေရသည်။ သူမ မသွားခင် တုန်းက တစ်ဖက်ခြံကြီးက နဂိုအတိုင်း အိုဟောင်းနေဆဲပင်။ ခြံကြီး ထဲမှာလည်း အလေ့ကျပေါက်နေသော သစ်ပင်ချုံနွယ်တို့နှင့်

ရှုပ်ယှက်ခတ်နေဆဲပင် ဖြစ်သည်။

မေစစ် ရန်ကုန်ကို ပြန်ရောက်တော့လည်း ညဥ့်နက်သန်းခေါင်အချိန်မှ ရောက်တာကြောင့် ပတ်ဝန်းကျင်အခြေအနေကို သတိမထားမိပြန်ပါ။ တစ်ချိန်လုံးလည်း သင်တန်းတွေတက်ဖို့ စုံစမ်းရတာနှင့် သူမရဲ့ ပင်ကိုယ်စရိုက်ကိုက ပတ်ဝန်းကျင်ကို မစပ်စုတတ်သော အလေ့အကျင့်ကြောင့်လည်း တစ်ဘက်ခြံကို သတိမထားခဲ့မိချေ။

မောင်ရယ်။

မေစစ်တို့ရဲ့ တွေ့ဆုံမှုဟာ အဲ့ဒီလောက်တောင်ပဲ အချိန်တွေကုန် မြန်ဆန်နေခဲ့ရသတဲ့လားရှင်။

"မေစစ်"

"ဟဲ့ သမီး"

"ရှင် မေ မေမေ"

"အမလေး ခေါ်လိုက်ရတာကွယ်၊ ဘာတွေများ အတွေးလွန်နေရတာလဲ"

"ဟို ဟို ဘာ ဘာမှ မတွေးပါဘူး"

"မေမေ့မှာတော့ ပြောလိုက်ရတာ ပါးစပ်တွေတောင် ညောင်းတယ်"

"ရှင် မေမေ ဘာပြောတာလဲဟင်"





မေစစ်

မေမေ ပြောတာတွေကို ဘာတစ်ခုမှ မကြားလိုက်ချေ။ ...မ်းခွဲရတော့မှာပါလားဆိုတဲ့ အသိတစ်ခုတည်းနဲ့ပဲ မေစစ် ရင်တစ်ခု ...လုံး ဝမ်းနည်းနာကျင်နေရသည်။ ဒါကို မေမေကတော့ ရိပ်မိပုံမရပါ။ ...က်ရည်လေးတွေ ဝေ့သီနေသော သူမ မျက်ဝန်းလေးတွေကို သတိထားမိဖို့နေနေသာသာ သူငယ်သူငယ်ချင်း ဒေါ်မာမာဝေ ...ပြန်ရောက်လာတော့မည်ဆိုတာသာ စိတ်ထဲမှာ ရှိနေခဲ့သည်။

"မေစစ်"

"ဟုတ်ကဲ့ ပြောပါ မေမေ"

"မာမာဝေက နည်းနည်းစိုးရိမ်နေတာ တစ်ခုက သူ့ရဲ့ ...တစ်ဦးတည်းသောသား မျိုးမဏ္ဍိုင်အတွက်ပဲ သမီး"

"ရှင်"

"ရန်ကုန်မှာနေတဲ့ အခါကျရင် ပြောင်းလဲသွားတဲ့ ...ပတ်ဝန်းကျင်အခြေအနေနဲ့ အဆင်မပြေမှာ သူအရမ်းစိုးရိမ်နေတယ် ...လေ၊ မျိုးမဏ္ဍိုင်က အင်္ဂလန်မှာပဲ မွေးပြီး ကြီးပြင်းလာတာဆိုတော့ ...နေရာဒေသအရ သူ့ကိုတော့ မေမေတို့က ပိုပြီးဂရုတစိုက်နဲ့ လက်တွဲ ...ပေးမခေါ်ယူရမှာပဲ၊ နေသားကျသွားရင်တော့ ပြီးပြီပေါ့ကွယ်"

"မေမေ"

"ပြောလေ မေစစ်"

"မေမေပြောချင်တာ အဲ့ဒါပဲမဟုတ်လားဟင်၊ မေစစ် အနားယူချင်နေပြီ"

"သြော် အေးအေး ဟုတ်သားပဲ၊ သမီးနားချင် သွားနားတော့လေ"

"ဟုတ်ကဲ့ မေမေ၊ ဒါဆို မေစစ်သွားပြီနော်"

"သွား သွား သမီး"

မေစစ်မှန်တစ်ယောက် မေမေ့ကို နှုတ်ဆက်ကာ အခန်းလေးထဲကနေ နွေးကွေးလေးလံသော ခြေလှမ်းလေးများနှင့် ပြန်ထွက်လာခဲ့မိတော့သည်။

• • •



## အခန်း (၉)

"မေစစ်ရေ ပြင်ဆင်ပြီးပြီလား၊ ပြီးရင် ဆင်းခဲ့တော့ မေစစ်၊ မေမေတို့ နောက်ကျနေဦးမယ်"

မေမေရဲ့ သတိပေးသံ စူးစူးကြောင့် အခန်းလေးထဲတွင် ရှိနေသော မေစစ်မှန်တစ်ယောက် အခန်းတံခါးလေးကို ညင်သာစွာ ဆွဲဖွင့်လိုက်သည်။

"ဟယ် သမီးမေစစ်၊ ဘာမှလည်း မပြင်ဆင်ရသေးပါလား"

သူမရဲ့ ပြောင်တင်းတင်း မျက်နှာလေးကို မြင်လိုက်သည်ဆိုလျှင်ပဲ မျက်လုံးကြီးတွေပြူးကာ အံ့သြလျက် ရှိနေ၏။

"မေမေ သမီးမလိုက်တော့ဘူးမေမေ၊ မေစစ် ခေါင်းနည်းနည်းမူးနေလို့ အဲ့ဒါ မေမေပဲ သွားလိုက်တော့နော်"

"ဟောတော့ ဘယ်လိုဖြစ်ပြီး ခေါင်းမူးသွားရတာလဲ၊

စောစောကမှ အကောင်းကြီး ရှိနေတဲ့ဟာကို"

"အစကတည်းက ခေါင်းက နောက်တောက်တောက် ဖြစ်နေတာ မေမေရဲ့ စိတ်ထဲက မလန်းဆန်းတော့ ပြင်ဆင်ချင်စိတ်လည်းမရှိဘူး၊ ဘယ်မှလည်း မသွားချင်ဘူး၊ ဒါကြောင့် မေစစ် မပြင်ဆင်တော့ဘဲ အိပ်ရာထဲ လှဲနေလိုက်တာ"

မေစစ်မှန်တစ်ယောက် မျက်နှာ နွမ်းနွမ်းလေးနှင့် မေမေ ယုံကြည်သွားအောင် တကယ်ပဲ ခေါင်းမူးတဲ့ဝေဒနာ ခံစားနေရ ဟန်ဆောင်ကာ ပြောနေမိသည်။

ဒီနေ့

ဖေဖေက သူ့သူငယ်ချင်းရဲ့ ဒင်နာပါတီသို့ တက်ဖို့ မေမေ့ မေစစ်ကို လှမ်းခေါ်ထား၏။ ပြင်ဆင်ပြီး ဖေဖေ့ဆီ သွားရမှာပါ။ အစကတော့ မေစစ် လိုက်မည်ဟု ဆုံးဖြတ်လိုက်သေး၏။ ပြီးမှ မေစစ် ပြန်စဉ်းစားလိုက်မိသည်။

မောင်က သူမနဲ့ တွေ့ချင်သည်ဟု မနက်က တောင်းဆိုထားတာလေ။ မောင့်ကို ဘယ်လို သွားတွေ့ရမလဲလို့ မေစစ် တစ်ချိန်လုံး စဉ်းစားနေတာပါ။ အခုတော့ မေစစ် အကြံဉာဏ်ကောင်းရပြီ။ မေမေရော ဖေဖေပါ ဒင်နာပွဲကို သွားမှာဆိုတော့ မေစစ်အတွက် အချိန်တော်တော်လေး ရပြီလေ။ မောင်နှင့် သူမ တွေ့ဆုံနိုင်မည့် အကောင်းဆုံးအခြေအနေမို့ မေစစ် လက်မလွှတ်နို





ဆုံးဖြတ်ထား၏။

မေမေ့ရှေ့မှာ တကယ်ပဲ ဝေဒနာခံစားနေရဟန်ဆောင် ကာ အိမ်မှာပဲ နေခဲ့ရရေးအတွက် အသည်းအသန် ကြိုးစားနေလိုက် ၏။

"သိပ်မဖြစ်ရင်လည်း လိုက်ခဲ့ပါလားမေစစ်ရယ်၊ မေမေ တစ်ယောက်တည်း ဖြစ်နေလို့ပါ၊ သမီးအဖေ အကြောင်းလည်း သိရဲ့သားနဲ့၊ သူက ဟိုကျရင် သူ့သူငယ်ချင်းတွေ ဝိုင်းမှာပဲ နေတာလေ၊ မေမေတစ်ယောက်တည်း အဖော်မဲ့သလိုကြီးခံစားရ တယ်သမီးရယ်၊ လိုက်ခဲ့ပါနော်"

"မေစစ် လိုက်ပေးချင်ပါတယ်၊ ဒါပေမယ့် မေစစ် ဘယ်လိုမှ မဟန်နိုင်လို့ပါ မေမေရဲ့၊ မေမေပဲ သွားလိုက်ပါနော်၊ မေစစ် နားချင်လို့ပါ"

သူမ

ဖွတ်အတင်းပင် ငြင်းဆန်နေမိသည်။

မေစစ် ဘယ်လိုမှ လိုက်သွားလို့ မဖြစ်ပါဘူး။ မောင်က နောက်နှစ်ရက်ဆိုလျှင် ဒီတိုက်ကြီးကို ပိုင်ရှင်တွေဆီအပ်ပြီး သူတို့အိမ် သူတို့ပြန်ကြရတော့မည်။ နောက်ပိုင်း မောင်နဲ့ အခုလို တွေ့ဆုံခွင့် လေး ရနေဖို့တာ ဘယ်လိုမှ မဖြစ်နိုင်ချေ။ အိမ်က ဖုန်းနံပါတ်ကို လည်း မေစစ် မပေးရဲပါ။ ယောကျ်ားလေးအသံနှင့် မေစစ်ဆီကို

ဖုန်းလာလျှင် မေမေက သတိထားကာ စစ်ဆေးတော့မည်။

မောင်နဲ့ သူမ ချစ်သူတွေ ဖြစ်နေကြသည့် အကြောင်းကို မေမေသိလို့ မဖြစ်သေးပါဘူး။ မေမေသာသိလျှင် မေစစ်ကို အပြင်းထန်ဆုံး တားဆီးကြတော့မည်။ မောင့်အခြေအနေနှင့် မေစစ်ကို မေမေတို့ လုံးဝသဘောတူမှာမဟုတ်။ အဲ့ဒီအချက်ကို ကောင်းကောင်းကြီး သိနေပေမယ့် မောင့်ကိုချစ်မိသော မေစစ်ရဲ့ အချစ်တွေကို မထိန်းချုပ်နိုင်ခဲ့ပါ။ မောင်နဲ့ မဆုံတွေ့ခင် အချိန်က မေစစ်ရဲ့ ရင်ထဲမှာ ဘာခံစားချက်မှမရှိ လွတ်လပ်ပေါ့ပါး ကြည်စင်နေခဲ့ပေမယ့် မောင်နဲ့ အမှတ်မထင် ဆုံခဲ့ရပြီးနောက်မှာတော့ ခံစားချက်နွေးနွေးလေးတွေ စိုးရိမ်ပူပန်စိတ်တွေက ကြီးမားလာခဲ့ရသည်။

မေစစ်ကို ဆင်းရဲသားအလုပ်သမား ကောင်မလေးတစ်ယောက်ဆိုပြီး သနားကရုဏာသက်နေတဲ့ မောင့်ကို အဖြစ်မှန်တွေ ဖွင့်မပြောရဲလောက်အောင်ဘဲ ဖြစ်နေမိသည်။ မေစစ်ဟာ မောင်ထင်သလို မဟုတ်ဘဲ သူဌေးသမီးတစ်ယောက်ဆိုလျှင် မောင့်စိတ်တွေ တစ်မျိုးခါစ်ဖုံ ပြောင်းလဲသွားနိုင်သည်။ အဲဒီလို ပြောင်းလဲသွားမှာကို မေစစ် ဘယ်လိုမှ မခံစားနိုင်။ လက်မခံနိုင်ပါ။

မောင့်ရဲ့ ချစ်ခြင်းမေတ္တာတွေကို ဆုံးရှုံးရမှာ သေလောက်အောင်ပင် ကြောက်ရွံ့နေမိသည်။

"မေစစ်"





"ရှင်"

"ခေါင်းက တော်တော်လေး မူးနေတာလား သမီး"

"ဟို နည်းနည်းပါမေမေ၊ ငြီးစီစီကြီးဖြစ်ပြီး စိတ်သိပ်မလန်းဘူး"

"အင်းလေ အဲ့ဒါဆိုရင်လည်း အိမ်မှာပဲ အနားယူပြီးနေခဲ့လိုက်တော့၊ မေမေပဲ သွားလိုက်တော့မယ်"

"ဟုတ်ကဲ့"

"အဲ့ဒါဆို မေမေသွားတော့မယ်နော် မေစစ်၊ ဆေးသောက်ပြီး အနားယူလိုက်တော့"

"ဟုတ်ကဲ့ မေမေ"

"ကဲ ကဲ နားတော့သမီး၊ သမီးအနားမှာ စောင့်နေပေးဖို့ ဘုတ်ဘုတ်ကို မေမေ လွှတ်လိုက်မယ်"

"မေမေ"

"ပြောလေ မေစစ်"

"ဘုတ်ဘုတ် အောက်မှာပဲ အလုပ်လုပ်ပါစေ မေမေ၊ မေစစ် ဆေးသောက်ပြီး အိပ်တော့မှာမို့လို့ မလာခိုင်းနဲ့တော့၊ သူရှိတော့ စိတ်ကျဉ်းကျပ်တယ်"

"သမီး လက်တိုလက်တောင်း ခိုင်းလို့ရအောင်ပါ၊ မလိုဘူးဆိုရင်လည်း မေမေ မလွှတ်တော့ဘူးလေ၊ သမီးနားလိုက်

တော့နော်''

''ဟုတ်ကဲ့ မမေ''

''ကဲ မမေသွားပြီ''

''ဟုတ်''

မမေက မစစ်ကို နှုတ်ဆက်ပြီးသည်နှင့် ကျောခိုင်းကာ ထွက်ခွာသွားတော့သည်။ မမေရဲ့ နောက်ကျောလေးကို ငေးမောကြည့်ကာ စိတ်မကောင်းစွာပင် တိတ်တဆိတ်လေး တောင်းပန်လိုက်မိ၏။

ခွင့်လွှတ်ပါ မမေ။

မမေ့ကို လိမ်ညာခဲ့တဲ့အတွက် မစစ်ကို ခွင့်လွှတ်ပါနော်။

မစစ်လေ

မောင့်ကို သိပ်ချစ်သွားလို့ပါ။

နှလုံးသားရဲ့ဆန္ဒကို မလွန်ဆန်နိုင်ခဲ့တဲ့ မစစ်ရဲ့ အပြစ်တွေကို မမေ ခွင့်လွှတ်နားလည်ပေးပါနော်။ မစစ် သူ့ကို အမှန်တကယ်ပဲ ချစ်မိသွားလို့ပါ မမေရယ်။

မစစ်မှန်တစ်ယောက် ရင်ထဲကနေ တိတ်တဆိတ်လေး တောင်းပန်နေမိတော့သည်။ ပြီးနောက်မှာတော့ သူမ အခန်းထဲ ပြန်ဝင်လိုက်ပြီး အိမ်နေရင်း ချည်သား ပါထိုင်းဝမ်းဆက်လေးကို





...င်းလဲဝတ်ဆင်ကာ သူမကိုယ်သူမ မှန်ထဲမှာ ကြည့်မိ၏။

မဆိုးဘူး။

ဒီလောက်ဆိုလျှင် မောင့်ကို သွားတွေ့ဖို့ မစစ်အတွက် ...လောက်ပြီ။ ပြောင်ရှင်းရှင်းမျက်နှာလေးကို ဘာမှ လိမ်းခြယ် ...ဆင်မနေတော့ပဲ ဆံနွယ် ဖြောင့်ဖြောင့်စင်းစင်းလေးကိုသာ ...အပြောင်သိမ်း ခပ်မြင့်မြင့်လေး စုချည်လိုက်သည်။

ပြီးနောက်

အိပ်ရာလေးဆီ လျှောက်သွားလိုက်ပြီး ခေါင်းအုံးနှင့် ...လုံးရှည်ကြီးကို လူအိပ်နေသယောင် နေရာအသေအချာ ချကာ ...ပေါ်ကနေ စောင်ထူထူကြီးကို ဖုံးအုပ်လိုက်သည်။

တစ်ယောက်ယောက်ကြည့်လျှင် သူမ အိပ်စက်နေ ...ယောင်ယောင် လုပ်ကာ မီးချောင်းတွေ အားလုံး ပိတ်ပစ်လိုက် ...တစ်ခန်းလုံး မှောင်အတိကျသွားသည်။ ပြီးမှ လက်နှိပ်ဓါတ်မီး ...းသေးလေးကို ယူလိုက်၏။

မစစ်တစ်ယောက်

အခန်းတံခါးဝလေးဆီ လျှောက်သွားလိုက်ပြီး အခန်း ...ါးလေးကို ဖြေးညှင်းစွာ ဆွဲဖွင့်လိုက်၏။ အပြင်ဘက် အခြေ ...နေကို ခေတ္တမျှ စောင့်ကြည့်လိုက်သည်။ ပြီးမှ ဝရန်တာဘက်သို့ ...က်ခဲ့လိုက်သည်။

မောင်တို့ တိုက်ဘက်က စောင့်ကြည့်လျှင် သူမတို့ ဝရန်တာ ထင်ထင်ရှားရှား တွေ့နေရသည်လေ။ သူမထွက်လာတာ မောင်မြင်လျှင် တစ်ဘက်ကနေ လှမ်းပြီး အချက်ပြမှာပါပဲ။

မေစစ်

တစ်ဘက်ခြံကြီးဆီ လှမ်းကြည့်လိုက်၏။

ဟော။

မီးရောင်လေးတစ်ခု။

ဒါ

မောင်အချက်ပြတာပဲ။

လက်နှိပ်ဓာတ်မီးရောင်လေး တစ်ဘက်ခြံဝင်းကြီးထဲတွင် ဟိုဘက်သည်ဘက် ယမ်းခါနေသည်။

မေစစ်

စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ ရင်တွေပင် တထိတ်ထိတ် အခုန်မြန်လာရ၏။ မေစစ်သူ့ဆီ လှမ်းမြင်နေရသည်။ ညမီးရောင်အောက်မှာ မောင်က ခြံပြင်ထွက်လာ ခဲ့ဖို့ လက်ဟန်ခြေဟန်နှင့် လုပ်ပြနေ၏။

ဖြစ်ပါ့မလား။

အပြင်ထွက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။

ခြံဝမှာ





ခြံစောင့်ကြီး ဦးပိန်ရှိနေသည်။

သူမ ခိုးထွက်လို့ ဘယ်လိုမှ မဖြစ်။ အခုတောင် အခန်းထဲမှာ အိပ်ပျော်နေသယောင် လုပ်ပြီး ဘယ်သူမှ မမြင်အောင် ခိုးထွက်ရမှာ။ အခန်းတံခါး လော့ခ်ချထား၍ သူမအခန်းထဲ ဘယ်သူမှ ဝင်လာနိုင်ပေမယ့် သူမစိတ်ထဲ တထင့်ထင့် ဖြစ်နေရ၏။

မေစစ်အတွက်တော့

ပထမဦးဆုံးအကြိမ် ချစ်သူနဲ့ ခိုးတွေ့ဖို့ မဟာစွန့်စားခန်းကြီးနဲ့ ရင်ဆိုင်နေရတာပါပဲ။

မောင်ကလည်း ခြံအပြင်ကို ထွက်ခဲ့ဖို့ပဲ ဖွတ်ခေါ်နေ၏။

မေစစ်

အပြင်ထွက်နိုင်ရေးအတွက် ကြိုးစားနေမိသည်။

ဘယ်သူမှ သူမကို မြင်တွေ့သွားလို့လည်း မဖြစ်ပါ။ တစ်ယောက်ယောက် တွေ့သွားလျှင် မေမေတို့ နားထဲ ချက်ချင်းသတင်းက ပေါက်ကြားသွားနိုင်သည်။

မေစစ်

ဝရန်တာလေးကနေ ခွာကာ တိုက်ထဲ ပြန်ဝင်ခဲ့လိုက်သည်။ လှေကားထစ်ထိပ်လေးဆီ ချဉ်းကပ်သွားလိုက်ပြီး အောက်ထပ်က အရိပ်အခြေကို စောင့်ကြည့်လိုက်၏။ ပြီးနောက် လှေကားထစ်လေးများကို ခြေသံဖွဖွလေး နင်းလျှောက်ကာ အောက်ထပ်သို့

မေစစ်မှန်တစ်ယောက် ဆင်းလာခဲ့လိုက်သည်။

သူမ

ရင်တွေတထိတ်ထိတ် ခုန်မြန်နေရ၏။

ကြောက်စိတ်စိုးရွံ့စိတ်ကြောင့် ခြေဖျားလက်ဖျားတွေ အေးစက်ကာ ထုံကျင်ကျင်လေး ဖြစ်လာရသည်။

အောက်ထပ်ကို တဖြည်းဖြည်း ရောက်လာပြန်တော့လည်း ဧည့်ခန်းထဲ ဘယ်သူများ ရှိနေမလဲဟု စောင့်ကြည့်ရပြန်၏။ ဘယ်သူမှမရှိတာကို မြင်မှပဲ ဧည့်ခန်းကျယ်ကြီး ရှေ့ကနေ ခြေလှမ်းသွက်သွက်လေးနှင့် ဖြတ်လျှောက်ကာ အိမ်တံခါးချပ်ကြီး ဆွဲဖွင့်ပြီး အပြင်ဘက်ခြံကျယ်ကြီးထဲသို့ ပြေးထွက်လာခဲ့မိတော့၏။

အမယ်လေး။

အခုမှပဲ အသက်ဝဝ ရှုနိုင်တော့တယ်။

ခြံကျယ်ကြီးထဲကို ရောက်မှပဲ မေစစ်မှန်တစ်ယောက် အသက်ကို တစ်ဝကြီး ရှုလိုက်နိုင်တော့၏။

သို့သော်

သူမရဲ့စိတ်တွေ မလွတ်မြောက်သေးပါ။ မပေါ့ပါးနိုင်သေးပါ။ ခြံတံခါးဝသော့က ခြံစောင့်ကြီး ဦးပိန်ရဲ့ လက်ထဲမှာပဲ ရှိနေသည်။ အပြင်ကို ထွက်ဖို့ သူမ ဘယ်လို လုပ်ရမည်နည်း။ အုတ်တံတိုင်းကြီးကလည်း ကျော်ထွက်ဖို့ဆိုတာ မေစစ်မှန်အတွက်





တော့ ဘယ်လိုမှ မဖြစ်နိုင်။

ဘုရား ဘုရား။

လူအဝင်အထွက် တံခါးသော့ မခတ်ထားပါစေနဲ့။

မေစစ်တစ်ယောက် တိတ်တဆိတ်လေး ဆုတောင်းလိုက်မိသည်။

ခြေလှမ်းသွက်သွက် လှမ်းရင်း လမ်းဘေးဝဲယာသို့ မျက်လုံးကို ကစားကာ ခြံစောင့်ကြီးရဲ့ အခြေအနေကို ကြည့်လိုက်၏။ ကျေးဇူးတင်စရာ ကောင်းလောက်အောင်ပင် အခြေအနေက ကောင်းကာ ရှင်းလင်းနေသည်။

မေစစ်ကား ဝင်ပေါက်တံခါးချပ်ကြီး နံဘေးက လူဝင်ပေါက် တံခါးလေးဆီ တိုးကပ်သွားပြီး သော့ခတ်မခတ် ကြည့်လိုက်တော့ သော့က ခတ်မထားချေ။ ဒီအတိုင်းပဲ တံခါးချက်ထိုးထားတာပဲ ရှိသည်။

မေစစ်။

ဝမ်းအသာကြီး သာသွားရ၏။

တံခါးလေးကို ကပျာကယာ ဖွင့်လိုက်မိသည်။

ချောက်။

တံခါးလေးကို ဆွဲဖွင့်ပြီး သူမအတွက်

"ဟဲ့ ဘုတ်ဘုတ်"

အမေ့။

မေစစ် ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ကာ ထိတ်လန့်သွားရ၏။

သူမ နောက်ကျောဘက်ဆီမှ ခြံစောင့်ဦးပိန်ရဲ့ ခေါ်သံ အက်အက်ကြီးကြောင့် မေစစ် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားရသည်။

သူမကို

ညအမှောင်တွင် ဘုတ်ဘုတ်နှင့် လူချင်းမှားခေါ်နေသည်။

ခေါ်သံကလည်း မှုမမှန်ချေ။

သေချာတာကတော့ ဦးပိန်တစ်ယောက် ရေချိန်ကိုက်နေပြီဆိုတာပဲ။ ဒါ့ကြောင့် အမြင်တွေဝါးဝါးနှင့် သူမကို မေစစ်မှန်းဆိုတာ မသိချေ။ ဦးပိန်ကို နောက်ကျောပေးကာ သူမ တိတ်ဆိတ်ငြိမ်သက်နေမိ၏။

"နင်ထွက်သွားရင် တံခါးပြန်ပိတ်ခဲ့နော် ဘုတ်ဘုတ်"

"ဟုတ်"

သူမ ခေါင်းလေးကို တွင်တွင်ငုံ့ထားကာ

လေသံဖျော့ဖျော့လေးနှင့် ပြောပြီး တံခါးလေးကို ပြန်ဖွေကာ အတွင်းဘက်သို့ လက်လျှိုထည့်ပြီး တံခါးချက်ကို ပြန်ပိတ်လိုက်၏။





ဦးပိန်က

ယိုင်နဲ့နဲ့ ခြေလှမ်းများနှင့် ပြန်လှည့်ထွက်သွား၏။

ဒီတော့မှပဲ

မေစစ်မှာ အသက်ကို ဝဝရှူရဲတော့ကာ ခြံဝလေးကနေ အပြေးတစ်ပိုင်းလေး လမ်းမထက်ဆီသို့ ပြေးထွက်ခဲ့ရတော့သည်။

• • •

## အခန်း (၁၀)

"မောင်"

"မေစစ်"

သူမတို့ ခြံဝန်းကျယ်ကြီးရဲ့ အလွန်တွင် မောင်က သူမကို ရပ်စောင့်နေ၏။ သူမ ထွက်လာတာကို မြင်တော့ မောင် အရမ်းကို ပျော်ရွှင်သွားဟန်ရှိသည်။ သူမဆီ သွက်လက်သော ခြေလှမ်းလေးများနှင့် လျှောက်လာ၏။

"ဘာဖြစ်လို့ ခြံပြင်ကို ထွက်လာခိုင်းရတာလဲ မောင်ရယ်၊ မေစစ်ကို ဘာပြောချင်လို့လဲဟင်"

သူမ နောက်ကြောင်း မအေးသလို ခေါင်းလေး တစောင်းစောင်း နောက်သို့ လှည့်ကြည့်ရင်းက မောင့်ကို မေးမိ၏။

မောင်ကသာ ဘာအဖြေမှ ပြန်မပေးဘဲ သူမမျက်နှာလေးကို အချစ်ရည်များ ရွှန်းလဲ့ဖြာနေသော မျက်ဝန်းစိုစိုတို့နှင့် စိုက်ကြည့်





ကာ ပြုံးနေသည်။

"မောင်"

"လာ မေစစ်"

"ဟင် ဘယ် ဘယ်သွားမလို့လဲ"

"ကမ္ဘာ့အပြင်ဘက်ကို"

"အို မောင်"

ပြောလည်းပြော သူမ လက်ကလေးကိုလည်း တင်းနေအောင် ဆုပ်ကိုင်ကာ နေရာလေးကနေ သွက်လက်သော ခြေလှမ်းတွေနှင့် လှမ်းကာ ဆွဲခေါ်သွားတာမို့ မေစစ်မှန်တစ်ယောက် ဘယ်လိုမှ မတားဆီးနိုင်တော့ဘဲ မောင်ခေါ်ရာနောက် ဒရောသောပါးလိုက်ပါသွားရတော့သည်။

"မောင် နေဦး၊ ဒါ ဒါ ဘယ်သွားမလို့လဲ"

"......"

မောင်က မဖြေ။

မေစစ် တဖြည်းဖြည်း စိုးထိတ်လာရသည်။

သူမ

မောင်နဲ့ ခဏလေး တွေ့ဆုံရဖို့တောင် ဘယ်လောက်ထိ ခက်ခက်ခဲခဲ ထွက်လာခဲ့ရသလဲဆိုတာ သူမကိုယ်သူမပဲ သိ၏။ မောင့်ကို တွေ့ချင်လွန်းလို့သာ မေစစ် ဒီလောက်ကြီး ကြိုးစား

လာခဲ့တာပါ။

သို့သော်

အပြင်မှာ အချိန်အကြာကြီး နေလို့ မဖြစ်ပါ။

အိမ်ထဲကို အချိန်မီ သူမ ပြန်ဝင်နိုင်မှ ဖြစ်မည်။

မေစစ် ပျောက်သွားတာကို လူတွေ ရိပ်မိသွားလျှင် ပြဿနာတွေ အကြီးအကျယ် တက်သွားနိုင်သည်လေ။ အခိက မေမေ ဖေဖေ့ဆီ ဒီသတင်းရောက်သွားလျှင် ကမ္ဘာပျက်ပြီပဲ။ မေစစ်ကို ဆူပူကြိမ်းမောင်းတာထက် မောင့်ကို ပြဿနာရှာမှာ ပိုသေချာနေ၏။ မေမေတို့ သောင်းကျန်းလျှင် မောင်က မေစစ်ရဲ့ ဘဝအမှန်ကို သိပြီလေ။ အဲ့ဒီအခါကျရင် မေစစ်ကို မောင် အရမ်း မုန်းသွားမှာ။ မောင့်အချစ်တွေကို မေစစ် လက်လွှတ်ဆုံးရှုံးသွားရမှာ။

မောင့်အပေါ်မှာ ရိုးသားမှုမရှိဘဲ ဟန်ဆောင်လိမ်ညာ လှည့်စားရက်လေခြင်းရယ်လို့ မောင် နာကြည်းသွားမှာလေ။ မောင်က မေစစ်ကို ဘဝကိုချိုတဲ့စွာ သူတစ်ပါးအရိပ်မှာ ခိုပြီး ရှန်းကန်နေရသူလေဆိုပြီး သနားကရုဏာသက်ပြီး မေစစ်အနားမှာ အားပေးဖော်လေးအဖြစ်နဲ့ ပျော်မွေ့စွာ နေပေးခဲ့တာ။ မေစစ်ရဲ့ ဘဝမှန်ကိုသာ မောင်သိသွားရင် အခုလိုမျိုး မောင် ချစ်ပါတော့မလားဟင်။

မောင့်ရဲ့ချစ်ခြင်းမေတ္တာတွေ မေစစ် လွယ်လွယ်ကူကူနဲ့





အဆုံးရှုံး မခံနိုင်ပါဘူး။ ဒါကြောင့် မေစစ်အခြေအနေကို အေးချမ်းနေအောင်ပဲ ကြိုးစားနေမိတာပေါ့။ မေစစ်ရဲ့ အားနည်းချက်ကို မောင်နားလည်ပေးပါကွယ်။

"မောင် မေစစ်မေးနေတယ်လေ ဘယ်သွားမလို့လဲလို့"

"ဘာလဲ မေစစ်၊ မောင့်နောက်ကို မလိုက်ချင်လို့လား"

"ရှင်"

"မောင် မဟုတ်တာ ဘာတစ်ခုမှ မလုပ်ဘူးမေစစ်၊ မောင့်ရဲ့ ကိုယ်ကျင့်သိက္ခာကို ယုံစမ်းပါ"

"ဟင့်အင်း၊ မေစစ် မောင့်ကို မယုံလို့ မဟုတ်ဘူး မောင်၊ အချိန်အကြာကြီး အပြင်ထွက်ခွင့် မရှိလို့ပါ၊ ဒါကြောင့် မေစစ် မေးနေတာပါမောင်"

"မေစစ်"

"ရှင်"

"မောင့်ကို ချစ်လားဟင်"

"မောင်ရယ် ဘယ်လိုမေးလိုက်တာလဲ၊ မောင့်ကို သိပ်ချစ်လွန်းလို့ အခုလို ဘယ်သူမှမသိအောင် ခိုးပြီး ထွက်တွေ့တာပဲကြည့်လေ၊ မောင့်ကို တွေ့ချင်၊ မြင်ချင်စိတ် တစ်ခုတည်းနဲ့ မေစစ် ခွန့်စားခဲ့တာ မောင်ရဲ့"

မေစစ်ရယ်။

ချစ်ရသူလေး မေစစ်ရဲ့ အဖြေကြောင့် မင်းဆတ်ခ ရင်ထဲ ဆစ်ခနဲ နေအောင်ပင် နင့်သည်းစူးရှသွားရသည်။

ယုံပါတယ်။

မေစစ်မှာ အခက်အခဲတွေ အများကြီး ရှိနေတဲ့ကြားကနေ မောင့်ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တယ်ဆိုတာ မောင်ယုံပါတယ် ချစ်ရယ်။ အဲ့ဒါကြောင့်လည်း မောင့်အချစ်ကို ပိုသနားပြီး ပိုပြီး လေးစားတန်ဖိုးထားတာပေါ့။

ဒါပေမယ့်

မေစစ်ရဲ့ ကိုယ်ရေးကိုယ်တာအထိ လိုက်ပြီး ထိန်းချုပ် ကန့်သတ်ချင်နေတဲ့ အိမ်ရှင်တွေရဲ့ စည်းလွတ်ဝါးလွတ် အုပ်ချုပ်မှု ကတော့ တရားလွန်းလွန်းတယ်ကွာ။

တကယ်ဆို

မေစစ်က အရွယ်ရောက်ပြီးသား မိန်းကလေး တစ်ယောက် ပါ။ မေစစ်မှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နဲ့ ကိုယ်ပိုင်စိတ်ခံစားခွင့်တော့ ရှိရမှာပေါ့။

"မေစစ်"

"ပြောလေ မောင်"

"အလုပ်ထွက်လိုက်ပါတော့လား မေစစ်ရယ်"

"ရှင်"





"မေစစ်အတွက် အရမ်းကို မွန်းကြပ်နေမယ်ဆိုရင် အဲ့ဒီ အိမ်မှာ အလုပ်မလုပ်ပါနဲ့တော့လား၊ မောင်လေ မေစစ်ကို တစ်ချိန် လုံး စောင့်ကြည့်နေတာ၊ တစ်နေ့လုံး တိုက်ထဲကနေတောင် အပြင်မ ထွက်ရဘူး၊ ဘယ်လောက်တောင် အလုပ်တာဝန်တွေ ပိနေသလဲ ဆိုတာ တွေးမိတိုင်း မောင့်ရင်တွေ နာကျင်နေရတယ်ချစ်ရယ်"

"မောင်ရယ်"

"မေစစ် ဘယ်လောက်ထိများ ပင်ပန်းနေလိမ့်မလဲလို့ တွေးတွေးပြီး မောင်မျက်ရည်တွေဝဲရတယ် မေစစ်ရယ်၊ မောင့် အချစ်ကို သနားလိုက်တာကွာ"

မောင်ရယ်။

မေစစ်ကို အဲ့ဒီလောက်ထိတောင် ချစ်သတဲ့လားရှင်။

မေစစ်လေ

မောင့်ဆီက အဲ့ဒီလို အကြင်နာစကားလေးတွေကို ကြားရ သလေ ပိုပြီး သွေးပျက်မတတ် တုန်လှုပ်လာလေလေပါပဲမောင်။ တကယ်တော့ မေစစ်က မောင်ထင်သလို သူများအိမ်မှာ တစ်နေ ကုန် တစ်နေ့ခမ်း အလုပ်တွေ လုပ်နေရတဲ့ အိမ်အကူကောင်မလေး တစ်ယောက်မှ မဟုတ်တာ။

မေစစ် အပြင်မထွက်ဘူးဆိုတာလည်း မေမေ့ရဲ့ တင်းကြပ် တဲ့စည်းကမ်းတွေကြောင့် အိမ်ထဲမှာပဲ နေတာပါ။ မေစစ် ဘယ်ကိုပဲ

သွားသွား တစ်ယောက်တည်း သွားလာခွင့် မရှိဘူးလေ မောင်၊ စိုးရိမ်စိတ်ကြီးလွန်းတဲ့ မေမေ့ရဲ့ ချစ်ခြင်းမေတ္တာတွေ ကြားမှာ မေစစ် မလှုပ်နိုင်ဘဲ နစ်မြုပ်နေရတာပါ။

မောင်ထင်သလို ဘာတစ်ခုမှ မဟုတ်ဘူးမောင်။

"မေစစ်"

"ရှင်"

"အဲ့ဒီအလုပ်ကနေ ထွက်လို့ မဖြစ်ဘူးလားဟင်"

"ဟို ဟို ဒါ ဒါကတော့"

"ကြိုငွေတွေ ယူထားလို့လားမေစစ်"

"ရှင်"

"ကြိုတင်လစာငွေတွေ ထုတ်ထားလို့လား"

"ဟုတ် ဟုတ်ကဲ့မောင်"

"ဘယ်လောက်တောင်များလို့လဲဟင်၊ ဖြစ်နိုင်ရင် မောင် ပြန်အမ်းပေးပါ့မယ်၊ အရေးကြီးတာ မေစစ် စိတ်လွတ်လွတ် လပ်လပ် နေရတယ်ဆိုရင်ပြီးရော"

ပြဿနာပဲ။

မောင်က တကယ့်အလုပ်သမား ထင်ပြီး သူမ ယူထားတဲ့ ကြိုငွေတွေကို အမ်းပေးဖို့အထိ ကြိုးစားနေ၏။ အဲ့ဒါတော့ မဖြစ်ဘူး။ မောင့်ကို တားဆီးမှ ဖြစ်မည်။





တော်ကြာ

မေမေတို့ဆီကို ဝင်တွေ့ပြီး ငွေအမ်းမယ့် အကြောင်း တွေကို ဆွေးနွေးနေမှ ပြဿနာ။

"ဟို ဟို ပြန်အမ်းလို့ မဖြစ်ဘူးမောင်ရဲ့၊ ကြိုငွေယူထား ...ာထက် မေစစ်ကိုယ်တိုင်ကိုက အဲ့ဒီလို မလုပ်ချင်တာပါ၊ မေစစ် ...ို့ ယုံကြည်လို့ အလုပ်မထွက်အောင် လစာတွေ အများကြီးပေးရင်း ...ားတာလေ၊ မေစစ် ပေးထားခဲ့တဲ့ ကတိကို တည်ချင်တယ်၊ ...ါကြောင့် မေစစ် အလုပ်မထွက်ချင်ဘူး မောင်"

"အင်း အဲ့ဒါကျတော့လည်း ဟုတ်သားပဲနော်၊ ဆောရီးပဲ မေစစ်ရယ်။ မောင်က မေစစ် အရမ်းပင်ပန်းမှာကို မကြည့်ရက် ...န်းလို့သာ ပြောတာ၊ ကတိပေးထားပြီးသားကို တည်ချင်တာ ...ည်း မှန်ပါတယ်လေ"

ဟူး။

မေစစ်အခုမှပဲ သက်ပြင်းမောလေး ကြိတ်ရှိုက်နိုင်တော့ ၏။

တော်သေးတာပေါ့။

မေစစ် ပြောလိုက်တာ မောင်ယုံကြည်သွားပေလို့ပဲ။ ...ဟုတ်ရင်တော့ ပြဿနာ။ မောင်က အလုပ်ကို ဖွတ်အတင်း ...ွက်ခိုင်းနေတော့လေ။ သူမ ဘယ်လိုမှ ထွက်လို့မရဘူးဆိုတာ

သူမကိုယ်သူမ အသိဆုံးဖြစ်သည်။

ဒါကြောင့်လဲ

မောင့်ကို နားလည်အောင် ရှင်းပြနေရ၏။ မောင့်စိတ်တွေ လျော့ချသွားဖို့အတွက်ပဲ ရည်ရွယ်ပြီး ပြောနေမိသည်။ မောင်က စိတ်ချရတာ မဟုတ်ဘူးလေ။

မေစစ်တစ်ယောက်

အရမ်းကို ပင်ပန်းနေရတယ်ထင်ပြီး အိမ်ရှင်တွေး ဝင်တွေပြီး အလုပ်ထွက်ဖို့ ပြောနေမှ ဒုက္ခဖြစ်ရမည်။

“အဲ့ဒါကြောင့် ပြောတာပေါ့ မောင်ရဲ့၊ မေစစ်က အချိန် အကြာကြီး ထွက်လို့မရဘူး ဆိုတာကလည်း အလုပ်တွေ အရမ်း ရှုပ်လွန်းလို့မှ မဟုတ်တာ၊ မေစစ် လုပ်ရတဲ့ အလုပ်က သက်သာ ပါတယ်၊ လစာငွေကလည်း အများကြီး ပေးထားတာလေ ဒါကြောင့် မေစစ် အလုပ်မထွက်ချင်တာပေါ့”

“မေစစ်”

“ရှင်”

“မေစစ်က ဘာလုပ်ရတာလဲဟင်”

“ရှင်”

“ဟို ဟိုလေ၊ အိမ်သန့်ရှင်းရေးလား၊ ဒါမှမဟုတ် ကလေး ထိန်းတို့ လူကြီးတွေ ပြုစုစောင့်ရှောက်ရတာတို့ကို မေးတာ၊ ကိုယ်





ကြည့်လိုက်တိုင်း အဲ့ဒီ အိမ်အပေါ်ထပ် အခန်းပြတင်းပေါက်မှာပဲ တွေ့တွေ့နေနေရတာဆိုတော့ ထူးဆန်းနေလို့”

အဲ

ဟုတ်သားပဲ။

မေစစ်က တစ်ချိန်လုံး မောင်နဲ့ တွေ့ဆုံခွင့်လေးရဖို့ သူမ အခန်းလေးထဲမှာ အကြောင်းအမျိုးမျိုးပြပြီး ဘယ်သူမှ မရိပ်မိအောင် နေအောင်းနေခဲ့တာလေ။ ဒါကို မောင့်စိတ်ထဲ ထူးဆန်းနေတော့မပေါ့။

“ပြောလေ မေစစ်၊ ကိုယ်က ကိုယ့်ချစ်သူရဲ့ အလုပ်ကို အထင်သေးလိုစိတ်နဲ့ မေးတာ မဟုတ်ပါဘူး၊ သိထားချင်ရုံ သက်သက်နဲ့ မေးတာပါ”

“ဟို ဟို ဘွားဘွား ဘွားဘွားကြီးကို ပြုစုလုပ်ကိုင်ပေး ရတာပါမောင်၊ အဟင်း ဟင်း ဟင်း၊ အဲ့ဒါကြောင့် မေစစ် တစ်ချိန်လုံး အခန်းထဲမှာ ရှိနေရတာပေါ့ မောင်ရယ်”

“သြော် ဒါကြောင့်ကိုး”

မောင်က သူမရဲ့ အချက်ကျကျ ပြန်ဖြေလိုက်တာလေး ကို နားထောင်ကာ ခေါင်းလေးတဆတ်ဆတ် ညိတ်နေတော့၏။

မေစစ်

မောင့်မျက်နှာချောချောလေးကို ငေးမောကြည့်ကာ မျက်ရည်လေးများ စို့သီသွားရသည့်အထိပင် ရင်ထဲနင့်သည်း

နေအောင်ပင် ခံစားလိုက်ရသည်။ သူမ ပြောသမျှတွေအပေါ် သံသယစိတ်ဟူ၍ မြူမှုန်မျှပင် မရှိစွာ မောင်က ယုံကြည်နေခဲ့သည်။

မောင်ဘက်က ရိုးသားဖြူစင်လေ မေစစ်ရဲ့ စိတ်တွေ ပို၍ပင် တုန်လှုပ်ချောက်ချားရလေပါပဲ။ မောင့်ကို ဟန်ဆောင် လိမ်ညာနေမိသည့် အဖြစ်ကို တွေးမိတိုင်း စိတ်တွေ မလုံမလဲ ဖြစ်ရမြပင်။

မောင်ရယ်။

မေစစ်ကို ခွင့်လွှတ်ပါနော်။

မေစစ် တောင်းပန်ပါတယ်မောင်ရယ်။

မေစစ်

အခုလိုတွေ လျှောက်လုပ်နေမိတာ မောင့်ကို သိပ်ချစ် လွန်းလို့ပါ မောင်ရယ်။

"မေစစ်"

"ရှင်"

"အချိန်အကြာကြီး မရဘူးဆိုရင်လည်း မောင်နဲ့ ဒီလမ်း ထိပ်က စတိုးဆိုင်လေးကိုတော့ ခဏလေး လိုက်ခဲ့ပါနော်၊ မောင် မေစစ်အတွက် အမှတ်တရ လက်ဆောင်လေးတစ်ခု ဝယ်ပေးချင် လို့ပါ၊ ပြီးတော့ မောင်က မနက်ဖြန်ဆို အိမ်ရှင်တွေကို ပြန်အပ် ပြီး ပြန်ကြတော့မှာလေ၊ မေစစ်က နေ့ခင်းပိုင်းလေးဆို အပြင်





ထွက်ဖို့တောင် အချိန်အားတာ မဟုတ်တော့ မောင့်အချစ်ကို မောင် တစ်ခါတည်း နှုတ်ဆက်ချင်လို့လေ"

"မောင်ရယ်"

မေစစ်ကို အဲ့ဒီလောက်တောင်ပဲ ချစ်သတဲ့လားရှင်ရယ်။

အလိုက်သိပြီး နားလည်တတ်လွန်းတဲ့ မောင့်ကို မေစစ် လေ အခုလို ဆက်ပြီးတောင် ဟန်ဆောင်မနေရက်လောက်အောင်ပဲ ဖြစ်နေရတယ်မောင်ရယ်။

"မေစစ်"

"ရှင်"

"မောင့်ကို အဲ့ဒီလောက် အခွင့်အရေးလေးတော့ ပေးနိုင် တယ်မဟုတ်လားဟင်"

မောင်ရယ်။

မေစစ်မှန်တစ်ယောက် မောင့်လက်လေးကို တင်းနေ အောင်ပင် ဆုပ်ကိုင်လျက် တိတ်ဆိတ်စွာပင် ခေါင်းလေးကို ညိတ်ပြလိုက်မိသည်။

"မေစစ်ရယ် ကျေးဇူးပါပဲကွာ၊ မေစစ်ကို အရမ်းကျေးဇူး တင်ပါတယ် မေစစ်ရယ်"

မောင်ရယ်။

သူမ ပခုံးလေးကို ပွေ့ဖက်ရင်း ခပ်တိုးတိုးလေး ကျေးဇူး

တင်သည့် စကားများကို ပြောနေတဲ့ မောင့်ကို ကြည့်ပြီး မေစစ်ရဲ့ မျက်ဝန်းအိမ်ထဲ အချစ်ရောင်တို့ တဖျပ်ဖျပ် လင်းလက်သွားရတော့သည်။

• • •



## အခန်း (၁၁)

"မေစစ်ရေ မေစစ်"

"....."

"သမီးရေ"

အခန်းအပြင်မှ တံခါးကို တဒေါက်ဒေါက် ခေါက်ပြီး သူ့မနာမည်လေးကို တတွတ်တွတ် အော်ခေါ်နေသော မေမေ့ခေါ်သံကြောင့် မောင့်ကို သတိရစိတ်လေးနှင့် ဝမ်းနည်းကြေကွဲနေရသော မေစစ်တစ်ယောက် စိတ်တွေ ရှုပ်ထွေးကာ နောက်ကိုသွားရတော့၏။

လက်ထဲတွင် မောင်အမှတ်တရ ဝယ်ပေးထားခဲ့သော လက်ပတ်နာရီအသည်းစားလေးကို မြတ်နိုးလွန်းစွာ ငေးစိုက်ကြည့်ပြီး ပါးပြင်လေးထက် စီးကျနေသော မျက်ရည်ကြည်လေးများကို ညင်သာစွာပင် လက်ဖမိုးလေးနှင့် ပွတ်သုတ်ကာ စာရေးစားပွဲလေး

ထဲ ပြန့်ထည့်သိမ်းကာ နေရာလေးကနေ လေးလံထိုင်းမှိုင်းစွာပင် ထရပ်လိုက်မိသည်။

ဒေါက် ဒေါက်။

တံခါးခေါက်သံက အဆက်မပြတ်ချေ။

မေမေ ဘာကြောင့် ဒီလောက်ထိတောင် အရေးကြီးနေသလဲမသိပါ။ သူမရဲ့ ထူးသံလေး မကြားမချင်းကို ခေါ်နေတော့သည်။ မေစစ် ဘယ်လိုမှ ဆက်ပြီး ငြိမ်သက်နေလို့ မဖြစ်တော့တာမို့ သူမ အခန်းတံခါးလေးအနီး တိုးကပ်သွားကာ တံခါးလက်ကိုင်ဖုသီးလေးကို လှည့်ဖွင့်ပေးလိုက်သည်။

"အမလေး မေစစ်ရယ် ခေါ်လိုက်ရတာ၊ အခန်းထဲမှာ တစ်ယောက်တည်း ဘာတွေလုပ်နေလို့ ဒီလောက်ထိ ပြန်တောင် မထူးနိုင်ရတာလဲ၊ အော်ခေါ်ရတာ မောလိုက်တာ"

"မေစစ်ကို ဘာဖြစ်လို့ ခေါ်တာလဲဟင်မေမေ"

"အောက်မှာ ဧည့်သည်တွေ ရောက်နေလို့ပေါ့၊ အဲ့ဒါ သမီးနဲ့တွေ့ပေးမလို့ လာခေါ်တာ၊ အခုတလော မေစင် ဘာတွေ အရူးထနေတာလဲဟင်၊ မေမေ သတိထားမိတာ ကြာပြီ မေစစ် ဝတ်စားပြင်ဆင်ထားတာ အရမ်းကို ဟောင်းနွမ်းနေတာပဲ၊ ဘာကြောင့် အခုလို အညံ့စား အဝတ်အစားတွေကိုချည်း မရိုးအီနိုင်အောင် ဝတ်နေရတာလဲမေစစ်၊ သမီးပုံစံက ဘုတ်ဘုတ်နဲ့ နင်လား





ပါလား ဖြစ်နေပြီဆိုတာရော သတိထားမိရဲ့လား၊ အခုလည်း ကြည့်လေ၊ သမီးမှာ အဲ့ဒီလောက်တောင် အဝတ်အစား ရှားနေရင်လည်း မေမေ့ဆီက ပိုက်ဆံ ထပ်တောင်းပြီး ဈေးဝယ်ထွက်စမ်းမေစစ်၊ အခုလို အညံ့စားတွေချည်း ခဏခဏ ဝတ်နေတာ မေမေ လုံးဝကြည့်မရဘူး"

"အိမ်နေရင်းမို့ ပေါ့ပေါ့ပါးပါးဖြစ်အောင် ဝတ်တာပါ မေမေ၊ မေစစ်မှာ အဝတ်အစားတွေ အများကြီးပါပဲ"

မေစစ်

အပြင်ကို ထွက်ချင်စိတ် ဓရှိတာကြောင့် ဈေးဝယ်ထွက်ဖို့ တိုက်တွန်းနေတဲ့ မေ့မေ့ရဲ့ စကားကို သူမ ငြင်းပယ်လိုက်မိသည်။

"လွတ်လွတ်လပ်လပ် ရှိအောင် ဝတ်တာတော့ ဟုတ်ပါရဲ့ သမီးရယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်မှာ မေမေ့သမီးပုံစံက ညှိုးနွမ်းနေတော့ ဘယ်ကောင်းမလဲ၊ မေမေတို့ရဲ့ ဂုဏ်သိက္ခာကိုလည်း ထောက်ဦးမှပေါ့ မေစစ်ရယ်"

"ဟုတ်ကဲ့ပါ မေစစ်နောက်ဆို ဆင်ခြင်ပါ့မယ်"

"နောက်မှ ဆင်ခြင်လို့မရဘူး မေစစ်၊ အခု အောက်ထပ်မှာ မေမေ့သူငယ်ချင်း မာမာဝေတို့ ရောက်နေတယ်၊ အဲ့ဒါ သေချာပြင်ဆင်ပြီး အောက်ထပ်ကို ဆင်းလာခဲ့၊ မာမာဝေက သမီးကို အရမ်းတွေ့ချင်နေတာ၊ ဒီနေ့မှစပြီး အိမ်ပြောင်းလာကြတာဆိုတော့

အလုပ်တွေ ရှုပ်နေမှာစိုးလို့ ထမင်းဟင်းချက်မနေနဲ့တော့လို့ ပြောထားတာလေ၊ မေမေတို့အိမ်မှာပဲ လာစားကြဖို့ ထမင်းစား ဖိတ်ထားတယ်မေစစ်၊ ဒါကြောင့် သမီးအောက်ကို ဆင်းလာပြီး နှုတ်ဆက်ဦး မေစစ်''

ပြဿနာပဲ။

မေစစ် စိတ်ညစ်လိုက်တာ။

တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လေး နေချင်ပါတယ်ဆိုမှ ဟန်ဆောင်ပြုံးတွေနှင့် ဧည့်သည်ကို နှုတ်ဆက်ရဦးမည်။ ပြီးတော့ ဧည့်သည်က မေ့မေ့သူငယ်ချင်း ဒေါ်မာမာဝေ တစ်ယောက်တည်းလည်း မဟုတ်ချေ။ ဒေါ်မာမာဝေရဲ့ သားဆိုတာလည်း ပါလာဦးမည်။

သူစိမ်းယောကျ်ားတစ်ယောက်ကို စိတ်ထဲက မပါဘဲ မိတ်ဆွေအဖြစ် တရင်းတနှီး ဆက်ဆံပြောဆိုရမှာကို မေစစ် ဝန်လေးနေမိသည်။

''မေစစ်''

''ရှင်''

''မေမေ ပြောတာ နားလည်တယ်နော်၊ မာမာဝေတို့ သားအမိရှေ့မှာ အခုလို ပုံစံမျိုးကြီးနဲ့ မနေဖို့ပေါ့''

''အို မေစစ်က အခု ဘာဖြစ်နေလို့လဲ မေမေရဲ့''





သူမကိုယ်သူမ ငုံ့ကြည့်ကာ မေ့မေ့ကို အထွန့်တက်မိ၏။

ဟုတ်တယ်လေ။

ချည်သားလက်ပြတ် အဖြူရောင် ရင်ဖုံးခါးတင်လေးကို ချည်သား ချိတ်လုံချည် ပြာနုနုလေးနှင့် တွဲဝတ်ထားတာ သူမခန္ဓာကိုယ် တောင့်တောင့်တင်းတင်း ချပ်ချပ်ရပ်ရပ်လေးနဲ့ ဘယ်လောက်ကောင်း ကြည့်ရဆိုးနေလို့လဲ။

မေမေက ဒီတစ်ခါတော့ အရမ်းကို အသည်းပိုလွန်းနေသည်။ အိမ်ကို ထမင်းစား ဖိတ်ထားပေမယ့် တကူးတက ဧည့်သည်တွေမှ မဟုတ်တာ။ နောက်ဆိုလျှင် နှစ်အိမ်တစ်အိမ်လို ဝင်ထွက်သွားလာနေမည့် အိမ်နီးချင်းတွေ ဖြစ်တော့မှာလေ။

ဒါကို

အပိုလုပ်ပြီး ဝတ်ကောင်းစားလှတွေနဲ့ ပြင်ဆင်ခြယ်သပြီး ညှို့ခံရတာကြီးကတော့ စိတ်ထဲတစ်မျိုးကြီး ဖြစ်နေမိသည်။

''မေစစ်''

''ရှင်''

''မေမေ့ကို စိတ်ညစ်အောင် မလုပ်နဲ့နော် မေစစ်၊ မေမေက အသစ်လဲဆိုရင်လဲပေါ့၊ မျိုးမဏ္ဍိုင်ရှေ့မှာ ညိုးနွမ်းနွမ်းပုံစံကြီးနဲ့ ဆင်းလာဖို့ မစဉ်းစားနဲ့ ဒါပဲ''

''မျိုးမဏ္ဍိုင် ဟုတ်လား''

"ဟုတ်တယ် မျိုးမတွေ့ကြိုင်တဲ့၊ မာမာဝေရဲ့ တစ်ဦးတည်းသော သားလေ"

ဟွန်း။

နာမည်ကိုက တင်တင်စီးစီး အခုထဲကိုက ထိပ်ဆုံးရောက်ချင်နေ၏။ လူက ဘယ်လိုပုံစံမျိုး ဖြစ်နေလိုက်မည်နည်း။ အတွေးလေးနှင့်အတူ မေစစ်မှန်တစ်ယောက် နှုတ်ခေါင်းလေး ရှုံ့လိုက်မိ၏။

"မေစစ် မေမေပြောတာ ကြားတယ်နော်"

"ဟုတ်ကဲ့ပါ မေမေရဲ့၊ စိတ်ချပါ၊ သမီးကို မှာချင်တာ ဒါပဲ မဟုတ်လား"

"အေး ပြီးတာနဲ့ ဆင်းခဲ့၊ သိပ်လည်း ကြာမနေနဲ့နော် နေ့လယ်စာ စားဖို့ အချိန်က နီးနေပြီ"

"ဟုတ်ကဲ့ မေမေ"

မေစစ်မှန်တစ်ယောက် မေမေ့ဆန္ဒအရ လုပ်ပေးရန် ခေါင်းလေးကို တဆတ်ဆတ် ညိတ်ပြကာ ကတိတွေ ပေးနေလိုက်သည်။ သူမ မလုပ်လို့ကလည်း ရမှမရတာလေ။ ဒါကို အတိုက်အခံလုပ်ပြီး ငြင်းမနေချင်တော့ပါဘူး။ စိတ်ချမ်းသာအောင် အလိုက်အထိုက် နေပေးဖို့ပဲ သူမ ကြိုးစားလိုက်သည်။

မေမေကတော့

သူမှာချင်တာတွေ မှာပြီးတာနှင့် သူမ အခန်းလေးထဲက





နေ ပြန်ထွက်သွား၏။ မေစစ်မှန်တစ်ယောက် အခန်းတံခါးလေးကို ပြန်ဆွဲပိတ်ကာ မေမေလုံးဝ ကြည့်မရသော ပုံစံလေးကို အမြန်ဆုံး ပြောင်းလဲသွားအောင် ပြင်ဆင်နေလိုက်သည်။

မျက်နှာကို မိတ်ကပ်ခပ်ပါးပါးလေး လိမ်းခြယ်ကာ အဝတ်အစားကို သူမနဲ့ အလိုက်ဖက်ဆုံးဖြစ်အောင် ရွေးချယ်ဝတ်လိုက်၏။ ဆံနွယ်ဖြောင့်စင်းစင်းလေးကို ဖြန့်ချထားလိုက်သည်။

ပြီးနောက်

မှန်လေးထဲတွင် စောစောကလို ရိုးရိုးယဉ်ယဉ်လေး ကြည့်လို့ကောင်းနေရာမှ ငယ်နုသွားသော သူမအသွင်လေးကို ကြည့်ကာ စိတ်ကျေနပ်နိုင်လောက်မည့် အခြေအနေလေး ဖြစ်တော့မှ အခန်းလေးထဲကနေ ထွက်ခဲ့လိုက်၏။

မေမေ

ဒီလောက်ဆိုရင်တော့ ကျေနပ်သင့်ပါပြီနော်။

မေစစ်

ဒီထက်ပိုပြီး မပြင်ဆင်ချင်လို့ပါ။

မေစစ် တစ်ယောက်တည်း စိတ်ထဲကနေ ကြိတ်၍ မေမေ့အား တောင်းဆိုနေမိသည်။ သူမခြေလှမ်းတွေက လှေကားထစ်များကို တစ်ထစ်ချင်း နင်းလျှောက်ကာ အောက်ထပ်ဆီသို့ တရွေ့ရွေ့ ဆင်းလာခဲ့လိုက်၏။ ဧည့်ခန်းဆီမှ စကားသံသဲ့သဲ့နှင့် ရယ်မောသံ

များ သူမကြားလိုက်ရတာမို့ ခြေလှမ်းတွေကို ညှော်ခန်းကျယ်ကြီးဆီသို့ ဦးတည်ပစ်လိုက်သည်။

"ဟော မေစစ်လာပြီ"

ခြေသံဖွဖွ နင်းလျှောက်လာသံကို ကြားလိုက်တာနှင့် မေမေက စောင်းငဲ့ကြည့်ကာ သူ့စိတ်တိုင်းကျဖြစ်အောင် ပြင်ဆင်လာသော မေစစ်ကို ကျေနပ်သွားသော မျက်ဝန်းများနှင့် စူးလက်စွာ စိုက်ကြည့်ကာ သူမရောက်လာပြီဆိုသည့် သတင်းအား ပေးလိုက်၏။

"ဟယ် ဒါ နွေဦးရဲ့သမီးလေးလား၊ ကြည့်စမ်း သမီး မေစစ်မှန်က လှလိုက်တာ"

အို။

သူမခန္ဓာကိုယ်လေးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး နှုတ်က နေ တအံ့တသြ ချီးကျူးစကား ဆိုလိုက်သော မေမေ့ငယ်သူငယ်ချင်း ဒေါ်မာမာဝေကြောင့် လှမ်းလက်စ ခြေလှမ်းလေးတွေပင် တုန့်ယင်သွားရသည်။

သို့သော်။

သတိလေးနှင့် ထိန်းကာ မှန်မှန်လေး ဆက်လျှောက်ပြီး မေမေ့နံဘေးကို ဆိုဖာခုံလွတ်လေးတွင် သူမ ဝင်ထိုင်လိုက်၏။

"မေစစ် ဒါက မေမေ အမြဲတမ်း ပြောပြောနေတဲ့ မေမေ့





ငယ်သူငယ်ချင်းမာမာဝေတဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် အန်တီဝေ"

"အေးကွယ် အန်တီဝေလည်း သမီးတို့နဲ့ အခုလို ပြန်ဆုံတွေ့ခွင့်ရတာ အရမ်းကို ဝမ်းသာပါတယ်ကွယ်၊ တစ်ချိန်လုံး မြန်မာနိုင်ငံကို သတိတွေ ရနေမိတာ၊ အသက်အရွယ်ရလာလို့လားမသိဘူး ရန်ကုန်က ရွှေတိဂုံဘုရားကြီးကို ဖူးချင်တဲ့စိတ်တွေက ပိုလို့တောင် ဆန္ဒတွေ ပြင်းပြနေရတယ်ကွယ်"

"အမလေး မပူနဲ့ဝေ၊ သမီးက ကားမောင်းကျွမ်းပြီးသားပဲ၊ ဝေ ဘယ်ကိုပဲ သွားချင်သွားချင် အချိန်မရွေး မေစစ်ကို အဖော်လုပ်ပြီး ပို့ခိုင်းလို့ရတယ်၊ သမီးက ကျောင်းတက်ဖို့ စောင့်နေတုန်းဆိုတော့ အချိန်ပြည့်အားလပ်နေတာလေ ဝေရဲ့"

ဟင်။

မေမေရဲ့ စေတနာတွေ ရေစီးကမ်းပြို လိုက်နေသော စကားလေးကြောင့် မေစစ်မှန်ရဲ့ မျက်နက်ဝန်း ဝိုင်းဝိုင်းလေးတွေ အံ့ဩမယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားရသည်။

ဘာကြောင့်

အဲ့ဒီလောက် အာမခံသည့် စကားမျိုး မေမေ ပြောလိုက်ရတာပါလိမ့်။

တကယ်ဆို

မေစစ်ရဲ့ ဆန္ဒကို မေးကြည့်သင့်သည်။

အခုတော့

ဆိုင်းမဆင့်၊ ဗုံမဆင့် ကတိတွေ ပေးနေတာတော့ တရားလွန်လွန်းနေချေပြီ။ မေစစ်မှာ အန့်တီမာမာဝေကို အားနာစိတ်တွေနှင့် ငြင်းပယ်မရအောင် ရှိနေရသည်။

"မေစစ်"

"ရှင် အန့်တီဝေ"

"သမီးကို အထူးမိတ်ဆက်ပေးရဦးမယ်၊ ဒါက အန့်တီမာမာဝေရဲ့သား မျိုးမဏ္ဍိုင်တဲ့၊ မှတ်ထားနော် သမီး"

"ရှင် ဟုတ် ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ကိုယ်လည်း ဝမ်းသာပါတယ်မေစစ်၊ အထူးသဖြင့် မြန်မာအမျိုးသမီးကိုယ်စားပြုတဲ့ မင်းလို သိပ်လှတဲ့ မိန်းကလေးမျိုးနဲ့ ဆုံတွေ့ရတာကိုပေါ့၊ မင်း တော်တော်လေးလှတယ်"

"ဟင်"

"ဟဲ့ သား"

ဒေါ်မာမာဝေရဲ့ တားဆီးသံက အလန့်တကြား ထွက်လာ၏။

မေစစ်မှာလည်း မဏ္ဍိုင်ဆိုတဲ့ လူဆီက မထင်မှတ်ဘဲ ကြားခွင့်ရလိုက်သော စကားကြောင့် မေစစ်မှန် မျက်နှာလေး





ရှက်သွေးလေး ရဲ့စိုကာ သွားရသည်။ လူကြီးမိဘတွေရှေ့တွင် ထိန်းချုပ် သင့်မသင့် စဉ်းစားဆင်ခြင်ခြင်း မရှိ။ စိတ်ထဲမှာ ရှိတဲ့အတိုင်း အပွင့်လင်းဆုံး ပြောချလိုက်သော သူ့စကားကြောင့် အားလုံး ဘာပြောလို့ဆက်ပြောရမှန်း မသိအောင်ပင် ပါးစပ်အဟောင်းသားကလေးတွေ ဖြစ်ကာ သူ့မျက်နှာဆီ အကြည့်နက်နက်လေးတွေ ရောက်ကုန်ကြတော့၏။

"တကယ်ပြောတာ မေစစ်ရဲ့၊ မင်းမယုံမရှိနဲ့၊ မင်းလောက် ပြီးပြည့်စုံတဲ့အလှမျိုး ပိုင်ဆိုင်ထားတဲ့ မိန်းကလေးမျိုး ကိုယ်တစ်ခါမှ ကို မတွေ့ဖူးသေးတာ"

"အို ရှင် ဘယ်လိုပြောလိုက်တာလဲရှင့်"

မေစစ်

ဒေါသထွက်ထွက်နှင့် သူ့ရဲ့အလိုက်မသိ ပြောဆိုမှုကို လေသံဆတ်ဆတ်နှင့် တားဆီးပစ်လိုက်မိသည်။ မျိုးမဏ္ဍိုင်ဆိုတဲ့ လူကတော့ သူမစိတ်ဆိုးနေတာကိုပင် ကြည့်ကောင်းကောင်းနှင့် မေးမောကာ ခပ်စူးစူးနင့်နင့်လေး စိုက်ကြည့်နေသေးတော့၏။

"အဟင်း ဟင်း မောင်မျိုးမဏ္ဍိုင်ကတော့ တကယ့်ကို စိတ်ထားပွင့်လင်းရိုးသားတာပဲ၊ ရင်ထဲက ခံစားချက်ကို မကွယ်ဝှက်တတ်ဘူးနော်၊ အဲ့ဒါ သိပ်ကောင်းတာပဲ၊ အဟင်း ဟင်း"

မေမေ

သူမ မယုံကြည်နိုင်သလို မေမေ့မျက်နှာဆီ လှမ်းကြည့်လိုက်မိသည်။ တကယ်ပဲ မေစစ် အရမ်းကို စိတ်ဆိုးနေပြီဆိုတာ မေမေရိပ်မိသွားပုံရ၏။ စကားလမ်းကြောင်းကို ချက်ချင်းပြောင်းကာ ရယ်စရာအဖြစ် အသက်သွင်းပစ်ခဲ့သည်။

မေမေရယ်နေပေမယ့် မေစစ် လိုက်မရယ်ဖြစ်ပါ။

မအေတစ်ယောက်လုံးရှေ့မှာ ထားပြီး သမီးဖြစ်သူ၏ အလုကို ပေါ်ပေါ်ထင်ထင် ချီးမွမ်းခန်း ဖွင့်ခဲ့သော မျိုးမတ္တိုင် ဆိုတဲ့ လူကို ကြည့်ကာ နှုတ်ခမ်းလေးကို တင်းနေအောင် စေ့ပိတ်လျက် မျက်စောင်းစူးစူးကြီးနှင့် ဒိုင်းခနဲ ထိုးပစ်လိုက်မိတော့သည်။

● ● ●



## အခန်း (၁၂)

"သမီး မေစစ်ကို အန်တီတောင်းပန်ပါတယ်ကွယ်၊ သားက သူ့စိတ်ထဲရှိတာကို အဲဒီလိုပဲ ပွင့်ပွင့်လင်းလင်း ပြောတတ်တာကွဲ့၊ ဘယ်တော့မှ ဟန်ဆောင်ဖုံးကွယ်မှုတွေနဲ့ မနေတတ်ဘူး၊ အန်တီဝေ ကိုယ်တိုင်ကလည်း သားကို အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်လို နားလည်မှုပေးပြီး ဆက်ဆံတော့ ပိုဆိုးတာပေါ့ကွယ်၊ ဒါကြောင့် အပြောအဆို အပြုအမူတွေ ရိုင်းသွားသလိုဖြစ်ရင် သမီးကပဲ နားလည်ခွင့်လွှတ်ပေးပါလို့ အန်တီဝေကပဲ တောင်းပန်ပါတယ်ကွယ်"

နှုတ်ခမ်းလေးတွေ စူပုတ်နေသော မေစစ်မှန်ဆိုသည့် ကောင်မလေးကို လေပြေအေးလေးနှင့် မာမီက ဖြေရှင်းကာ တောင်းပန်ချော့မော့နေ၏။ ဒီတော့မှ မေစစ်မှန်ဆိုတဲ့ မိန်းမချော လေးက စိတ်ဆိုးပြေသွားဟန်ရှိသည်။ သုန်မှုန်နေသော မျက်နှာ

လှလှလေးက ခဏလေးချင်းမှာပင် ပြန့်၍ ပြေလျော့သွားတော့၏။

မျိုးမင်္ဂလာတိုင်တစ်ယောက်

မေစစ်မွန်ဆိုတဲ့ ကောင်မလေးကို ငေးကြည့်ကာ သူ့နှုတ်ခမ်း နီထွေးထွေးကြီးတွေကို ပြုံးပစ်လိုက်မိသည်။

မေစစ်မွန်တဲ့။

သိပ်လှတဲ့ကောင်မလေးပဲ။

အသားအရေလေးက ဖြူနုဝင်းမွတ်နေ၏။ မြင့်မား သွယ်လျသော အရပ်အမောင်းလေးနှင့် လိုက်ဖက်စွာ ခန္ဓာကိုယ်လေးက တောင့်တင်းဖြောင့်စင်းနေသည်။

ဖူးဖူးနုနု မျက်နှာလေးမှာ ဘာအစက်အပြောက်မှ မရှိ ပကတိကြည်စင်လျက် ပြင်ဆင်လိမ်းခြယ်ထားသော မိတ်ကပ်ရောင် ခပ်ပါးပါးလေးနှင့် မြင်လိုက်ရသော သူ့ရင်ထဲ ဘယ်လိုမှ အေးအေး တည်ငြိမ်မှု မရှိစွာပင် ထိုအလှတရားများအောက်သို့ ထိုးစိုက်ကျကာ အလဲလဲအပြိုပြို ဖြစ်သွားရတော့သည်။

မျိုးမင်္ဂလာတိုင် ဘာဖြစ်သွားတာလဲ။

မေစစ်မွန်ဆိုတဲ့ ကောင်မလေးကို ညှို့ခန်းကျယ်ကြီးထဲ ညင်သာသွဲ့ပျောင်းစွာ တဖြည်းဖြည်း လျှောက်လာနေတာလေးကို ငေးကြည့်ကာ ရင်တွေ တထိတ်ထိတ် အခုန်မြန်နေရတော့၏။ သူ့မျက်နှာဆီ မျက်ဝန်းရိပ်လေး ရွှေ့မလာဘဲ သူမက ထိုင်ခုံလွတ်





လေးတွင် အေးဆေးတည်ငြိမ်စွာ ဝင်ထိုင်ပြီး ကြည်နူးမြူးကြွသော အပြုံးလှဲ့လှဲ့လေးနှင့် မာမီ့ကိုသာ ဂရုတစိုက် နှုတ်ဆက်နေ၏။

သူ့ကို နံဘေးမှာ ရှိနေသည်ဟုပင် သူမလေးထင်ပုံမရ။ သူမလေး အသိအမှတ် မပြုဘဲ ခပ်တည်တည်လေးနေလေ သူ့စိတ်တွေ ပို၍ လှုပ်ရှားနေရလေလေပါပဲ။ သူမရဲ့ မထေမဲ့မြင် လုပ်နေတဲ့ ပုံစံလေးကိုကြည့်ပြီး မျိုးမင်္ဂလာတိုင် အသည်းတယားယား နှင့် ရှိနေရတော့သည်။

ဒါကြောင့်

သူ့ကို မိတ်ဆက်ပေးလိုက်တဲ့အချိန်မှာပဲ သူမလေးရဲ့ စိတ်တွေ ကသိကအောက်ဖြစ်ပြီး မျိုးမင်္ဂလာတိုင်ဆိုတဲ့ သူ့ကို မှတ်မှတ် ထင်ထင် ရှိသွားအောင် လူကြီးတွေရှေ့မှာ ပေါ်ပေါ်ထင်ထင်ပဲ သူမကို သိပ်လှသည်ဟု သူမရဲ့ အလှကို ချီးမွမ်းလျက် မိတ်ဆက် ခဲ့လိုက်သည်။

မေစစ်မွန်တစ်ယောက် လူကြီးတွေရှေ့မှာ သူ့ရဲ့ မိတ်ဆက် ကို အံ့လည်းသြ ရှက်လည်းရှက်ရွံ့သွားဟန်ရှိသည်။ မျက်စိမျက်နှာ ပျက်ကာ ဒေါသတကြီး သူ့အား တုံ့ပြန်ဖို့ ပြင်ဆင်တော့၏။

သူမရဲ့

ရှက်ရဲရဲ မျက်နှာနီနီလေးနှင့် နှုတ်ခမ်းစိုရဲရဲလေးများကို မြင်တော့ကာ မကျေမနပ် ရန်စွာဖို့ ကြိုးစားလိုက်တဲ့ သူမရဲ့ မျက်နှာ

လှလှလေးကို ငေးမောကာ စိတ်မဆိုးရက်နိုင်စွာပင် မြတ်နိုးလွန်းစွာ သူ စိုက်ကြည့်ပစ်လိုက်မိသည်။

လှလိုက်တာ မေစစ်မွန်ရယ်။

ပြုံးရယ်နေတဲ့ မျက်နှာလေးက ရင်ခုန်စွဲမက်စရာ ကောင်းအောင် လှသလို စိတ်ဆိုးဒေါသထွက်ပြီး မှုန်ကုတ်နေတဲ့ မျက်နှာလေးကလည်း စိတ်မဆိုးရက်နိုင်လောက်အောင်ပင် ဖွဲ့ဆောင်မှုလေး ရှိလွန်းလှသည်။

ဘယ်လိုလုပ်မလဲ မေစစ်မွန်။

ကိုယ့်နှလုံးသားတွေက မင်းကို မြင်မြင်လိုက်ချင်းမှာပဲ ဘယ်လိုမှ အောင့်အီးထိန်းချုပ်လို့ မရနိုင်တော့လောက်အောင်ပဲ ချစ်မြတ်နိုးနေမိပြီ မေစစ်မွန်လေးရယ်၊ အဲ့ဒီအတွက် ကိုယ့်ရင်ထဲမှာ လိုအင်ဆန္ဒတွေ ကြီးမားနေခဲ့ရပြီချစ်ရယ်။ မင်းလေးကို ပိုင်ဆိုင်ထားချင်တဲ့စိတ်တွေကို ရင်ထဲမှာ ထုထည်တွေ ကြီးမားနေခဲ့ရပြီ ကောင်မလေးရယ်။

"မေစစ်"

"ရှင်"

"သားကို ခွင့်လွှတ်လိုက်ပါနော်၊ သားက ဟိုမှာ ကြီးပြင်းလာတဲ့သူဆိုတော့ မြန်မာနိုင်ငံမှာ သဟဇာတ ဖြစ်အောင် မနေတတ်သေးလို့ပါကွယ်"





မေစစ်မွန်တစ်ယောက် သူမကို အားနာလှစွာဖြင့် ောင်းပန်နေသော အန်တီမာမာဝေကို ကြည့်ပြီး သူမရဲ့ ဒေါသ တ်တွေကို ပြေဖျောက်ကာ မျိုးမဏ္ဍိုင်ဆိုတဲ့ အပြောအဆိုကြမ်း သော လူကို ခွင့်လွှတ်လိုက်မိသည်။

ဘာပဲပြောပြော

ဒီကနေ့မှ အိမ်ပြောင်းလာကြသော မေမေ့ရဲ့ ငယ်သူငယ် င်းကို စိတ်မညစ်စေချင်ပါ။ မေမေကလည်း သူမရဲ့ အဖြစ်သည်း ကို မျက်စောင်းတထိုးထိုးနှင့် ဟန့်တားနေ၏။ မေစစ်ကို ညှဲ့သည် ရှေ့မှာသာ ဘာမှမပြောတာ မေမေက ဒီလောက်လေး မကား ဘာကို အထအနကောက်ကာ ပြဿနာရှာနေသော သူမကို တ်တွေဆိုးနေဟန်ရှိသည်။

မေစစ်

မေမေ့ဆီ လှည့်စောင်း မကြည့်ဘဲ ငြိမ်နေမိသည်။

"မေစစ်"

"ရှင်"

"သားကို ခွင့်လွှတ်တယ် မဟုတ်လား"

"ဟုတ်"

သူမခေါင်းလေးကို ညင်သာစွာပင် ညိတ်လိုက်တော့ န်တီမာမာဝေရဲ့ မျက်နှာလေးက စိတ်ပေါ့ပါးသွားဟန်နှင့်

ကြည်နူးလန်းဆန်းကာ ပြုံးသွား၏။ မေမေဆီကလည်း သက်ပြင်း ငိုရှိုက်သံလေးကို သူမ ကြားဖြစ်အောင်ပင် ကြားခွင့်ရလိုက်သေးသည်။

မျိုးမဏ္ဍိုင်ဆိုတဲ့ လူဆီ သူမ ဖျတ်ခနဲ လှမ်းကြည့်တော့ သူဘာတစ်ခုမှ အမှားမလုပ်ခဲ့သူတစ်ယောက်လို ခပ်အေးအေးပင် ရှိကာ သူမမျက်နှာလေးဆီ စူးစူးနင့်နင့်လေး စိုက်ကြည့်နေသည်။ မေစစ်မှန်တစ်ယောက် အမြင်ကတ်လှစွာပင် မျက်စောင်းလေး ထိုးပစ်လိုက်မိ၏။

ဒါကို

သူက ဘာမှ မဖြစ်သလိုပင် နှုတ်ခမ်းနီထွေးထွေးကြီးတွေက ပြုံးနေသေးတော့သည်။

အမြင်ကတ်လိုက်တာနော်။

ဘယ်ဘဝရေစက်ကြောင့်များလဲမသိ မျိုးမဏ္ဍိုင်ဆိုတဲ့ သူကို မြင်တွေ့လိုက်ရသည်ဆိုလျှင်ပဲ မေစစ်ရဲ့ ရင်ထဲ မနှစ်မြို့သည့် စိတ်တွေက ပြည့်လျှံနေရတော့၏။ ဘာကြောင့်မုန်းမသိ အလိုလို မခင်တွယ်စိတ်တွေနှင့် မုန်းနေမိသည်။

လူကို မြင်မြင်ချင်း နှုတ်ဆက်ပုံက တကယ့်ကို လေးစားခြင်း မရှိချေ။ ဒီစကားဟာ ပြောသင့်ပါရဲ့လားလို့ သူ စဉ်းစားပုံမရ။ သူ့စိတ်ထဲရှိတာကို အဲဒီလိုပဲ ပြီးပြီးရောပြောလို့ ဖြစ်မလား။ တစ်ဘက်





သား ဘယ်လိုအခက်အခဲ ရှိသွားမလဲဆိုတာ သူမတွေးသင့်ဘူးလားဟင်။ . လူကြီးတွေကို အားနာလွန်းလို့သာ မေစစ်စိတ်တွေကို ပေါက်ကွဲမသွားအောင် ထိန်းချုပ်လိုက်ရတာ။ သူ့ကို အခုလို အလွယ်တကူကြီး ခွင့်လွှတ်ပေးလိုက်ရတာတော့ နာကြည်းစရာပါပဲ။ ပြီးတော့ ပြုလုပ်သူကိုယ်တိုင်က မတောင်းပန်ပါဘဲ သူမဘက်က တစ်ဖက်သတ် အလျှော့ပေးခဲ့ရတာလေ။

“မေစစ်”

“ရှင် မေမေ”

“ညွှသည်တွေကို အားနာစရာကွယ်၊ ဘာမဟုတ်တဲ့ ကိစ္စလေးကို အကျယ်ချဲ့ပြီး ပြဿနာရှာရတယ်လို့ မေမေ့မျက်နှာကိုလည်း ထောက်ထားပါဦး၊ မာမာဝေ တောင်းပန်စရာ မလိုလောက်အောင် သမီးက နားလည်ပေးရမှာလေ၊ မောင်မျိုးမဏ္ဍိုင်က သမီးကို လှတယ်လို့ပြောတာ စိတ်ဆိုးစရာမှ မဟုတ်တာ၊ အကောင်းနဲ့ ချီးကျူးတာကို ဂုဏ်တောင် ယူရဦးမယ်၊ အခုတော့ သမီးရဲ့ ဆက်ဆံမှုက အရမ်းကို စိမ်းသက်လွန်းတယ် မေစစ်”

မေမေကတော့ လုပ်ပြီ။

မေစစ်မှားသွားတယ်ဆိုလျှင်တောင် အခုလို ညွှသည်တွေ ရှေ့မှာ ဝေဖန်ပြဖို့တော့ မကောင်းပါဘူး။ မေမေ အခုလို လုပ်တော့ မျိုးမဏ္ဍိုင်ဆိုတဲ့လူ ဘယ်လိုဖြစ်သွားသလဲ။ သူ့ကို

အားပေးအားမြှောက် လုပ်တာတော့ မကောင်းပါဘူး။

မေမေက သူ့ဘက်က ပါတယ်ဆိုပြီး မေစစ်ကို ဒီထက် ရင့်သီးတဲ့ ဆက်ဆံမှုတွေနဲ့ ဆက်ဆံလာတော့မှာပေါ့။ စိတ်ညစ်လိုက်တာ မေမေနဲ့တော့ ခက်ရချည်ရဲ့။

''မေစစ်''

''ရှင်''

''မောင်မျိုးမဏ္ဍိုင်ကို စိတ်ကျဉ်းကျပ်အောင် မလုပ်စမ်းနဲ့မေစစ်၊ သူက မေမေအထူးဖိတ်ကြားထားတဲ့ ဧည့်သည်လေ၊ မေစစ် လေးစားရမယ်''

မေမေ့စကားလေးကြောင့် မေစစ်မျက်နှာလေး ကွက်ခနဲ ပျက်သွားရ၏။ မကျေမချမ်းနိုင်စွာပင် မျိုးမဏ္ဍိုင်ဆိုတဲ့ သူ့ကို မျက်စောင်းကြီး လှမ်းထိုးကာ သူမ ငြိမ်သက်နေမိသည်။

ဧည့်ခန်းကျယ်ကြီးထဲ တဒင်္ဂဆိုသလိုပင် တိတ်ဆိတ်ငြိမ်ကျသွားခဲ့၏။

''ကဲပါကွယ် တော်ကြပါတော့၊ ပျော်ရွှင်စရာ အချိန်လေးမှာ အခုလို ဖြစ်နေကြတာတော့ မကောင်းပါဘူး၊ ဒီကိစ္စကို ဒီမှာပဲ ရပ်လိုက်ကြရအောင်ရယ်၊ ကလေးတွေအားလုံး စိတ်ညစ်ကုန်ကြပါဦးမယ်''

တိတ်ဆိတ်သွားသောအခြေအနေကို အပြုံးလေးတွေနှင့်





ပြန်အသက်သွင်းသူက မျိုးမဏ္ဍိုင်ရဲ့မာမီ ဒေါ်မာမာဝေပဲ ဖြစ်သည်။

''ဟုတ်ပါရဲ့ ဝေရယ်၊ ကဲ ကဲ အားလုံးမေ့ထားလိုက်ကြသော့ နေ့လယ်စာ စားဖို့ အချိန်လည်း ရောက်နေပြီဆိုတော့ စားလိုက်ကြရအောင်နော်''

မေမေကလည်း

အခြေအနေကို ပြန်ထိန်းကာ အပြုံးလေးတွေနှင့် နေရာာနေ ထရပ်လိုက်တာမို့ ဒေါ်မာမာဝေကလည်း မေမေနည်းတူစွာင် ထရပ်ကာ သူငယ်ချင်းနှစ်ဦး ရယ်မော စကားလေး တပြောပြောနှင့် ထွက်သွားတော့၏။ မေမေ ကျောခိုင်းကာ ထွက်သွားပြီဆိုလျှင်ပဲ မေစစ်လည်း ဆက်မထိုင်နေတော့ဘဲ နေရာကနေ ချက်ချင်းထရပ်လိုက်၏။

''နေဦး မေစစ်''

''ဟင် ရှင် ရှင် ဒါဘာလုပ်တာလဲ၊ လွှတ် လွှတ် ညှန်မ လက်ကို လွှတ်''

''လွှတ်မှာပါ၊ ဒါပေမယ့် ကိုယ်ပြောတာကိုတော့ မင်းနားထောင်ပေးရလိမ့်မယ် မေစစ်''

''ဘာရှင့်''

''ဟုတ်တယ် မေစစ်၊ လူကြီးတွေရှေ့မှာ ပြောရင် မင်းကို လေးစားလို့လို့ ထင်တယ်မဟုတ်လား၊ ဒါ့ကြောင့် မင်းကို

အလေးအနက်ထားပြီး ကိုယ်ပြောမယ် မေစစ်၊ အဲ့ဒါ ကိုယ် မင်းကို မြင်မြင်ချင်း ချစ်သွားမိပြီဆိုတာပဲ မေစစ်မှန်"

"ရှင် ရှင်"

မေစစ်မှန်တစ်ယောက်

မျိုးမင်္ဂလာဘိုင်ရဲ့ စကားလေးကြောင့် အသားလေးများ တဆတ်ဆတ်တုန်သည့်အထိ ဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲသွားရသည်။

"တကယ်ပြောတာ မေစစ်၊ ကိုယ်က အနောက်နိုင်ငံမှာ ကြီးပြင်းခဲ့သူမို့လို့ ရင်ထဲက ခံစားချက်ကို လွတ်လပ်စွာ ဖွင့်ပြောတတ်တာလားတော့ မသိဘူး၊ ကိုယ်မင်းကို ချစ်နေမိတာ အမှန်ပဲ မေစစ်"

"တော်စမ်း မျိုးမင်္ဂလာဘိုင်၊ ရှင့်ကို မေမေ့အချစ်ဆုံး သူငယ်ချင်းရဲ့သားမို့လို့ အခုလို သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ဖို့ ကြိုးစားခဲ့တာ၊ ရှင်အခုလို စိတ်လိုလက်ရ စော်ကားတဲ့ အပြုအမူတွေ လုပ်ဖို့ အခွင့်အရေးပေးခဲ့တာ မဟုတ်ဘူးရှင့်၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ် သိလား၊ ရှင့်ကို မြင်မြင်ချင်းပဲ ကျွန်မ သိပ်မုန်းသွားခဲ့တာ၊ အဲ့ဒါ ရှင်ဘယ်တော့မှ မမေ့နဲ့မျိုးမင်္ဂလာဘိုင်"

မေစစ်မှန်တစ်ယောက် နာနာကျင်ကျင်လေးပြောကာ သူ့လက်တွေထဲမှ သူမ လက်ဖဝါးလေးကို အားစိုက်ကာ ဆောင့်ရုန်း





ပြီး နေရာလေးကနေ ချာခနဲနေအောင်ပင် ထွက်လာခဲ့တော့သည်။

မျိုးမင်္ဂလာဘိုင်မှာတော့

ဒေါသတကြီး ရေရွတ်သွားသော မေစစ်မှန်ရဲ့ စကားလေးတွေကို နားထောင်ပြီး ကြည်လင်စွာ ပြုံးလိုက်မိ၏။

မေစစ်ရယ်။

မင်းက ကိုယ့်ကို မြင်မြင်ချင်း မုန်းသတဲ့လား။

အဟွန်း။

မင်း ကိုယ့်အကြောင်း မသိသေးဘူး မေစစ်မှန်။

မျိုးမင်္ဂလာဘိုင်ဆိုတဲ့ ကိုယ်က ရင်ထဲက ခံစားချက်တစ်ခုတည်းကိုပဲ အလေးအနက် ထားတတ်တဲ့သူဆိုတာလေ။ ကိုယ်က ငယ်စဉ်လေးကတည်းက ကိုယ်လိုချင်တာ ကိုယ်ဖြစ်ချင်တာကို ဖြစ်ဖြစ်အောင် လုပ်ယူတတ်တဲ့သူတစ်ယောက်ပဲ မေစစ်မှန်။

အဲ့ဒီအတွက်

ကိုယ်ဘာတွေ ရင်းရမလဲ။

ဘာတွေပေးဆပ်ရမလဲ ကိုယ့်ဘက်က အဆင်သင့်ပဲ။

အရေးကြီးတာ

ကိုယ်လိုချင်တာကို ရယူပိုင်ဆိုင်ထားရဖို့သာ အဓိကပဲ မေစစ်မှန်။

အခု

ကိုယ် မင်းကို လိုအပ်နေပြီ မေစစ်မှန်။

ကိုယ့်ရင်ထဲက သိပ်ချစ်တတ်သွားတဲ့ နှလုံးသားလေး အတွက် ဖြေသိမ့်မှုလေးကို ကျေနပ်လောက်အောင် ဖြည့်ဆည်းဖို့ပဲ။

အဲ့ဒီအတွက်

ကိုယ့်ဘက်က ရှေ့ဆက်တိုးဖို့ အဆင်သင့်ပဲ မေစစ်မှန်၊

စိတ်မကောင်းပါဘူးကွာ။

မင်းကို ရွေးချယ်ပြီး ကိုယ့်ရင်ထဲက နှလုံးသားတွေက ချစ်မိသွားတာကို။ အဲ့ဒီအတွက် မင်းကံဆိုးတယ်လို့တော့ မဆိုလို့ နိုင်ပါဘူးကွာ။

အဟွန်း ဟွန်း။

• • •



## အခန်း (၁၃)

"သား မေစစ်ကို ချစ်နေမိပြီမာမီ"

"ဟေ"

"ဟုတ်တယ် မာမီ၊ သူ့ကို မြင်မြင်ချင်းပဲ ချစ်မိသွားတာ၊ ဒါပေမယ့် မေစစ်ကတော့ ခါးခါးသီးသီးပဲ တုံ့ပြန်တယ်မာမီ၊ အဟွန်း ဟွန်း"

"မဏ္ဍိုင် မင်း မင်း ဘာပြောလိုက်တယ်၊ မေစစ်က ခါးခါးသီးသီး တုံ့ပြန်တယ် ဟုတ်လား၊ ဒါ ဒါဆို မေစစ်ကို မင်းပြောပြီးပြီပေါ့ မဏ္ဍိုင်"

"ဒါပေါ့ မာမီရဲ့၊ မဏ္ဍိုင်က ကိုယ့်ရင်ထဲက ခံစားချက်ကို ဘယ်တုန်းကများ မျိုသိပ်ဖုံးကွယ်ထားတတ်လို့လဲ"

"ဘယ် ဘယ်တုန်းက ဖွင့်ပြောလိုက်တာလဲ မဏ္ဍိုင်၊ ဘုရား ဘုရား မြန်ဆန်လိုက်တာ မဏ္ဍိုင်ရယ် မာမီကို နည်းနည်း

ပါးပါးတိုင်ပင်ပါဦးလား၊ အခုတော့ အားလုံးမျက်နှာပူစရာတွေ ဖြစ်ကုန်တော့မှာပဲကွယ်”

ဒေါ်မာမာဝေတစ်ယောက် သားဖြစ်သူကို ကြည့်ပြီး စိတ်အညစ်ကြီး ညစ်သွားရသည်။ တစ်ဦးတည်းသော သားလေးမို့ သားကို အလိုလိုက် အကြိုက်ဆောင်ထားခဲ့တာ ဒီတစ်ခါတော့ မှားများ မှားသွားခဲ့ပြီးလားဆိုတာ ဒေါ်မာမာဝေ မစဉ်းစားတတ်တော့ပါချေ။

ဆိုင်းမဆင့်၊ ဗုံမဆင့် သားဆီက ဖွင့်ပြောလာသော ထူးဆန်းသည့် အကြောင်းအရာတစ်ခုကြောင့် ဒေါ်မာမာဝေ တစ်ယောက် အတုန်လှုပ်ကြီး တုန်လှုပ်သွားခဲ့ရသည်။

မေစစ်မွန်ကို သားဖြစ်သူက ချစ်နေပြီတဲ့လေ။

ဒါကတော့

လူငယ်သဘာဝမို့ နားလည်ခွင့်လွှတ်ရပေမယ့် မေစစ်မွန်ကို တွေ့တာမှ ဒီကနေ့နဲ့ပါဆိုလျှင် သုံးရက်မြောက်နေ့ပဲ ရှိသေးသည်။ ဒီအတောအတွင်း ဘယ်အချိန်ကများ ဖွင့်ပြောလိုက်ပါလိမ့်၊ မိမိ လုံးဝကို သတိမထားခဲ့မိပါချေ။ မိမိတို့ စပြောင်းလာတဲ့ ပထမဆုံးနေ့မှာပင် ပြဿနာက

“မာမီကလည်း စိုးရိမ်စရာမရှိ စိုးရိမ်နေပြန်ပြီ၊ လူမှုအပျို ချစ်မိကြိုက်မိတာ အပြစ်ကြီးတစ်ခုကို ကျူးလွန်မိတာမှ





မဟုတ်တာ”

“အပြစ်မဟုတ်ပေမယ့် အခုဟာက တစ်ဘက်သတ် ဖြစ်နေတာလေ မဈော့ိုင်ရဲ့၊ ပြီးတော့ မေစစ်မွန်က မာမီရဲ့ အချစ်ဆုံး ငယ်သူငယ်ချင်းရဲ့ သမီးဖြစ်နေတာပဲ၊ သားရင်ထဲက ဆန္ဒရှိနေတယ်ဆိုရင်တောင် မာမီဆီက အကြံဉာဏ်တော့ တောင်းသင့်တာပေါ့၊ အခုတော့ အားနာစရာကွယ်”

“မာမီကလည်းဗျာ အားနာရအောင် မာမီ့သားက လက်ညှိုးထိုးစရာ ပြစ်ချက်တွေနဲ့ ရှင်သန်နေတဲ့ လူတစ်ယောက်မှ မဟုတ်တာ၊ ပြီးတော့ မေစစ်ကို ရွေးချယ်ခဲ့တဲ့အတွက်တောင် အန်တီ သားကိုတောင် ကျေးဇူးတင်နေဦးမှာ”

“ဟဲ့ သား”

သားစကားကြောင့် ဒေါ်မာမာဝေ မျက်လုံးကြီးတွေ ပြူးဝိုင်းသွားရ၏။ ဒီကလေး။

ဘာကြောင့်များ အပြောအဆို ပွင့်လင်းရပါလိမ့်။ အဲ့ဒီလိုသာ ဆက်သွားရင်တော့ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် သားဟာ တဖြည်းဖြည်း ဝေးကွာသွားနိုင်သည်။ သားကိုတော့ ဆုံးမလို့ မဖြစ်တော့။

“မာမီ”

“ပြော”

''သား အပြင်ခဏ သွားဦးမယ် မာမီ''

''ဘယ်ကို သွားဦးမလို့လဲ၊ မြန်မာနိုင်ငံကို ရောက်တာမှ ဆယ်ရက်လောက်ပဲ ရှိသေးတာ၊ လမ်းတွေ မှားနေပါဦးမယ် သားရယ်''

''မမှားနိုင်ပါဘူး မာမီရာ၊ သားက သွားရင် လမ်းပြ ဂိုက်ကောင်းကောင်းတစ်ယောက်ကို ခေါ်သွားမှာ''

''ဟင် ဘယ် ဘယ်ကဂိုက်လဲ''

''မေစစ်လေ မာမီရဲ့''

''မေစစ် ဟုတ်လားသား''

သားက ကြည်နူးစွာ ပြုံးပြီး ခေါင်းလေးကို ဆတ်ခနဲ နေအောင် ညိတ်ပြ၏။ ဒီကောင်လေး ဘာပြဿနာတွေ ထပ်ရှာဦးမလဲဆိုသည့် အတွေးစိတ်ကြောင့် ဒေါ်မာမာဝေတစ်ယောက် သွေးပျက်မတတ် တုန်လှုပ်ချောက်ချားသွားရ၏။

''မဖြစ်ဘူး မင်္ဂကိုင်၊ မေစစ်ကို မင်းခေါ်သွားလို့ မဖြစ်ဘူး''

''ဘာဖြစ်လို့လဲ မာမီ''

''မေစစ်ကို စိတ်တွေရှုပ်ထွေးအောင် မင်းအမျိုးမျိုး ဖန်တီးခဲ့တာ သူက မင်းနဲ့ အဖော်လုပ်ပြီး လိုက်ပို့ပေးချင်ပါ့မလား''

''အန်တီက လိုအပ်ရင် မေစစ်ကို အကူအညီတောင်းပြီး





လိုက်ပို့ပေးခိုင်းဖို့ ခွင့်ပြုထားပြီးသားပဲဟာ''

''ဒါ ဒါပေမယ့်''

''မာမီကလည်းဗျာ သားအတွက် လိုအပ်တဲ့ ပစ္စည်း အသုံးအဆောင်က မဝယ်မဖြစ် ဝယ်ရမှာပဲဟာ၊ အရေးကြီးတာက သားအတွက် လုံလောက်တဲ့ ငွေကြေး ထည့်ပေးလိုက်ဖို့ပဲ၊ ကဲ သား သွားပြင်ဆင်လိုက်ဦးမယ် မာမီ''

''အို ဟဲ့ သား မင်္ဂကိုင်''

သွားပြီ။

ဒေါ်မာမာဝေတစ်ယောက် တဖွတ်ထိုးဆန်လွန်းအားကြီးသော သားဖြစ်သူရဲ့ လုပ်ရပ်လေးကို တားဆီးနိုင်ခြင်း မရှိစွာပင် ကျန်နေရစ်ခဲ့ရတော့သည်။

မေစစ်မှန်မှာလဲ

မြင်မြင်ချင်း ဆောက်နဲ့ထွင်းဆိုသလိုပင် မျိုးမင်္ဂကိုင်ဆိုတဲ့ လူရဲ့ အထင်အမြင်သေးစွာ စော်ကားလွန်းသော အပြုအမူ အပြော အဆိုများကို ပြန်ပြန်တွေးမိတိုင်း ဒေါသလေးတွေ ပေါက်ကွဲချင် တိုင်း ပေါက်ကွဲနေရတော့၏။

ချစ်တယ်တဲ့။

ဟွန်း။

လွယ်လိုက်တဲ့စကား။

တွေ့တာမှ အချိန်နာရီပိုင်းပဲ ရှိသေးသည်။ ဒီလိုစကားမျိုး ကို သူမို့လို့ မစဉ်းစားဘဲ ပြောထွက်ခဲ့၏။ မေမေ့မျက်နှာကြောင့် သာ သူမ သည်းခံခဲ့ရတာ စိတ်ထဲမှာတော့ နည်းနည်းမှကို မကြည် လင်။ သူ့စိတ်သူ့သဘောဆန္ဒနှင့် တကိုယ်ကောင်းဆန်စွာ ပြောဆို ခြင်းကို မေစစ်ဘက်က ဘယ်လိုမှ တုံ့ပြန်မှု မပေးခဲ့ရပါ။

မုန်းတယ်။

ရှင့်ကို သိပ်မုန်းတယ် မျိုးမဏ္ဍိုင်။

"မေစစ်"

"......"

"မေစစ်မှန်"

ဒေါက် ဒေါက်။

ဟင်။

တံခါးခေါက်သံနှင့်အတူ ထူးဆန်းသော အသံတစ်ခု ကြောင့် မေစစ်မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။

ဒါ

ဟို မျိုးမဏ္ဍိုင်ဆိုတဲ့လူရဲ့ ခေါ်သံပဲ။

ကြည့်စမ်း။

အတင့်ရဲလိုက်တာ။

မေစစ်တို့ အိမ်ထဲ ဒီလောက်ထိ လွှန်လွှန်ကျူးကျူး





ဝင်ထွက်သွားလာရအောင် သူနဲ့ငယ်မွေးခြံပေါက် ကြီးပြင်းလာသူ များလည်းမဟုတ်။ ဘယ်သူကများ အခွင့်အရေး ကြည်ကြည်ဖြူဖြူနဲ့ ပေးခဲ့လို့ ဒီလိုလုပ်ရတာလဲ။ မေမေက ပေးတယ်ဆိုလျှင်တောင် မေစစ်မှန်ကတော့ လုံးဝကို မကြိုက်ဆိုတာပါ။ မေစစ် သူ့ကို လုံးဝ ကြည့်မရမှန်း သိသိကြီးနဲ့ မေစစ်ရဲ့ အခန်းရှေ့ကို ရောက်လာ ပြီး အခန်းတံခါးကို လာခေါက်တာ ဘာအချိုးလဲ။

မုန်းစရာကောင်းလိုက်တာ။

မေစစ်

ဒေါသဖြစ်တာရော အခုလို တဇွတ်ထိုး ဆန်ခြင်းကို မှတ်လောက်သားလောက်အောင် ပညာပေးလိုက်ချင်တာက တစ်ကြောင်း အသံလုံးဝ ပြန်မထူးဘဲ နေပစ်လိုက်သည်။

"ဒေါက် ဒေါက်"

"ဒေါက်"

"မေစစ် ဟေ့ မင်းအခန်းထဲမှာ ရှိနေတယ် မဟုတ်လား မေစစ် တံခါးဖွင့်စမ်းကွာ၊ ကိုယ် မင်းကို အကူအညီတစ်ခု တောင်းစ ရာရှိလို့"

သေလိုက်ပါလား မျိုးမဏ္ဍိုင်။

ရှင့်ကို အကူအညီတောင်းရအောင် ကျွန်မရဲ့ အချိန်တွေ အဲ့ဒီလောက်ထိ အားလပ်မနေဘူးရှင့်။ ပြီးတော့ ရှင်လိုလူမျိုးကို

စိတ်လိုလက်ရ ကူညီရလောက်အောင်လည်း ရှင် ကျွန်မအပေါ်မှာ ပြုမူဆက်ဆံခဲ့သမျှတွေဟာ စိတ်ကျေနပ်လောက်စရာ ရှိခဲ့လို့လား။

ဒါနဲ့များတောင်

ကျွန်မဆီ တိတိကျကျ ရောက်အောင် လာပြီး အကူအညီ တောင်းဖို့များ စိတ်ကူးတာ တကယ့်ကို ရယ်ချင်စရာ။

"မေစစ်"

"........"

"မေစစ် မင်းခဏလောက် ထွက်ခဲ့ပါကွာ၊ မင်း ကိုယ့်ကို စိတ်ကောက်နေတယ်ဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် ကိုယ် မင်းကျေနပ်လောက်အောင်ကို မချော့တတ်ဘူးကွာ"

ကြည့်စမ်း။

မျိုးမဏ္ဍိုင်ဆိုတဲ့လူ။

စကားပြောပုံကိုက အသည်းယားစရာ။

ဘယ်သူက သူ့အချော့ကို ခံချင်လို့ စိတ်ကောက် နေလို့လဲ။ သူနဲ့ မပတ်သက်ချင်လွန်းလို့ သူနဲ့ ခပ်ဝေးဝေး ရှောင် နေချင်လို့ ထွက်မတွေ့တာကိုများ သူမက ဟန်ဆောင်မူပိုနေတယ် များ ထင်နေသေးတယ်။

ဟွန်း။

မုန်းစရာကောင်းလိုက်တဲ့လူ။





ဘယ်ဘဝ ရေစက်ကြောင့်များ အိမ်နီးနားချင်း လာနေ ကြရသလဲမသိ အကျော့ကြီးနဲ့ နေတက်သော မျိုးမဏ္ဍိုင်ဆိုတဲ့ လူကို မေစစ်မှန် တစ်စက်ကလေးမှ ကြည့်မရချေ။ သူစိမ်းတွေ သာဆိုလျှင် ဒီလိုအိမ်နီးချင်းမျိုးကို မေစစ်မှန် အပေါင်းအသင်း လုပ်ဖို့နေနေသာသာ မျက်လုံးလေး ဖွေပြီးတော့တောင် စောင်းငဲ့ ကြည့်မိမှာ မဟုတ်ပေ။

အခုတော့

မေမေရဲ့ အချစ်ဆုံးသူငယ်ချင်း မိသားစု ဖြစ်နေခြင်း ကြောင့် မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို အလိုက်အထိုက် ဆက်ဆံနေပေးရသည်။

"မေစစ် ဟေ့ မေစစ်၊ မင်းတံခါးဖွင့်ပေးရင်ပေး မပေး ရင် သော့ဖွင့်ပြီး ကိုယ်ဝင်လာခဲ့မှာနော်၊ ကိုယ့်ကို စိတ်ဆိုးနေ သေးတယ်ဆိုရင် ကိုယ်တောင်းပန်တယ်သိလား၊ မင်း ကျေနပ်တော့၊ ဒါပေမယ့် အခန်းထဲကနေတော့ ထွက်တွေ့ကွာ မေစစ်"

စိတ်မရှည်တော့သော သူ့လေသံကြီးကို နားထောင်ကာ အခန်းလေးထဲတွင် တစ်ယောက်တည်း ကြိတ်၍ ပြုံးနေမိသည်။

သူ့ကို ထွက်တွေ့တဲ့။

သူမ ထွက်မလာလျှင် တံခါးကို သော့နဲ့ ဖွင့်ပြီး ဝင်လာ မှာတဲ့လေ။

ဟွန်း။

တော်တော်အပြောကြီးတဲ့ မျိုးမင့်ကျိုင်။

အခန်းတံခါးလော့ခ်ကို သူ ဖွင့်ချင်တိုင်း ဖွင့်ရအောင် သော့က မေမေနဲ့ သူမဆီမှာပဲ ရှိတာလေ။ မေမေကလည်း အခုလောက်ဆိုလျှင် ဆိုင်သွားဖွင့်လောက်ပြီ။ မေစစ်တစ်ယောက်တည်းပဲ ရှိတာ ဘယ်လိုလုပ်ပြီး သော့ကို ဖွင့်ပြီး ဝင်လာနိုင်မလဲ။

"မေစစ်"

"......"

သူမ

အေးအေးဆေးဆေးပင် နားလေးနှစ်ဖက် အတွင်းသို့ Walk Manလေးတပ်ကာ သီချင်းလေး နားထောင်နေလိုက်သည်။

အပြင်က သူ့အသံက ဆူညံစွာ ပျံ့လွင့်လာသော သီချင်းတေးသွားမြူးမြူးကြား ပျောက်ကွယ်သွားသည်။

မနေ့ညက

မောင့်ဆီသို့ အခန်းလေးထဲကနေ သူမရဲ့ ဟမ်းဖုန်းလေးနှင့် ဖုန်းခိုးဆက်ခဲ့သည်။ မောင်က ဖုန်းလေး လာကိုင်တော့ မေစစ်ဖော်မပြနိုင်လောက်ပင် ဝမ်းအသာကြီး သာသွားရ၏။ မောင်နဲ့ လူချင်း မတွေ့ရပေမယ့် ဖုန်းလေးထဲကနေ စကားတွေ အများကြီး ပြောဖြစ်ခဲ့သည်။





ဘာပဲပြောပြော

မောင့်ရဲ့နွေးထွေး ကြင်နာတဲ့ စကားသံလေးကို ကြားခွင့်ရလိုက်တော့လည်း မေစစ်စိတ်တွေ တင်းကြပ်မနေဘဲ ပြေလျော့သွားခဲ့ရတာတော့ အမှန်ပင် ဖြစ်သည်။ အစက မျိုးမင့်ကျိုင်ကြောင့် မေစစ်ရဲ့ စိတ်တွေ တအားကို ရှုပ်ထွေးနောက်ကျို နေခဲ့ရတာလေ။ ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲနေခဲ့ရတာပါ။

မောင်နဲ့ ဖုန်းလေးဆက်ပြီး စကားလေးပြောခွင့် ရလိုက်တော့မှပင် သူမရင်တစ်ခုလုံး အေးချမ်းကာ ရင်ခုန်သံလေးတွေ စည်းချက် ပြန်မှန်လာရတော့၏။ မောင်ကတော့ ထုံးစံအတိုင်း မေစစ် နေထိုင်ရတာ အဆင်ပြေရဲ့လားဆိုသည့် စိုးရိမ်ပူပန်သည့် မေးခွန်းလေးများကို မေးကာနေသေးသည်။

မောင်ရယ်။

မေစစ်လေ အဲ့ဒီလို နွေးထွေးကြင်နာမှုလေးတွေကြောင့် မောင့်ကို မခွဲနိုင်လောက်အောင် ချစ်မိခဲ့တာ ထင်ပါရဲ့ကွယ်။ မောင့်ဘဝ ဘယ်လို အခြေအနေမျိုးပဲ ရှိနေနေ မေစစ်လေ စိတ်မဝင်စားနိုင်တော့လောက်အောင်ဘဲ မောင်မှမောင်ဖြစ်တဲ့ အထိကို သိပ်ချစ်မိသွားတာ ထင်ပါရဲ့ရှင်။

မေစစ်ရဲ့ ရင်ထဲက နှလုံးသားလေးတွေထဲမှာ မေစစ်သိပ်ချစ်တဲ့ မောင်က ကွက်လပ်လွတ်မရှိအောင်ပဲ နေရာပြည့်နေ

ခဲ့တာပါကွယ်။ အဲ့ဒါကို မောင်အကြွင်းမဲ့ ယုံကြည်လိုက်ပါနော်။ မေစစ် အခုလို ဟန်ဆောင် လိမ်ညာခဲ့တာတွေ အားလုံးက မောင့်ကို သိပ်ချစ်မိသွားခဲ့လို့ပါမောင်။

မေစစ်ရဲ့ မိုက်ရူးရဲဆန်မှုလေးကို မောင် ခွင့်လွှတ်နားလည် ပေးပါနော်။

မေစစ်မှန်တစ်ယောက်

သီချင်းလေးကို နားဆောင်ကာ မျက်ဝန်းလေးတွေကို မှိတ်လိုက်ပြီး ချစ်သော မောင့်ရဲ့ ပုံရိပ်လေးတွေကို မြင်ယောင်ကာ ကြည်နူးစွာပင် ပြုံးလိုက်မိသည်။

ဂလောက်။

ကျွီ။

ဟင်။

ဖျတ်ခနဲ အခန်းတွင်းသို့ တိုးဝင်လာသော အလင်းရောင်နှင့်အတူ ပွင့်ဟသွားသော အခန်းတံခါးချပ်ကြီးကြောင့် မှေးမှိတ်ထားသော မေစစ်မှန်ရဲ့ မျက်ဝန်းလေးတစ်စုံက ပြူးကျယ်ဝိုင်းစက်စွာ တအံ့တသြ ငေးကြည့်နေစဉ်

"မင်းကို ကိုယ်ပြောတယ်နော်၊ မင်း ဖွင့်မပေးရင် ကိုယ့်ဘာသာ ဖွင့်ပြီး ဝင်လာမယ်လို့လေ၊ ကဲ မင်း အဝတ်အစား အသစ်တစ်စုံလဲပြီး အောက်ကို ဆင်းလာခဲ့တော့ မေစစ်၊ ကိုယ်





မင်းကို စောင့်နေမယ် ဟုတ်လား"

အခန်းတံခါးဝတွင် အောင်နိုင်သူတစ်ယောက်၏ အပြုံးတွေနှင့် သူမကို ခပ်စူးစူးလေး စိုက်ကြည့်ကာ ပြောလိုက်သော အမိန့်ဆန်ဆန်စကားကြောင့် မေစစ်ရင်ထဲ တလှပ်လှပ် နင့်သည်းစွာ တိတ်တဆိတ် ရှုံးနိမ့်သွားရသည့်အဖြစ်ကို တွေးပြီး နာကျင်မှုန်းတီးစိတ်များက လျှံတက်သွားရတော့၏။

သူ။

မျိုးမင်းကိုင်။

ကြည်စမ်း။

သူမရဲ့ အခန်းတံခါးသော့က သူ့ဆီမှာ ရှိနေသည်။

ဒါ

ဘယ်လိုမှ မဖြစ်နိုင်တဲ့ အခြေအနေပါပဲ။

ဘယ်ကနေ ရသွားသလဲဆိုတာ မေးစရာ မလိုအပ်လောက်အောင်ပင် မေစစ်သိလိုက်ပြီ။

မေမေ။

မေမေ ဘာလုပ်လိုက်တာလဲ။

မေစစ် အခန်းတံခါးသော့ကို မျိုးမင်းကိုင်ဆိုတဲ့ လူကို ပေးလိုက်တာ ဘာသဘောလဲ။

မေစစ်

ဘယ်လိုမှ နားမလည်နိုင်တော့ပါချေ။

သေချာတာ တစ်ခုကတော့ အခုအချိန်မှာ သူပြောသလို ဝတ်စုံသစ်တစ်ခုကို သူ့မဘက်က မဖြစ်မနေ လဲလှယ်ရတော့မယ်ဆိုတာပါပဲ။

တောက်။

မေစစ်မှန်တစ်ယောက် နားထဲမှ နားကြပ်သေးလေးများကို ဒေါသတကြီး ဆွဲဖြုတ်ကာ မီးဝင်းဝင်းတောက်နေသော မျက်လုံးကြီးတွေနှင့် အနိုင်ပိုင်းပြီး ကျောခိုင်းထွက်ခွာသွားသော မျိုးမင်္ဂလာကိုင်ရဲ့ နောက်ကျောပြင်ကြီးကို စူးစူးကြီး စိုက်ကြည့်ကာ တက်တစ်ချက်ကို ခပ်ပြင်းပြင်းလေး ခေါက်လိုက်မိတော့သည်။

• • •



## အခန်း (၁၄)

"ရှင် တော်တော်ဆိုးပါလား မျိုးမင်္ဂလာကိုင်၊ ရှင့်ရဲ့ လုပ်တွေဟာ ဘယ်လောက်တောင် အဆင့်တွေ ကျော်နေပြီလဲဆိုတာ သိရဲ့လား၊ မေမေကြောင့်သာ မဟုတ်ရင် အခုအချိန်မှာ ကျွန်မ ရှင့်ကို စိစိညက်ညက်ကြေအောင် ထုချေပစ်လိုက်ပြီသိလား"

"အဟွန်း"

ညှော်ခန်းလေးထဲသို့ ဆောင့်ကြီးအောင့်ကြီးနှင့် ဝင်လာပြီး သူ့ဆီ လက်ညှိုးလေးတထိုးထိုးနှင့် ဒေါသတကြီး ရန်တွေ့နေသော မေစစ်မှန်၏ ပုံစံလေးကို ကြည့်ကာ မျိုးမင်္ဂလာကိုင်၏ နှုတ်ခမ်းနီထွေးထွေးကြီးတွေက ပိပြင်စွာပင် ပြုံးသွားသည်။

သူ

ဒီမိန်းကလေးကိုမှ ဘာကြောင့်များ ဒီလောက်ထိတောင် ချစ်မြတ်နိုးသွားရသလဲဆိုတာ စဉ်းတောင် မစဉ်းစားတတ်တော့

ပါချေ။

သူ့ကို မြင်လိုက်တာနှင့် ရှိသေည်ဆိုတာကိုပင် အရေး စိုက်ခဲ့ခြင်း မရှိသော သူမရဲ့ အေးစက်စက်အသွင်က သူ့အာရုံ ထဲတွင် ဘယ်လိုမှ သတိမထားဘဲ မနေနိုင်လောက်အောင်ပင် စွဲထင်နေခဲ့သည်။

သူတွေ့ခဲ့ဖူးသော မိန်းကလေးတွေနှင့်မတူ တမူထူးခြား လွန်းသော သူမရဲ့ အသွင်လှလှလေးကို ငေးမောကြည့်ရင်း သူ့ရင်ထဲက နှလုံးသားလေးက တထိတ်ထိတ် ခုန်မြန်လာရ၏။

မေစစ်မှန်။

ကိုယ် မင်းကို သိပ်ချစ်တယ်။

အဲဒါ

မင်းသိပ်ကံကောင်းတဲ့ အချက်ပဲ မေစစ်မှန်။

ကိုယ်က

မိန်းမတစ်ယောက်ကို ဘယ်တော့မှ ကိုယ့်ဘဝထဲမှာ မွန်းကြပ်လှောင်ပိတ်နေအောင် ဘောင်တစ်ခုအဖြစ် ခတ်ထားဖို့ စိတ်မကူးခဲ့ဖူးတဲ့ လူတစ်ယောက်ပဲ မေစစ်မှန်။ ကိုယ်ရဲ့စိတ်တွေ လွတ်လပ်မှုမရှိမှာစိုးလို့ တွဲသမျှတိုင်းကို အပျော်သဘောပဲ ထားခဲ့ တာကွ။

ဒါပေမယ့်





မင်းရဲ့ ဆတ်ဆတ်ထိ မခံတတ်တဲ့ ပုံစံလေးတွေ၊ အလေး ထားတဲ့ပုံစံလေးတွေ ကိုယ့်အပေါ် မထေမဲ့မြင် နေတတ်မှုလေး တွေကို ရရှိလိုက်ရတဲ့ အချိန်ကစပြီး ကိုယ့်သွေးသားတွေ တကျိုက် ကျိုက် ဆူပွက်နေခဲ့ရတယ် မေစစ်မှန်။

ဒါဟာ

ကိုယ့်အတွက် သိပ်ကို ထူးခြားတဲ့ အချက်ပါပဲ။

မင်းစိတ်ထဲမှာ ကိုယ်နဲ့ပတ်သက်ပြီး ဘာတစ်ခုမှ ထင်ကျန် နေတာကို သိရလေလေ ကိုယ်လောဘတွေ တက်လာလေလေပဲ မေစစ်မှန်။ မင်းရဲ့ ရင်ထဲမှာ ကိုယ်ရှိနေချင်ကဲ့ အတွေးလေးတွေ ကြီးမားနေခဲ့ရတယ်ကွာ။ အဲဒါ ကိုယ်မှားသွားလားဟင်။ မင်း ကိုယ့်ကို အလေးအနက် ထားစေချင်တာ ကိုယ်သိပ်ပြီး တစ်ကိုယ် ကောင်းဆန်တာလား မေစစ်မှန်ရယ်။

ကိုယ်

မင်းကိုသိပ်ချစ်တယ် မေစစ်မှန်။

ကိုယ့်အနားမှာ မင်းရှိနေတာလေးကိုပဲ ကိုယ် လိုချင်တယ်။

အဲဒါကြောင့်

ကိုယ်မျိုးစုံ ကြိုးစားတယ်လေ။

ကိုယ်မှားလား မေစစ်မှန်။

အဲဒါ

ကိုယ်သိပ်ပြီး မှားသွားတာလား။

ဟင့်အင်း။

ကိုယ် မမှားဘူး မေစစ်မှန်။ ကိုယ်လုပ်သမျှ အားလုံး အမှန်တရားတွေချည်းပဲ။ အဲ့ဒါကြောင့် ကိုယ်နောက်ဆုတ်ဖို့ ဘယ်တော့မှ မဆုံးဖြတ်ဘူးသိလား။ ရှေ့ဆက်တိုးမှာ မေစစ်မှန်ရဲ့ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ကိုယ်စိတ်ချမ်းသာဖို့ တစ်ခုတည်းကိုပဲ ကိုယ်ကကြည့်မှာ။ အဲ့ဒီအတွက် ကိုယ်တကယ် စိတ်မကောင်းပါဘူး မေစစ်မှန်။ ကိုယ်က နောက်မှ နောင်တရရမယ့် အဖြစ်မျိုးတွေကို မလိုလားတတ်တဲ့လူလေ။

မင်း

ကိုယ့်အနားမှာ မရှိရင် ကိုယ့်ဘဝတစ်သက်လုံး နောင်တတွေ တသီကြီး ရနေလိမ့်မယ်လို့ ကိုယ်ထင်တယ်မေစစ်မှန်။ အဲ့ဒါကို ကိုယ့်အကြောင်း ကိုယ်အသိဆုံးပဲကွာ။

ကိုယ် ဘယ်လို ဆုံးဖြတ်သင့်လဲ မေစစ်မှန်။

ကိုယ်ဘယ်သောအခါမှ နောင်တမရဖို့ ကိုယ်ဘယ်လို ဆုံးဖြတ်သင့်လဲဆိုတာ မင်းပြောပါကွာ။

"ပြန်ပေးစမ်း မျိုးမင်းထွန်း၊ ရှင့်ဆီမှာ ရှိနေတဲ့ ကျွန်မရဲ့ အခန်းသော့ကို အခုချက်ချင်း ပြန်ပေးစမ်း"

"မပေးနိုင်ဘူး မေစစ်မှန်"





"ဘာရှင့်"

"ဟုတ်တယ် မေစစ်မှန်၊ ဒီသော့ကို ရဖို့ ကိုယ် အန်တီ ကို မနည်းတောင်းဆိုခဲ့ရတာ၊ ကိုယ့်ဘဝတစ်သက်တာမှာ မိန်းက ...လေးတစ်ယောက်အတွက် ကြိုးစားခဲ့ရတာဆိုလို့ ဒီတစ်ခါ ပထမ ...ဦးဆုံးအကြိမ်ပဲ။ ယောကျ်ားတစ်ယောက်ရဲ့ မာနတွေကို မေ့ဖျောက် ...ထားပြီး အခုလို ရယူထားပြီးမှ မင်းကို ခပ်လွယ်လွယ်လေး ပြန်ထည့် ...ပေးလိုက်ရမှာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ မေစစ်မှန်၊ ကိုယ်မပေးနိုင်ဘူး"

"ရှင် ရှင်"

"ဒီနေ့ ကိုယ်ရန်ကုန်မြို့ထဲက နေရာတော်တော်များများ ...ကို လျှောက်သွားပြီး လေ့လာချင်တယ်မေစစ်မှန် ဒါကို မင်းလိုက်ခဲ့ ...ပေးရလိမ့်မယ်၊ အန်တီက မင်းဆီက အကူအညီတောင်းနိုင်တယ်လို့ ...ခွင့်ပြုထားပေမယ့် မင်းငြင်းမယ်ဆိုတာ ကိုယ်သိနေတယ်လေ၊ အဲ့ဒါ ...ကို ကိုယ်လက်မခံနိုင်ဘူး မေစစ်မှန်၊ ဒါကြောင့် မင်းလိုက်ပါနိုင်မယ့် ...နည်းလမ်းကို ကိုယ်က ဆုပ်ကိုင်ထားကာ"

"အဟင်း ဟင်း ဘာလဲ ရှင်က အကြပ်ကိုင်တဲ့ သဘောနဲ့ ...ကျွန်မကို ထိန်းချုပ်ဖို့ ကြံစည်တာလားမျိုးမင်းထွန်း၊ ဒီသော့ ...တစ်ချောင်းတည်းနဲ့ ရှင် ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရလိမ့်မယ်လို့ ...ထင်နေတာလား၊ ဆောရီးပဲ မျိုးမင်းထွန်း ရှင့်ရဲ့ ထင်မြင်ချက်တွေ ...လက်တက်စင်အောင် မှားနေပြီသိလား၊ ရှင့်ရဲ့ အကူအညီတောင်းမှု

ကို ကျွန်မ လုံးဝလိုက်လျှောမှာ မဟုတ်ဘူး''

မေစစ်

သူ့ကို လုံးဝ အားမနာနိုင်တော့ပါ။

နိုင့်ထက်စီးနင်း ပြုမူတတ်သော မျိုးမင်္ဂလိုင်ရဲ့ လုပ်ရပ်တွေကို စက်ဆုပ်လွန်းစွာပင် မေစစ်မှန် နာနာကျင်ကျင်လေး ပြန်တုံ့ပြန်ဖြစ်လိုက်သည်။

''ရတယ်လေ မေစစ်မှန်၊ မင်းက မလိုက်ပေးနိုင်ဘူး ဆိုတော့လည်း ကိုယ် မသွားရုံပဲပေါ့၊ အရေးကြီးတာက ကိုယ့်နံဘေးမှာ မင်းအဖော်အဖြစ်ရှိနေဖို့ပဲ လိုအပ်တာပါ၊ မသွားဖြစ်တော့လည်း ဘာဖြစ်လဲ မေစစ်မှန် ဒီမှာပဲ နေကြတာပေါ့''

''ဟင် ရှင် ရှင်''

''မင်းအခန်းထဲ ပြန်ဝင်သွားရင်လဲ ရတယ် မေစစ်မှန် ကိုယ့်မှာ မင်းရဲ့ အခန်းတံခါးသော့ ရှိနေတယ်''

အမလေး။

သေသာသေလိုက်ချင်တော့တာပါပဲ။

မေစစ်

ဘယ်လိုလုပ်ရမှန်းပင် မသိတော့ချေ။

စိတ်ရှိလက်ရှိ သူရဲ့မထေမဲ့မြင် မျက်နှာကြီးကိုသာ လက်သည်းရှည်ရှည်တွေနဲ့ ကုတ်ဆွဲပစ်လိုက်ချင်တော့တာပါပဲ။





မျိုးမင်္ဂလိုင်

ရှင်တော်တော် မုန်းဖို့ ကောင်းတဲ့လူပဲ။

ရှင်မျက်နှာကို မြင်တွေ့နေရတာလေ ကျွန်မအတွက်တော့ နေဆာယ်စင်းနဲ့ မျက်နှာချင်း ဆိုင်ကြည့်နေရသလိုပါပဲ။ ရှင့်လောက် အမြင်ကတ်စရာ ကောင်းတဲ့ လူမျိုး ကျွန်မတစ်ခါမှကို မမြင်ဖူးသေးဘူးသိလား။

''ဘယ်နှယ့်လဲ မေစစ်မှန်၊ မင်း လိုက်ခဲ့မှာလား''

''မလိုက်ဘူး''

ဒေါသတကြီး ငြင်းပယ်ကာ ဆိုဖာလွတ်တစ်လုံးတွင် ဒေါသတကြီး ဆောင့်အောင့်ကာ ဝင်ထိုင်လိုက်သော မေစစ်မှန် ဆိုတဲ့ မိန်းမချောလေးရဲ့ စူပုတ်ပုတ်မျက်နှာလေးကို ကြည့်ကာ ရယ်ချင်စိတ်တွေကို မနည်းကြီး ထိန်းချုပ်လိုက်ရသူက မျိုးမင်္ဂလိုင် ရယ်ပါ။

သိပ်ချစ်စရာကောင်းတာပဲ မေစစ်မှန်ရယ်။

စိတ်ဆိုး၊ စိတ်ကောက်နေတဲ့ ပုံစံလေးကလည်း တစ်မျိုးလေးကို ကြည့်လို့ ကောင်းနေတာပါ။ ဒီမိန်းကလေးကလေ သိပ်ကို ဖြူစင်လွန်းတဲ့ နှင်းပန်းဖြူလေးတစ်ပွင့်လိုပင် ကြည်စင် လွန်းနေတော့၏။ အဲ့ဒါလေးကိုပဲ မျိုးမင်္ဂလိုင်ဆိုတဲ့ သူက နှစ်သက်မြတ်နိုးနေခဲ့တာ ထင်ပါရဲ့။ သူမနဲ့ ဝေးရမှာကို သေလောက်အောင် ကြောက်ရွံ့

နေမိတာလေ။

"ကောင်းပြီလေ မလိုက်ဘူးဆိုရင်လည်း မသွားရုံပဲပေါ့ ကွာ၊ ဒီလိုပဲ နေကြတာပေါ့ မေစစ်မှန်"

ဟင်။

ဒီလိုပဲဆက်ပြီး နေကြရအောင်တဲ့။

မဖြစ်နိုင်တာ။

သူ့ရှေ့မှာ ဘယ်လိုအကြောင်းမျိုးနဲ့မှ မေစစ်မှန် ရှိမနေချင်ပါဘူး။ စိတ်ညစ်လိုက်တာနော်။ ဒီလို ဂျစ်တစ်တစ်လူမျိုးနဲ့မှ ဘယ်လိုကံကြမ္မာဆိုးကြောင့် လာဆုံနေရမှန်းကို မသိတော့ပါဘူး။ ဘယ်လိုပဲပြောပြော အလျှော့ပေးမယ့်ပုံကို မရှိတာ။

မေစစ်

ဘာဆက်လုပ်ရမှန်းပင် မသိတော့ပါ။

အခုအချိန်မှာ မေစစ် သတိအရမိဆုံး၊ အတမ်းတမိဆုံးက သူမ သိပ်ချစ်တဲ့ မောင့်ကိုပါပဲ။ မောင်သာဆိုလျှင် သူမ စိတ်တွေ တအားညစ်ထွေးနေလျှင် ဖြေသိမ့်နိုင်အောင် တစ်ခုခု အကြံဉာဏ် ပေးနိုင်မှာ သေချာသည်။

မောင်ရယ်။

မေစစ်အဖြစ်ကို လာကြည့်လှည့်ပါဦးမောင်ရယ်။

မေစစ်လေ





ဘယ်လိုဆုံးဖြတ်ရမှန်းကို မသိတော့ပါဘူးကွယ်။

"မေစစ်"

"......."

သူမ မထူးမိ။

သူ့အရှေ့မှာ ရှိနေတယ်ဆိုတာကိုလည်း မေ့ဖျောက်ထားပစ်လိုက်သည်။ သူမ အတွေးထဲ မောင့်ရဲ့ပုံရိပ်လေးတွေကို ပြန်မြင်ယောင်ကြည့်ကာ မျိုးမင်္ဂလာနိုင်ဆိုတဲ့ လူကို အာရုံထဲကနေ ဖျောက်ဖျက်ထားပစ်လိုက်သည်။

"မေစစ်က အရမ်းလှတာပဲနော်"

"........"

"ဘာကြောင့် အဲ့ဒီလောက်တောင် ချစ်စရာ ကောင်းနေတာလဲ မေစစ်ရယ်၊ ကိုယ်တွေ့ဖူးသမျှ မိန်းကလေးတွေနဲ့ ဘာမှဆိုင်လောက်အောင် မေစစ်က စွဲဆောင်မှု တကယ်ရှိတယ် သိလား"

"ဒီမှာ ရှင့်ပါးစပ်ကို ပိတ်ထားနော်၊ အခုအချိန်မှာ သူသတ်ချင်စိတ်တွေ ဖြစ်နေတာသိလား၊ ရှင် တစ်ခုခု ထပ်ပြောပြောကြည့် ဒီရှေ့ကပန်းအိုး ရှင့်ခေါင်းဆီ ရောက်လာစေရမယ်"

"အဟက်"

မျိုးမင်္ဂလာနိုင်သံထွက်အောင် ရယ်လိုက်သည်ဆိုလျှင်ပဲ မေစစ်

မှန်ရဲ့ လက်တွေက ဒေါသတကြီး ပန်းအိုးလေးဆီ ဆတ်ခနဲ ရောက်သွားကာ ကောက်ကိုင်လိုက်မိ၏။

"ဟော့ ဟော့ မင်းမကြမ်းနဲ့နော်၊ ကိုယ်က မင်းဆီက ရိုးသားစွာ အကူအညီ တောင်းနေတာသိလား၊ မင်းအမေက မင်းကို အဖော်လုပ်ပြီး ခေါ်သွားခိုင်းလို့ ကိုယ်လာခဲ့တာ၊ မင်း ဒေါသတွေ စွတ်ကြီးပြီး အမှားတစ်ခုခု လုပ်မိရင် မင်းနောင်တတွေ တသီကြီး ထပ်ရသွားစေရလိမ့်မယ် မေစစ်မှန်၊ အဲ့ဒါ မယုံမရှိနဲ့"

"သွားစမ်းပါ ရှင် ခြိမ်းခြောက်တိုင်း မေစစ်မှန်ဆိုတဲ့ ကျွန်မက ကြောက်လိမ့်မယ်များ ထင်နေသလား၊ ဝေးသေးတယ် မျိုးမင်္ဂတိုင်၊ ဒီကနေ့ ပြုလုပ်ခဲ့တဲ့ ရှင့်ရဲ့ လုပ်ရပ်ကို ကျွန်မဘ တစ်သက်တာလုံး လုံးဝ မမေ့ဘူးသိလား၊ အဲ့ဒီအတွက် ကျွန်မ ကျိန်ဆိုလိုက်မယ် ရှင့်လိုလူမျိုးရဲ့ အနားမှာ ဘယ်လိုအခြေအနေ မျိုးပဲ ရောက်ရောက် မေစစ်မှန်ဆိုတဲ့ ကျွန်မ ရှိမနေစေရဘူးမှတ်"

"မင်း ကိုယ့်အကြောင်း အသေးစိတ် မသိသေးလို့ ဒီလို စကားမျိုးကို ပြောတာ မေစစ်မှန်၊ မင်းသိထားဖို့က ကိုယ်က မင်းထင်သလို လွယ်လွယ်နဲ့ လက်မြှောက်အရှုံးပေးတတ်တဲ့ လူမျိုး မဟုတ်ဘူးမေစစ်မှန်၊ မင်းခေါင်းမာတယ်ဆိုတာ ကိုယ်အိပ်မေ သလောက်ပဲ ရှိနေသေးတယ်ဆိုတာ ယုံလိုက်"

"လဲသေလိုက်"





မေစစ်တစ်ယောက် ဒေါသဖြစ်ဖြစ်နှင့် ထအော်ပစ်လိုက်သည်။ ဘယ်နှယ့် သူတစ်ပါးအိမ်ထဲ လာပြီး စိတ်ရှိ လက်ရှိ စော်ကားတဲ့ အပြုအမူတွေနဲ့ လာလုပ်နေရပါလိမ့်။

အဲ့ဒါတွေအားလုံးရဲ့ အဓိက တရားခံက မေမေပဲ။

မေမေသာ သူ့ကို အခွင့်အရေးမပေးခဲ့လျှင် မေစစ်ကို အခုလို ရဲရဲဝံ့ဝံ့ ပြုမူဆက်ဆံရဲပါ့မလား။

အခုတော့

မေမေ့ကြောင့် မေစစ် အရှုံးကြီး ရှုံးနိမ့်နေရသည်။

မကျေနပ်ဘူး။

လုံးဝ မကျေနပ်ဘူး။

မေမေ မတရားဘူးသိလား။

မေစစ်ကို မျိုးမင်္ဂတိုင်ဆိုတဲ့ လူ အခုလို အနိုင်ကျင့်ဗိုလ်ကျ တာ မေမေရဲ့ ဦးစားပေးမှုတွေကြောင့်ပဲမေမေ။

မေစစ်မှန်တစ်ယောက်။

နာနာကြည်းကြည်းလေး သူ့ထံ စိမ်းစိမ်းကြီး စိုက်ကြည့် ကာ အံလေးကိုတင်းနေအောင်ပင် ချေကြိတ်ပစ်လိုက်မိတော့သည်။

• • •

## အခန်း (၁၅)

"မေစစ်"

"ရှင်"

"မောင်မဏ္ဍိုင်ရဲ့ အကူအညီတောင်းတာကို သမီးက ငြင်းခဲ့တယ်ဆို အဲ့ဒါဘာသဘောလဲ မေစစ်"

ဘာသဘောရမှာလဲ မေမေ။ မေစစ်မှ သူနဲ့ မပတ်သက် မဆက်ဆံချင်တဲ့ဟာ။ သူ့ရဲ့ အကူအညီတောင်းမှုကို မေစစ်က လုပ်ပေးရမှာတဲ့လား။ မေစစ် သူ့ကို လုံးဝ ကြည့်မရဘူးမေမေ၊

"ပြောလေ မေစစ်"

"ဘာကို ပြောရမှာလဲ မေမေ၊ မေစစ်ရဲ့ ဆန္ဒကိုက သူနဲ့ မပတ်သက်ချင်တဲ့ဟာ ဘယ်လိုလုပ်ပြီး ကူညီရမလဲ"

"ဘာပြောတယ် မေစစ်မှန်"

"မေမေ အမြင်ပဲလေ၊ လူကို စမြင်မြင်ချင်း သူ ဘယ်လို





ပြောခဲ့သလဲဆိုတာ မေစစ် သူ့ကို လုံးဝ အစာမကြေဘူးမေမေ"

"မေစစ်မှန် စကားကို ဆင်ဆင်ခြင်ခြင် ပြောစမ်း၊ လူလိမ္မာ သား ယဉ်ပါး၊ လူမိုက်သား ရမ်းကားတဲ့၊ သမီးရဲ့ အပြုအမူ အပြောအဆိုတွေအားလုံးကြောင့် မိဘတွေရဲ့ ဂုဏ်သိက္ခာကို မထိခိုက်ပါစေနဲ့ မေစစ်၊ မေမေတို့ သမီးကို အခုလို ပြုစုပျိုးထောင် လာတာ တစ်ချိန်ချိန်မှာ အစော်ကားခံဖို့ မဟုတ်ဘူး မေစစ်"

"မေမေ ဘာကြောင့် သူ့ကို သမီးရဲ့ အခန်းတံခါးသော့ ပေးလိုက်ရတာလဲ မေမေ၊ အဲ့ဒါကို တွေးမိတိုင်း သမီးအံ့ဩလို့ မဆုံးဘူးသိလား"

"ပေးရတာပေါ့ မေစစ်၊ မျိုးမဏ္ဍိုင်ဆိုတာ အခြေအမြစ် မရှိ ကလေကချေ ကောင်လေးတစ်ယောက်မှ မဟုတ်တာ၊ ဂုဏ်သရေရှိ အသိုင်းအဝိုင်းက ကောင်လေးတစ်ယောက်လေ၊ မိဘ ကလည်း အားလုံး ပညာတတ် မျိုးရိုးကောင်းတွေချည်းပဲ၊ မေမေ ပေးလိုက်တာ မှားလို့လား"

"ဒါပေမယ့်"

"ဒီမှာ မေစစ်၊ သမီးအကြောင်းကို မေမေက အသိဆုံးပဲ၊ ခေါင်းမာတဲ့နေရာမှာ သူမတူဘူးဆိုတဲ့ အချက်ကိုသိလို့ တမင် အခန်းတံခါးသော့ကို ပေးခဲ့တာ၊ ထင်တဲ့အတိုင်းပဲလေ မျိုးမဏ္ဍိုင် ဘယ်လောက်ခေါ်ခေါ် သမီးအခန်းမှာ အသံမပေးဘဲ အောင်းနေခဲ့

တာပဲ မဟုတ်လား၊ အဲ့ဒီအကြောင်းကိုသိလို့ မေမေကြိုတင်ပြီး အခန်းတံခါးသော့ကို မျိုးမင်္ဂလာဘ်ဖွင့်လက်ထဲ အပ်ခဲ့တာ သမီးကို မေမေ အစောကြီးထဲက ဘာပြောထားသလဲ မေစစ် မျိုးမင်းဖွင့်က အခုမှ မြန်မာနိုင်ငံကို ပြန်ရောက်လာတဲ့သူ ဆိုတာလေ၊ ဒါကြောင့် ရန်ကုန်မြို့ဆိုတာ သူ့အတွက်တော့ သူစိမ်းသက်သက်ပဲမေစစ်၊ သမီးက သူ့ကိုကူညီပြီး သူသွားချင်တဲ့ နေရာလေးတွေကို အဖော်လုပ်ပြီး လိုက်ပို့ပေးလိုက်ပါလို့ ပြောထားပြီးပြီပဲလေ၊ အခုတော့ သမီးရဲ့လုပ်ရပ်ကြောင့် မေမေ ဘယ်လောက်တောင် အားနာခဲ့ရသလဲ''

မေမေကတော့

သူပြောချင်တာတွေပဲ ဖွတ်ပြောနေတော့၏။

တကယ်ဆို

မေစစ်ရဲ့ အခက်အခဲကိုလည်း မေမေ မေးမြန်းသင့်တယ် မဟုတ်ဘူးလား။ မြင်မြင်ချင်း ချစ်ပါတယ်လို့ ရည်းစားစကား ပြောခံလိုက်ရတဲ့ မေစစ်ရင်ထဲက နာကျင်နေတဲ့ ခံစားချက်ကို မေမေကမှ မသိတာ။

သူ့ရဲ့ တစ်ဖက်သတ် ပြောစကားတွေနဲ့ မေစစ်ဘက်ကို ချည်း အခုလို အပြစ်တွေ တင်နေတာ လုံးဝ မှုတမူ မရှိဘူးမေမေ။

''သွား''





''အခုချက်ချင်း မျိုးမင်းဖွင့်ကို သွားတောင်းပန်လိုက် မေစစ်၊ မနက်က အပြုအမူတွေအတွက် ခွင့်လွှတ်ပါလို့လေ''

''မေစစ် မသွားဘူးမေမေ''

''ဘာ''

''မေမေ့ သူငယ်ချင်း အန်တီမာမာဝေကို မေစစ် ချစ်လည်းချစ်ပါတယ်၊ လေးလည်း လေးစားပါတယ်မေမေ၊ အန်တီဝေကို အားနာပေမယ့် မနက်ကကိစ္စမှာ မေစစ်မှ မမှားတာ မေမေ၊ အဲ့ဒါကြောင့် မေစစ် သူ့ကို လုံးဝမတောင်းပန်ဘူး''

''မိမေစစ်''

''မေမေ ကြိုက်သလောက်ဆူပါ၊ မကျေနပ်သေးရင် စိတ်ရှိလက်ရှိ ရိုက်ပြီး ဆုံးမနိုင်ပါတယ်မေမေ၊ ဒါပေမယ့် သူ့ကို သွားတောင်းပန်ဖို့တော့ မတိုက်တွန်းပါနဲ့၊ မေစစ် မလိုက်လျော နိုင်ဘူးမေမေ''

ဟင်။

ပြတ်သားသော ငြင်းပယ်မှုကြောင့် ဒေါ် တစ်ယောက် သမီးဖြစ်သူ မေစစ်မှန်ကို မျက်လုံးပြူးကြီးတွေနှင့် တအံ့တဩ မှင်သက်စွာပင် ကြည့်လိုက်မိတော့သည်။

ဘာကြောင့်

ဒီလောက်တောင် အသည်းအသန် ငြင်းဆန်နေရပါလိမ့်။

မနက်ကမှ

မာမာဝေဆီက မင်္ဂလာအရှိဆုံး သတင်းလေးတစ်ခုကို မိမိကြားခွင့်ရခဲ့သည်။ မောင်မျိုးမင်္ဂလာကြိုင်က မေစစ်ကို မြင်မြင်ချင်း မြတ်နိုးမိနေပြီတဲ့လေ။ အဲ့ဒါကြောင့် သားရေးသမီးရေးကို အဓိက ထားပြီး ဆွေးနွေးရတော့မည်ဆိုတဲ့ မင်္ဂလာအရှိဆုံး သတင်းစကား လေးကို မာမာဝေက အသိပေးခဲ့၏။ ကြားကြားချင်း မိမိ ဘယ်လောက်တောင် ဝမ်းသာခဲ့ရသလဲ။ သမီးရှင်တစ်ယောက် အနေနှင့် ဂုဏ်အရှိဆုံး အကောင်းဆုံး ကမ်းလှမ်းခံရမှုကို တွေးတွေး ပြီး ကျေနပ်ပီတိဖြစ်လို့ မဆုံးအောင် ဖြစ်ခဲ့ရသည်။

မာမာဝေရဲ့ အသိုင်းအဝိုင်း ဘယ်လောက်ထိ တောင့်တင်း သလဲဆိုတာ ငယ်သူငယ်ချင်းအဖြစ် ပေါင်းသင်းလာခဲ့တဲ့ မိမိက အသိဆုံးပဲ မဟုတ်ပါလား။ ပြီးတော့ မျိုးမင်္ဂလာကြိုင်ဆိုတဲ့ ကောင်လေး ကလည်း ခေသူမဟုတ်ချေ။ နိုင်ငံရပ်ခြားမှာ ကြီးပြင်းလာလို့သာ သူ့ရဲ့နေပုံထိုင်ပုံ ပြောပုံဆိုပုံတွေအားလုံးက တစ်မျိုးဖြစ်နေတာ အစွမ်းအစရှိသော ကောင်လေးတစ်ယောက် ဖြစ်သည်။

အခုလဲ

မိမိခင်ပွန်းနှင့် လုပ်ငန်းတွေ တွဲလုပ်ဖို့ စီစဉ်နေသည်။ ခင်ပွန်းသည်ဆီက ကြားရသမျှ မျိုးမင်္ဂလာကြိုင်ရဲ့ ထက်မြက်မှုက ကြားရ သူအဖို့ အားရကျေနပ်စရာပါ။





ဒါကြောင့်လဲ

ဒီလိုအရည်အချင်း ပြည့်ဝသော ယောကျ်ားတစ်ယောက် ရဲ့ စိတ်ဝင်စားခြင်းကို ခံရတဲ့ သမီးအတွက်လည်း ဂုဏ်ယူဝမ်းသာ မဆုံးတော့ချေ။

ဒါကြောင့်

မောင်မျိုးမင်္ဂလာကြိုင်က ဒီကနေ့ ဈေးဝယ်ထွက်ချင်၍ မေစစ် မှန်ကို အဖော်လုပ်ပြီး ခေါ်သွားပါရစေလို့ တလေးတစား တောင်းဆို လာခြင်းကို မိမိက ကျေကျေနပ်နပ်ကြီး ခေါင်းညိတ် လက်ခံခဲ့ သည်။ သမီးနဲ့ မောင်မျိုးမင်္ဂလာကြိုင်တို့ စိမ်းသက်နေမှုကို ပျောက်ကွယ် သွားအောင် မေစစ်ကို အဖော်အဖြစ် ခေါ်သွားဖို့ တိုက်တွန်းခဲ့၏။

မေစစ် ခေါင်းမာပြီး မလိုက်မှာစိုး၍ အခန်းတံခါးသော့ကို ...င် မျိုးမင်္ဂလာကြိုင်လက်ထဲ ထည့်ပေးခဲ့သည်။

မိမိကြိုးစားသလောက် အရာအားလုံးက ကျေနပ်အားရ ...ရာကောင်းလောက်အောင် ဖြစ်မလာခဲ့ပါချေ။

အဲဒါ မိမေစစ်ကြောင့်ပေါ့။

တွေးတွေးမိတိုင်း အသိနားလည်ခြင်း မရှိတဲ့ မေစစ်ကိုပဲ ...ဒါသတွေ ထွက်နေမိသည်။

"နေစမ်းပါဦး မိမေစစ်၊ ညည်းဘက်က မောင်မျိုးမင်္ဂလာကြိုင် ...ပေါ် ဘာကြောင့် အခုလို ခါးခါးသီးသီး ဖြစ်နေရတာလဲ"

"မေစစ် သူ့ကို အရမ်းမုန်းတယ်မေမေ"

"မြတ်စွာဘုရား"

"မေစစ်ကို မထေမဲ့မြင် ဆက်ဆံတာ မေစစ်ဒေါသအဖြစ်ဆုံးပဲ"

"အမလေး ကြီးကျယ်လို့၊ သူက ဘာတွေမထေမဲ့မြင်လုပ်လို့လဲ"

"မေစစ်ကို ချစ်တယ်တဲ့လေ"

"ဟေ"

"မေစစ်ကို ချစ်တယ်တဲ့လေ"

"ဟဲ့ အဲဒါ၊ မထေမဲ့မြင် ပြောတဲ့စကားမှ မဟုတ်တာ"

"ရှင်"

"ရင်ထဲမှာ ချစ်မိလို့ ချစ်မိပါတယ်လို့ ဝန်ခံတာ မရှိသေမလေးမစား ဆက်ဆံတာမှ မဟုတ်တာ၊ မောင်မျိုးမင်္ဂတိုင်လိုလူမျိုးက မက်မက်မောမော ရင်ဖွင့်ပြတာ သမီးက ကံကောင်းလွန်းလို့ ဂုဏ်တောင်ယူသင့်တာအေ့"

အမလေး။

မေစစ်က ဒါကို ဂုဏ်တောင် ယူရဦးမယ်ဆိုပါလား။ ရင်နာစရာကောင်းလိုက်ပါဘိ။

မေမေမို့လို့ အခုလိုမျိုး တိုက်တွန်းရတယ်။ မေမေသူ့ကို





ဘယ်လောက်ထိ နာကြည်းမုန်းတီးနေသလဲဆိုတာ မေမေမှ မသိတာ။

"မေစစ်"

"ရှင်"

"မာမာဝေက မေမေ့ဆီ ဖုန်းနဲ့လှမ်းဆက် အသိပေးပြီးပြီ၊ မေစစ်နဲ့ သားရဲ့ မင်္ဂလာကိစ္စကို ဦးနှောက်ထဲ ထည့်စဉ်းစားပေးဖို့လေ"

"အို မဖြစ်နိုင်တာ"

မေစစ်ခေါင်းလေးကို သွက်သွက်နေအောင် ခါယမ်းပစ်လိုက်မိသည်။ မျိုးမင်္ဂတိုင်ဆိုတဲ့ တဖွတ်ထိုးတစ်ကိုယ်ကောင်းဆန်တဲ့ လူမျိုးကို မေစစ် ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ မေစစ် အမုန်းဆုံးလူက အဲ့ဒီမျိုးမင်္ဂတိုင်ဆိုတဲ့လူပဲ၊ သူ့ကို ဘယ်တော့မှ မေစစ် လက်မထပ်ဘူးမေမေ။

"ဘာကို မဖြစ်နိုင်တာလဲ၊ မိမေစစ်နော် ဒီလောက်ကောင်းမြတ်တဲ့ ကံကြမ္မာကြီး ကိုယ့်ဆီရောက်လာတဲ့ဟာကိုများ သည်းက ငြင်းပယ်ချင်သေးတယ်၊ မျိုးမင်္ဂတိုင်လို လူမျိုးကိုမှ မယူရင်သည်းက ဘယ်လိုယောက်ျားကို ယူမှာလဲ၊ အပိုတွေ လုပ်မနေနဲ့မေစစ်၊ မေမေကတော့ သမီးကို မျိုးမင်္ဂတိုင်နဲ့ သဘောတူတယ်"

"မေမေ"

သူမအလန့်တကြား တားဆီးလိုက်မိသည်။

ဘာကြောင့် အလွယ်တကူကြီး ဆုံးဖြတ်လိုက်ရတာလဲ။

မေစစ်ရဲ့ ရင်ထဲက ဆန္ဒအမှန်ကို မမေးသေးဘဲ တစ်ဖက်သတ် ဆုံးဖြတ်ချက်တွေနဲ့ ဘာကြောင့် မေစစ်ရဲ့ စိတ်တွေကို ပိတ်လှောင်ပစ်လိုက်ရတာလဲမေမေ။

မေစစ် သူ့ကို မချစ်ဘူး။

ဟော့ဒီကမ္ဘာကြီးထဲမှာ မေစစ်အမုန်းဆုံး ယောကျ်ားက မျိုးမင်းကိုင်ဆိုတဲ့ လူပဲမေမေ။

ပြီးတော့

မေစစ်မှာ ချစ်သူရှိနေပြီ။

မေစစ် မောင့်ကို သိပ်ချစ်တယ်။

မောင်ကလွဲပြီး မေစစ် ဘယ်လိုယောကျ်ားမျိုးရဲ့ ရင်ခွင်ထဲမှာမှ မနေဘူးမေမေ။ မောင်ဟာ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ မေစစ်ကို သိပ်ချစ်တဲ့ မောင်ရဲ့ချစ်ခြင်းမေတ္တာတွေက ဖြူစင်အေးချမ်းလွန်းလို့ မောင့်ဘဝထဲမှာပဲ မေစစ်နေဖို့ ဆုံးဖြတ်ထားပြီးပြီမေမေ။

မေစစ် မောင်နဲ့ ဘယ်တော့မှ မခွဲဘူးသိလား။

"ဒီမှာ မေစစ်၊ မေမေ နောက်ဆုံးစကားကို ပြောလိုက်မယ်၊ မျိုးမင်းကိုင်က လွဲပြီး ဘယ်လိုလူမျိုးနဲ့မှ သမီးကို သဘောမတူနိုင်ဘူး၊ အဆင်းသိ၊ အစင်းသိ မျိုးမင်းကိုင်ကိုပဲ မေမေ





သမက်တော်နိုင်မယ်၊ သမီးရဲ့ ဖေဖေကလည်း မောင်မျိုးမင်းကိုင်နဲ့ လုပ်ငန်းတွေ တွဲလုပ်တော့မှာ၊ သမီးကြောင့် မေမေတို့ရဲ့ စီးပွားရေးတွေမှာ အနှောင့်အယှက် တစ်ခုလို ဖြစ်မလာစေချင်ဘူး၊ နောက်ဆို မျိုးမင်းကိုင်ကို လေးလေးစားစား ဆက်ဆံပါ မေစစ်၊ ပြဿနာ တစ်စုံတစ်ခု ဖြစ်ရင်တော့ မေမေ့အကြောင်း မေစစ် ကောင်းကောင်းကြီး သိစေရမယ်"

မြတ်စွာဘုရား။

တစ်ဦးတည်းသော သမီးမေစစ်မှန်ကို မေမေက စိတ်တိုင်းကျကို ကြိမ်းမောင်းနေတော့တာပါလား။

ဒါတွေအားလုံး ဟိုမျိုးမင်းကိုင်ဆိုတဲ့ လူကြောင့်လေ။

မေမေရဲ့ မျက်နှာထားက အရင်ကနဲ့မတူ တခြားစီပါပဲ။ တင်းမာခက်ထန်နေတဲ့ မျက်နှာလေးက တည်တင်းနေ၏။

"မေမေ မတရားဘူး၊ မေမေ လုံးဝ မတရားဘူး မေစစ် သူ့ကို လုံးဝ မချစ်ဘူးမေမေ၊ မေစစ် သူ့ကို အရမ်းမုန်းတာ အဲ့ဒါကို မေမေသိလို့လား"

"သိတယ် မိမေစစ်၊ သမီးမချစ်ဘူးဆိုတာ သိတယ်။ ဒါပေမယ့် အချစ်တစ်ခုနဲ့ အေးချမ်းသာယာတဲ့ ဘဝတစ်ခုကို မတည်ဆောက်နိုင်ဘူးဆိုတာ သမီးခေါင်းထဲ စွဲနေအောင် မှတ်ထားလိုက်စမ်းပါ၊ တကယ်တမ်း လက်တွေ့ဘဝမှာ မပြည့်စုံမှုတွေ အများကြီး

ရှိလာလေ ပိုပြီးမအေးချမ်းရလေပဲမေစစ်၊ သမီးဟာ ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ပါ၊ သိပ်ပြီး အတွေးမတိမ်စမ်းပါနဲ့၊ မေမေ စိတ်ကူးယဉ်ပြီး လေထဲ တိုက်ဆောက်ဖို့ ကြိုးစားနေတတ်တဲ့ လူမှု ကို အထင်မကြီးဆုံးပဲ မေစစ်၊ မေမေ့ရဲ့ စိတ်ဓာတ်ကို မေမေ အသိဆုံးပဲနော်၊ မေမေ့ကို စိတ်ပျက်အောင်မလုပ်နဲ့''

''မေမေ မေစစ်ကို သနားပါဦး၊ မေစစ်ရင်ထဲက ခံစား ချက်တွေကို မြင်အောင် ကြည့်ပေးပါဦးမေမေ''

''မေစစ်ကို သိပ်ချစ်လို့၊ မေစစ် ဒုက္ခရောက်မှာ သနား လွန်းလို့ မေမေ ဒီလိုဆုံးဖြတ်ချက်တွေကို ချနေတာပေါ့ မေစစ်''

ဟင့်အင်း။

မဟုတ်ဘူး။

မေမေ မှားနေပြီ။ မေစစ်ကို တကယ်ချစ်ရင် မေစစ် စိတ်ဆင်းရဲရမှာကို မေမေမြင်ရက်ပါ့မလား။ မျိုးမင်္ဂလာဆိုင်ဆိုတဲ့ လူ ရင့်သီးမောက်မာတဲ့ ဆက်ဆံရေးကို မေမေမှ မမြင်တာ။ မေမေ ထင်လားဟင်။ မျိုးမင်္ဂလာဆိုင်လို လူမျိုးက မေစစ်ကို စိတ်ချမ်းသာ ပျော်ရွှင်အောင် ထားလိမ့်မယ်လို့ မေမေထင်လား။ သူ့လော အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်တတ်တဲ့ လူမျိုး မေစစ်ဘဝ တစ်ခါမှကို မတွေ့ဖူးသေးတာမေမေ။

မေစစ်





သူဘယ်လောက် ပညာတတ်တတ်၊ သူဘယ်လိုပဲ ပုံလန် နေအောင် ချမ်းသာချမ်းသာ မေစစ် လုံးဝ အထင်မကြီးဘူး။ မေစစ် ချစ်လည်းမချစ်ဘူးမေမေ။ မေစစ် ချစ်တာ မင်းဆတ်ခဆိုတဲ့ သမီးရဲ့ ချစ်သူကိုပဲ။

''မေစစ်''

''အဟင့် ဟင့်''

''ဟင့် ဟင့်''

မေစစ်မှန်တစ်ယောက် ဝမ်းနည်းကြေကွဲစွာပင် မေမေ ရှေ့တသိမ့်သိမ့် ရှိုက်ငိုနေမိတော့သည်။

''မေမေ သတိပေးထားပြီးပြီနော်''

''အဟင့် ဟင့်''

''ဟင့် ဟင့်''

''မျိုးမင်္ဂလာဆိုင်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ၊ လူကြီး ချင်း မျက်နှာမပျက်ပါရစေနဲ့၊ မေမေတို့ မိသားစုရဲ့ အကျိုးစီးပွားက အခုအချိန်မှာ သမီးအပေါ်မှာ ရပ်တည်နေတယ်ဆိုတာကို သတိ ထားပါ၊ မေမေ အဲဒါပဲ မှာချင်တယ်''

မေစစ် တိတ်ဆိတ်ငြိမ်သက်နေမိသည်။

မေမေ့ရဲ့ အမှာစကားက မေစစ်ရဲ့ ရင်ထဲက နှလုံးသား တစ်ခုလုံးကို စူးနင့် နာကျင်နေစေခဲ့၏။

ဘယ်လိုလုပ်ရမလဲ။

မေစစ် ဘယ်လို လုပ်ရမလဲဟင်။

မောင်

မောင်ရယ်။

မေစစ်ရဲ့အဖြစ်ကို မြင်လှည့်ပါဦးရှင်။

မျိုးမတူတိုင်ဆိုတဲ့ သူရဲ့ဖွတ်တရွတ် တောင်းဆိုမှုတွေ လူကြီးမိဘတွေက အလေးအနက် ထားကုန်ကြပြီ။

မေစစ်လေ

သူ့ကို လုံးဝမချစ်ဘူးမောင်။

မေစစ်ချစ်တာ မောင့်ကိုပါ။

မောင့်တစ်ယောက်တည်းကိုပဲ ချစ်တာပါမောင်ရယ်။

အဟင့် ဟင့်

အတွေးလေးနှင့်အတူ ကြေကွဲဝမ်းနည်းစွာပင် မေစစ်မှာ တစ်ယောက် တသိမ့်သိမ့် ရှိုက်ငိုနေမိတော့သည်။

• • •



# အခန်း (၁၆)

"မေစစ် မောင့်ကိုတွေ့ချင်တယ်"ဆိုတဲ့ ချစ်ရသူလေးရဲ့ တောင်းဆိုမှုကြောင့် မင်းဆတ်ခရင်ထဲ စိုးထိတ်မှုလေးတွေက ...က်ချင်းပင် ပြည့်လျှံတက်သွားရသည်။

အမြဲလိုလိုပင်

ညကိုးနာရီလောက်ကနေ ကိုးနာရီခွဲအထိ နာရီဝက်တိတိ ...န်းအဆက်မပြတ် ပြောခဲ့ကြသည်မှာ သူမလေးတို့ နံဘေးခြံကြီး ...ို ပိုင်ရှင်တွေထံ သော့ပြန်အပ်ပြီးခဲ့သည့် အချိန်မှစ၍ ဒီကနေ့အထိ ...ဖြစ်သည်။ အိမ်ရှင်တွေက ဖုန်းကိုအသုံးပြုလျှင် မကြိုက်တာမို့ ...စစ်ဘက်ကသာ ခိုးခိုးပြီး သူ့ဆီကို ဆက်တတ်သည်။ တစ်ရက် ...လေးမှ မပြတ်ခဲ့ချေ။

ကိုယ့်ချစ်သူကို တွေ့ချင်တိုင်း မြင်တွေ့ချင်ပေမယ့် ...ကြောက်အလန့်ကြီးလွန်းသော သူမလေးရဲ့စိတ်ကြောင့် မင်းဆတ်ခ

၏ ဖြစ်ချင်စိတ်များအားလုံး မျိုသိပ်ထိန်းချုပ်ထားခဲ့ရသည်။ မေစစ်ကို ဇွတ်အတင်းတွေ့ဖို့ မကြိုးစားခဲ့။ တစ်ခါတလေတော့လည်း မေစစ်ကို သူဘယ်လိုမှ နားမလည်နိုင်။ သူမ ဘာတွေ အစိုးရိမ်လွန်ကဲနေရတာလဲဆိုတာ သူမတွေးတတ်တော့ပါချေ။ တကယ်ဆို မေစစ်ကို သူအပျော်သဘောနဲ့ တွဲတာမှမဟုတ်တာ။ မေစစ်ရဲ့ ဘဝလေးကို စာနာနားလည်စိတ်များနှင့် သူမရဲ့ အနာဂတ်လေးလှပအောင် အရောင်လှလှလေး ခြယ်ပေးချင်သော ဆန္ဒအမှန်နှင့် ချစ်ခဲ့တာပါ။

လူပျိုအပျို ချစ်ကြကြိုက်တဲ့ကိစ္စမှာ သူမ ဘယ်သူ့ကို ကြောက်ရွံ့နေခဲ့တာလဲ။ မေစစ်အကြောင်းကို သူ သေသေချာချာမေးတော့လည်း အဖြေက အားရကျေနပ်လောက်အောင် တိကျခြင်းမရှိချေ။ သူမဘယ်မှာနေသလဲ မေးတိုင်း မြို့စွန်က နယ်လေးတစ်ခုဟုသာ မရေမရာဖြစ်ခဲ့သည်။

မိသားစုအကြောင်းမေးလျှင်လည်း စကားလမ်းကြောင်းတွေက လွှဲလွှဲသွားတတ်၏။ ဘာကြောင့်လဲဆိုတာ သူနားမလည်ပါ။ မေစစ်ရဲ့စိတ်တွေ ရှုပ်ထွေးသွားမှာစိုး၍လည်း မင်းဆတ်ခ သိချင်စိတ်များကို ချိုးနှိမ်ကာ ဆက်မမေးဘဲနေခဲ့သည်။

မင်းဆတ်ခတစ်ယောက်

မေစစ်ကို သိပ်ချစ်တဲ့စိတ်တစ်ခုတည်းနှင့် သူမလေးအလို





ကိုသာ ရှေ့တန်းတင်ခဲ့မိ၏။ သူသိပ်ပြီး စပ်စုမနေတော့။ အရေးကြီးတာ မေစစ်ဆိုတဲ့ ကောင်မလေးကို အသက်ထက်ပိုပြီး ချစ်တယ်ဆိုတာပဲလေ။ သူမလေးကို ချစ်မိမှတော့ သူမလေးနဲ့ပတ်သက်တဲ့ အရာမှန်သမျှ သူလက်ခံရမည်ပေါ့။

မေစစ်ရယ်။

မင်းဘာတွေဖြစ်နေပြီလဲကွာ။ မောင့်အချစ်ကို မောင်စိတ်ပူလိုက်တာ မေစစ်ရယ်။ သူမဆီကို လူကိုယ်တိုင်လာတွေ့မှာ သေလောက်အောင်ကြောက်၍ သူရောက်နေလျှင်တောင် ခြံပြင်ထွက်တွေ့ရခဲ့သော ချစ်ရသူလေး၏ အခုတော့ သူ့ကို အရမ်းတွေ့ချင်သတဲ့လေ။

တစ်ခါမျှ

မေစစ်ဆီက ထိုသို့ နင့်သီးသည့် တောင်းဆိုမှုမျိုးကို မခံရတာမို့ ယခုလို ဖွင့်ပြောလာမှုတွင် တစ်စုံတစ်ခုတော့ ထူးခြားမှုတွေရှိနေနိုင်ပါသည်။

မေစစ်။

မေစစ်ရယ်။

မောင်စိတ်ပူလိုက်တာကွာ။

ဘာတွေဖြစ်နေပြီလဲဟင်။

မေစစ်အလုပ်လုပ်နေတဲ့အိမ်နဲ့ ဘာတွေပြဿနာတက်နေ

ပြီလဲ။

မောင်

အရမ်းသိချင်တာပဲ မေစစ်ရယ်။

ခြံကျယ်ကြီးရှေ့ မယောင်မလည် ဖြတ်လျှောက်ကာ တိုက်ကြီးထဲက အရိပ်အခြည်ကို စောင့်ကြည့်နေမိသည်။ အထဲကို ဝင်ဖို့ အကြိမ်ကြိမ် စိတ်ကူးမိပေမယ့် မေစစ်က သူ့ထွက်မလာမချင်း ထိန်းချုပ်ထားလိုက်ရသည်။

ခြံကျယ်ကြီးရှေ့ကနေ သူ ဘယ်နှစ်ကြိမ်မြောက် ဖြတ်လျှောက်နေမိသလဲဆိုတာ မင်းဆတ်ခတစ်ယောက် ရေတောင်မရေတွက်နိုင်တော့ပါ။ ခြံဝင်းတံခါးကြီးထဲကနေ ထွက်လာမည့် ချစ်ရသူလေးရဲ့ အရိပ်အယောင်လေးကိုသာ မှန်းဆတမ်းတရင်း မင်းဆတ်ခ စောင့်မျှော်နေမိသည်။

ဟော။

သူစောင့်ကြည့်နေခိုက် ခြံဝင်းတံခါးကြီးအနီး ချဉ်းကပ်လာသော အရိပ်လေးတစ်ခုကြောင့် လှမ်းလက်စခြေလှမ်းလေးတွေ တုန့်ခနဲရပ်တန့်သွားရ၏။

"မေစစ်"

သူ

ခြံတံခါးလေးထဲကနေဖွင့်ပြီး အပြင်သို့ထွက်လာတဲ့ မေစစ်





ကို မြင်လိုက်သည်ဆိုလျှင်ပဲ ထိုနေရာလေးဆီသို့ သွက်လက်သော ခြေလှမ်းကျဲကြီးတွေနှင့်လှမ်းကာ သူ့မလေးအနီးသို့ တိုးကပ်သွားမိသည်။

"မောင်"

"မေစစ်"

"မောင်ရယ်"

"အဟင့် ဟင့်"

"ဟင် မေစစ်"

မောင့်ကိုတွေ့မြင်လိုက်ရသည်ဆိုလျှင်ပဲ မေစစ်မှန်တစ်ယောက် ရင်ထဲမှာ တင်းကြပ်ဆို့နင့်နေသည့် ခံစားချက်များကို မျက်ရည်များအဖြစ် ပြောင်းလဲကာ မျက်နှာလေးကို လက်ဝါးလေးနှစ်ဘက်နှင့်အုပ်ကာ တသိမ့်သိမ့် ရှိုက်ငိုလိုက်မိတော့သည်။

"မေစစ် ဟာ မငိုနဲ့လေမေစစ်ရဲ့၊ လမ်းမကြီးပေါ်မှာ၊ လာ လာ မောင်တို့တစ်နေရာရာ သွားကြရအောင်"

မေစစ်လက်ကလေးကို တင်းနေအောင် ဆုပ်ကိုင်ကာ ဆွဲခေါ်သွားသော မောင့်နောက်သို့ ငြင်းဆန်ခြင်းတစ်စုံတစ်ရာမရှိဘဲ မေစစ် လိုက်ပါသွားမိသည်။

မောင်က

သူ့မတို့ခြံကျယ်ကြီးနှင့် ဝေးနိုင်သမျှဝေးအောင် ခြေလှမ်း

သွက်သွက် လှမ်းကာသွားနေ၏။

မေစစ်တစ်ယောက်

မျက်ရည်တွေ တစ်ပေါက်ပေါက်စီးကျရင်း မောင်နောက်သို့ လိုက်ပါသွားမိသည်။ အခုချိန်မှာ မေစစ် ဘာကိုမှ စိတ်ထဲမထားနိုင်တော့ပါ။ မေစစ်သိတာ တစ်ခုပဲရှိသည်။

အဲဒါ

မောင့်ကို သိပ်ချစ်တယ်ဆိုတာပါပဲ။

မေစစ်ရင်တစ်ခုလုံး ဝမ်းနည်းကြေကွဲစိတ်တွေနှင့် တလှိုက်လှိုက် တုန်ခါနေရ၏။ ပါးပြင်လေးနှစ်ဘက်တွင် မျက်ရည်စီးကြောင်းကြီးတွေက ထင်းနေသည်။ ဖူးနုစိုလက်နေသော နှုတ်ခမ်းလေးထက်မှ ရှိုက်သံသဲ့သဲ့လေးက ပျံ့လွင့်နေ၏။

ပတ်ဝန်းကျင်ကို သတိမထားနိုင်တော့လောက်အောင်ပင် သူမရဲ့ အာရုံတွေထဲ မောင့်ကိုချစ်သည့် အချစ်တို့နှင့်သာ ပြည့်လျှံနေရတော့သည်။

မင်းဆတ်ခတစ်ယောက်မှာလည်း သူ့ကိုမြင်လိုက်တယ်ဆိုလျှင်ပဲ ဆိုင်းမဆင့်၊ ဗုံမဆင့် ငိုချလိုက်သော မေစစ်ကိုကြည့်ပြီး ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိအောင်ပင် ဖျာယာခတ်သွားရသည်။

အခုအချိန်မှာ

သူမကို မေးနေလို့လည်း အပိုပဲဖြစ်မှာမို့ ဘာမှမေးမြန်းမနေ





တော့ဘဲ မြို့ကြီးနှင့် ဝေးနိုင်သမျှဝေးအောင်ပဲ သူခွဲခေါ်သွားမိသည်။

သူ့ရင်တစ်ခုလုံး မီးလောင်တစပြင်လို ပူပြင်းလောင်မြိုက်နေရ၏။ ချစ်ရသူလေးရဲ့ ဝမ်းနည်းကြေကွဲနေတဲ့ ငိုရှိုက်သံလေးကို ကြားရလေလေ သူ့စိတ်အစဉ်က ပိုပြီးတုန်လှုပ်ချောက်ချားရလေလေဝင် ဖြစ်နေရသည်။

သူ။

ဘယ်သွားရင်ကောင်းမလဲ စဉ်းစားနေမိ၏။

ဒီအတိုင်းကြီး ဆက်သွားလို့လည်းမဖြစ်နိုင်။

ဘာလိုမှ ထိန်းချုပ်မရလောက်အောင် ငိုနေတာဆိုတော့ ပတ်ဝန်းကျင်အမြင်မှာ တစ်မျိုးတမည်ဖြစ်သွားနိုင်သည်။

သူ။

နံဘေးကနေ ဖြတ်မောင်းသွားသော အငှားကားတစ်စီးအား ဖျတ်ခနဲ လှမ်းတားလိုက်မိ၏။

မင်းဆတ်။

တက္ကစီကားလေးဆီ ခပ်သွက်သွက်လျှောက်ကာ လိပ်စာလေး တစ်ခုကိုပြောလိုက်ပြီး ကားနောက်ခန်းတံခါးလေးကို ဆွဲဖွင့်လိုက်သည်။

"တက်လေ မေစစ်"

"ဟင်"

"ဒီအတိုင်းကြီးဆက်သွားလို့မှမဖြစ်တာ ကားပေါ်တက်"

မေစစ် ခဏတာတွေဝေသွားပြီးတော့မှ ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချကာ တက္ကစီကားလေးထဲသို့ ဝင်ထိုင်ပစ်လိုက်သည်။ သူမထိုင်ပြီးတာနှင့် မောင်က သူမနံဘေးတွင် ဝင်ထိုင်၏။ သူမတို့နှစ်ယောက် ကားပေါ်ရောက်သွားသည်ဆိုလျှင်ပဲ ကားလေးသည် နေရာလေးကနေ ဝေါခနဲနေအောင်ပင် မောင်းထွက်သွားတော့သည်။

"မောင်"

"ဗျာ"

"မေစစ်တို့ ဘယ်ကိုသွားမလို့လဲဟင်"

သူမ

မျက်ရည်တွေကြားမှ မောင့်မျက်နှာချောချောဆီ မော့ကြည့်ကာ လှိုင်းထအက်ကွဲသော အသံလေးနှင့်မေးမိ၏။

"မေစစ်"

"ရှင်"

"မောင့်ကို ယုံတယ်မဟုတ်လား"

"ဟုတ်"

"မောင်တို့အိမ်ကို မေစစ်လိုက်ခဲ့နော်"

"ရှင်"

မောင့်အိမ်ကိုလိုက်ခဲ့တဲ့။





မောင်က သူ့အိမ်ကိုခေါ်သွားဖို့ ဆုံးဖြတ်ခဲ့တာကိုး။

"အိမ်မှာ မောင့်အမေရှိတယ် မေစစ်၊ မေမေကိုတော့ မောင် မကြာခဏဆိုသလို မေစစ်ရဲ့အကြောင်းလေးတွေ ပြောပြောတတ်လို့ မတွေ့မမြင်ဖူးပေမယ့် စိမ်းတော့မစိမ်းနေတော့ဘူး မေစစ်၊ ဘာမှ မစိုးရိမ်နဲ့နော်၊ မေမေက အရမ်းသဘောကောင်းတာ၊ မေစစ်ကိုလည်း တစ်ချိန်လုံး မြင်ဖူးချင်နေတဲ့သူဆိုတော့ အဆင်ပြေမှာပါ မေစစ်၊ ကိုယ့်ဘက်ကို မေစစ် လုံးဝမစိုးရိမ်နဲ့သိလား"

"ဖြစ် ဖြစ်ပါ့မလားမောင်ရယ်၊ မေ မေစစ် ကြောက်တယ်"

"ဘာကိုလဲ မေစစ်"

"မောင့်အမေနဲ့ မျက်နှာချင်းဆိုင် ဆုံတွေ့ရမှာကိုလေ"

"အဟွန်း ဒါကြောက်စရာမှ မဟုတ်တာ မေစစ်ရဲ့၊ မောင် ပြောပြီးပြီမဟုတ်လား၊ မေမေက မေစစ်လိုက်လာတာကို ဝမ်းသာအားရ ကြိုဆိုနေမှာပါဆိုတာလေ၊ မေစစ်တွေ့လိုက်ရင် ယုံကြည်သွားပါလိမ့်မယ်ကွာ၊ မစိုးရိမ်ပါနဲ့"

မောင်ရယ်။

မစိုးရိမ်ပါနဲ့တဲ့လားရှင်။

မောင့်ဆီက အဲဒီလို နှစ်သိမ့်စကားလေးတွေကြားရလေ မေစစ် ပိုပြီးခံစားရလေပဲမောင်။ မောင့်ကိုချစ်တဲ့ အချစ်တွေကြောင့်

မေစစ်ရဲ့ ရှုံးမတတ်ကို ခံစားနေရတယ်ရှင်ရယ်။

မေမေက

ပြင်းပြတဲ့ အမိန့်တစ်ခုကို ထုတ်လိုက်ပြီ။

အဲဒါ

မျိုးမင်္ဂလာနိုင်ဆိုတဲ့လူနဲ့ မေစစ်ကို လက်ထပ်ပေးဖို့လေ။

မေစစ်

သူ့ကိုမယူနိုင်ဘူးမောင်။

မေစစ် ချစ်လည်းမချစ်ဘူး။ လူကြီးမိဘတွေရဲ့ အရှိန်အဝါနဲ့ မေစစ်ရဲ့ ဘဝကို စိုးမိုးလွှမ်းခြုံဖို့ ကြိုးစားတဲ့သူရဲ့ လုပ်ရပ်တွေကိုလည်း မေစစ် အရမ်းမုန်းတယ်။

မေစစ်

ဘာလုပ်ရမလဲမောင်။

မေစစ် မောင်နဲ့မခွဲနိုင်ဘူး။

မောင်နဲ့သာဝေးရရင် မေစစ်သေလိမ့်မယ်မောင်ရဲ့။

မောင်နဲ့မဝေးချင်တာလေးတစ်ခုကလွဲပြီး မေစစ် ဘာကိုမှ မက်လည်း မမက်မောဘူး။ လိုလည်းမလိုချင်ဘူးမောင်။ မေစစ်ဘဝမှာ စည်းစိမ်ဥစ္စာတွေဆိုတာ ပြီးပြည့်စုံနေခဲ့တာပါ။ အဲဒါတွေကြားမှာ ခံစားနေရတော့ရော မေစစ် ပျော်နိုင်လို့လား။ ကြင်နာဖွေးထွေးမှုမရှိ အချိန်တိုင်း လောဘတကြီး ငွေနောက်ကို ကောက်ကောက်ပါအောင်





လိုက်နေကြတဲ့ လူတွေကြား မေစစ် ဘယ်လောက်ထိ အဖော်မဲ့ခဲ့ရသလဲဆိုတာ မေစစ်ကိုယ် မေစစ် အသိဆုံးပဲ။

အခုလည်း

ဂုဏ်ဂုဏ်ချင်း ငွေငွေချင်းထပ်ကြဖို့ ကြိုးစားနေကြပြန်ပြီ။ သူတို့ အကျိုးအမြတ်ရရှိဖို့ ဖြူစင်ရိုးသားတဲ့ မေစစ်ရဲ့ရင်ထဲက နှလုံးသားတွေကို စတေးကြဖို့ ကြိုးစားကြပြန်ပြီ။

ဟင့်အင်း။

မေစစ် လက်မခံနိုင်ဘူး။

မေစစ် မျိုးမင်္ဂလာနိုင်ဆိုတဲ့လူကို လုံးဝမချစ်ဘူး။

ဘယ်လောက်ပဲ ငွေတွေပုံပေးပေး စာနာသနားငဲ့ညှာတဲ့စိတ် စိုးစိမျှမရှိတဲ့ ဒီလိုလူမျိုးရဲ့ဘဝထဲမှာ မေစစ်နေဖို့ကို စိတ်ကူးမရှိတာ။

မုန်းတယ်။

မေစစ် အရမ်းမုန်းတယ်။

မျိုးမင်္ဂလာနိုင်ဆိုတဲ့သူရဲ့ မျက်နှာကို မမြင်ချင်။ မတွေ့ချင်လောက်အောင်ကို မုန်းတယ်။

"မေစစ်"

"ရှင်"

"ဆင်းလေ အိမ်ရောက်ပြီ"

ဟင်။

အိမ်ရောက်ပြီတဲ့။

သူမဘယ်လောက်ထိတောင် အတွေးတွေလွန်သွားသလဲ မသိ။ သူမ သတိထားလိုက်မိချိန်တွင်တော့ သူမတို့ ငှားလာသော တက္ကစီကားလေးက သစ်သားတွေနှင့် ခြံတံခါးခတ်ထားသော ခြံလေးတစ်ခြံရှေ့တွင် တိတိရိရိလေး ထိုးရပ်နေချေပြီ။

"ဆင်းလေ မေစစ်"

မောင့်ရဲ့ထပ်မံသတိပေးမှု အဆုံးမှာတော့ မေစစ် တစ်ယောက် ကားတံခါးလေးကို ဆွဲဖွင့်ကာ ညင်သာသွဲ့ပြောင်းစွာ ကားလေးပေါ်ကနေ ဆင်းလိုက်မိတော့သည်။

● ● ●



## အခန်း (၁၇)

"လာ သမီး"

ကြင်နာနွေးထွေးလှိုက်လှဲသော အသံလေးနှင့် မေစစ်ရဲ့ လက်ကလေးကို ဆွဲခေါ်ရင်း ကြိုဆိုလိုက်တဲ့ မောင့်မေမေရဲ့ ဖော်ရွေ မှုကြောင့် မေစစ်ရင်တွေ တထိတ်ထိတ် လှိုက်ခုန်ကာ စိုးထိတ် ကြောက်ရွံ့နေမှုတွေ အားလုံး တခဏခြင်းပင် ပျောက်ကွယ်သွားရ တော့သည်။

သူမ

စိတ်ညစ်ညစ်နှင့် မောင့်နောက်သို့ လိုက်လာခဲ့ပြီးမှ သူမနှင့် တစ်ခါမျှ ရင်းနှီးကျွမ်းဝင်ဖူးခြင်းမရှိသော မောင့်ပတ်ဝန်းကျင် အသိုင်း အဝိုင်းလေးထဲကို ဝင်တိုးရမှာကျတော့ စိတ်ထဲတစ်မျိုးလေး ဖြစ်နေရ သည်။

အားငယ်စိတ်တွေကြောင့် သူမရင်ထဲ လေးပိနေရသည်။

ရှက်စိတ်၊ ကြောက်စိတ်များကြောင့် ရင်တထိတ်ထိတ်ခုန်
ခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်ယင်နေရသည်။

သူမတို့ကားလေး အစိမ်းရောင်ရင့်ရင့်ပေါ် ထိပ်
အဖြူရောင် သုတ်ဆေးသုတ်ထားသော သစ်သားတိုင် မ
ခြံစည်းရိုးလေးရှေ့တွင် ထိုးရပ်သွားသည်ဆိုလျှင်ပဲ သစ်သား
လေးကို လာဖွင့်ပေးသော အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိ အ
ဖြူဖြူ၊ အရပ်မနိမ့်မမြင့် ကိုယ်နေဟန် သွယ်သွယ်နှင့် မြန်မာ
ရင်ဖုံးလက်စက ပါတိတ်ထဘီ စိမ်းဖန့်ဖန့်ဝမ်းဆက်လေးကို ဝတ်
ထားသော အမျိုးသမီးကြီးတစ်ဦးက အေးချမ်းသော အပြုံးနုနု
တွေနဲ့အတူ သော့လာဖွင့်ပေးသည်။

မေစစ်

မောင့်လက်ကလေးကို တင်းနေအောင် ဆုပ်ကိုင်
မောင့်နောက်ကျောလေးမှ လွန်၍ ခြံလေးဆီ လှမ်းကြည့်
လေးနက်တည်ငြိမ် အေးဆေးလွန်းသော မျက်ဝန်းကြည်လေး
ဆုံကာ သူမရင်တွေ အခုန်မြန်သွားရသည်။ ထိုအမျိုးသမီး
အကြည့်လေးကို ရင်မဆိုင်ရဲစွာပင် မေစစ်ရဲ့ မျက်ဝန်းအကြည့်
လွှဲထားလိုက်၏။

ခြံတံခါးလေးပွင့်သွားတာနှင့် မောင်က ခြံထဲကိုဝင်
သူ့အမေနှင့် ချက်ချင်းပင် မိတ်ဆက်ပေးခဲ့သည်။





မေစစ်ရဲ့ မရဲတရဲဖြစ်သော ပုံစံလေးကိုကြည့်ပြီး မောင့်မေမေက စာနာနားလည်ဟန်ရှိသည်။ ဖော်ရွေစွာပင်ပြုံးကာ နှုတ်ဆက်ပြီး သူမရဲ့ ကြောက်စိတ်တွေ ပြေလျော့သွားစေရန် သူမကို လှိုက်လှိုက်လှဲလှဲပင် ကြိုဆိုခဲ့သည်။

ဒီတော့မှ

မေစစ်မှာ သက်ပြင်းလေးချနိုင်ပြီး စိတ်လက်ပေါ့ပါးလန်းဆန်းသွားရတော့၏။

"သမီးလေးကလှလိုက်တာကွယ်၊ ဒါကြောင့် မေမေ့သားက တစ်ချိန်လုံး မေစစ်မှ မေစစ်ဖြစ်နေတာကိုး"

အို။

မောင့်မေမေရဲ့စကားလေးကြောင့် မေစစ်ရဲ့ မျက်နှာလှလှလေးမှာ ပန်းသွေးရောင်လေးများ စိုရဲတောက်သွားရတော့၏။ သို့သော် မေစစ်ရဲ့ နှုတ်ခမ်းလှလှလေးအပေါ်မှာတော့ ကြည်နူးနှစ်သက်ရိပ်လေးတွေနှင့် ပြုံးလို့နေသည်။

"လာ သမီး၊ အိမ်ထဲဝင်ရအောင်"

နို့စိမ်းရောင်တစ်ထပ်တိုက်ပုလေးဆီသို့ သူမရဲ့လက်ကလေးကို ဆွဲခေါ်ကာ မောင့်မေမေက ရှေ့ကနေ ဦးဆောင်ခေါ်ဖို့ ကြိုးစား၏။ မေစစ် မောင့်မျက်နှာဆီ ဖျတ်ခနဲမော့ကြည့်မိ၏။ ညင်သာစွာ ခေါင်းလေးညိတ်ပြလိုက်သော မောင့်မျက်နှာချောချော

ဆီမှ ခွင့်ပြုချက်လေးကြောင့် မောင့်မေမေရဲ့အနောက်သို့ သူမ လိုက်သွားလိုက်သည်။

''ထိုင် သမီး''

''ဟုတ်''

တိုက်အိမ်လေးထဲရောက်တော့ ပေါ်လစ်များ ပြောင်လက်နေသော ဆက်တီခုံလေးတွင် သူမကို ထိုင်စေသည်။

သူမတို့တိုက်အိမ်ကြီးလို ဧည့်ခန်းဟူ၍ သီးသန့်မရှိဘဲ မောင်တို့ရဲ့ ဧည့်ခန်းလေးထဲတွင် မျက်နှာချင်းဆိုင်မှာ မှန်ဘီရိုဘုရားစင်လေးက သပ်ရပ်စွာရှိနေသည်။

မေစစ်တစ်ယောက်

မျက်လုံးလေးဝေ့ဝဲကာ အိမ်အခြေအနေလေးကို လေ့လာလိုက်မိသည်။ အိမ်ကလေးထဲတွင် အိမ်နောက်ဘက်သို့ဝင်သော တံခါးပေါက်လေးက အလယ်တည့်တည့်တွင် ဖောက်ထားကာ တစ်ဖက်တစ်ချက် အခန်းလေး ကန့်ထားပုံရ၏။ လူနှစ်ယောက်တည်းသာနေသော အိမ်ကလေးမို့ မောင်နဲ့ သူ့အမေတို့ တစ်ယောက်တစ်ခန်းစီ သီးသန့်လေးနေကြဟန်ရှိသည်။

မဆိုးပါဘူး။

တိုက်လေးက တစ်ထပ်တိုက်လေးဖြစ်ပေမယ့် သပ်ရပ်သန့်ရှင်းကာ အိမ်လေးက တိတ်ဆိတ်အေးချမ်းလျက် နေချင်စရာ





လေးဖြစ်နေ၏။

''သမီး''

''ရှင်''

''ဒီတိုက်လေးက သိပ်မကြာသေးခင်ကမှ သားရဲ့လုပ်အားနဲ့ ဆောက်ပြီးခဲ့တာလေ၊ အရင်က ဒီနေရာလေးမှာ သစ်သားပျဉ်ထောင်အိမ်လေးပဲ ဆောက်ထားတာကွဲ့''

ဪ

ဒါ့ကြောင့် တိုက်အိမ်လေးက ဆေးရောင်လေးစိုလက်ပြီးတောက်ပ သစ်လွင်နေတာကိုး။ မောင်က ဒီလိုကျတော့လည်း ဘယ်ဆိုးလို့လဲ။ အစွမ်းအစ ရှိသားပဲ။

''သမီး''

''ရှင်''

''သားကို ဘာကြောင့်ချစ်တာလဲဟင်''

''ရှင်''

''မိန်းကလေးတွေနဲ့ပတ်သက်ပြီး တစ်စက်ကလေးမှ စိတ်ဝင်စားခဲ့ခြင်းမရှိ အေးစက်စက်နေတတ်တဲ့ သားကို ဘယ်လိုရင်ခုန်စရာ ခံစားချက်လေးတွေများရလို့ သမီးလေး မေစစ်က မေမေ့သားကို ရွေးချယ်ခဲ့ရတာလည်းလို့''

''ဟာဗျာ မေမေကလည်း၊ မေစစ်ကို ဘာတွေလျှောက်

မေးနေတာလည်း"

"သိချင်လို့ပါသားရယ်၊ မိန်းကလေးတွေနဲ့ ရင်းနှီးကျွမ်းဝင်ဖို့ နေနေသာသာ မျက်နှာထားတင်းတင်းကြီးနဲ့နေလို့ ဒီတစ်သက် မေမေမှ ချွေးမရပါ့မလားဆိုပြီး စိတ်ပူနေရတဲ့သားကို သမီးမေစစ်က အထူးခြားဆုံး တိုးကပ်လာနိုင်တာမို့လို့ မေမေက စိတ်ဝင်စားနေတာလေ"

အို။

မောင့်မေမေရဲ့စကားကြောင့် မိန်းမကိစ္စနှင့်ပတ်သက်ပြီး မောင် ဘယ်လောက်ထိ ကင်းရှင်းခဲ့သလဲဆိုတာလေးကို သိခွင့်ရလိုက်သည့်အတွက် မေစစ် အတော်ကလေး ကျေနပ်သွားရသည်။

မေစစ်ဟာ

မောင့်ရဲ့အချစ်ဦးဖြစ်သလို မောင့်အချစ်ဆုံး မိန်းကလေးဖြစ်ခွင့်ရလိုက်သည့်အတွက်လည်း ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင်ပင် ကျေနပ်နှစ်သက်သွားရ၏။ မေစစ် သိပ်ကံကောင်းတာပဲ။ မောင်က မေစစ်ကို သိပ်ချစ်တာပဲလေ။ မောင့်ဘဝတစ်သက်တာမှာ မေစစ်တစ်ယောက်တည်းကိုပဲ ရွေးချယ်ချစ်ခဲ့တာကိုး။

"မေစစ်"

"ရှင် မေ မေမေ"

မေစစ်





မောင့်မေမေကို မောင်ခေါ်သလိုပင် မေမေဟုခေါ်လိုက်မိသည်။

ပြီးမှ

သူမစည်းဘောင်ကျော်သွားသလားဟု တွေးမိကာ စိတ်ထဲ...ရွံ့ရွံ့လေးဖြစ်သွားရ၏။ ခေါင်းလေးက ဆတ်ခနဲ ငုံ့မိုးစိုက်ကျ...းရသည်။

"မေစစ်ဆိုတဲ့ နာမည်လေးကို သားပြောလိုက်ကတည်း... သမီးကို အရမ်းတွေ့ချင်နေခဲ့တာ၊ သူတစ်ပါးအိမ်မှာ မှီခိုပြီး ...အကူလုပ်နေတယ် ဆိုပေမယ့် မေစစ်ကို အထင်မသေးပါဘူး၊ ...ဖြစ်လို့လဲဆိုတော့ သားလိုလူမျိုး နှုတ်ကနေ မချီးနိုင်အောင် ...ရေရွတ်ပြောဆိုနေတတ်တာကိုကြည့်ပြီး မေစစ်ဟာ သိပ်ကို ...ခြားတဲ့ မိန်းကလေးတစ်ယောက်ပဲဆိုတာကို သိနေခဲ့လို့ပေါ့၊ ...အတွက် မေစစ်ကိုလည်း ကျေးဇူးအရမ်းတင်ပါတယ်ကွယ်၊ ...ကို နားလည်မှုရှိစွာ ပြန်ပြီးချစ်ပေးခဲ့လို့ပေါ့၊ အဲ့ဒါကြောင့် ...ကို အချိန်မရွေး သမီးလာနိုင်ပါတယ်၊ မေမေ သမီးအတွက် ...ရကြိုဆိုနေမှာပါ"

မေမေရယ်။

ကျေးဇူးတင်ပါတယ်ရှင်။

မေစစ်ကို အခုလို အနွေးထွေးဆုံး ကြိုဆိုခဲ့တဲ့အတွက်

အထူးပဲ ကျေးဇူးတင်ပါတယ် မေမေရယ်။ မေမေတို့ဘက်က အ
လို ရိုးသားဖြူစင်လေလေ မေစစ်က ပိုပြီး စိတ်မလုံမလဲဖြစ်ရလေ
လေပါပဲရှင်။

ဘာဖြစ်လို့လဲဆိုတော့

မောင့်အနားကိုရောက်အောင် ချဉ်းကပ်ခဲ့တဲ့ မေစစ်ရဲ့
ချဉ်းကပ်မှုဟာ ရိုးသားဟန်ဆောင်လိမ်ညာမှုတွေနဲ့ တစ်ချိန်လုံး
ပြည့်နှက်နေခဲ့လို့ပဲပေါ့ မေမေရယ်။

မေစစ်ရဲ့ဘဝမှန်ကို မေစစ်ဖွင့်ပြောမှဖြစ်တော့မယ်ဆိုတာ
အချိန်ကြာ လာတာနဲ့အမျှ မေစစ် စဉ်းစားမိပေမယ့် တကယ်တမ်း
လက်တွေ့ဖွင့်ပြော လိုက်ရင် မောင် အရမ်းကို နာကြည်းသွားမလား
ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ မေစစ် ဖွင့်မပြောရဲခဲ့ပြန်ပါဘူး။ မေစစ်လေ
မောင့်ကိုသိပ်ချစ်တယ်။ မောင်နဲ့ မခွဲနိုင်ဘူးမေမေ။ မောင်သာ
မုန်းသွားရင် မေစစ်တော့ ဘယ်လိုလုပ် ရပ်တည်မှုမျိုးနဲ့ ရှင်သန်ရ
မလဲတောင် မသိတော့ပါဘူးရှင်။

"မေစစ်"

"ရှင် မေမေ"

"မေစစ် အားမငယ်နဲ့နော်၊ မေစစ်အနားမှာ မေမေနဲ့မေမေ့
သား အမြဲတမ်းရှိနေမှာ၊ တစ်ယောက်တည်းဆိုတဲ့ ဝမ်းနည်းစိတ်တွေ
ကို ဒီကနေ့ကစပြီး ပယ်ဖျက်လိုက်တော့သိလား"





"ရှင် ဟုတ် ဟုတ်ကဲ့ မေမေ"

"ကဲ သမီးနဲ့သား စကားပြောကြဦး၊ မေမေ ဈေးဝယ်စရာ
လေးရှိလို့ အပြင်ခဏသွားလိုက်ဦးမယ်နော်"

"ဟုတ်"

မေစစ်ခေါင်းလေးကို ညင်သာစွာပင် ညိတ်ပြလိုက်သည်။

မောင့်မေမေက ပိုက်ဆံအိတ်ခပ်ပါးပါးလေးကို ချိုင်းကြား
တွင် ညှပ်ကာ အပြင်သို့ ထွက်သွားတော့၏။ မောင်တို့တိုက်အိမ်
လေးထဲတွင် မေစစ်နှင့် မောင်တို့ နှစ်ယောက်သာ ကျန်နေရစ်ခဲ့သည်။

"မေစစ်"

"ရှင်"

"မေစစ် ဘာဖြစ်လာတာလဲဟင်၊ မောင်ဖြင့် စိတ်ပူလိုက်
ရတာ မေစစ်ရယ်၊ မေမေ့ရှေ့မှာမို့လို့သာ မောင်ဘာမှမမေးဘဲနေရ
တာ၊ မောင့်စိတ်တွေ လှုပ်ရှားရလွန်းလို့ ရူးသွပ်သွားမလားတောင်
ထင်ရတယ်ကွာ၊ ပြောပါဦး မေစစ်ရယ် ဘာဖြစ်လို့ငိုတာလဲဟင်၊
မေစစ် အလုပ်လုပ်နေတဲ့အိမ်နဲ့ ဘာပြဿနာဖြစ်လို့လဲ"

မောင့်မျက်နှာလေးမှာ စိုးရိမ်ပူပန်ရိပ်တွေက ပြည့်နှက်နေ
၏။ မေစစ်အတွက် မောင်ဘယ်လောက် ပူလောင်သောကတွေ
ပြင်းပြနေရသလဲ ဆိုတာ မောင့်မျက်နှာလေးကို ကြည့်ခြင်းဖြင့်
မေစစ် သိနေပါသည်။

သို့သော်…

မေစစ် ဘယ်လိုရှင်းပြရမလဲ။

မေမေက မျိုးမဏ္ဍိုင်ဆိုတဲ့လူနဲ့ မေစစ်ကို လက်ထပ်ပေးစားတော့မယ်တဲ့လေ။ မေစစ် သူ့ကိုအရမ်းမုန်းတာ။ မေစစ် လုံးဝလက်မခံနိုင်ဆုံး လူတစ်ယောက်ကို မဖြစ်မနေ လက်ထပ်ရတော့မယ် မောင်။

အဲဒါ

မေစစ် ဘယ်လိုလုပ်ရမလဲဟင်။

မေစစ် အရမ်းခံစားနေရတယ်မောင်။

မေစစ် မောင်နဲ့လည်းမခွဲနိုင်ဘူး။ မေစစ် ဘာဆက်လုပ်ရမလဲဟင်။ မေစစ် မောင့်ကိုပဲချစ်တယ်။

"မေစစ်"

"ရှင်"

"မောင့်ကို ပြောမပြနိုင်ဘူးလားဟင်၊ မောင့်ကိုပြောဖို့ မေစစ် အရမ်းကိုပဲ ခက်ခဲနေလို့လား မေစစ်ရယ်"

"မောင်ရယ် အဟင့် ဟင့်"

မေစစ် ခေါင်းလေးကို တအားခါယမ်းပြီး မောင့်ရင်ခွင်လေးထဲ တိုးဝင်ဖက်တွယ်ကာ တသိမ့်သိမ့်ရှိုက်ငိုပစ်လိုက်သည်။

"မေစစ်ရယ်"





မင်းဆတ်တစ်ယောက် ချစ်ရသူလေးမေစစ်ရဲ့ ခန္ဓာကိုယ်လေးကို တင်းနေအောင် ပွေ့ဖက်ကာ သူမရဲ့ကျောပြင်အိအိလေးကို ကြင်နာစွာပင် ပွတ်သပ်လျက် နှစ်သိမ့်နေမိသည်။

ဘာဖြစ်လို့လဲ။

ဘာဖြစ်လို့ အဲဒီလောက်ထိအောင် ဝမ်းနည်းတကြီး ငိုရှိုက်နေရတာလဲ။

မစဉ်းစားတတ်တော့ပါ။

"မေစစ်"

"တိတ်ပါ မေစစ်ရယ်၊ မငိုပါနဲ့တော့ကွာ"

"………"

သူချော့နေသော်လည်း ချစ်ရသူလေးမေစစ်ကတော့ တသိမ့်သိမ့် ရှိုက်ငိုနေဆဲရယ်ပါ။

သိပါသည်။

မေစစ် အရမ်းကို ဝမ်းနည်းနေတယ်ဆိုတာ။ သူမနဲ့ဆုံတွေ့လိုက်ကတည်းက ငိုရိပ်သန်းနေသော မျက်ဝန်းစိုစိုလေးတွေကို မြင်ကတည်းက သူရိပ်မိနေပါသည်။

ဒါကြောင့်လည်း တခြားနေရာတစ်ခုခုကို ခေါ်သွားမည့်အစား အိမ်ကိုပြန်ဖို့ပဲ သူဆုံးဖြတ်ချက်ချလိုက်မိသည်။

သူ…

မေစစ်ကို အစေကြီးကတည်းက အဲဒီအလုပ်ကို မလုပ်စေချင်ခဲ့တာပါ။ မေစစ် တပင်တပန်းလုပ်နေရမှာကို သူတွေးမိတိုင်း ရင်ထဲက နှလုံးသားလေးတွေ နာကျင်နေရ၏။ မေစစ်က အရမ်းကို အလုပ်လုပ်ချင်နေလို့သာ ခွင့်ပြုရတာ သူလုံးဝမလုပ်စေချင်ဆုံး အလုပ်ပင်ဖြစ်၏။

မေမေ့ကိုလည်း အပွင့်လင်းဆုံးသူ ပြောပြီးပြီ။

မေစစ်ကို လက်ထပ်မယ့်အကြောင်း သူဖွင့်ပြောခဲ့ပြီးပြီလေ။ မေမေကတော့ သူ့ရဲ့ပြောင်းလဲမှုလေးကို အံ့ဩဝမ်းသာလျက် ခေါင်းလေးတညိတ်ညိတ်ဖြင့်ပင် ခွင့်ပြုခဲ့၏။

"မေစစ်"

"ရှင်"

"မောင်တို့လက်ထပ်ကြရအောင်နော်"

"ရှင်"

"မောင့်ကိုလက်ထပ်ပါ"

"အို"

မောင့်ရဲ့တောင်းဆိုမှုကြောင့် မောင့်ရင်ခွင်လေးအတွင်းက ဆတ်ခနဲ ရုန်းထွက်ကာ မောင့်မျက်နှာချောချောကြီးကို အံ့ဩ... ...ကြည့်ရင်း မျက်ရည်တွေနှင့်အတူ ငေးစိုက်စွာ ကြည့်နေမိတော့သည်။

• • •



## အခန်း (၁၈)

"မောင့်ကို မေစစ် ချစ်တယ်မဟုတ်လားဟင်"

မောင်ရယ်။

ဘယ်လိုမေးလိုက်တာလဲရှင်။

မေစစ်ရဲ့ရင်ထဲကိုသာ မောင်ဝင်ကြည့်ပါတော့ မောင်ရယ်။

မောင့်ကို မြင်မြင်ချင်း သိပ်ချစ်မိသွားတဲ့ အချစ်တွေက မေစစ်ရဲ့ ရင်ထဲမှာ ဘယ်လောက်ထိ ခိုင်မာမြဲမြံနေခဲ့သလဲဆိုတာ မေစစ်ရဲ့ ရင်ကိုသာ ခွဲကြည့်ပါတော့ရှင်။

"မေစစ်"

"မောင်"

"ဖြေလေ မောင်"

"ချစ်တာပေါ့ မောင်ရယ်၊ မေစစ် သိပ်ချစ်တာပေါ့ရှင်၊ မောင့်ကို မေစစ် ဘယ်လောက်ချစ်တယ်ဆိုတာ မေစစ်ကိုယ်မေစစ်

အသိဆုံးဖြစ်နေလို့ ပိုပြီးတောင် ခံစားနေရတာပေါ့ မောင်ရယ်"

"မေစစ်လေးရယ်"

မင်းဆတ်ခတစ်ယောက် ချစ်ရသူလေး မေစစ်ရဲ့ အပြော စကားလေးကြောင့် အသည်းလေး စိမ့်ခနဲ အေးသည့်အထိပင် ခံစားလိုက်ရသည်။

မေစစ်ရယ်။

ကျေးဇူးတင်ပါတယ်ကွာ။

မောင့်ကို အခုလို ချစ်မြတ်နိုးခဲ့တဲ့အတွက် မောင့်အချစ်ကို ကျေးဇူးတင်ပါတယ် မေစစ်လေးရယ်။

ချစ်ရသူရဲ့ကိုယ်လေးကို ရင်ချင်းဆွဲအပ်ကာ ခပ်တင်းတင်း လေး ပွေ့ဖက်လျက် ချစ်ရသူလေးရဲ့ မျက်နှာနုနုလေးထက် ချစ်အနမ်းလေးများကို ကြင်နာစွာပင် ခြွေချလိုက်မိသည်။

ချစ်တယ် မေစစ်ရယ်။

မောင်သိပ်ချစ်တယ်ကွာ။

မောင့်ဘဝတစ်သက်တာမှာ တစ်ကြိမ်တစ်ခါမှ မချစ်ဘူး သေးတဲ့ အချစ်တွေနဲ့ မြတ်မြတ်နိုးနိုး ချစ်ခဲ့တယ်ဆိုတာ မောင့်အချစ် ယုံကြည်ပေးပါ မေစစ်ရယ်။

"မောင်"

"လွှတ်"





"လွှတ်ပါဦး မောင်ရဲ့၊ မေစစ် မောင့်ကိုပြောစရာရှိလို့"

"ပြောလေ မေစစ်ရဲ့၊ မောင်နားထောင်နေတာပဲဟာ"

အို…။

မောင်က သူမရဲ့လည်တိုင်နုနုလေးဆီ တရှိုက်မက်မက် နမ်းရှိုက်နေရင်းမှ အချစ်မွှေးမွှေးသံကြီးနှင့် ခပ်တိုးတိုးဆိုလေလျှင် မေစစ်အသည်းလေးတွေ အေးစိမ့်ကာ ယားတက်သွားရသည်။

"ဖယ်ပါဦးကွယ်၊ မေစစ် အကောင်းပြောမှာ"

"မောင်လည်း အကောင်းနားထောင်နေတာပဲဟာ"

"မောင်နော်၊ မေစစ် စကားအကောင်းပြောနေတဲ့ဟာကို ဖယ်ပါဦးကွယ်"

"ဖယ်ဘူး"

အို။

ပြောနေရင်း မောင့်အနမ်းတွေက မေစစ်ရဲ့ ရင်ညွန့်လေးဆီ တရွေ့ရွေ့ဆင်းကျသွား၏။ မေစစ်ရင်တွေ တထိတ်ထိတ်လှိုက်ခုန် ကာ မောင့်အနမ်းတွေကြား တားဆီးနိုင်စွမ်းမရှိ။ မောင့်အချစ်အနမ်း တောကြီးတွင် တလွန့်လွန့်တလူးလူးနှင့် မျောပါသွားရတော့သည်။

မောင်။

မေစစ် သိပ်ချစ်တဲ့မောင်က မေစစ်ကို လက်ထပ်ကြရ အောင်တဲ့။ မေစစ် အစကတော့ အိမ်ထောင်ရေးတစ်ခု

ဆောက်တည်လိုက်ရမှာကို အချိန် နည်းနည်းယူချင်ပေမယ့် အခု အချိန်မှာတော့ သူမဖြစ်စေချင်သလို အခြေအနေမျိုးတွေက ဖြစ်မလာတော့တာမို့ ဆုံးဖြတ်ချက်ကို ပြန်ပြင်ဆင်လိုက်မိသည်။

မေစစ်

မောင့်ကိုမခွဲနိုင်ဘူး။

မောင့်ဘဝလေးထဲမှာ အေးချမ်းစွာနဲ့နေဖို့ မေစစ် ဆုံးဖြတ်လိုက်မိသည်။ မောင့်ကို ဆုံးရှုံးလိုက်ရရင် နောင်တစ်ချိန်ချိန်မှာ မေစစ် အရမ်းကိုနောင်တရနေမှာပါ။ မျိုးမတူကိုင်ဆိုတဲ့ လူတစ်ယောက်ဆီက ရရှိလာမယ့် ကြီးမြတ်တဲ့ဂုဏ်တွေက မောင့်အချစ်တွေနဲ့ နှိုင်းယှဉ်လျှင် မြူမှုန်လေးတစ်ခု လောက်တောင် ခမ်းနားကြီးကျယ်ခြင်းမှ မရှိတာ။ ငွေကြေးဥစ္စာပစ္စည်းတွေကိုလည်း မေစစ် မမက်မောပါဘူး။

ပစ္စည်းသခ်ါရ၊ လူသခ်ါရဆိုတဲ့စကားကို မေစစ် ဘွားဘွားဆီက မကြာခဏဆိုသလို ကြားဖူးနေခဲ့ရသည်။ လောကမှာ အရေးကြီးဆုံး ပိုင်ဆိုင်မှုဟာ မေတ္တာတရားပါပဲ။ မေစစ် ဒါကို မောင်တို့သားအမိနဲ့တွေ့မှ ကောင်းကောင်းကြီး နားလည်လိုက်ပြီလေ။

ပြီးတော့

မေစစ် မချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ဘဝတစ်သက်တာလုံး မြုပ်နှံအပ်ဖို့ဆိုတာ ဘယ်လိုမှ





မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပါပဲ။

ဒါကြောင့်

မေစစ် ရိုးသားစွာ အရာအားလုံး ဟန်ဆောင်မှုကင်းကင်းနှင့် ရေ့ဆက်ဖို့ ဆုံးဖြတ်လိုက်မိသည်။ မောင့်ကို မေစစ်ရဲ့ ဘဝမှန်ကို အပွင့်လင်းဆုံး ပြောပြလိုက်တော့မည်။ မောင်စိတ်ဆိုးချင်လည်း ဆိုးပါစေတော့။ မေစစ်ကို ဆူချင်လည်း ဆူပါစေတော့။ မောင့်ကို သိပ်ချစ်မိလို့ အခုလို မေစစ် ဟန်ဆောင်လိမ်ညာမိတာပါလို့ မောင့်ကို ကျေနပ်အောင် ရှင်းပြကာ တောင်းပန်တော့မည်။

"မောင်"

"ဗျာ"

"တကယ်လို့ မေစစ်ဟာ၊ မောင်ထင်ထားသလို အိမ်ဖော်ကောင်မလေးတစ်ယောက် မဟုတ်ဘူးဆိုရင် မောင်ဘယ်လိုခံစားရမလဲဟင်"

"ဘာ"

မက်မက်မောမော နမ်းရှိုက်နေရာမှ မောင့်အသံက ချောက်ချားစရာ ကောင်းလောက်အောင်ပင် အလန့်တကြားလေး ထွက်ပေါ်လာသည်။ ငုံ့လျှိုးနေသော မောင့်ရဲ့ခေါင်းလေးက ဆတ်ခနဲ ထောင်မတ်လာ၏။

မေစစ်ရဲ့ မျက်နှာလေးဆီ တစိုက်မတ်မတ်လေး စူးနေ

အောင် စိုက်ကြည့်နေသော မောင့်မျက်ဝန်းအကြည့်ကြောင့် မေစစ်ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်သွားရသည်။

"မေစစ်"

"ရှင်"

"အဟွန်း ဟွန်း၊ မောင့်ရဲ့မေစစ်မှဟုတ်ရဲ့လားလို့ ခေါ်ကြည့်တာပါကွာ၊ ဟား ဟား"

အို။

မောင်က သူမမျက်နှာလေးကို ခပ်တည်တည်လေး စိုက်ကြည့်နေရာမှ သဘောတွေအကျကြီးကျကာ တဟားဟားအော်ရယ်လိုက်တာမို့ မေစစ် တစ်ယောက် နားမလည်နိုင်စွာပင် မောင့်ကို ငေးကြောင်ကြည့်နေမိတော့သည်။

"မေစစ်ရယ်၊ စိတ်ဓာတ်မြင့်မြင့်ကြီးထားတာ ကောင်းပေမယ့်၊ စိတ်ကူးယဉ်တာတော့ သိပ်မဟုတ်သေးဘူးကွ၊ မောင့်အချစ် မေစစ်က အဘောကြီးကတည်းက အိမ်အကူကောင်မလေးပဲဟာကို အဲ့ဒီအချက်ကို မောင်က နားလည်လက်ခံထားပြီးသားပါ မေစစ်ရယ် အဟွန်း ဟွန်း"

"ဟင့်အင်း၊ မဟုတ်ဘူး မောင်၊ မောင်ထင်သလိုမဟုတ်ဘူး၊ တကယ် တကယ်တော့ မေစစ်က"

"မိမေစစ်"





"ဟာ"

"ဟင်"

မေစစ်မှန်၏ စကားလေးမဆုံးသေး သူမတို့နောက်ကျောဘက်ဆီက ပေါ်ထွက်လာသော ခေါ်သံတစ်ခုကြောင့် မေစစ်ရော သူပါ အသံလာရာဆီသို့ ဆတ်ခနဲ လှည့်စောင်းကြည့်လိုက်မိသည်။

မေမေ။

မေမေလိုက်လာတာပါလား။

မေစစ်ရဲ့မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။ နှုတ်ခမ်းအိအိလုံးလုံးလေးတွေပေါ်က ရွှေရွတ်သံ တိုးတိုးညှင်းညှင်းလေးက ဖျတ်ခနဲ ခုန်ထွက်ကျသွားရသည်။

"လာစမ်း အမိုက်မ"

ဒေါသတကြီး သူမရှေ့ရောက်လာသော မေမေကို ပြန်ဖြေရှင်းဖို့ စကားစတို့ရှာမရ။

ဒီနေရာကို မေမေဘယ်လို သတင်းရပြီး လိုက်လာသလဲဆိုတာ သူမ အံ့သြမိဆဲပင်။

"ဘာကြည့်နေတာလဲ လာလေ၊ အခုချက်ချင်း ထစမ်း"

သူမလက်မောင်းဆီ ဖျတ်ခနဲဆုပ်ကိုင်ကာ ခေါ်နေသော မေမေ့ကိုကြည့်ကာ မေစစ်မျက်ဝန်းထဲ မျက်ရည်ကြည်ကြည်လေးများ စိမ့်ခနဲ ဝဲတက်လာရသည်။

"ဒီမှာ အန်တီ"

မင်းဆက်ခတစ်ယောက် အခြေအနေကိုရိပ်မိကာ ထိုင်ရာကနေ ဆတ်ခနဲထလိုက်ပြီး အဖိုးတန် အဝတ်အစားများနှင့် စိန်တွေ ရွှေတွေ ညှတ်နေအောင် ဝတ်ဆင်ထားသော အမျိုးသမီးကြီးနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ကာ ရင်ဆိုင်ဖို့ အသင့်ပြင်ပြစ်လိုက်သည်။

လွန်လွန်းနေချေပြီ။

ကိုယ့်အလုပ်သမားတစ်ယောက်ကို အခုလောက်ထိ အနှောင့်အယှက်ပေးနေတာ တဆိတ်တော့ လွန်ကျူးနေချေပြီ။ မေစစ် ဘာအပြစ်တွေ ပဲလုပ်ခဲ့လုပ်ခဲ့ အခုလောက်ထိ ဆူဆူပူပူလုပ်ဖို့မကောင်းပါ။ အေးအေးဆေးဆေး ဆွေးနွေးဖြေရှင်းသင့်သည်။

"ဘာလဲ မင်းက ငါ့ကို ဘာပြောဦးမလို့လဲ၊ ပိတ်ထားနော် မင်းပါးစပ်ကိုပိတ်ထား၊ အခုအချိန်မှာ ငါ အရမ်းကိုပေါက်ကွဲနေတာ မင်း ဘာမှ ဖြေရှင်းပြဖို့ ကြိုးစားမနေနဲ့၊ ငါမကြားချင်ဘူး"

"ရမလားဗျ၊ ဒီအတိုင်း မတရားလုပ်တာကြီးကို ခေါင်းငုံ့ခံပြီး ငြိမ်နေလို့ဖြစ်မလား"

"ဘာ ဘာပြောတယ်၊ မင်း မင်း"

"မေစစ်မှာ ဘာအပြစ်ရှိလို့လဲ အန်တီ၊ တကယ်ဆို အခုလို သွေးဆူပြီး သောင်းကျန်းနေမယ့်အစား အေးအေးဆေးဆေး ဆွေးနွေးသင့်တယ်မဟုတ်လား"





"နေစမ်းပါဦး၊ နင်နဲ့ အေးအေးဆေးဆေး ဆွေးနွေးရအောင် နင်က ငါနဲ့ အဆင့်ချင်းတူလို့လား၊ ကြီးကြီးကျယ်ကျယ် ကိုယ့်အခြေအနေလည်း ကိုယ်ကြည့်ပါဦး ပိုင်းလုံးရဲ့"

"မေမေ"

ဟာ။

မင်းဆက်ခ မျက်လုံးကြီးတွေပြူးဝိုင်းသွားရ၏။

ချစ်ရသူလေး မေစစ်ထံမှ ထိုအမျိုးသမီးကြီးထံ စိုးရိမ်တကြီး တားဆီးလိုက်သံက မိုးခြိမ်းသံအလား သူ့နားထဲ တိုးဝင်လာသည်။

တစ်ခုခုမှားယွင်းနေပြီ ဆိုတဲ့အသိကြောင့် သူ့ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းအေးစက်ကာ မယုံကြည်နိုင်ခြင်း၊ အံ့သြမှင်သက်ခြင်းများစွာနှင့် မေစစ်ရဲ့ မျက်နှာလေးဆီ သူ့အကြည့်စူးစူးလေးများ ဆတ်ခနဲ ကျရောက်သွားရ၏။

"မေစစ် တောင်းပန်ပါတယ်မောင်၊ မေစစ်ကို ခွင့်လွှတ်ပါ၊ မေစစ် မေစစ်၊ အဟင့် ဟင့်"

အကြီးအကျယ် အလိမ်အညာခံလိုက်ရပြီဆိုသည့် အသိကြောင့် သူ့စိတ်တွေ သွေးပျက်မတတ်ပင် တုန်လှုပ်ချောက်ချားသွားရသည်။

ကြည့်စမ်း။

ဒါ။

အိပ်မက်ဆိုးတစ်ခုမှ မဟုတ်တာ။

လက်တွေ့အဖြစ်အပျက်တစ်ခုပဲ။

စိုးရိမ်ထိတ်လန့်စွာ မျက်ရည်တွေကြားမှ တောင်းပန်နေတဲ့ မေစစ်ရဲ့ မျက်ဝန်းလေးတွေကိုကြည့်ပြီး အရာအားလုံးကို သူနားလည်ခံစားလို့ရခဲ့ချေပြီ။

"ဒီမှာ၊ ညည်းက တောင်းပန်ရအောင် သူက ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားနေတဲ့ သူမို့လို့လည်း မိမေစစ်ရဲ့၊ ထစမ်း ညည်းကို တစ်ခုခုမလုပ်မိခင် ချက်ချင်းထလိုက်စမ်း မေစစ်၊ ညည်း ငါ့အကြောင်း ကောင်းကောင်းကြီးသိတယ်နော်၊ ငါ ဒေါသ တွေမပေါက်ကွဲခင် ငါနဲ့လိုက်ခဲ့"

"မေမေ"

"မပြောနဲ့၊ ငါဘာမှမကြားချင်ဘူး၊ ဦးပိန် ဦးပိန် ဒီအမိုက်မကို ဆွဲခေါ်သွားစမ်း၊ မိဘရဲ့မျက်နှာကို အိုးမည်းသုတ်တဲ့ မိန်းမ၊ ကောင်းကောင်းကြီး အရှက်ခွဲတဲ့မိန်းမ၊ သွား ခေါ်သွား ဦးပိန်"

"ဟင့်အင်း မေစစ်မလိုက်ဘူး၊ မောင့်ကို မေစစ်ချစ်တယ်၊ မောင်နဲ့ မခွဲနိုင်ဘူးမေမေ"

"ဖြန်း"





"ဖြန်း"

"အို အမေ့"

ပြင်းထန်သော ရိုက်ချက်တွေက မေစစ်ရဲ့ပါးပြင်နုနုလေး ထက် တရစပ်ကျရောက်လာ၏။ မေစစ်မျက်နှာလေး ဘယ်ပြန် ညာပြန်လည်ကာ ခွေခနဲကျသွားရသည်။

"အသိတရားမရှိတဲ့ အမိုက်မ၊ ဒီလောက်တားဆီးနေတဲ့ ကြားကတောင် ငါမကြိုက်ဆုံး စကားတွေကို ပြောဖြစ်အောင်ပြော သေးတယ်၊ လာစမ်း ထ အခုချက်ချင်းပြန်လိုက်ခဲ့"

"ဟင့်အင်း မေစစ်မလိုက်ဘူး"

"ဖြန်း ဖြန်း"

"အ"

မေမေရဲ့ ဒေါသတကြီး ရိုက်ချက်တွေက မေစစ်ဆီသို့သာ ကျရောက်နေ၏။ ရှောင်ချိန်မရစွာပင် အလူးအလိမ့်ခံလိုက်ရသည်။ ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲနေတဲ့ မေမေကိုကြည့်ပြီး အခြေအနေကို ထိန်းဖို့ ဦးပိန်တို့ရောက်လာကြ၏။

"ကလေး ထပါကွယ်၊ ပတ်ဝန်းကျင်က သတိထားပြီး ဝိုင်းကြည့်နေကြပြီ၊ ဦးပိန်နဲ့လိုက်ခဲ့နော် ကလေး"

ခြံစောင့်ကြီး ဦးပိန်နှင့် ကားဒရိုင်ဘာ ကိုမြတ်သော်တို့က မေစစ်ရဲ့ လက်မောင်းလေးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ

ဖွတ်အတင်းပင် မောင်တို့ တိုက်လေးထဲကနေ ဆွဲခေါ်ကြသည်။

''မောင်''

''မောင်ရေ''

''မေစစ်ကို မမုန်းပါနဲ့နော်''

''မေစစ်တောင်းပန်ပါတယ်''

''မေစစ်ကို ခွင့်လွှတ်ပါ''

တရွတ်တိုက်ဆွဲခေါ်ရာနောက် သူမလိုက်ပါသွားရပေမယ့် မေစစ်ရဲ့ တောင်းပန်သံလေးတွေကတော့ မောင်တို့ တိုက်စိမ်းစိမ်းလေးနဲ့ ခြံဝင်းကျဉ်းကျဉ်းလေးတွင်တော့ ပဲ့တင်ထပ်လျက်ရှိသည်။

မင်းဆတ်ခတစ်ယောက်မှာလည်း ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ဘယ်လိုစကားတစ်ခွန်း တပါဒမှ ပြန်မပြောနိုင်စွာ ကြောင်စီစီကြီးရပ်လျက် ကျန်နေရစ်တော့သည်။

• • •



## အခန်း (၁၉)

''သား အကြီးအကျယ် အလိမ်ခံလိုက်ရတာပဲ မေမေ၊ ဘာကြောင့်လဲ၊ သူဘာကြောင့် အခုလိုလုပ်ရတာလဲ၊ နားမလည်တော့ဘူး၊ ဘယ်လိုမှ နားမလည်နိုင်တော့ဘူးဗျာ''

မင်းဆတ်ခရဲ့ ငြီးငြူသံကြီးက အက်ကွဲတုန်ယင်လျက်ရှိ၏။ ယောကျ်ားတန်မဲ့ မျက်ရည်ပေါက်ကြီးတွေက ပါးပြင်နှစ်ဘက်ထက်တွင် တပေါက်ပေါက် လိမ့်ဆင်းကျနေခဲ့သည်။

ပိုင်းလုံးတဲ့။

မေစစ်အမေဆီက နာနာကြည်းကြည်းကြီး ရေရွတ်သွားသော နာမ်စားတစ်ခု။ ဒေါသတကြီး ရေရွတ်သွားတဲ့ အမည်နာမတစ်ခု။

ဟင့်အင်း။

မဟုတ်ဘူး။

အန်တီထင်သလို လုံးဝမဟုတ်ဘူး။

ကျွန်တော် ဘာမှမသိခဲ့တာပါ။ မေစစ်ဟာ သိပ်ကို ချမ်းသာကြွယ်ဝလွန်းတဲ့ သူဌေးသမီးလေးတစ်ယောက်ဆိုတာ ကျွန်တော် တကယ်ပဲ မသိခဲ့တာပါဗျာ။ အဲဒါကိုတော့ ကျွန်တော် ကျိန်ဆိုပြောရဲပါတယ်။

ကျွန်တော်သိတာ အိမ်ဖော်မလေးမေစစ်ပါ။

ကျွန်တော်ချစ်ခဲ့တာ ဘာပိုင်ဆိုင်မှုမှမရှိတဲ့ သူတစ်ပါးအိမ်မှာ မှီခိုရှင်သန်နေရတဲ့ မေစစ်ဆိုတဲ့ ကောင်မလေးကိုပါဗျာ။

အခုတော့

အခုတော့ အားလုံးအထင်အမြင်တွေ လွဲမှားကုန်ရပြီဗျာ။

မေစစ်။

မေစစ်ရယ်။

ရက်စက်လိုက်တာကွာ။

ဘယ်လိုနာကြည်းမှုတွေနဲ့ အခုလို မောင့်အချစ်၊ မောင့်ရဲ့ မေတ္တာတရားတွေကို စော်ကားလိုက်ရတာလဲ ချစ်ရယ်။ တကယ်ဆို မင်းဟန်ဆောင်လိမ်ညာဖို့ မသင့်ဘူးလေ။

မင်း

ရိုးသားပွင့်လင်းသင့်တာပေါ့။

သွားပြီကွာ။





ငါတစ်သက်လုံး ထိန်းသိမ်းလာတဲ့ ကိုယ်ကျင့်သိက္ခာတွေ အားလုံး တစ်စစီကြေမွကုန်ပြီကွာ။

မင်း ဘာကြောင့် ဒီလိုလုပ်ခဲ့ရတာလဲ မေစစ်ရယ်။

ပြောစမ်းပါဦး။

ဘယ်လိုအငြိုးအတေးတွေကြောင့် မောင့်ရင်ထဲက နှလုံးသားတွေကို အဆိပ်ခတ်သတ်ခဲ့ရတာလဲ။ လုပ်ရက်လိုက်တာကွာ။ သူဌေးသမီး တစ်ယောက်ကို အပိုင်ကိုင်ချဖို့ ကြိုးစားတဲ့ကောင်ဆိုပြီး ပတ်ဝန်းကျင်မှာ အထင်အမြင်သေး မေးငေါ့စရာဖြစ်အောင် မင်းမို့လို့ ဟန်ဆောင်လိမ်ညာရက်တယ်ကွာ။

"တောင်းပန်ပါတယ် မေမေ၊ သားတကယ်ပဲ မသိခဲ့တာ အမှန်ပါ၊ မေမေ မေမေ သားကြောင့် အရှက်ရခဲ့ပြီနော်၊ သား သား တောင်းပန်ပါတယ်ဗျာ၊ သားကြောင့် ပတ်ဝန်းကျင်မှာ မေမေ အရှက်ရခဲ့ပြီ"

"သားရယ်"

ဝမ်းနည်းကြေကွဲမှုတွေနှင့် ခြေသလုံးကိုဖက်ကာ အကြိမ်ကြိမ်အခါခါ ရှိခိုးဦးချပြီး တောင်းပန်နေသော သားလေးမင်းဆတ်ခကိုကြည့်ပြီး စိတ်မကောင်းလွန်းစွာပင် သက်ပြင်းမောလေးသာ ကြိတ်ရှိုက်လိုက်မိသည်။

"သားရဲ့အပြစ်တွေပါ မေမေရယ်၊ သားတကယ်ပဲ ဘာ

တစ်ခုမှကို မသိခဲ့တာ ယုံပါ၊ မေစစ်ကို စတွေ့တွေ့ချင်းပဲ သားချစ်ခဲ့မိတာဆိုပေမယ့် မေစစ်ဟာ ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးသမီးလေးတစ်ယောက်ဆိုတာသာသိခဲ့ရင်၊ ဘဝနှစ်ခုရဲ့ ကွာဟမှုနဲ့ သားရဲ့ ချစ်ခြင်းမေတ္တာတွေကို သားထိန်း ချုပ်ထားမိမှာ အမှန်ပါ၊ အခုတော့ သားဘယ်လိုလုပ်ရတော့မလဲ မေမေ၊ သား သား သူ့ကို သိပ်ချစ်နေမိပြီ၊ သားဘဝ သားအနာဂတ်အတွက် မေစစ်မရှိလို့ မဖြစ်တော့တဲ့ အထိကို လိုအပ်နေခဲ့ရပြီ မေမေရယ်”

မြတ်စွာဘုရား။

မေစစ်ကို ဘဝတစ်သက်စာလုံးအတွက် သားက လိုအပ်နေပြီဆိုပါလား။

ဖြစ်မှဖြစ်ရလေ သားရယ်။

မေမေ စိတ်မကောင်းလိုက်တာ။

ဖြူစင်ရိုးသားလွန်းတဲ့ သားလေးဆီမှာမှ ဒီလိုကံဆိုးမိုးမှောင်ကျတဲ့ ချစ်ခြင်းတွေ ကျရောက်လာခဲ့ရတယ်လို့။ မေမေ သနားလိုက်တာ သားလေးရယ်။

“သား မေစစ်ကို ချစ်တယ်မေမေ၊ သူတစ်ပါးအိမ်မှာ မှီခိုနေရတဲ့ သူ့ဘဝလေးကို စာနာသနားပြီး အသက်မက ချစ်ခဲ့တာ၊ သားတစ်ချိန်လုံး ဆုတောင်းနေတာက သူဘယ်တော့ စာချုပ်သက်တမ်းလေးပြည့်ပြီး လွပ်လပ်ပေါ့ပါးသွားမလဲဆိုတာပေါ့၊ အခုတော့





အခုတော့ဗျာ”

“မေစစ်က အရမ်းချမ်းသာတဲ့ သူဌေးသမီးလေးတစ်ယောက်ဆိုတာ မင်းသိလိုက်ပြီမဟုတ်လား သားရယ်၊ သူ့ဘဝမှာ ဘာအပူအပင်မှမရှိ အေးချမ်းစွာနဲ့ အမြင့်မှာ စံမြန်းနေတဲ့ အဖိုးတန်ပန်းလေးတစ်ပွင့်ဆိုတာ သားသိခဲ့ရပြီမဟုတ်လားကွယ်၊ ဒါကြောင့် သားရဲ့စိတ်တွေကို အခုလို တင်းထားမယ့်အစား၊ အမှန်တရားကို လက်ခံပြီး လျှော့ချလိုက်သင့်ပါပြီကွယ်”

“မလုပ်နိုင်ဘူး မေမေ၊ အဆင့်အတန်းချင်းမတူလို့ မချစ်ရဘူးဆိုတာ တရားဥပဒေက ကန့်သတ်ထားတာမှ မဟုတ်တာ၊ မေစစ်ရဲ့ ဟန်ဆောင်လိမ်ညာမှုတွေကို သား မုန်းတီးနာကျင်မိပေမယ့် သူ့အပေါ်မှာ ချစ်မိတဲ့ သားအချစ်တွေကိုတော့ ရုပ်သိမ်းလို့မရခဲ့ဘူး မေမေ၊ သားသူ့ကို ချစ်ခဲ့တာ မုန်းဖို့မဟုတ်တာဗျာ”

“သားလေးရယ်”

မင်းဆတ်ခ

ခေါင်းလေးကို တအားခါယမ်းပစ်လိုက်သည်။

မေစစ်ကို စိတ်ဆိုးတာက စိတ်ဆိုးတာပဲ။ နာကြည်းတာက နာကြည်းတာပဲ။ မုန်းတီးလို့တော့မရချေ။ သူမကို မုန်းဖို့ သူ့ရင်ထဲက နှလုံးသားတွေက လက်မခံနိုင်ဘဲ ဖြစ်နေရသည်။

မေစစ်ကို ခွင့်လွှတ်ပါ။

မေစစ်ကို မမုန်းလိုက်ပါနဲ့မောင်ရယ်ဆိုတဲ့ စကားသံလေး တွေက သူ့နားစည်ထဲ အထပ်ထပ်အခါခါ ပြန်ကြားယောင်နေမိ၏။

မေစစ်ရယ်။

မောင်လေ မေစစ်ကို အရမ်းချစ်တာပါ။

မောင့်အချစ်တွေကို ဘယ်တုန်းကမှ အရောင်ပြောင်းဖို့ မစဉ်းစားခဲ့သလို ဘယ်တော့မှလည်း ပြောင်းလဲဖို့ မကြိုးစားပါဘူး ကွာ။

ဒါပေမယ့်

ဘဝတစ်ဆစ်ချိုး ပြောင်းလဲဖို့အတွက် သူဌေးသမီး တစ်ယောက်ကို အပိုင်ချိုင်ဟယ်ဆိုတဲ့ သံသယစိတ်စွန်းထင်တဲ့ အတွေးတွေနဲ့ စောင့်ငဲ့ကြည့်မှာကိုတော့ မောင်သေလောက်အောင်ပဲ ကြောက်နေမိတယ်ချစ်ရယ်။

မောင်တို့ဆင်းရဲပါတယ်။

မောင်ငယ်စဉ်လေးကတည်းက မောင့်ဖေဖေဆုံးသွားလို့ အမေနဲ့ အတူ ရန်ကုန်ကို ပြောင်းလာပြီး ဘဝကို ကြိုးစားရုန်းကန်ပြီး ရှင်သန်နေထိုင်ခဲ့ကြရတာပါ။ ရှစ်နှစ်သားအရွယ်လောက်သာရှိသေး တဲ့ မောင့်ကို ကျရာဘဝမှာ ရရာရှာဖွေပြီး ပညာကို ခက်ခက်ခဲခဲနဲ့ တတ်အောင် မေမေက သင်ကြားပေးခဲ့တာပါ။

အဲ့ဒီဘဝကို အရွယ်ရောက်လာတာနဲ့အမျှ နာကြည်း





စိတ်တွေ နိုင်မာမြဲမြစ်တွယ်နေအောင်ထားပြီး မောင်အစွမ်းကုန် ကြိုးစားခဲ့တယ် မေစစ်။ ဆယ်တန်းကို ဂုဏ်ထူးနှစ်ခုနဲ့ အောင်မြင်ခဲ့ ပေမယ့် မောင် အဝေးသင်တက္ကသိုလ်တက်ပြီး အလုပ်လုပ်ခဲ့တယ်။

ဆင်းရဲသားတစ်ယောက်ရဲ့ဘဝမှာ တခြားဘာသာပညာ ရပ်တွေ ငွေကုန်ကြေးကျခံပြီး မသင်နိုင်လို့ မောင့်အတွက် အလုပ်က နေရာကောင်းကောင်းမှာ မရခဲ့ဘူးလေ။ ဒီတော့ နေ့စားဆေးလိုက် သုတ်ရတဲ့ အလုပ်ကြမ်းသမားတစ်ယောက်ဘဝနဲ့ သားအမိ နှစ်ယောက်ရဲ့ဝမ်းစာကို မောင် ကြိုးစားရှာဖွေခဲ့တာပေါ့။

မောင်

အားမလျှော့ပါဘူး။

သူများတွေကြွားကြွားဝါဝါ ဝတ်စားသုံးစွဲနေတာကိုလည်း အားကျစိတ်နဲ့ ပေါ့ပေါ့ပါးပါးနေဖို့ စိတ်မကူးဘူး။ မောင့်လုပ်အားခနဲ့ ဘဝကို အမြင့်ဆုံးရောက်အောင် ကြိုးစားမယ်ဆိုတဲ့ အသိစိတ်တစ်ခု တည်းကိုပဲ စွဲမြဲအောင် ရိုက်သွင်းပြီး ကိုယ်ရရှိထားတဲ့ အလုပ်အပေါ် မှာပဲ စိတ်ကို နှစ်ထားခဲ့တယ်။

မောင့်ရဲ့ကြိုးစားမှုက အလဟဿမဖြစ်ခဲ့ပါဘူး။

အလုပ်ကျွမ်းကျင်ပြီး ရိုးသားကြိုးစားတဲ့ မောင့်အတွက် ကံကြမ္မာကောင်းတစ်ခုက သိပ်မကြာခင်မှာပဲ ရောက်လာခဲ့တယ်။ သူများလက်အောက်မှာ အလုပ်လုပ်နေရတဲ့ မောင့်ကို ကန်ထရိုက်

ဆရာတစ်ယောက်က သူ့ရဲ့လုပ်ကွက်တစ်ခုကို ပေးစားခဲ့တယ်။

မောင်က တဖြည်းဖြည်းနဲ့ အလုပ်သမားခေါင်းဆောင်ဆရာ တစ်ယောက်ဖြစ်လာပြီး ငွေကြေးအတန်အသင့် စုမိလာတယ်လေ။ မောင် ဘယ်တုန်းကမှ သူတစ်ပါးဆီက အလကားအချောင်ရယူဖို့ စိတ်မကူးခဲ့ဘူး။ မောင့်လုပ်အားခနဲ့ မောင့်ဘဝတိုးတက်မြင့်မားလာတာကိုပဲ မောင်က မက်မောတာလေ။

မောင့်ပတ်ဝန်းကျင်မှာ မောင့်ရဲ့ ကိုယ်ကျင့်သိက္ခာတရားဟာလူတကာ အားကျမက်မောစရာကောင်းလောက်အောင်ပဲ စံပြဖြစ်အောင်ပဲ ထားခဲ့တာ။

အခုတော့

မေစစ်ကြောင့် မောင့်ရဲ့မာနတွေ ယောကျ်ားတစ်ယောက်ရဲ့ကိုယ်ကျင့်သိက္ခာတွေအားလုံး အမှိုက်တစ်စလို လွင့်ပစ်ခံလိုက်ရပြီ။ မေစစ် မေမေရဲ့ သိုက်တူးတဲ့ကောင်ဆိုတဲ့ အထင်အမြင်သေးတဲ့စိတ်တွေနဲ့ မောင်ရဲ့ ရိုးသားဖြူစင်တဲ့ နှလုံးသားတွေကိုအရောင်ညစ်ညစ်တွေ ဆိုးသွားခဲ့ပြီလေ။

မေစစ်ရယ်။

ဖြေရှင်းခွင့် တစ်စုံတစ်ရာမရှိဘဲ ကျန်နေရစ်ခဲ့ရတဲ့မောင့်အဖြစ်ကို မေစစ်မြင်တယ်မဟုတ်လားဟင်။ • မောင်ဘယ်လောက်ထိ အရှက်ရခဲ့ရ သလဲဆိုတာ မေစစ်သိရဲ့လားကွာ။





မောင့်အချစ်တွေကို အထင်သေး စော်ကားခံလိုက်ရတဲ့ခဏမှာ မောင်လေ ဝမ်းနည်းလွန်းလို့ ဘယ်လိုရုပ်တည်မှုမျိုးနဲ့ရှင်သန်ရမှန်းမသိအောင်ဘဲ ဖြစ်ခဲ့ရတယ်မေစစ်ရယ်။

မောင့်ဘက်က ရိုးသားဖြူစင်ခဲ့သလောက် မေစစ်ဆီကတုံ့ပြန်ရရှိခဲ့တာတွေအားလုံးကျတော့ လှို့ဝှက်ထိန်းချုပ်မှုတွေဟန်ဆောင်ဖုံးကွယ်ခြင်းတွေပဲလေ။ အဲ့ဒီအတွက် ဖြေသိမ့်လို့မရအောင်ဘဲ မောင်ခံစားရတယ်ချစ်ရယ်။

မောင့်ကိုသိပ်ချစ်လို့ အခုလိုတွေလုပ်ခဲ့တယ်ဆိုရင်တောင်မောင် ဂုဏ်သိက္ခာတွေအတွက် မေစစ် အစောကြီးကတည်းကအပွင့်လင်းဆုံး ပြောပြထားသင့်တယ် မဟုတ်လားဟင်။

အခုတော့

မောင့်ရင်တွေ တစ်စစီကြွေမွမတတ်ခံစားနေရတယ်မေစစ်ရယ်။

"သား"

"ဗျာ"

"မေစစ်ကို မမုန်းနိုင်ဘူးဆိုရင် မင်းရှေ့ဆက် ဘာဆက်လုပ်ဖို့ စိတ်ကူးလဲဟင်"

"ဗျာ"

"မေစစ်ကို မင်းအနားမှာ ဘဝတစ်သက်တာလုံး ခေါ်ထား

ဖို့ စိတ်ကူးထားသေးလား”

ဟာ။

မေမေအမေးကြောင့် မင်းဆတ်ခရင်တစ်ခုလုံး တထိတ်ထိတ် အခုန်မြန်သွားရ၏။ အံ့သြမှင်သက်စွာပင် မေမေ့မျက်နှာလေးဆီ မင်းဆတ်ခ ငေးကြောင်ကြည့်နေမိသည်။

“မေစစ်ကို မင်းမမုန်းနိုင်သေးဆိုရင် သားပြတ်ပြတ်သားသား တစ်ခုခုကိုတော့ ဆုံးဖြတ်ချက်ချသင့်ပြီ”

မေမေရယ်။

သားကိုမတားဆီးတော့ဘူးနော်။

သားရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ မေမေ ခံစားနားလည်လိုက်လို့ အခုလို အလျှော့ပေးလိုက်တာမဟုတ်လားဗျာ။ သားဘဝတစ်သက်တာလုံး နာကျင်ခံစားချက်တွေနဲ့ နောင်တတွေ တသီကြီးရနေမှာကို ကြိုမြင်လို့ အခုလို လိုက်လျောလိုက်တာ မဟုတ်လားဟင်။

သားသိပါတယ် မေမေရယ်။

အဲ့ဒီအတွက်လဲ

သား မေမေ့ကို ကျေးဇူးအများကြီးတင်ပါတယ်ဗျာ။

“သား”

“ဗျာ”





“မေစစ်ရဲ့ မိုက်ရူးရဲဆန်တဲ့ လုပ်ရပ်လေးတွေကို စိတ်ဆိုးပေမယ့် သားစိတ်မနာနိုင်ဘူးဆိုတာ မေမေသိပါတယ်”

“မေမေရယ်”

“ဒါပေမယ့် ရှေ့ဆက်တိုးဖို့ သားက ဆုံးဖြတ်ထားတယ်ဆိုရင်တော့ သားကို သိပ်ချစ်တဲ့ စိတ်တစ်ခုတည်းနဲ့ မေမေ ခွင့်ပြုလိုက်ပါ့မယ် ကွယ်၊ သား စိတ်ချမ်းသာတာလေးကိုပဲ မေမေက မြင်ချင်လို့လေ”

“မေမေရယ်”

မင်းဆတ်ခတစ်ယောက် မေမေ့ရဲ့ချစ်ခြင်းမေတ္တာလေးတွေကို မျက်ဝါးထင်ထင် မြင်လိုက်ရတာမို့ ရင်တစ်ခုလုံး လှိုက်ခါသည့်အထိပင် ဝမ်းသာကြည်နူးသွားမိသည်။

“မေစစ်ကို မေမေ ခွင့်လွှတ်နားလည်လိုက်ပါ့မယ်သား၊ မေစစ်ကြောင့် ပတ်ဝန်းကျင်မှာ မေမေ အထင်အမြင်လွဲခံခဲ့ရတယ်ဆိုပေမယ့် မေမေ့သားကို အရူးအမူးချစ်တဲ့ စိတ်တစ်ခုတည်းနဲ့ အခုလို မစဉ်းစားမဆင်ခြင်နိုင်လောက်အောင် ဖြစ်ခဲ့ရတဲ့ မေစစ်ရဲ့ ကြီးမားမြင့်မြတ်တဲ့ အချစ်တွေကြောင့် မေမေအရာလုံးကို ဖြေသိမ့်ပေးလိုက်ပါ့မယ် သားရယ်”

“မေမေ မေမေရယ်”

မင်းဆတ်ခတစ်ယောက်

•

မေမေရဲ့ အားပေးနှစ်သိမ့်စကားလေးကြောင့် ရင်တသိမ့် သိမ့် စိမ့်တက်သည့်အထိ ခံစားလိုက်ရသည်။

ပြီးနောက်

မေမေ့ရင်ခွင်လေးထဲ တိုးဝင်ဖက်တွယ်ပြီး စကားလေး တစ်ခွန်း ကို ခပ်တိုးတိုးလေး ရေရွတ်လိုက်၏။

"ကျေးဇူးတင်ပါတယ် မေမေရယ်"

• • •



## အခန်း (၂၀)

"အဟွန်း၊ ဘယ့်နှယ်လဲ မေစစ်မှန်၊ ငါ့ကို အဖော်လုပ် မပေးနိုင်ဘူးလို့ ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့မိတဲ့အတွက် အကြီး အကျယ် နောင်တတွေရနေပြီမဟုတ်လား"

"ဟင် ရှင် ရှင်"

"မျိုးမင်းကိုင်လေ မေစစ်၊ မှတ်မိတယ်မဟုတ်လား"

"သွား သွား ရှင်အခုချက်ချင်း ကျွန်မရှေ့ကထွက် သွားစမ်း မျိုးမင်းကိုင်၊ ရှင့်မျက်နှာကို ကျွန်မမကြည့်ချင်ဘူး၊ မုန်းတယ်၊ ရှင့်ကို သိပ်မုန်းတယ် မျိုးမင်းကိုင်၊ ရှင်ဟာ သိပ်ကိုအတ္တကြီးပြီး ဘက်ကိုယ်ကောင်းဆန် လွန်းတဲ့သူပဲ၊ ရှင်လိုလူမျိုးကို ကျွန်မ သိပ်ရွံတယ် သိလား"

"ဘာ"

မျိုးမင်းကိုင်ရဲ့ အသံကြီးက ဟိန်းခနဲတက်သွား၏။

မျက်နှာဖြူနုနုလေးက မေစစ်ရဲ့ နာနာကြည်းကြည်းလေး ရေရွတ် လိုက်သော စကားများကြောင့် ရှက်သွေးလေး ရဲခနဲတက်ကာ မခံချင်စိတ် များနှင့် ထောင်းခနဲ ဒေါသပေါက်ကွဲသွားရသည်။

သူ

မေစစ်မှန်ရဲ့ မျက်နှာလေးကို စိမ်းစိမ်းကြီး စိုက်ကြည့်ပစ်လိုက်သည်။ သူ့ရင်ထဲ ဒေါသသွေးတို့ တပွက်ပွက် ဆူတက်လာရ၏။ မေစစ်မှန်၏ ရင့်သီးသော စကားကြောင့် ဆတ်ဆတ်ခါအောင် နာသွားရသည်။

“ဘာလဲ ကျွန်မစကားတွေက သိပ်ပြီးမှန်နေလို့ မခံနိုင်ဘူးလား မျိုးမတ္တိုင်၊ အဲဒါဆိုလည်း မတတ်နိုင်ဘူး၊ ရှင့်လုပ်ရပ်တွေက သိပ်ပြီး အောက်တန်းကျလွန်းလို့ အခုလိုပြောတဲ့ စကားမျိုးတွေနဲ့တောင် မထိုက်တန်ဘူး သိလား”

“နေစမ်းပါဦး၊ မင်းက ငါ့ကို အခုလိုမျိုးပြောရအောင် မင်း အကောင်က ဘယ်လောက်တောင် ကြီးမြတ်နေလို့လဲ မေစစ်မှန်၊ ဘယ်လောက်တောင် အဆင့်အတန်းရှိနေလို့လဲ”

“အဆင့်အတန်း ဟုတ်လား၊ အဆင့်အတန်းဆိုတာ ဘာကိုပြောတာလဲ၊ ဆင်းရဲတာကို အဆင့်အတန်းမရှိဘူးလို့ ရှင်က ပြောချင်တာလား”

“သိပ်ဟုတ်တာပေါ့ မေစစ်မှန်၊ မင်းအကောင်ရဲ့





ပတ်ဝန်းကျင် ကို မင်းရောက်ခဲ့ပြီးပြီပဲ မဟုတ်လား၊ ဆေးသုတ်သမား တစ်ယောက်ဘဝနဲ့ ကုန်းရုန်းရှာဖွေနေရတာလေ၊ အဲဒီကတည်းက ဒီကောင့်ရဲ့ အဆင့်အတန်း ဘယ်လောက်ရှိသလဲဆိုတာ မင်းသိပြီး ပြီပဲဟာ”

“သွားစမ်းပါ မျိုးမတ္တိုင်၊ ရှင်ရဲ့အယူအဆတွေက ဘောင်မဝင် တော့ဘူးရှင့်၊ ဆေးသုတ်ပြီးငွေရှာတာ ဘာဖြစ်လဲ၊ ဘဝကို ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ဖြတ်သန်းတာ ဂုဏ်တောင်ယူသင့်သေးတယ်၊ သူတစ်ပါးပစ္စည်း ခိုးစားတာမဟုတ်ဘူးရှင့်၊ ပြီးတော့ မောင့်ကို အဆင့်အတန်းမရှိဘူးလို့ သတ်မှတ်ရအောင် ကျွန်မချစ်သူက သူတစ်ပါးရဲ့ အားနည်းချက်ကိုဖိပြီး ကိုယ်ဖြစ်ချင်တာတွေ ကိုယ်လုပ်ချင်တာတွေအားလုံး စာနာစိတ်ကင်းမဲ့ပြီး နှောင့်ယှက်နေတဲ့သူမဟုတ်ဘူးရှင့်၊ ကိုယ့်ချစ်သူရဲ့ အနာဂတ်လေးကို ဘယ်လိုဖြည့်ဆည်းမှုလေးနဲ့ ပေးဆပ်ရမလဲဆိုတာကိုပဲ အမြဲစဉ်းစားနေတတ်တဲ့သူ၊ လူတစ်ယောက်ရဲ့ အဆင့်အတန်းဆိုတာ ဂုဏ်တွေငွေတွေနဲ့ တိုင်းတာရတာမဟုတ်ဘူးရှင့်၊ သူထားတဲ့ စိတ်ဓာတ်နဲ့ ယုံကြည်ချက်ကိုပဲ တိုင်းတာရတာရှင့်သိလား”

“သွားစမ်းပါကွာ၊ စိတ်ကူးယဉ်ဆန်တဲ့ စကားလုံးတွေနဲ့ အဲ့ဒီ လူရဲ့ အရည်အချင်းကို ဖုံးဖိကုစားဖို့ မကြိုးစားစမ်းပါနဲ့၊ ငါမင်းလို စကားလုံး လှလှတွေ မသုံးတတ်ပေမယ့် အခု ငါလုပ်ခဲ့

တဲ့ အလုပ်အတွက်တော့ ငါ့လိပ်ပြာလုံတယ်၊ ငါက မင်းဘဝဒုက္ခ ဆင်းရဲတွင်းချောက်ထဲ ထိုးကျသွားမှာစိုးလို့ ကယ်တင်ခဲ့တာကွ၊ မင်း ငါ့စေတနာကို မစော်ကားနဲ့''

သေလိုက် မျိုးမတ္တိုင်။

ဘာစေတနာလဲ။

သိပ်ချစ်တဲ့ ချစ်သူနှစ်ယောက်ကို ရှင်ကွဲခွဲပြီး ရှင့်ဘဝထဲမှာ အပိုင် သိမ်းဖို့ ကြိုးစားတာ စေတနာလား။

လာလုပ်မနေနဲ့ မျိုးမတ္တိုင်။ ရှင့်ကို လုံးဝကျေးဇူးမတင်ဘူး သိလား။ ရှင့်ကြောင့် အခုလိုအခြေအနေတွေ အားလုံးရှုပ်ထွေးကုန် ရတာ။ ရှင် ကျွန်မကို အတင်းအဓမ္မသိမ်းပိုက်ဖို့ ကြိုးစားလို့ ပြဿနာ တွေတက်ကုန်တာ။ ရှင့်ကို ကျွန်မသိပ်မုန်းတယ်သိလား။

ရှင်မြန်မာနိုင်ငံကို ရောက်လာကာ ကျွန်မအတွက်တော့ ကံကြမ္မာ ဆိုးတွေကို ဖန်တီးမယ့် ဂြိုဟ်ဆိုးတစ်ကောင် ဝင်လာတာပဲ။ ကျွန်မရဲ့ အနာဂတ်လမ်းတွေအားလုံး ရှင့်ကြောင့် ပျက်စီးယိုယွင်း ကုန်ရပြီလေ။

မောင်

ကျွန်မသိပ်ချစ်တဲ့မောင်က ကျွန်မရဲ့ဟန်ဆောင်မှုတွေကို သိသွား ပြီး ကျွန်မကို ခွင့်မလွှတ်နိုင်လောက်အောင်ပဲ နာကြည်းမုန်း တီးသွားပြီ။





အဲဒါ

ရှင့်ကြောင့်ပဲ မျိုးမတ္တိုင်။

အဓိက တရားခံက ရှင်ပဲ။

ရှင်သာ ကျွန်မတို့ တက္ကစီနောက်က ရှင်အသစ်ငှားထား တဲ့ ဒရိုင်ဘာနဲ့ နောက်ယောင်ခံလိုက်ပြီး မေမေတို့ဆီ ဖုန်းဆက် လှမ်းခေါ်ခဲ့လို့ လူကြီးတွေအားလုံးသိပြီး ကျွန်မတို့ချစ်သူနှစ်ယောက် အခွဲခံလိုက်ရတာရှင့်။

မုန်းတယ်။

ရှင့်ကိုသိပ်မုန်းတယ် မျိုးမတ္တိုင်။

''ဒီမှာ မေစစ်မုန်၊ မင်းသိထားဖို့က ငါဆိုတဲ့ကောင်က ငါလိုချင် နေတဲ့ ပစ္စည်းတစ်ခုခုကို ဘယ်လိုအကြောင်းအရာမျိုးနဲ့မှ လက်လွှတ်ဆုံးရှုံး ခံမှာမဟုတ်ဘူး၊ မရရအောင် နည်းမျိုးစုံသုံးပြီး ရယူတတ်တဲ့သူဆိုတာပဲ၊ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ငါက ရအောင်ကိုယူတတ်တယ်၊ စိတ်မကောင်းစရာကောင်းတာက ငါလိုချင်နေတာက မင်းဖြစ်နေတာပဲ မေစစ်မုန်''

''မယူဘူး၊ ရှင့်လိုလူမျိုးကို သေတာတောင်မယူဘူး သိလား၊ မေမေတို့ ဘယ်လောက်ပဲ ဖိအားပေးပေး ရှင့်ကိုလုံးဝ လက်မထပ်ဘူး၊ မောင့်ကိုပဲ ကျွန်မချစ်တယ်၊ မောင်နဲ့ပဲ ဘဝ တစ်သက်တာလုံး အတူတူနေမှာ၊ မယုံရင် ရှင်စောင့်ကြည့်လိုက်

မျိုးမဏ္ဍိုင်၊ မေစစ်မှန်ဆိုတဲ့ ကျွန်မရဲ့စကား ဘယ်လောက်ထိ မှန်ကန်သလဲဆိုတာလေ"

"ဟား...ဟား"

ဟင်။

သူမရဲ့စကားအဆုံး ဝါးလုံးကွဲမတတ် တဟားဟားအော် ရယ်ပစ်လိုက်သော မျိုးမဏ္ဍိုင်ကြောင့် မျက်နက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက် သွားရတော့၏။

"မင်းသိပ်ပြီး လေကျယ်မနေနဲ့ မေစစ်မှန်၊ မနက်ဖြန်ဆိုရင်ပဲ မင်းနဲ့ကိုယ့်ကို လူကြီးစုံရာနဲ့ ဈေးစပ်ဖို့ စီစဉ်နေကြပြီကွ၊ မင်းစကားလုံးတွေ သိပ်ကြီးနေပြီ မေစစ်မှန်"

"ဘာ...ဘာပြောတယ်"

"ဟုတ်တယ် မေစစ်မှန်၊ မင်းအမေနဲ့ ငါ့အမေတို့ နှစ်ယောက် ငါတို့ရဲ့ မင်္ဂလာပွဲအမြန်ဆုံး ကျင်းပနိုင်ဖို့ စီစဉ်နေကြပြီ၊ မင်းငြင်းရဲရင် ငြင်းလိုက်လေ၊ ကျွန်မ ဆေးသုတ်သမားပဲ ယူပါရစေလို့ မင်းရဲ့အသိုင်းအဝိုင်းထဲမှာ ကြေညာရဲရင် ကြေညာပစ်လိုက်စမ်းပါ၊ ဂုဏ်သရေရှိ လူကြီးလူကောင်း တွေ တက်ရောက်လာမယ့် အချိန်မှာ မင်းရဲ့ဖြစ်ချင်နေတဲ့ဆန္ဒကို အပွင့်လင်းဆုံး ဝန်ခံပစ်လိုက်စမ်းပါ မေစစ်မှန်၊ ဒါမှ မင်းအဖေနဲ့ မင်းအမေ မျက်နှာမဖော်ရဲတော့လောက်အောင် အရှက်တွေဖြန်းဖြန်းကွဲသွားမှာလေ"





ဘုရား...ဘုရား။

ကြောက်စရာကောင်းလိုက်တဲ့ မျိုးမဏ္ဍိုင်တဲ့စကား။

သူမရဲ့ ခြေလှမ်းတွေကို ရှေ့ဆက်မတိုးရဲအောင် ဖြတ်ရိုက်ချိုးခံ လိုက်ရသလိုပင် ခံစားလိုက်ရသည်။

မျိုးမဏ္ဍိုင်ပြောတဲ့ စကားတွေကို ဘယ်လိုပြန်ပြီး ချေပရမလဲဆိုသည့် စကားလုံးများက ရှာမတွေ့နိုင်လောက်အောင်ပင် ရှားပါးသွားရ၏။

သွားပြီ။

ဒီတစ်ချီတော့ မေစစ် အကြီးအကျယ် ခံလိုက်ရချေပြီ။ မေစစ် မျိုးမဏ္ဍိုင်ရဲ့ အကွက်ကျကျ စီစဉ်မှုအောက်တွင် အကြီးအကျယ် ရှုံးနိမ့်သွားရချေပြီ။

"ဘယ့်နှယ်လဲ မေစစ်မှန်၊ ငြိမ်လှချည်လား၊ မင်း ကိုယ့်ကို ပြန်မချေပတော့ဘူးလား မေစစ်မှန်၊ အဟွန်း ဟွန်း"

"ရှင် ရှင် ထွက်သွားမျိုးမဏ္ဍိုင်၊ ကျွန်မရှေ့ကနေ အခုချက်ချင်း ထွက်သွားစမ်း"

"သိပ်ပြီးနှင်မနေနဲ့ မေစစ်မှန်၊ မင်းအသိတရားရှိအောင် ငါက စေတနာနဲ့ သတိပေးနေတာကွ၊ မင်းအပေါ် ကျေးဇူးရှိတဲ့ မိဘတွေရဲ့ ပေးဆပ်ခဲ့မှုတွေကို ပြန်မြင်ယောင်ကြည့်ဖို့ စေတနာနဲ့ ပြောပြနေတာ"

"မကြားချင်ဘူး"

"မကြားချင်ဘူး၊ ထွက်သွား၊ ရှင် အခုချက်ချင်း ကျွန်မ ရှေ့ကနေ ထွက်သွားစမ်း မျိုးမဏ္ဍိုင်၊ ရှင်မသွားရင် ရှင့်ကို ကျွန်မ တစ်ခုခုလုပ်မိတော့မယ်"

မေစစ်

စိတ်တွေအလှုပ်ရှားကြီး လှုပ်ရှားနေရသည်။ သွေးပျက်စရာကောင်း သော အခြေအနေဆိုးကြီးကြောင့် နေရာလေးတင်မှာပဲ လဲကျပြိုဆင်းမတတ် ဖြစ်နေရ၏။

ကျေးဇူးရှင် ဖေဖေနဲ့မေမေ။

မေစစ် အခုလို လူ့လောကအလယ်မှာ လန်းဆန်းအေးမြစွာ ရပ်တည်နိုင်ဖို့ အကောင်းဆုံးအရာတွေကိုချည်း ဖန်ဆင်းပေးခဲ့ကြတဲ့ ဝတ္တာဝန် ကျေပြွန်တဲ့ မိဘနှစ်ပါး။

ဘာလုပ်ရမလဲ။

မေစစ် ဘယ်လိုဆုံးဖြတ်ရမလဲ။

ဟင့်အင်း။

မေစစ် မသိဘူး။

မေစစ် ဘာမှမသိဘူး။

မေစစ်သိတာ တစ်ခုပဲရှိတယ်။

အဲဒါ...





မေစစ် မောင့်ကို အသက်မက ချစ်တယ်ဆိုတာပဲ။

မောင်နဲ့မနီးစပ်ရရင်တောင် မျိုးမဏ္ဍိုင်ဆိုတဲ့ အဗ္ဗကောင်ကို မေစစ် လုံးဝလက်မထပ်ဘူး။

မုန်းတယ်။

မျိုးမဏ္ဍိုင်ကို မေစစ် သိပ်မုန်းတယ်။

"ဒီမှာ မေစစ်"

"......"

"မင်းက မကြားချင်ပေမယ့်လည်း ငါကတော့ ဆက်ပြီး ပြောပြ ရဦးမှာပဲ၊ ဒီကနေ့ကစပြီး မင်းအကောင် ဆေးသုတ်သမားကို မေ့လိုက်တော့ မေစစ်၊ အဲဒီကောင်က မင်းရဲ့အနာဂတ်ကို ညှိုးနွမ်းအောင် ကြံစည်တဲ့ကောင်ပဲ၊ မင်းကို သူဌေးသမီးမှန်းသိလို့ ချဉ်းကပ်တာကွ၊ မင်းသိပ်ချမ်းသာမှန်းသိလို့ မင်းအနားကမခွာတာ၊ မင်း အဲဒီကောင်ကို ဦးနှောက်ထဲကနေ အသိတရားရှိရှိနဲ့ မောင်းထုတ်လိုက်တော့"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မျိုးမဏ္ဍိုင် ရှင် တစ်ဖက်သား အကြောင်းကို ဘာမှမသိဘဲ အခုလို စွပ်စွပ်စွဲစွဲ ပြောမနေနဲ့၊ မောင်က ရှင် ထင်သလို အောက်တန်းကျတဲ့စိတ်ဓာတ်တွေနဲ့ ကျွန်မအချစ်ကို ရယူခဲ့တာ မဟုတ်ဘူးရှင့်သိလား၊ ကျွန်မကသာ မောင့်ရဲ့ဖြူစင် ရိုးသားတဲ့ ချစ်ခြင်းမေတ္တာတွေကို ဟန်ဆောင်လိမ်ညာမှုအမျိုးမျိုးနဲ့

ရယူခဲ့တာ"

"ဘာရယ်"

"ဟုတ်တယ် မိုးမဏ္ဍိုင်၊ မောင်က ကျွန်မရဲ့ ဘဝအခြေအနေမှန်ကို ဘာတစ်ခုမှမသိတဲ့သူမဟုတ်ဘူး၊ ကျွန်မကို ဒီတိုက်ထဲက အစေအပါးတစ်ယောက်ထင်ပြီး သနားစိတ်တွေနဲ့ အရိုးစင်းဆုံးချစ်ခဲ့တာ၊ ရှင် သူ့ရဲ့ရိုးသားဖြူစင်တဲ့ စာရိတ္တကို မစော်ကားပါနဲ့"

မေစစ်မှန်တစ်ယောက်…

အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ထိမခံနိုင်စွာပင် ရန်တွေ့ပစ်လိုက်သည်။

ဟုတ်တယ်လေ။

မောင် ဘာတစ်ခုမှ အပြစ်ရှိတဲ့သူမဟုတ်။

မေစစ်ရဲ့ ဟန်ဆောင်ဖုံးကွယ်မှုတွေကြားမှာ ကြင်နာသနားစိတ်တွေနဲ့ ချစ်မြတ်နိုးနေခဲ့တဲ့သူပဲ။

သူဌေးသမီးကို အရချိုင်ဖို့ ကြိုးစားတဲ့အတွက် အစွမ်းအစမဲ့ယောကျ်ားမျိုး လုံးဝမဟုတ်ချေ။ အခုပဲကြည့်လေ မေစစ်ဟာ ကျိုကျိုတက် ချမ်းသာတဲ့ သူဌေးသမီးဆိုတာ သိပြီးကတည်းက မောင် အဆက်အသွယ် မလုပ်ဘဲနေတာ။

မေစစ်ကြောင့်

မောင် ဘယ်လောက်ထိ အရှက်ရသွားခဲ့ရသလဲ။





ဒါနဲ့များတောင် မောင့်ကို အထင်အမြင်သေး စော်ကားဖို့ ကြိုးစား သေးတယ်။

ဒီမှာ မိုးမဏ္ဍိုင် မောင်က လူသာဆင်းရဲတာ မောင့်စိတ်ဓာတ်က သူဌေးသား၊ ခေတ်ပညာတတ်တဲ့ ရှင့်ထက်တောင် ပိုပြီးမြင့်မားနေသေးတယ် ရှင့်။

အဲဒါကို…

ရှင် စွဲစွဲမြဲမြဲသာ မှတ်ထားလိုက် မိုးမဏ္ဍိုင်။

• • •

## အခန်း (၂၁)

"မေစစ်"

"......"

"မေစစ်ရေ"

"......"

"မေစစ်"

ဂျိုင်း...ဂျိုင်း။

မင်းဆက်ခေတ်စံယောက် ချစ်ရသူလေး မေစစ်နေတဲ့ တိုက်ကြီးကို လှမ်းမျှော်ကြည့်ပြီး ခြံဝင်းသံတံခါးချပ်ကြီးကို တဂျိုင်းဂျိုင်းမြည်အောင် လှုပ်ကာ အော်ခေါ်နေမိသည်။

ခြံကျယ်ကြီးထဲတွင် ထိုးရပ်ထားသော အကောင်းစား ကားကြီး တွေကို သူစိတ်မဝင်စား။ မိုးပျံနေအောင် မြင့်မားနေသော တိုက်ဖြူဖြူကြီး ကိုလည်း သူအာရုံမရှိ။ သူတွေ့ချင်နေတာ အဲ





တိုက်ကြီးထဲမှာရှိနေတဲ့ သူသိပ်ချစ်ရတဲ့ ချစ်သူလေးမေစစ်ပါပဲ။

သူ...

ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချခဲ့ပြီးပြီ။

သူချစ်ခဲ့တာ သူဌေးသမီးမေစစ်မှန်ကိုမှမဟုတ်တာ။ သူတစ်ပါးအိမ်မှာ မှီခိုပြီးအလုပ်လုပ်နေရတဲ့ အလုပ်သမလေး မေစစ် ကိုပဲလေ။ ဒါကြောင့် ဒီစည်းစိမ်ချမ်းသာတွေအားလုံး ဘာတစ်ခု မှယူမလာဘဲ သူဖန်တီးပေးမယ့် ဘဝလေးထဲမှာ စိတ်ချမ်းသာ ပျော်ရွှင်စွာနေဖို့ မေစစ်ကို သူလာခေါ်ခြင်းပဲဖြစ်သည်။

မေစစ်နဲ့ တကယ်တမ်း ခွဲရပြီဆိုတော့မှ သူ့ရင်ထဲက နှလုံးသားတွေက ဘယ်လိုမှ ရပ်တည်နိုင်ခြင်းမရှိတော့။

သိပ်ချစ်ခဲ့တာပါ။

မေစစ်ကို သူအရမ်းချစ်ခဲ့တာပါ။

အဲဒါကို

မေစစ်လည်း အသိဆုံးပဲဖြစ်သည်။

သူ့အပေါ် ဟန်ဆောင်လိမ်ညာခြင်းတွေနဲ့ ဘယ်လိုပဲ ချဉ်းကပ်ခဲ့ကပ်ခဲ့ သူ့စိတ်တွေက မေစစ်ကို မနာကြည်းနိုင်ခဲ့ပါ။ သူ့ရင်ထဲက နှလုံးသားနုနုက မမုန်းတီးနိုင်ခဲ့ပါချေ။

ရတ်တရက်...

သိခွင့်ရခဲ့တဲ့ မေစစ်ရဲ့ ဘဝအမှန်ကြောင့် စိတ်တွေ မလုံ

မလဲဖြစ် ခဲ့ရပေမယ့် သူတကယ်မက်မောခဲ့တာ မေစစ်နောက်ကျော က ကပ်ပါလာတဲ့ ပစ္စည်းဥစ္စာတွေကိုမှ မဟုတ်ခဲ့တာ။

ဒါဟာ…

အမှန်ဆုံး သစ္စာတရားပဲ။

ဒါကြောင့်

မေစစ်နှင့် မျက်နှာချင်းဆိုင်ဆုံပြီး မေစစ်ကို အသေချာဆုံး ဖြစ်အောင် မေးချင်သည်။ ပစ္စည်းဥစ္စာတွေအားလုံးကို စွန့်ပြီး သူ့နောက်ကို လိုက်ခဲ့နိုင်မလားဆိုတာကိုပေါ့။

ရိုးသားဖြူစင်တဲ့မေတ္တာနှင့် သူစောင့်ထိန်းခဲ့သော သစ္စာ တရားတို့ကို ယုံကြည်စွာနဲ့ သူ့လက်ကို ဆွဲပြီး ရဲရဲကြီးလိုက်ခဲ့ မေစစ်ကို သူလာခေါ်ခြင်းပဲဖြစ်သည်။

"မေစစ်"

"……"

"မေစစ်ရေ"

ဂျိုင်း…ဂျိုင်း။

ဂျိုင်း။

ဝင်းတံခါးသော့ခလောက်ကြီးကို တဂျိုင်းဂျိုင်းမြည်အောင် တီးကာ မေစစ်ရဲ့ နာမည်လေးကို တတွတ်တွတ် အော်ခေါ်နေမိ တော့သည်။





မေစစ်မှန်မှာလည်း မေမေ၏ ဖွတ်တရွတ်စီစဉ်မှုကြောင့် စိတ်မပါဘဲ မျိုးမင်္ဂလာကြိုင်နှင့် လက်ထပ်ကြီးချင်း စေ့စပ်ခြင်းကို လိုက်နာနေရ သည်။ အဓိက ဖေဖေပါပဲ။ မေစစ်ကို ဖေဖေက အရမ်းချစ်ပြီး အရမ်းကို ယုံကြည်စိတ်ချ ထားတာလေ။ ဖေဖေ မေစစ်ကို ဘယ်လောက်ထိ အားကိုးပြီး မျှော်လင့်ချက် ကြီးကြီးမားမား ထားသလဲဆိုတာ မေစစ်အသိဆုံးပါပဲ။ မေစစ်နဲ့ မျိုးမင်္ဂလာကြိုင်တို့ မနက်ဖြန် လူကြီးချင်း စေ့စပ်ကြမယ်လို့ မေမေဖွင့်ပြောတော့ ဖေဖေ့ မျက်နှာတွင် သမီးဖြစ်သူအပေါ် နှမြောတသစိတ်ရှာလေးတွေနှင့် ပြည့်နှက်သော သက်ပြင်းမောလေးတစ်ချက် ကြိတ်ရှိုက်လိုက်တာကို မြင်တွေ့လိုက်ရသည်။

မေစစ်ကို မျိုးမင်္ဂလာကြိုင်နဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ ဝေဖန် ပြစ်တင်ခြင်းမရှိပေမယ့် 'သမီးကို သိပ်ငယ်သေးတယ်လို့ ဖေဖေ တော့ထင်မိတယ်' ဆိုတဲ့ စကားစုလေးကိုတော့ ငြီးငြီးငြူငြူလေး ပြောခဲ့၏။

ဖေဖေက သူမရဲ့အကြောင်းတွေကို ဘာတစ်ခုမှ မသိချေ။ မေမေကလည်း လိမ္မာပါးနပ်စွာပင် မေစစ်အကြောင်းကို ဖေဖေ မသိအောင် လျှို့ဝှက်ထားခဲ့သည်။

ဖေဖေသိရင် မေစစ်ကို သတ်ပစ်လိမ့်မယ်တဲ့လေ။

မေစစ်အပေါ်မှာ ဘယ်လောက်ထိ အလေးအနက်ထား

သလဲဆိုတာ မေစစ် အသိဆုံးပဲတဲ့။ အခုလို ဘာအခြေအနေမှမရှိတဲ့ ယောကျ်ားတစ်ယောက်ကို ရွေးချယ်ပြီး ချစ်တာသာ ဖေဖေသိသွားရင် အရမ်းကို နာကြည်းခံစားသွားရမှာတဲ့လေ။

မေစစ်

ဘာလုပ်ရမလဲ။

တစ်ယောက်တည်း မျှော်လင့်ချက်တွေ ကင်းမဲ့နေရတဲ့အဖြစ်က ရင်နာစရာပါ။

မောင်

အခုအချိန်မှာ မေစစ် အတွေ့ချင်ဆုံးက မောင်ပါပဲ။

မေစစ်ကို စိတ်အနာကြီးနာပြီး မုန်းသွားပြီလားမောင်ရယ်။ မေစစ်မျက်နှာကို မတွေ့ချင်၊ မမြင်ချင်လောက်အောင်ပဲ နာကြည်းနေပြီလားဟင်။ မေစစ်ရဲ့ မိုက်ရူးရဲဆန်မှုလေးတွေကို ခွင့်လွှတ်နားလည်မပေးနိုင်တော့ဘူးလားကွယ်။

အဟင့်…ဟင့်။

အဟင့်…ဟင့်။

မေစစ်မှန်တစ်ယောက်တည်း သူမရဲ့ အခန်းလေးထဲမှာကြိတ်ပြီး တသိမ့်သိမ့် ရှိုက်ငိုနေမိတော့သည်။

"မေစစ်"

"မေစစ်"





ဟော။

မေမေ့အသံ။

ဒါ…

သူမကို လာသတိပေးတဲ့ မေမေရဲ့ခေါ်သံပါပဲ။

မေစစ်တစ်ယောက် တလိမ့်လိမ့်စီးကျနေတဲ့ မျက်ရည်စလေးများကို လက်ဖမိုးလေးနှင့် ညင်သာစွာ သုတ်လိုက်ပြီး နေရာလေးကနေ ထရပ်ကာ အခန်းတံခါးလေးဆီ လျှောက်သွားလိုက်သည်။

ဂျလောက်။

ကျွီ။

အခန်းတံခါးချပ်လေးကို ဆွဲဖွင့်လိုက်တော့ သုန်မှုန်နေသောမျက်နှာထားကြီးနှင့် ရပ်နေသော မေမေ့ကို တွေ့လိုက်ရသည်။

"ဒါက ဘယ်လိုပုံစံဖြစ်နေတာလဲ မေစစ်၊ မိဘကို စိတ်ဆင်းရဲအောင် လုပ်ရမယ့်နေရာမှာတော့ နှစ်ယောက်မရှိဘူးနော်၊ ညည်းကို မွေးထားမိတာ နောင်တတောင်ရချင်နေပြီ မေစစ်ရယ်"

မေမေရဲ့ ဒေါသတကြီး ငြီးငြူစကားသံကြောင့် မေစစ်ရဲ့ခေါင်း လေး ဆတ်ခနဲ ငုံ့ကျသွားရ၏။

"ဒီနေ့ လူကြီးချင်းစေ့စပ်ဖို့ ငါအားလုံး စီစဉ်ထားပြီးပြီ မေစစ်၊ ဒါကို သိသိကြီးနဲ့ အခုလို မပြင်မဆင်ဘဲနေတာ ဘာ

သဘောလဲမေစစ်၊ ငါတို့ကိုတော့ အရှက်ခွဲဖို့ မကြိုးစားနဲ့နော်၊ ညည်းအဖေရဲ့မျက်နှာကိုလည်း ငဲ့ညှာဦး၊ သူက ညည်းလုပ်သမျှတွေ ဘာတစ်ခုမှ သိတဲ့လူမဟုတ်ဘူး၊ ညည်းဘဝရေရှည်ရေးအတွက်ပဲ တွေးပြီး ကြိုးကြိုးစားစား အလုပ်လုပ်နေတဲ့သူ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကြား ညည်းအဖေ မျက်နှာမပြရဲအောင် မလုပ်နဲ့''

''မေမေ''

''ဘာလဲ''

''မေစစ် သူ့ကိုမယူပါရစေနဲ့မေမေ''

''ဘာရယ်''

''မျိုးမင်္ဂလာကို မေစစ် လက်မထပ်ပါရစေနဲ့''

''ဘာပြောတယ်''

''မောင့်ကို မေစစ် လက်မခံနိုင်ဘူးဆိုရင်လည်း မေစစ်ရှေ့ဆက်မတိုးပါဘူးမေမေ၊ ဒါပေမယ့် မျိုးမင်္ဂလာဆိုတဲ့လူကိုတော့ သမီးလက်မထပ်နိုင်ဘူး''

''မေစစ်မှန် ညည်း ညည်း''

''ဟုတ်တယ် မေမေ၊ မျိုးမင်္ဂလာဆိုတဲ့လူကို မေစစ် လုံးဝ လက်မခံနိုင်ဘူး၊ သူ့ကို အရမ်းမုန်းတယ်မေမေ''

''တိတ်စမ်း ညည်းပါးစပ်ပိတ်တော့ မေစစ်၊ အခုအချိန်မှာ





ဒါတွေ ပြောနေလို့လည်း အလကားပဲ၊ အောက်မှာ ဖိတ်ကြားထားတဲ့ ဧည့်သည်တွေတောင် ရောက်နေကြပြီ၊ ပြင်ဆင်ပြီးသာ ညည်းဆင်းခဲ့တော့ မိမေစစ်''

''မေမေ''

''မေမေ ပြောပြီးပြီနော်၊ မေမေတို့ကို ဒုတိယအကြိမ် အရှက်ထပ် မခွဲနဲ့လို့၊ ဒီတစ်ခါဆို လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး''

ပြောပြီးတာနှင့် မေမေက ချာခနဲနေအောင်ပင် ပြန်ဆင်းသွားတော့၏။

''မေမေရယ်၊ အဟင့် ဟင့်''

မေစစ်မှန်တစ်ယောက် ဘယ်လိုမှမတတ်နိုင်တော့စွာပင် ဘစ်ယောက်တည်း ကျန်နေရစ်ခဲ့ရတော့သည်။ မေမေ့ကို သူမ ဘယ်လိုပဲ တောင်းပန်တောင်းပန် လုံးဝလက်မခံခဲ့ချေ။

နောက်ဆုံးတော့

အားငယ်သူရဲ့ အဖော်အဖြစ် မျက်ရည်လေးများသာ နှစ်သိမ့်စရာ အဖြစ် ကျန်နေခဲ့တော့သည်။

မောင်။

မောင်ရယ်။

မေစစ်ရဲ့အဖြစ်ကို မြင်လှည့်ပါဦးရှင်။

မေစစ်လေ

ရင်တစ်ခုလုံး ကွဲကြေမတတ် ခံစားနေရပါတယ် မောင်ရယ်။ မောင့်ကို သိပ်ချစ်မိတဲ့ အချစ်တွေကြောင့် မေစစ်ရဲ့ရင်ထဲက နှလုံးသားနုနုလေးက အစိတ်စိတ်အမွှာမွှာ ကွဲကြေကုန်ရပြီရှင်ရယ်။

မေစစ်ကို ခွင့်မလွှတ်နိုင်သေးဘူးလား မောင်ရယ်။

မေစစ်ကို

မောင့်ရင်ထဲကနေ တကယ်ပဲ အပြီးတိုင်ဆွဲထုတ်ပစ်လိုက်ပြီလားရှင်။ အဟင့် ဟင့်။

မေစစ်မှန်တစ်ယောက် သူမရဲ့အခန်းလေးထဲတွင် ရင်နာစရာကောင်းလှစွာသော အတွေးပေါင်းစုံနှင့် တသိမ့်သိမ့် ရှိုက်ငိုရင်း ရှိနေတော့သည်။

မင်းဆက်ခတစ်ယောက်မှာလည်း မေစစ်ရဲ့ နာမည်လေးကို တကြော်ကြော်အော်ခေါ်နေမိဆဲပင်။

"မေစစ်"

"......"

"မေစစ်ရေ မေစစ်"

"ဟော့ ကောင်လေး၊ ဘာဖြစ်လို့ ဒီလောက်တောင် အသံပြဲကြီးနဲ့ အော်ခေါ်နေရတာလဲ၊ အိမ်ထဲမှာ ဧည့်သည်တွေရှိနေတယ်ကွ"

"ဟင်"





စိုးရိမ်ထိတ်လန့်တကြား တားဆီးသံနှင့်အတူ တံခါးရှေ့တွင် လာရပ်သော ခြံစောင့်ကြီး ဦးပိန်။ သူကောင်းကောင်းကြီး မှတ်မိတာပေါ့။ သူတို့ခြံလေးထဲကနေ မေစစ်ရဲ့လက်ကို တင်းတင်းဆုပ်ကိုင်ပြီး ခေါ်သွားတဲ့ ဦးပိန်။

"ဦးပိန်"

"ဟင် မင်း မင်း"

"ကျွန်တော် မင်းဆက်ခပါ၊ မေစစ်ရဲ့ချစ်သူ မင်းဆက်ခပါ ဦးပိန်၊ ကျွန်တော်ကို မှတ်မိပါတယ်နော်"

အမောတကောလေး သံတိုင်တံခါးရွက်ကြား အပေါက်ကလေးတွေဆီ သူမျက်နှာကို မြင်အောင်ပြပြီး မေးလိုက်မိ၏။

"မှတ်မိပါတယ် ကလေးရယ်၊ ဦးပိန်မှတ်မိပါတယ်၊ ဒါနဲ့ မင်း ဒီနေရာကို ဘာလာလုပ်တာလဲဟင်၊ ဘာကြောင့် နောက်ထပ်ရောက်လာခဲ့ရတာလဲကွယ်"

ဦးပိန် မေးနေပြီ။

သနားကရုဏာသက်သောမျက်ဝန်းတွေနှင့် မင်းဆက်ခရဲ့ မျက်နှာချောချောလေးကို စူးစိုက်စွာကြည့်ပြီး ကြင်နာစွာပင် ဦးပိန်က မေးနေသည်။

"ကျွန်တော် မေစစ်ကိုတွေ့ချင်လို့ပါ ဦးပိန်၊ ကျွန်တော့်ချစ်သူကို တွေ့ချင်လွန်းလို့ ဒီနေရာလေးကို အရဲစွန့်ပြီး ရောက်အောင်

လာခဲ့တာပါဗျာ၊ မေစစ်ရောဟင် ဦးပိန်၊ မေစစ်အထဲမှာ ရှိနေတယ် မဟုတ်လား၊ ကျွန်တော်ကို ခဏလောက် ခေါ်ပေးပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ် ဦးပိန်ရယ်၊ ကျွန်တော် ရှိကြီးခိုးပါတယ်ဗျာ၊ မေစစ်ကို ခဏလောက် သွားခေါ်ပေးပါ"

"မဖြစ်ဘူးကလေး"

"ဗျာ"

"မင်းစိတ်တွေကို လျှော့ချလိုက်ပါတော့ ကလေးရယ်"

"ဗျာ"

"မေစစ်လေ မေစစ်က"

"......"

"အခုပဲ မျိုးမဏ္ဍိုင်ဆိုတဲ့ သိပ်ချမ်းသာတဲ့ နိုင်ငံခြားပြန်ကောင်လေးတစ်ယောက်နဲ့ တိုက်ကြီးထဲမှာ လူကြီးစုံရာနဲ့ စေ့စပ်မင်္ဂလာပွဲ အခမ်းအနားကျင်းပနေကြပြီကွဲ့"

"ဗျာ"

မင်းဆတ်ခရဲ့ပါးစပ်လေး ဖျတ်ခနဲပွင့်ဟသွားရသည်။

ခန္ဓာကိုယ်တစ်ခုလုံးတွင် လည်ပတ်စီးဆင်းနေသော သွေးတို့ ချက်ချင်းရပ်တန့်ကာ နေရာလေးမှာတင် တောင့်တောင့်လေး သေဆုံးသွားသလိုပင် ထင်မှတ်လိုက်ရတော့သည်။

• • •



## အခန်း (၂၂)

"မဖြစ်နိုင်ဘူး၊ ဒါ လုံးဝမဖြစ်နိုင်ဘူး၊ လက်မခံနိုင်ဘူးဗျာ၊ ဘာ စေ့စပ်မင်္ဂလာပွဲလဲ၊ ကျွန်တော် လက်မခံနိုင်ဘူး၊ ဖွင့်ပေးဗျာ အခုချက်ချင်း ခြံတံခါးကိုဖွင့်ပေး၊ ကျွန်တော် မေစစ်ကိုတွေ့မယ်၊ ကျွန်တော် မေစစ်ကို တွေ့ချင်တယ်"

ဂျိုင်း ဂျိုင်း။

မင်းဆတ်ခတစ်ယောက် အကြီးအကျယ် ပေါက်ကွဲနေရသည်။ သွေးပျက်တုန်လှုပ်ချောက်ချားစွာပင် တတွတ်တွတ် တောင်းဆိုနေမိတော့၏။

ဒီနေ့

ချစ်သူလေးမေစစ်ရဲ့ စေ့စပ်မင်္ဂလာပွဲ ကျင်းပတဲ့နေ့တဲ့။

တိုက်အိမ်ကြီးထဲမှာ ဂုဏ်သရေရှိလူကြီးလူကောင်းတွေ ရောက်နေကြတယ်တဲ့လေ။ နိုင်ငံခြားပြန် သူဌေးသား မျိုးမဏ္ဍိုင်

ဆိုတဲ့ ကောင်လေးနဲ့ စေ့စပ်နေကြတာတဲ့။

ဟင့်အင်း။

လက်မခံနိုင်ဘူး။

ဒါ

မေစစ်ရဲ့ စိတ်ရင်းမှန်နဲ့ ဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက် လုံးဝ မဖြစ်နိုင်ဘူး။ မေစစ် သူ့ကို ဘယ်လောက်ထိ ချစ်သလဲဆိုတာ သူအသိဆုံးပဲလေ။ သူ့ကိုခွဲပြီး တခြားယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲ အလွယ်တကူ ဝင်ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတာ ဘယ်လိုမှ ယုံကြည်စရာမကောင်းတဲ့ ဆုံးဖြတ်ချက်တစ်ခုပါပဲ။

မေစစ်။

မောင့်ရဲ့မေစစ်ရယ်။

မင်းမှာ ဘယ်လိုအခက်တွေများ တွေ့ကြုံနေရလဲကွာ။

မောင်တွေဝေနေခဲ့မိတဲ့ အချိန်အတိုင်းအတာတိုလေးအတွင်းမှာ မေစစ် ဘယ်လောက်တောင် ရင်နာစရာတွေနဲ့ ကြုံတွေ့နေခဲ့ရသလဲ။ မောင် သိနေတယ် မေစစ်။ မေစစ်မှာ ဖိအားတွေ ဘယ်လောက်တောင်များပြီး မွန်းကြပ်ပိတ်လှောင်ခံနေရသလဲဆိုတာ မောင် ခံစားလို့ရနေတယ်။

ဒါကြောင့်

မောင့်အချစ်ကို မောင်ပစ်မထားနိုင်တော့ဘူး။





ဒီထက်ပိုပြီး နာကြည်းဝမ်းနည်းစေချင်တော့ဘူး။ မောင်ရအောင် ခေါ်ထုတ်တယ်။ မေစစ် မနေချင်တဲ့ အသိုင်းအဝိုင်းကြားထဲမှာ ပျော်ရွှင်မှုတွေ ဆိတ်သုန်းပြီး ရှင်သန်မနေစေရဘူး မေစစ်။

"တံခါးဖွင့်ပေးပါ၊ ကျွန်တော့်ကို တံခါးဖွင့်ပေးပါ၊ ကျွန်တော် မေစစ်ကိုတွေ့ပါရစေ၊ မေစစ်နဲ့ ခဏလေးတွေ့ခွင့်ပေးပါဗျာ"

"မဖြစ်နိုင်လို့ပါ ကောင်လေးရယ်၊ ဦးပိန်တောင်းပန်ပါတယ်ကွာ၊ မင်းပြန်ပါတော့၊ အခြေအနေတွေ ဒီထက်ပိုပြီး ရှုပ်ထွေးသွားအောင် မင်းမလုပ်ချင်ပါနဲ့ ကောင်လေးရယ်၊ သွားပါတော့နော်"

ဦးပိန် တားဆီးနေမိသည်။

ဦးပိန် အကောင်းဆုံးလမ်းကို ရွေးချယ်ပေးနေမိသည်။

စိတ်မကောင်းဖြစ်မိပေမယ့် ဦးပိန် ဘယ်လိုမှ မတတ်နိုင်တာ။ မမကြီးက ဦးပိန်ကို သေသေချာချာမှာထားပြီးပြီ။ ခြံတံခါးကို သေသေချာချာ သော့ခတ်ထားတဲ့။ ဘယ်သူက ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ပဲလာလာ ခြံတံခါး လုံးဝမဖွင့်ရဘူးတဲ့လေ။

ဦးပိန် သစ္စာရှိရမည်။

ကိုယ့်အလုပ်ရှင်က ချမှတ်ထားသော အမိန့်ကို တသွေမတိမ်း လိုက်နာလုပ်ဆောင်ပေးရမည်။ မမကြီးက သူ့ရဲ့ထမင်းရှင်

လေ။ ထိုက်သင့်တဲ့ငွေကြေးထက် ပိုပြီးတောင်ပေးပြီး အလုပ်ခန့်ထားတာ။ မမကြီးရဲ့ အမိန့်ကို ဦးပိန် ဘယ်လိုမှ မချိုးဖောက်နိုင်ပါဘူး။

တောင်းပန်ပါတယ် ကလေးရယ်။

မင်းရင်ထဲက အပူသောကကို ဦးပိန် စာနာနားလည်လို့ရပါတယ်။

ဒါပေမယ့်

ဦးပိန်ခြံ တံခါးသော့ ဖွင့်ပေးလို့ မဖြစ်ဘူးကွာ။

"ဦးပိန်၊ ခဏလေးပါဗျာ၊ ကျွန်တော်ခဏလေးပဲ သူ့ကို တွေ့မှာပါ၊ သူ့ရဲ့စေ့စပ်ပွဲကို ဖျက်ဖို့မဟုတ်ပါဘူး၊ မေးစရာမေးခွန်းလေးတစ်ခုရှိလို့ပါဗျာ၊ တောင်းပန်ပါတယ် ဦးပိန်၊ ကျွန်တော့်ကို တံခါးဖွင့်ပေးပါ၊ တကယ်လို့မှ ဦးပိန် တံခါးဖွင့်မပေးရင်တော့ ကျွန်တော် ဒီခြံကို ကျော်တက်မှာနော်"

"ဟော ဟ ဟကောင်လေး"

ကောင်လေးက ပြောလည်းပြော ခြံတံခါးသံဗန်းကြီးကို ကျော်ခွတက်နေပြီမို့ ဦးပိန်တစ်ယောက် မျက်လုံးကြီးတွေ ပြူးပိုင်းကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင်ပင် ဖြစ်သွားရတော့သည်။

ဦးပိန်တစ်ယောက် တအံ့တသြ ငေးကြည့်နေစဉ်မှာပင် ကောင်လေးက ခြံတံခါးအပေါ်ဆုံးမှ ကျော်ခွကာ အောက်သို့ ဘုတ်ခနဲနေအောင်ပင် ခုန်ဆင်းလာသည်။





"ဘုတ်"

တော်လိုက်တဲ့ကောင်လေး။

မြန်လိုက်တဲ့ကောင်လေး။

အချစ်အတွက် သတ္တိရှိလိုက်တဲ့ကောင်လေး။

ခြံတံခါးပေါ်ကနေ မြေပြင်ကို ခုန်ချလိုက်ပုံက တကယ့်ကို ကြွကြွ ရွရွ။

ဦးပိန် နှုတ်ခမ်းတွေ ကျေနပ်စွာပင် ပြုံးပြလိုက်သည်။

မိမိတာဝန်ကျေပြီလေ။

ခြံတံခါးသော့ကို မိမိတစ်စက်ကလေးမှကို ဖွင့်မပေးခဲ့တာ။ ဒါဟာ ဦးပိန်အတွက် အခိုင်မာဆုံး သက်သေပါပဲ။

"စိတ်မကောင်းပါဘူး ဦးပိန်၊ ကျွန်တော် ခဏလေးပဲ သွားတွေ့မှာပါ"

"ကောင်လေး"

"ဗျာ"

"မင်း ကံကောင်းပါစေကွာ"

"ကျေးဇူးတင်ပါတယ် ဦးပိန်"

မင်းဆတ်ခတစ်ယောက် ဦးပိန်ရှေ့ကနေ သွက်လက်သော ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းလျှောက်ကာ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေနှင့် စေ့စပ်ပွဲကျင်းပနေသည်ဆိုသော မေစစ်တို့ရဲ့

တိုက်အိမ်ကြီးဆီသို့ ဗိုလ်ရွေ့ရွေ့ ချဉ်းကပ်သွားမိတော့သည်။

"ကျေးဇူးပြုပြီး ကျွန်တော့်ကို ဝင်ခွင့်ပြုပါနော်"

"ဟင် မင်း မင်း"

ရုတ်တရက်

မထင်မှတ်ဘဲ မင်းဆက်ခဆိုတဲ့ ကောင်လေးကို မြင်တွေ့လိုက်ရသဖြင့် ဒေါ်နွေဦးမေ၏ မျက်နှာပြင်တစ်ခုလုံး သွေးဆုတ်ကာ ဖြူရော်ရော်လေး ဖြစ်သွားရသည်။

ထိုင်ရာကနေ ဆတ်ခနဲထရပ်မိသွားရ၏။

"မင်း မင်း ဘယ်လိုလုပ်ပြီး ငါ့ခြံထဲကို ဝင်လာတာလဲ၊ သွားစမ်း မင်း အခုချက်ချင်းထွက်သွားစမ်း မင်းဆက်ခ"

"မနှင်ပါနဲ့အန်တီ၊ ကျွန်တော်ထွက်သွားမှာပါ၊ ဒါပေမယ့် မေစစ်နဲ့ ခဏလောက်တော့ တွေ့ခွင့်ပြုပါ၊ ကျွန်တော် သူနဲ့ မျက်နှာချင်းဆိုင် မေးစရာလေးတစ်ခု ရှိနေလို့ပါ အန်တီ"

"အောင်မာ ကြီးကျယ်လို့၊ နင်တောင်းဆိုတိုင်း ငါက လိုက်လျောရမှာလား၊ သွား အခုချက်ချင်း ငါ့တိုက်ထဲကထွက်သွားစမ်း၊ ဦးပိန်၊ ဦးပိန်၊ မြတ်သော် ဟဲ့ မြတ်သော်၊ လာကြစမ်း၊ ဒီနေရာကိုလာကြစမ်း၊ ဒီအောက်တန်းစားကောင်ကို ဆွဲထုတ်သွားကြစမ်း"

ဒေါ်နွေဦးမေတစ်ယောက် ခြံထဲမှာရှိနေတဲ့ အလုပ်သမားမှာမည်တွေကို စူးစူးဝါးဝါးအော်ခေါ်ကာ မင်းဆက်ခဆိုတဲ့ ကောင်လေးကို အမြန်ဆုံး ဆွဲခေါ်သွားဖို့ အမိန့်တွေပေးနေမိသည်။





"စိတ်မကောင်းပါဘူး အန်တီ၊ ကျွန်တော် မေစစ်နဲ့မတွေ့ရမချင်း ဒီနေရာကနေ တစ်ဖဝါးမှမခွာနိုင်ပါဘူး၊ သူ့ကိုတွေ့ပြီးမှ ကျွန်တော် ပြန်နိုင်မယ် အန်တီ"

"မတွေ့ရဘူး၊ ငါလုံးဝခွင့်မပြုနိုင်ဘူး၊ သွား အခုချက်ချင်း ထွက်သွား၊ ဂြိုဟ်ကောင်လေး၊ ငါတို့တစ်မိသားစုလုံး လူပုံအလယ်မှာ အရှက်ရအောင်လုပ်တဲ့ ဂြိုဟ်ကောင်လေး၊ ပေးမတွေ့နိုင်ဘူး၊ ငါ့သမီးနဲ့ လုံးဝတွေ့ခွင့်မပေးနိုင်ဘူး"

ဒေါ်နွေဦးမေတစ်ယောက် ခေါင်းကို သွက်နေအောင် ခါယမ်းကာပင် ငြင်းပယ်ပစ်လိုက်သည်။ ပြောင်းလဲသွားသော အခြေအနေဆိုးများကြောင့် ညှိုသည်တော်ကြီးတွေနဲ့ ခင်ပွန်းသည်ရဲ့ မျက်နှာလေးတွေဆီမှာ အုံ့ဩမှုင်သက်နေသော ပုံရိပ်တွေက ထင်ဟပ်လို့။

"မောင်"

"ဟင် မေစစ်"

"မိမေစစ်"

မေစစ်တစ်ယောက် အောက်ထပ်ဆီမှ ဆူညံသံတွေကြောင့် စိတ်အလှုပ်ရှားကြီး လှုပ်ရှားသွားရ၏။ ရင်တွေတထိတ်ထိတ်ခုန်ကာ

အသံလေးတွေကို သေချာနားစိုက်ထောင်လိုက်တော့ မောင့်အသံကို ထင်ထင်ရှားရှားကြီး ကြားလိုက်ရသည်။

မေစစ်

သိပ်ပြီးစဉ်းစားမနေတော့။

ပြင်ဆင်ဝတ်စားထားသည့် အဝတ်အစားများနှင့် လက်ဝတ်ရတနာ များကို ချက်ချင်းပင် ချွတ်လဲပစ်လိုက်သည်။ သူမခန္ဓာကိုယ်လေးပေါ်တွင် ခပ်ညှိုညှို အဝတ်အစားလေးတစ်စုံက ချက်ချင်းပင် နေရာယူသွား၏။

ကျေနပ်စွာ မေစစ် ပြုံးပစ်လိုက်သည်။

ပြီးနောက်

သွက်လက်စွာပင် အပြေးတစ်ပိုင်း အောက်ထပ်ဆီသို့ ဆင်းခဲ့လိုက်တော့၏။

"မိမေစစ် လာစမ်း"

"ဟင့်အင်း"

မေစစ်ရဲ့လက်ကို ဒေါသတကြီး ဆုပ်ကိုင်လိုက်တဲ့ မေမေ့ရဲ့ လက်တွေထဲကနေ မေစစ် ရုန်းထွက်လိုက်မိသည်။

"မေစစ်"

"မောင်"

"ဒီစေ့စပ်ပွဲဟာ မေစစ်စိတ်ရင်းနဲ့ လက်ခံကျင်းပတဲ့ စေ့စပ်





ပွဲလားဟင်"

"ဟင့်အင်း မောင် မဟုတ်ဘူး၊ မောင် မေစစ်ကို အထင် မလွဲလိုက်ပါနဲ့၊ ဒါ မေမေ့ရဲ့ စီမံမှုတွေပါမောင်၊ မေစစ် ကျေကျေ နပ်နပ်နဲ့ လက်ခံခဲ့တာမဟုတ်ပါဘူး"

"တကယ်နော် မေစစ်"

"တကယ်ပါ မောင်"

"အဲဒါဆို ရပြီမေစစ်၊ မေစစ်မောင့်နောက်ကို လိုက်ခဲ့ တော့"

"အို"

"ဟာ"

"ဟင်"

"မောင် ဘာပိုင်ဆိုင်မှုတွေကိုမှ မမက်ဘူး၊ ဘယ်လို ချမ်းသာကြွယ်ဝမှုမျိုးကိုလည်း ကိုယ့်ခွန်အားနဲ့ ရှာဖွေရရှိတာကလွဲပြီး မလိုချင်ဘူး မေစစ်၊ မေစစ်ကို မောင်ချစ်တဲ့တာ ကျိုကျိုတက်ချမ်းသာ တဲ့ အသိုင်းအဝိုင်းထဲက သူဌေးသမီးလေးတစ်ယောက်ဆိုပြီး ချစ်ခဲ့ တာမှမဟုတ်တာ၊ မောင့်အနားကို ရောက်ဖို့ မေစစ်ဘက်က ဘယ်လောက်ပဲ ဟန်ဆောင်လိမ်ညာခဲ့ပါစေ မောင်နဲ့ အနီးဆုံးမှာရှိ နေခဲ့ဖူးတဲ့ မေစစ်ကို မောင်သိပ်ချစ်တယ်၊ မောင်ချစ်တာ အိမ်ဖော်မ လေး မေဝစ်ကိုပါ၊ မေစစ်ရဲ့ နောက်ကွယ်က အဆောင်အယောင်တွေ

ဘယ်လောက်ပဲ ပြောင်းလဲပြောင်းလဲ မောင် ဂရုမစိုက်ဘူး၊ မောင့်အတွက် မေစစ်ဟာ မောင်သိပ်မြတ်နိုး တန်ဖိုးထားခဲ့တဲ့ ချစ်သူလေးပဲ၊ ဒါကြောင့် မောင်သစ္စာဆိုခဲ့တယ်၊ ရိုးသားဖြူစင်တဲ့ မောင့်ရဲ့ ချစ်ခြင်းတွေနဲ့ နှလုံးသားခုံရုံးက ချမှတ်လာမယ့် စီရင်ချက်ကို မောင့်ဘက်က နာခံမယ်လို့လေ၊ ပြောပါ မေစစ် မင်းပြောပါ၊ ဟော့ဒီက ဂုဏ်သရေရှိလူကြီးတွေရှေ့မှာပဲ ဆုံးဖြတ်ပါ၊ မောင့်လက်ကိုဆွဲပြီး မောင်ဖန်တီးပေးမယ့် ဘဝလေးထဲမှာ နေမယ်မနေဘူးဆိုတာ ပြတ်ပြတ်သားသားပဲ ဆုံးဖြတ်ပေးပါ မေစစ်"

အို။

မောင်က မေစစ်ကို အပြတ်သားဆုံး မေးနေချေပြီ။

"မေစစ်မှန်"

ခေါ်သံက မျိုးမဏ္ဍိုင်ဆီကဖြစ်နေ၏။

"မင်းရဲ့မိုက်ရူးရဲဆန်မှုတွေကို ရပ်တန်းကရပ်သင့်ပြီ မေစစ်မှန်၊ ငယ်ရွယ်စိတ်တစ်ခုနဲ့ လုပ်ချင်ရင်တောင် မင်းမိဘရဲ့ ဂုဏ်သိက္ခာကိုတော့ ငဲ့ညှာဖို့ကောင်းတယ် မေစစ်မှန်၊ မင်းလိုက်သွားလို့မဖြစ်ဘူးနော်၊ ငါ့ကို မကျေနပ်ဘူးဆိုရင်တောင် မင်းသူ့နောက်ကို လိုက်သွားဖို့တော့ စိတ်မကူးနဲ့ ငါလုံးဝလက်မခံနိုင်ဘူး မေစစ်မှန်၊ အခု စေ့စပ်ပွဲကို ကျင်းပနေတာ ငါ့ရဲ့ဆန္ဒတစ်ခုတည်းနဲ့ မဟုတ်ဘူး မေစစ်မှန်၊ အဲဒါကို မင်းခေါင်းထဲမှာ စွဲမြဲနေအောင်





ထည့်ထားပါ မေစစ်မှန်"

မျိုးမဏ္ဍိုင်ရဲ့စကားကြောင့် မေမေ့မျက်နှာဆီ မေစစ်လှမ်းကြည့်လိုက်မိ၏။ သမီးဖြစ်သူရဲ့ အခြေအနေတွေ ဘာတစ်ခုမျှ မသိသေးသော ဖေဖေ့မျက်နှာမှာ အံ့သြရိပ်တွေနှင့် ခွန်းထင်လျက်။

"မေစစ်"

မောင်ရဲ့ခေါ်သံက မေစစ်နှလုံးအိမ်ကို အနက်ရှိုင်းဆုံးဖြစ်အောင် ဖောက်ဝင်ရောက်လာခဲ့သည်။

မေစစ် တွေဝေမနေချင်တော့။

မေစစ် မောင့်ကို ဘယ်လောက်ထိချစ်ခဲ့တယ်ဆိုတာ မေစစ်ရင်ထဲ နှလုံးသားတွေက အသိပဲလေ။ အဲဒီအချစ်တစ်ခုတည်းနဲ့တင် နှလုံးသားခုံရုံးရဲ့ စီရင်ချက်ကို မေစစ် လိုက်နာဖို့ အသင့်ပါပဲ။

"မောင်"

"ဟင်"

"မေစစ်တို့ သွားကြစို့မောင်"

• • •

## အခန်း (၂၃)

မေစစ်တို့နှစ်ယောက် မောင်တို့တိုက်ကလေးဆီသို့ ဒုတိယအကြိမ် ရောက်ရှိလာခဲ့ကြသည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် မောင့်နောက်သို့ လိုက်ခဲ့သော မေစစ်ကို မောင့်မေမေက ဝမ်းသာလှိုက်လှဲစွာပင် အနွေးထွေးဆုံး ကြိုဆိုခဲ့သည်။

ခွင့်လွှတ်ပါ ဖေဖေနဲ့မေမေရယ်။

မေစစ်

မောင့်ကိုသိပ်ချစ်လွန်းလို့ပါနော်။

မေစစ် ဘာခည်းစိမ်ချမ်းသာတွေကိုမှ မမက်မောပါဘူး။ ရိုးသားဖြူစင်တဲ့ မောင့်ရဲ့ချစ်ခြင်းတွေကိုပဲ မေစစ် မက်မောခဲ့တာပါ။ အဲဒီ့အတွက် ဖေဖေနဲ့မေမေတို့ အရမ်းအရှက်ရခဲ့မှာပဲနော်။

တောင်းပန်ပါတယ် ဖေဖေနဲ့မေမေရယ်။

မေစစ်ကိုခွင့်လွှတ်ပါနော်။





သမီးမိုက်ကို ခွင့်လွှတ်ကြပါရှင်။

"မေစစ်"

"မောင်"

"ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲဟင်"

"မျိုးမတူတိုင်လို ခေတ်ပညာတတ်၊ ဥစ္စာပေါရုပ်ချောတစ်ယောက်ကို စွန့်လွှတ်ပြီး မောင့်ရဲ့ သာမန်ဘဝလေးထဲမှာ ပျော်အောင်နေဖို့ ရွေးချယ်ခဲ့တဲ့အတွက်ပါ"

"ဩော် ဒါကတော့ မေစစ်ရင်ထဲက နှလုံးသားခုံရုံးက မောင့်ကိုပဲ ရွေးချယ်ဖို့ စီရင်ချက်ချခဲ့တာကိုးမောင့်ရဲ့"

"မေစစ်ရယ်"

မင်းဆတ်ခတစ်ယောက် ချစ်ရသူရဲ့ ကိုယ်လုံးအိအိလေးကို တင်းနေအောင် ပွေ့ဖက်ကာ မျက်နှာလှလှလေးကို တစ်ရှိုက်မက်မက်လေး နမ်းရှိုက်ပစ်လိုက်သည်။

"အဟမ်း ဟမ်း"

"အို"

"ဟာ"

ချောင်းဟန့်သံတစ်ခုကြောင့် ပူးကပ်နေသော ခန္ဓာကိုယ်လေးနှစ်ခု ခွာသွားကာ အသံလာရာဆီသို့ လှမ်းကြည့်လိုက်မိကြသည်။

"ဟင် ဖေဖေ"

မေစစ်ရဲ့မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။

"ဖေဖေ့သမီးရဲ့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို အံ့သြလွန်းလို့၊ မောင်မင်းဆက်ခရဲ့ အိမ်အခြေအနေကို လာလေ့လာတာလေ၊ သမီးကို အကောင်းဆုံး စွဲဆောင်နိုင်ခဲ့တဲ့ ပတ်ဝန်းကျင်လေးဖြစ်နေလို့ပေါ့"

"ထိုင် ထိုင်ပါဦး အန်ကယ်"

မင်းဆက်ခတစ်ယောက် မထင်မှတ်စွာ သူ့အိမ်သို့ တိတိကျကျ ရောက်ချလာသော ယောက္ခထီးကြီးကြောင့် ရင်ထဲ စိုးရိမ်စိုးများ တထိတ်ထိတ်နှင့် ညှော်ခံနေရသည်။

"ဟင် ဒါ ဒါ ဘယ်သူ့ပုံလဲ မောင်မင်းဆက်ခ"

"ဗျာ"

နံရံတွင် ချိတ်ဆွဲထားသော ဖေဖေ့ရဲ့ ဓာတ်ပုံမှန်ဘောင်ကြီးကို လက်ညှိုးထိုးကာ စိတ်ဝင်တစားမေးလိုက်သော မေစစ်ဖေဖေရဲ့ အမေးကြောင့် သူပင် ကြောင်စီစီလေးဖြစ်သွားရ၏။

"ပြောလေ မောင်မင်းဆက်ခ၊ ဒါ ဘယ်သူ့ပုံလဲလို့"

"ဒါ ကျွန်တော့်ဖေဖေရဲ့ ဓာတ်ပုံပါအန်ကယ်"

"ဘာ"

အလန့်တကြား ရေရွတ်သံကြီးကြောင့် မင်းဆက်ခစိတ်တွေပို၍ပင် လှုပ်ရှားလာရသည်။ အန်ကယ့်ကိုကြည့်ရတာ ဖေဖေ့ကို





ရင်းရင်းနှီးနှီး သိနေသလိုပင်။ သူ တဖြည်းဖြည်း စိုးရိမ်စိတ်တွေ ပိုတိုးလာရ၏။

"ဒါ ဒါဆို မင်းက ဆက်သော်ကရဲ့သားပေါ့"

"ဗျာ"

"ဝမ်းသာလိုက်တာကွာ ဝမ်းသာလိုက်တာသားရယ်"

"အန် အန်ကယ်က ဖေဖေ့ကိုသိနေသလားဟင်"

"သိတာပေါ့ကွာ သိပ်သိတာပေါ့၊ သိရုံတင်ဘယ်ကမလဲ၊ ဆက်သော်ကနဲ့အတူ ဖားကန့်မှာ ကျောက်အတူတူသွားတူးကြတဲ့ သိပ်ချစ်ကြတဲ့ ငယ်သူငယ်ချင်းတွေပဲ မောင်မင်းဆက်ကရယ်"

ဟာဗျာ။

တိုက်ဆိုင်လိုက်တာ။

မေစစ်ရဲ့ဖေဖေက မင်းဆက်ခဖေဖေရဲ့ အချစ်ဆုံးငယ်သူငယ်ချင်းတွေတဲ့လေ။ ဝမ်းသာစရာကောင်းလိုက်တာ။ ဘာပဲပြောပြော အခုလိုအချိန်မှာ သိခွင့်ရတဲ့အတွက်လည်း ပိုပြီးတော့တောင် ကြည်နူးပျော်ရွှင်သွားရသည်။

"အန်ကယ်ဘဝတစ်သက်လုံး ပြန်တွေ့ချင်ဆုံးက ဆက်သော်ကရဲ့ မိသားစုကိုပါပဲ၊ ဖားကန့်မှာ ကျောက်တူးရင်းနဲ့ ကျောက်အောင်လို့ ရန်ကုန်ကိုပြန်မယ့်ဆဲဆဲ မင်းအဖေက ငှက်ဖျားမိပြီး ဆုံးသွားတာလေ၊ တစ်ယောက်တစ်ဝက်ပိုင်ဆိုင်ထားတဲ့ ကျောက်တွေရဲ့တန်ဖိုးကို မင်းတို့သားအမိကိုပေးဖို့ အန်ကယ်တစ်ချိန်လုံး

လိုက်ရှာနေခဲ့ရတာ၊ အခုမှပဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့ရတယ်ကွာ”

“ဟင် ဖေဖေ”

“ဟာ အန်ကယ်၊ ဒါ ဒါ တကယ်ပဲလားဟင်၊ အန်ကယ်ပြောနေတာတွေအားလုံးက တကယ်ပဲလားဗျာ”

မင်းဆတ်ခတစ်ယောက် မယုံရဲစွာပင် နောက်တစ်ကြိမ်ပြန်မေးလိုက်မိတော့သည်။

“ကဲ ကဲ၊ သားနဲ့သမီး ဘာမှအားမငယ်နဲ့နော်၊ သမီးနဲ့သားရဲ့ မင်္ဂလာကိစ္စကို ဖေဖေကိုယ်တိုင်ပဲ ဦးစီးပြီး အကြီးအကျယ်ဆုံး အခမ်းနားဆုံးဖြစ်အောင် ပြင်ဆင်ပေးတော့မယ်၊ မင်းတို့နှစ်ယောက်ရဲ့ ချစ်ခြင်းတွေကို ပေါင်းဆုံစေခြင်းနဲ့ ဖေဖေ့သူငယ်ချင်းနောင်တမလွန်ဘဝမှာ ပြုံးနိုင်အောင် ဖေဖေလုပ်ပေးတော့မယ်ကွာ”

“ဟယ်”

“ဟာ”

မေစစ်မှန်တစ်ယောက် ဖေဖေ့ဆီက ကြားခွင့်ရလိုက်သောမင်္ဂလာစကားလေးကြောင့် ဝမ်းအသာကြီးသာကာ ရှင်မြူးသွားရတော့သည်။

“ကဲ သားနဲ့သမီး ဖေဖေပြန်တော့မယ်နော်၊ စိတ်ချမ်းချမ်းသာသာနဲ့သာ နေခဲ့ကြတော့၊ သမီးမေမေကိုလည်း စိတ်ပြေအောင် ဖေဖေပဲ ချော့လိုက်ပါ့မယ်”





“ကျေး ကျေးဇူးတင်လိုက်တာ ဖေဖေရယ်”

ဖေဖေက သူ့မခေါင်းလေးကို ညင်သာစွာ လက်ဖဝါးလေးနှင့်ဖိပြီး နေရာကနေထရပ်၏။

“ဖေဖေ”

“ဟင်”

“သမီးတို့ဖေဖေ့ကို ကန်တော့ပါရစေ၊ ဖေဖေ အကန်တော့ခံပါနော်”

“အေးပါကွယ် ကန်တော့ပါ”

ဖေဖေ့ဆီက ခွင့်ပြုချက်လေးရသည်ဆိုတာနှင့် မေစစ်ရောမောင်ပါ ကြမ်းပြင်လေးတွင် ကျုံ့ကျုံ့ရုံ့ရုံ့လေးထိုင်ကာ ရိုသေစွာပင် ဦးသုံးကြိမ်ချ ကန်တော့လိုက်မိသည်။

“အေးကွာ သားနဲ့သမီး၊ ဘဝတစ်သက်လုံး အေးအတူပူအမျှ ထာဝရမခွဲမခွာနဲ့ တွဲသားတဲ့လက်တွေ ခိုင်မြဲပါစေ၊ ရိုးမြေကျချစ်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ကွာ”

“ပေးတဲ့ဆုနဲ့ပြည့်ပါစေ ဖေဖေ”

“ပေးတဲ့ဆုနဲ့ပြည့်ပါစေ ဖေဖေ”

“ဖေဖေသွားမယ်နော် သားနဲ့သမီး”

“ဟုတ်ကဲ့ ဖေဖေ”

ဖေဖေက နှုတ်ဆက်ကာ ပြန်ထွက်သွား၏။ ဖေဖေ့ကိုမောင်နဲ့မေစစ်တို့ အိမ်ဝထိပ်ထိ ဖေဖေ့ကားရပ်ထားရာနေရာလေးအထိ

လိုက်ပို့ပေးခဲ့ကြသည်။

ဖေဖေ့ကားလေး တဖြည်းဖြည်းဝေးသွားတော့မှ

"မေစစ်ဖေဖေက တကယ့်သူတော်ကောင်းပဲနော်"

"ရှင်"

"သူငယ်ချင်းအပေါ်မှာ ပေးထားခဲ့တဲ့ ကတိစကား တစ်ခွန်းကို ဘဝတစ်သက်တာလုံးလိုက်နာဖို့ ကြိုးစားခဲ့တာလေ၊ တကယ်လို့ မေစစ်ဖေဖေသာပြောမပြရင် အခုလို အကြောင်းအရာမျိုးတွေ ရှိခဲ့မှန်း ဘယ်သူကသိမှာတဲ့လဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဖြစ်ခဲ့တဲ့ဟာတွေကို ဘယ်သူက ရိပ်မိနေပါ့မလဲလေ"

"ဟုတ်တယ်နော် မောင်၊ မေစစ်တောင် အရှမ်းကို အံ့သြနေတာ၊ ဖေဖေက ဒီအကြောင်းတွေကို တစ်ခါမှကို ပြောမပြခဲ့ဖူးဘူးလေ၊ ဟိုးအရင်ကတော့ ဖေဖေ နယ်ဘက်ကို မကြာခဏဆိုသလို ဆင်းဆင်းသွားတတ်ပေမယ့် မောင်တို့သားအမိကို ရှာနေတာကိုတော့ မေစစ်တို့မသိခဲ့ဘူး"

"အင်း၊ မေမေက ဖေဖေ့သတင်းမရတော့တာနဲ့ နောက်အိမ်ထောင်ပြုပြီး သူ့ဆီပြန်မလာတော့ဘူးထင်ပြီး နယ်ကအိမ်ကို ရတဲ့ဈေးနဲ့ရောင်းပြီး ရန်ကုန်မှာ အခြေချဖို့ လုပ်ခဲ့တာပေါ့"

"ဒါပေမယ့် မောင့်မေမေရဲ့ အတွေးတွေမှားသွားတယ်နော်"

"ဟုတ်တယ် မေစစ်၊ မေမေပြန်လာရင်တော့ အကြောင်း





အရာတွေ အားလုံးကို ရှင်းပြရမှာပေါ့လေ၊ ဒါဆို မေမေ့ရင်ထဲမှာ ရှိနေတဲ့ သံသယအရိပ်မှောင်တွေ ကင်းစင်ပြီး ဖေဖေ့အပေါ် နားလည်သွားပါလိမ့်မယ် မေစစ်ရယ်"

မောင့်စကားလေးကို ထောက်ခံစွာပင် မေစစ် ခေါင်းလေးကို တဆတ်ဆတ် ညိတ်နေမိတော့သည်။

မေစစ်တွေးနေမိတာက လူ့လောကရဲ့ ဆန်းကြယ်တဲ့ ပြောင်းလဲမှုတွေပါပဲ။ မောင်ဟာ ငယ်ငယ်လေးကတည်းက ဒုက္ခဆင်းရဲမှုတွေ ခါးစည်းခံပြီး ကြီးပြင်းလာခဲ့သူလေ။ ကံတရားညှိုးမှိန်နေတဲ့အချိန်မှာ မောင်တို့ဘဝ ဘယ်လောက်တောင် ပင်ပန်းနေခဲ့ရသလဲ။

အခုတော့

ကံကြမ္မာရဲ့ ဖေးမမှုကြောင့် မောင်တို့သားအမိ တစ်စထက်တစ်စ အဆင်ပြေလာခဲ့ချေပြီ။ စိတ်ထားဖြူစင်ရိုးသားခြင်းနဲ့ အတ္တကင်းစင်ခြင်းတို့ရဲ့ ဖေးမကူညီမှု အထောက်အပံ့ကြောင့်လားတော့ မသိ။ အခုဆိုလျှင် မောင့်ဖေဖေထားရစ်ခဲ့သော အမွေအနှစ်များကြောင့် မောင့်ဘဝတစ်ရှိန်ထိုး မြင့်မားရတော့မည်။

ဒါကြောင့်

ကိုယ်ဆင်းရဲနေတဲ့ အချိန်မှာလည်း အားငယ်စရာမလိုပါလားဆိုတဲ့ အသိက မောင်တို့မိသားစု အဖြစ်အပျက်လေးကိုကြည့်ပြီး သံဝေဂရစရာပါပဲ။

“မေစစ်”

“ရှင်”

“ဘာတွေတွေးနေတာလဲဟင်”

“မောင့်အကြောင်းလေ”

“မောင့်အကြောင်း ဟုတ်လား”

“အင်း”

“ဘာအကြောင်းလဲ မေစစ်ရဲ့ ပြောပါဦး”

“မောင်က နောက်ဆို အရှမ်းချမ်းသာတော့မှာလေ”

သက်ပြင်းလေးရှိုက်ကာ ငြီးငြီးငြူငြူလေးဆိုလိုက်တဲ့ မေစစ်ပုံစံလေးကိုကြည့်ပြီး နားမလည်နိုင်သူက မင်းဆတ်ခရယ် ပဲဖြစ်သည်။

“မောင်က ချမ်းသာတော့ ဘာဖြစ်လို့လဲ မေစစ်ရဲ့”

“ဟင့်အင်း ဘာမှမဖြစ်ပါဘူး”

“ဟော့ အဲဒီလိုစကားကြီးကို ဖြတ်မသွားနဲ့နော်၊ မောင် အရမ်းသိချင်နေတာကို ဆက်ပြောမှဖြစ်မယ်၊ လူကို ဒုက္ခဖြစ်အောင် ဧလုပ်နဲ့ မေစစ်ရာ”

မောင်က

သူမပခုံးလေးနှစ်ဘက်ကို နောက်ကျောပိုင်းမှ ဖွဖွလေး ဆုပ်ကိုင်ကာ တိုက်အိမ်လေးဆီသို့ တွန်းကာဝင်ရင်း သိလိုစိတ် ပြင်းပြစွာနှင့်မေး၏။





“ဘာမှမဟုတ်ပါဘူးဆို မောင်ရယ်”

“မရဘူးကွာ၊ မောင်က အရမ်းချမ်းသာတဲ့ သူဌေးကြီး ဖြစ်တော့ ဘာဖြစ်လည်း”

“ဟို ဟို မေစစ်ကိုမချစ်တော့ဘဲ ကောင်မလေးငယ်ငယ် ချောချောတွေကို ပြောင်းပြီးချစ်”

“တော်တော့ မေစစ်၊ မောင်နားလည်ပြီ၊ အဓိပ္ပာယ်မရှိတာ ကွာ၊ ပူစရာမရှိ တွေးပူနေရတယ်လို့၊ အခုမှ စချစ်ဖို့တောင် ကြံကာ ရှိသေး၊ ဘယ်နှယ့် တခြားသူကို ပြောင်းချစ်ရမှာလဲဗျ၊ မောင့်အချစ် အဲ့ဒီလောက် ပေါ်သိမနေဘူး မေစစ်၊ မောင့်စိတ်ဓာတ်နဲ့ မောင့်ရဲ့ကိုယ် ကျင့်သိက္ခာကိုယုံရင် အဲဒီလိုမဟုတ်မဟတ် အတွေးတွေကို ဖယ်လိုက်စမ်းပါကွာ၊ မောင်အချစ်ဆုံးက ဟောဒီကမ္ဘာကြီးထဲမှာ မေစစ်တစ်ယောက်ပဲရှိတယ် သိလား”

“အဟွန်း ဟွန်း”

“ဟော့ ဘာရယ်တာလဲ၊ မယုံဘူးလား”

“ဟင့်အင်း”

“ဟာကွာ ဒီလောက်တောင် မောင့်အချစ်ကို မယုံတဲ့ ကောင်မလေး လာစမ်း၊ ယုံသွားအောင် မောင်ချစ်ပြမယ်”

“အို”

“မောင့်”

မေစစ်ရဲ့ အထိတ်တလန့် တားဆီးသံလေးက ဇွတ်တရွတ်

ဆန်လွန်းသော မောင့်အချစ်များကြားတွင် တိတိရိရိလေး ပိတ်ကျသွားတော့သည်။

စကားသံလေးပျောက်ကာ တိတ်ဆိတ်ငြိမ်သက်မှုလေးက ခဏလေးခြင်းမှာပင် တိုက်အိမ်စိမ်းစိမ်းလေးထဲတွင် ပြည့်လျှံသွားရသည်။

သို့သော်။

ရင်ခုန်သံလေးနှစ်ခုကတော့ တိုးညင်စွာပေါ်ထွက်လျက်။

*ရင်ခုန်သံမရပ်သရွေ့ အမြဲချစ်တတ်နေမယ်*

ရှင်မြတ်နိုး